
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နီလေးမောင် မြစ်ကျိုက် မဂ္ဂဇင်း

အမှတ် ၂၂၄ ၊ ဩဂုတ်လ ၊ ၂၀၁၃ ခုနှစ်

BURMESE CLASSIC .com

– "ရဲတိုင်လည်း ဘာထူးမှာလဲဗျာ။ ပစ္စည်းပြန်မရတဲ့အပြင် ကိုယ့်လာရစ်နေဦးမယ် တစ်ယောက်က ဝင်ပြောသည်။
လုံခြုံရေးသတိ နှင့်ပြည်သူ့တာဝန် – နီလေးမောင် ---------------- ၄

– မြို့တော်ခန်းမကိုလူစည်ကား ချိန်၌ ဓာတ်မြေဩဇာနှင့်ဖြို လုပ်ထားသော ဗြိုင်းအား (၃၀၀၀) ကီလိုဗုံးပေါက်ကွဲသဖြင့်
နိုင်ငံထက်ဝက် သတင်းလွှာ – ညိုမင်းလွင် (မော်တွန်း) ------------------- ၁၇

– ၂၁ရာစု အကြမ်းဖက်မှုကျူးလွန်သူများရဲ့ပတ်ဝန်းကျင်ကများသောအားဖြင့် အင်တာနက်ပတ်ဝန်းကျင်ဖြစ်လာပါတယ်။
အစွန်းရောက်အကြမ်းဖက်သမားအကြောင်း – ခင်မမမျိုး -------------- ၂၃

– မြန်မာနိုင်ငံတွင် ကိုရီးယားရုပ်ရှင်ကားများကြောင့် ကိုရီးယားယဉ်ကျေးမှုများပင် လွှမ်းမိုးလာနေသည်ဟု ဆိုနိုင်သည်။
ဝတ်စားဆင်ယင်ခြင်းနောက်ကွယ်က ပြစ်မှု – ခင်မောင်မြေ့(ပညာရေးတက္ကသိုလ်) ------- ၃၀

– မွေးစားသည့်မိဘသည် ဗုဒ္ဓဘာသာကို စွန့်၍ သားသမီးမွေးစားခြင်းကို အသိအမှတ်မပြုသည့် အခြားဘာသာ သို့
သည်ဥပဒေ သင်သိပါသလား – ဦးသိကျွာ -------------- ၃၄

– အလောင်းမှာမှောက်လျက် အနေအထားဖြင့် ဘလောက်အကျီမှာ ဝတ်ထားလျက်အောက်မှအထက်သို့လန်တက်
ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သည့် မလုံမလဲအောင်မြင့် – နတ္တလင်းချစ်လွင် ------ ၄၁

– "စိုးရိမ်ရတာပေါ့ဗျာ။ သွေးလွန်တုပ်ကွေးဆိုတာကူးသလို့ပျောက်ကင်းတဲ့ရောဂါ မဟုတ်ဘူး။ ဗိုင်းရပ်စ်တစ်မျိုး
ကျန်းမာရေးမှုဘဝအတွေ့အကြုံများ – မောင်မင်းယဉ်း (ကူမဲ) ------------- ၄၈

– ညရှုံပိုင်လေးတွေခများနေ့နှင့် ညမှားနေရတာပါ။မွေးကင်းစကလေးငယ်များလိုမီးခွက်ထွန်းပြီးရှေရှုံးရမလိုဖြစ်နေပါတယ်။
ထောင်ချွတ်ခမ်းနင်းတဲ့သူ – အုန်းတင်ငြိမ်း ------------------- ၆၀

– ကျားဆိုးကြီးအစား တောင်ဝှေးအောက်၌ ရပ်နေသည့်ဆာဒူး ဆိုသည့်လူပုဂ္ဂိုလ်ကြီးကိုသာတွေ့မြင်လိုက်ရသည်။
သူတော်စင်နှင့် ကျားဆိုး – သန်းမြင့်ဦး ------------------ ၆[illegible]

– နိုးမှူ ထိခိုက်နာကျင်နှင့်အခြေအနေမဲ့အများဆုံး ဖြ သည်။ဘာကြောင့်အခြေအနေမဲ့များနေသနည်း။ ဒီလူတွေသည်
လင်မယားတွေ ရန်မဖြစ်ကြနဲ့ – အောင်မြတ်ဦး ---------------- ၇၄

www.burmeseclassic.com

www.burmeseclassic.com




– ထိုအလုပ်များသည် သူ၏ အဓိကအလုပ်များမဟုတ် ဟန်ပြများဖြစ်သည်။ သူ့အဓိက အလုပ်အတွက်

သူခိုးဖိုးလုံး နှပ်ပစ်ခံရခြင်း – မောင်အေးနှစ် (ပညာရေး) -------- ၈၀

– အိပ်ခန်းတစ်ခန်းထဲသို့အရောက် သူတို့သည် မတုန်လှုပ်ကြသော်လည်း တော်တော်အော်ဂလီဆန်သွားသည်။

အမုန်းကြွေးဆပ်သူ – ရှင်လွန်းမယ် ---------------- ၉၀

– အသုဘအိမ်ကလူတစ်ယောက်သေသွားပြီဆိုရက်လည်မယ့်ညမှာ တစ်ခုခုလာပြီးခြောက်လှန့်တာမျိုးကြုံရတတ်တယ်

ဖေါ်ကောင် ဝိညာဉ် – စိုးဝေ ------------------ ၉၈

– ထိုသွေးများကြောင့် လက်ထိပ်အတူအခတ်ခံရသော မိန်းမသည် ပိုမိုထိတ်လန့်တုန်လှုပ် လာသောကြောင့်

ဆေးရုံပေါ်မှ လူသတ်မှု – နေဇော်ဦး (ရွှေပြည်သာ) ------- ၁၁၀

– သူတစ်ပါး၏အိမ်ထောင်ရေးကိုကြီးစွာအနှောင့်အယှက်ပြုမှုဖြစ်တယ်။ ကျူးလွန်တဲ့လူမှုရေးပြစ်မှုနှင့်နှိုင်းစာလျှင်

မှတ်တမ်းဝင်သွားသော မယားခိုးမှု – ရဲရင့်ထက် (သံတောက်) ---------------- ၁၂၂

– ထိုင်းနိုင်ငံအတွင်းမှာလူမှောင်ခိုပွဲစားတွေရဲ့ရန်ကအန္တရာယ်ကင်းရှင်းစွာနဲ့ သွားလာနေထိုင်လုပ်ကိုင်နိုင်ပြီး

အရှေ့ဈာခရီး ၁ – သျှင်ရဲထွန်း (တောင်စွန်း) ------------ ၁၃၀

– လောင်းကစားဝိုင်းတွေရှိနေသေးသရွေ့ ဒုစရိုက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာမည်ကတော့ အသေအချာပင်

ဒီလိုလူစားရှာမှ ရှား – သိဟ်သန်းအောင် (မြင်းခြံ) --------- ၁၄၀

– အိမ်ထဲသို့ဝင်လာသော ဆံပင်ဖားလျားချထားသည့် နာနာဘာ၀ရုပ်ကို အမုန်သာ။ အိပ်မက်လားမှန်း ခွဲခြားမသိတော့ဘဲ

လုပ်ရက်ပါ့ မခင်ဝေ – ကျော်ဖြိုးလွင် ------------ ၁၅၈

– ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်လိုဆိုထားထား။ လူ့အခွင့်အရေးတစ်ဝက်ပဲရမယ်။ ထောင်ထဲမှာအများဆုံးရှိတာက

မသာဆယ်ခေါက် ထောင်တစ်ခေါက် – မောင်မှိုင်းညို့ (ချောင်းဦး) -------- ၁၆၈

– နင်တို့သခင်တွေ၊ ခေါင်းဆောင်တွေဘာရှိလို့တုံး။ ခုံဖိနပ်မြီးတိုနှင့် ပင်နီအကျီစုတ်ပဲ ရှိတာ"

တရားဥပဒေနှင့် လောကပါလသစ္စာတရား – တောင်တွင်းကြီး ဦးစင်လှိုင် ------- ၁၇၈

– 'သတ်ကွင်း' နှင့်အနီးဆုံး ဆုံမှတ်ဖြစ်သည့် ရွှေတောင်ကြီးလို 'ဘုရားကြီးရွှေတိဂုံ' ၏မြောက်ဘက်စောင်းတန်းအနီး

သစ္စာကိုဆန်၍ – ဇေယျမင်းသျှင် -------------- ၂၀၀


www.burmeseclassic.com

www.burmeseclassic.com



# လုံခြုံရေးသတိနှင့် ပြည်သူ့တာဝန်

"ကန်တော်လေး (၉၁) လမ်းမှာ ဖောက်ထွင်းမှုဖြစ်လို့တဲ့"

ကျွန်တော် ခေါင်းထောင်သွားမိသည်။ နေ့လယ်ကြောင်တောင်ကြီး ရမ်းကားလှချည်လားဟု၍လည်း ညည်းညူလိုက်မိသည်။

ဖောက်ထွင်းခံရသည့်အခန်းက ကျွန်တော့်ခြံရပ်ကွက်နှင့် ရုံးခန်းနှင့် နီးသည်မို့ ချက်ချင်းပင် ထလိုက်သွားမိသည်။

"ကျွန်တော်မြို့ထဲက ပြန်လာတော့ အခန်းထဲရောက်နေတဲ့ အဲဒီ သူခိုးသုံးယောက်နဲ့ ပက်ပင်းသွား တွေ့တယ်။ ကျွန်တော်အံ့အားသင့်နေတုန်း ကျွန်တော့်ကို ထိုးကြိတ်ပြီး ဆင်းပြေးသွားကြတယ်"

အိမ်ရှင်လူရွယ်က ရှင်းပြသည်။ ဓားဓားထ လမ်းထဲတွင် သေပြေးရှင်ပြေးထွက်ပြေးသွားသူ သုံးယောက်ပင် ဖြစ်လိမ့်မည်။ ပြေးတာမြင်သော်လည်း ဘာမှန်းမသိတော့ မတူညီနိုင်ကြပေါ။

သံတံခါးတစ်ထပ်၊ သစ်သားတံခါးတစ်ထပ်၊ သော့အခိုင်အခံ့ ခတ်ထားသောအခန်းကို ချိုးဖျက် ဝင်ရောက်ခြင်းဖြစ်သည်။ အခန်းထဲတွင်တော့ အဝတ်ဘီရို၊ သေတ္တာ၊ အံဆွဲသော့များကိုဖျက်ကာ အဝတ် အစားများကိုဖွထား၍ ခြေချစရာမရှိအောင် ပွနေသည်။

"ဟာ…ဟိုဘက်အခန်းကိုလည်း ဖောက်ထားတယ်ဗျို့"

အိမ်ရှင်လူရွယ်က တအံ့တသြပြောသည်။

သည့်ဘက်အခန်းအလယ်မှ အသေပိတ်ထားသော တံခါးကို ချိုးဖျက်ကာ တစ်ဖက်အခန်းကိုပါ ဝင်ခြင်းဖြစ်သည်။ အဲဒီအခန်းမှာလည်း အဝတ်အစားတွေ၊ ပစ္စည်းတွေက မြင်မကောင်းအောင် ပြန့်ကျဲနေသည်။ တီဗီ၊ အောက်စက်၊ ကက်ဆက်များက ပုံစံမပျက်ရှိနေသည်။ ထိုပစ္စည်းများမှာ သယ်ချရန်ခက် သဖြင့် ရွှေငွေ၊ လက်ဝတ်လက်စားနှင့် ငွေကို ဦးစားပေးရှာဖွေကြဟန်တူသည်။ ခဏကြာတော့မှ ထိုအခန်းရှင် အမျိုးသမီးငယ်တစ်ဦး ရောက်လာသည်။ သူမ အခန်းအခြေအနေကိုမြင်တော့ မျက်စိမျက်နှာပျက်နေသည်။

ဘာတွေ ပါသွားသလဲဆိုတော့…။ "ဟို…ဟို…သော့ဖျက်ထားတဲ့ သေတ္တာထဲက ရွှေဘူးနဲ့ ငွေတွေပါသွားပြီ" တဲ့။ တစ်ဖက်ခန်းက အိမ်ရှင်လူရွယ်ကတော့ "သူ့အစ်ကိုပြန်လာမှ ဘာတွေပါ သွားတယ် ဆိုတာ သိနိုင်မှာ" တဲ့။

"ပစ္စည်းပါသွားတယ်ဆိုတော့ ရဲကိုအကြောင်းကြားရမှာပေါ့။ အခန်းအခြေအနေကိုတော့ ရဲတွေ ရောက်လာတဲ့အထိ ဒီအတိုင်းထားပါ"

ကျွန်တော်က အကြံပေးသည်။

"ရဲတိုင်လည်း ဘာထူးမှာလဲဗျာ။ ပစ္စည်းပြန်မရတဲ့အပြင် တိုယ့်လာရစ်နေဦးမယ်" တစ်ယောက်က ဝင်ပြောသည်။

ကျွန်တော် စိတ်မတတ်ကျသွားသည်။ ရဲတပ်ဖွဲ့အပေါ်တွင် ပြည်သူ့အမြင် မကြည်လင်သေးသည်ကို ကိုယ်တွေ့ကြုံရပါပြီ။ သူတို့ကိုလည်း အပြစ်ပြောချ၍မရပါ။ သူတို့အကြောင်းနှင့်သူတို့ ရှိပေလိမ့်မည်။

"ဒီနေ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က စိတ်ဓာတ်၊ အတွေးအခေါ်တအား အသွင်ပြောင်းနေပါပြီ။ ရာဇဝတ်မှု တိုက်ဖျက်ရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်နေပါတယ်။ ပြည်သူတွေအနေနဲ့က တိုင်ကြား သတင်းပေးဖို့ တာဝန်ရှိပါတယ်။ ဒီလိုမှမဟုတ်ရင် ဒုစရိုက်ကောင်တွေ ပိုပြီး အတင့်ရဲလာမယ်။ ခုတောင်နေ့ခင်း ကြောင်တောင်ကြီး လုပ်သွားပြီ မဟုတ်လား"

ကျွန်တော်က ရှင်းပြသည်။

"ဒါဖြင့် ဘယ်လိုအကြောင်းကြားရမလဲ။ သူတို့က ဒီနေရာ ရောက်လာပါ့မလားဗျ"

"ဟာ…ဘယ့်နှယ့်မလာရမလဲဗျာ။ ရော့…ဖုန်းနံပါတ်…သွားဆက်၊ ချက်ချင်းရောက်လာမှာပါ"

ဒီနေ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထုတ်ပြန်ထားတဲ့ 'ကူညီပါရစေ' ဆိုတဲ့ စာတန်းလေးရှိတယ် မဟုတ်လား။

အိမ်ရှင်လူရွယ်က ကျွန်တော်ရေးပေးသော ၁၉၉ ဖုန်းနံပါတ်ကိုယူကာ ဖုန်းဆက်ဖို့ဆင်းသွားသည်။

"သူခိုးတွေ အတော်သောင်းကျန်းနေပြီ။ ဒီတိုက်ပဲ အဖောက်ခံရတာ သုံးခါရှိပြီ။ ဟိုတလောကပဲ မော်တာအဖြုတ်ခံလိုက်ရတယ်"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ…တိုက်လေ့ကအားတံခါးတော့ အမြဲပိတ်ထားရတော့မှာပဲ"

ရဲအလာကိုစောင့်ရင်း အခန်းနီးချင်းများ တစ်ယောက်တစ်ပေါက်ပြောနေသည်ကို ကျွန်တော် မှုကြားတစ်ချက် ကြားတစ်ချက်ရှိနေသည်။ ရွှေဘူးပါသွားသော အရှိုးသမီးက သူ့ပစ္စည်းပြန်ရပါ့မလား ဟု စိုးရိမ်နေမည်ဖြစ်သလို ကျွန်တော် ကလည်း ရဲတွေ အမြန်ရောက်လာပါ့မလားဟု စိုးရိမ်နေရပါပြီ။ ကျွန်တော် လေတစ်လုံးမိုးတစ်လုံး ပြောခဲ့သလို၊ ရဲမရောက် မလာပါက ကျွန်တော်ကွဲပြီ။

စိတ်မေလှုမောနှင့် ကျွန်တော် အောက်ဆင်းလာသည်။

ဟော…ရောက်ပါပြီ။ မော်တော်ဆိုင်ကယ်နှင့် အရပ်ဝတ်နဲ့ လူနှစ်ယောက်၊ တိုင်းကတွဲ။ ရှေ့ဆင့် နောက်ဆင့်၊ မင်္ဂလာတောင်ညွန့် ရဲစခန်းကနှစ်ယောက်။ သူတို့ကလည်း အရပ်ဝတ်နှင့် ဆိုင်ကယ်နှင့်။

ခုတော့ ကျွန်တော် သက်ပြင်းချလိုက်နိုင်ပါပြီ။ တကယ်ကူညီတာပါလား။

ရဲတပ်ဖွဲ့ဝင်တွေက လိုအပ်သည်များကို စစ်ဆေးကာ စခန်းတွင် တိုင်ချက်လာဖွင့်ဖို့နှင့် ယခု ဘွတ်ဘို့ ဖောက်ထွင်းမှု သမားများနောက် လိုက်ကြည့်ဦးမယ်ပြောကာ ထွက်သွားသည်။

"ဟိုလူတွေ ပြေးသွားတာမြင့် ကြာလှပြီ။ ခုမှ ဘယ်လိုလုပ် မိတော့မှာလဲ။ အဲဒိုတွေ…။ တွေ့ရင်လည်း ဝါးစေ…ဝါးစေ"

ခုနစ်လွှာမှ ဖက်တီးမက အာပေါ်တွေ့သံဖြင့် ဆိုသည်။

"ဘာ ဝါးစေလဲ၊ ကြားဖူးနားဝတွေ လျှောက်ပြောမနေနဲ့။ ဒီကနေ့ရဲက အဲဒီလိုမျိုးမဟုတ်ဘူး။ နောက်ပြီး နယ်ထိန်းဆို ခုစရိုက်မှုနဲ့ ပတ်သက်ရင် သူ့နယ်မြေမှာ အပ်ကျတာကအစ သိတယ်။ ခုလည်း ခြေရာလက်ရာ လုပ်နည်းလုပ်ဟန်ကို ကြည့်တာနဲ့ ဘယ်သူ့လက်ချက်၊ ဘယ်မှာစတည်းချတယ် ဆိုတာ သိနိုင်တာပေါ့။ ကြည့်နေ၊ အဲဒီဟောင်တွေကို ကုပ်ခွဲပြီး မကြာခင်ပြန်ရောက်လာလိမ့်မယ်"

ကျွန်တော်ကပြောကာ ပြန်လာသည်။ ကျွန်တော်ပြောသလို ကုပ်ခွဲမိလာသလား။ ပစ္စည်းပြန်ရသလား ဆိုတာတော့ မသိ။ ကျွန်တော်တင်ပြလိုသည့် အဓိကအကြောင်းအရာက ထိုအချက်မဟုတ်။

"အမှုအခင်းကိစ္စ တို့နဲ့မဆိုင် ရဲလုပ်လိမ့်မယ်"

ဟု လွယ်လွယ်ပြောလေ့ရှိကြသည်။ မှန်ပါသည်။ အမှုအခင်းပေါ်လျှင် ရဲက လိုအပ်သလို ဆောင်ရွက်ပါလိမ့်မည်။ အမှုအခင်းမဖြစ်ပေါ်အောင် ပြည်သူတို့က တာဝန်ယူရမည့် အပိုင်းများလည်းရှိနေပါသည်။ ဥပမာ ကလေးငယ်ကို ရွှေဆင်မပေးခြင်း၊ ဒုစရိုက်သမားတို့ မျက်စိကျအောင် လက်ဝတ်ရတနာများ ဝတ်ဆင်ခြင်း၊ အဖိုးတန်ပစ္စည်းများကို ပေါ့ဆစွာထားခြင်း၊ မိမိအခန်းကို သော့အထပ်ထပ်ခတ်ထားရုံဖြင့် လုံခြုံပြီဟု မယူဆသင့်ခြင်းပင်။

အထက်ပါဖောက်ထွင်းမှုကိုကြည့်လျှင် တံခါးအထပ်ထပ်၊ သော့အထပ်ထပ် ခတ်ထားပါလျက်လွယ်ကူစွာ ဖောက်ထွင်းခံခဲ့ရသည်။ ဘယ်လို အာမခံသော့ပင်ဖြစ်စေ သူခိုးက မမှုပါ။ သော့ကိုဖွင့်အဲ မျောက်လက်ကို ချိုးဖွင့်လျှင် အာမခံသော့ပင် အာမ မခံနိုင်ဖြစ်သွားပါလိမ့်မည်။ တိုက်ခန်းတွင်နေသူများ အထူးသဖြင့် အထက်လွှာတွင်နေသူများအနေဖြင့် တံခါးကို အမြဲ သော့ခတ်ထားသင့်သည်။ မျက်နှာစိမ်းပင်ဖြစ်စေ၊ မျက်နှာသိပင်ဖြစ်စေ အတိအကျလွတ် တံခါးဖွင့်မပေးသင့်ပါ။

လမ်းခရီးတွင် အသိဖွဲ့လာသူတို့၏ အစားအသောက် ကျွေးမွေးမှုကို လက်မခံသင့်ပါ။ သတိလက်လွတ် ပေါ့ဆမှုလေး တစ်ခုကြောင့် တစ်သက်လုံး၊ နောင်တရမည့်အဖြစ်မျိုး မကျရောက်ရန်မှာ မိမိ၏ တာဝန်သာဖြစ်ပါသည်။ ဖော်ပြပါ နေ့ခင်း ကြောင်တောင် ဖောက်ထွင်းမှုမှ တရားခံများ လွတ်သွားသည်မှာ လုံခြုံရေးသတိ ယစ်ဟာမှုကြောင့်ပင် ဖြစ်ပါသည်။ အကယ်၍ လမ်းထိပ်များ၊ အလွှာများသော တိုက်ခန်းများတွင် အချက်ပေးသံချောင်းများ ထားခြင်းဖြင့် အကြောင်းပေါ်၍ တီးခေါက်အချက်ပေးပါက ဒုစရိုက်သမားများအတွက် ပြေးကွက်ပျောက်၍ ဥပဒေလက်သို့ ရောက်ပါလိမ့်မည်။ ပြည်သူတို့ လုံခြုံရေးသတိရှိလျှင် ဒုစရိုက်သမားတွေ အစ်ရဲမည်မဟုတ်ပါ။ သူခိုး၊ သူဝှက် ဖောက်ထွင်းသူ ဒုစရိုက်သမားများနှင့် ကြုံလျှင်လည်း မိမိနှင့်မဆိုင်ဟု လျစ်လျူရှုမနေဘဲ လုံခြုံရေးသတိ တာဝန်သိသိဖြင့် စုပေါင်းညီညာစွာဖြင့် မှုခင်းကျူးလွန်ရေးကို ပါဝင်ဆောင်ရွက်ကြပါစို့ဟု အကြံပြု တိုက်တွန်းလိုက်ပါ၏။

နီလေးဓောင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




စီစဉ်သူ
အောင်မိုးလှိုင်
မျက်နှာဖုံးခေါင်းစီးစာလုံး
ပန်းချီတင်ထွဏ်း
ထုတ်လုပ်မှုတာဝန်ခံ
မိုးမြင့်လှိုင်
အကြံပေး
လွယ်လွယ်ကြီး
အယ်ဒီတာအဖွဲ့ရုံးခန်း
အမှတ် ၁၈၉ ၊ ဒုတိယထပ်
( ၃၄ လမ်းအထက် )
ကျောက်တံတားမြို့နယ် ၊
ဖုံး ၀၉၅၁၁ ၉၆၃၃၁ ၊ ၀၉၄၉ ၂၈၂၆၂၀

True.megazine@gmail.com




www.burmeseclassic.com

www.burmeseclassic.com

ကာတွန်း

ဟန်၊ အော်တီနောင်၊

စောဟန်၊ ကျော်ဖြိုးလွင်၊

Mအောင်ရှိန်၊ ထွန်းလှကြီး၊

ပန်းချီဒီဇိုင်းသရုပ်ဖော်

ကျော်ဦး၊ သီဝံ၊ စတ္တု၊

ရဲရင့်နိုင်၊ မောင်သီဟ၊

ကျော်စိုးညိန်း၊ ညီညီလွင်

မျက်နှာဖုံးဂရပ်ဖစ်ဒီဇိုင်း

အောင်မိုးလှိုင်

အတွင်းစာမျက်နှာ မဆွေ

DTP အနာဂတ်ကမ္ဘာ

CTP ကမ္ဘာဦး

KabaOo Colour Separation

ပုံနှိပ်မှတ်တမ်း

ဩဂုတ်လ ၂၀၁၃ ၊ ပထမအကြိမ်

တန်ဘိုး ၇၀၀ ၊ အုပ်ရေ ၁၀၀၀

ဦးကျော်ငွေးမင်း ( ၀၅၉၉၂ )

အောင်သိန်းသန်းပုံနှိပ်တိုက်

အမှတ် ၄၄ (ခ)၊

ဗိုလ်ချုပ်အောင်ဆန်းလမ်း

ပုဇွန်တောင်မြို့နယ်၊


ရန်ကုန်တိုင်းတွင်ပုံနှိပ်ပြီး

မိုးကောင်းလှိုင်( ၁၆၁၆ ) မှခင်းစာပေ

၃ / ၂၆၇ ၊ ခရေပင်လမ်း၊ ဝေဘာဂီ၊

မ / ဥက္ကလာပမြို့နယ် ၊

ရန်ကုန်တိုင်း မှ ထုတ်ဝေသည်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com





www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဖြစ်မှုဖြစ်ပွားရလဲ
မှုခင်းကျဆင်းအောင် ဘယ်လိုလုပ်ရမလဲ

- ဖြစ်မှုဖြစ်ပွားခြင်း၏ အခြေခံအကြောင်းအချက်များ
- ရာဇဝတ်ကောင်တို့၏ အမူအကျင့်၊ အလေ့အထ၊ လုပ်နည်းကိုင်နည်းများ
- မြန်မာနိုင်ငံခေတ်ပွဲနဲ့ မှုခင်းကျဆင်းရေး ဆောင်ရွက်ချက်များ
- အဲဒီအချက်တွေကို ကြိုတင်သိထားပါလျှင်
- အသက်ဘဝ်စာမနေဘဲနှင့်လည်း အမှုတစ်ရာ တွေ့ရတတ်သည်ဟူသော

စကားကို ကျော်လွှားနိုင်မည် ဖြစ်ပါ၏။

ဒါကြောင့်

ဆေးသ. ခဲ့ယ. မောဘ တရားတို့၏ ဆိုးကျိုးကို မီးမောင်းထိုးပြကာ
ရှုံးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့်
မှုခင်းမှုဖြ သေချာနည်းကျဆင်းရေးသို့
ဟူသော ဦးတည်ချက်ဖြင့် ထုတ်ဝေနေသော

နီလေးမောင် မဂ္ဂဇင်း

သက်ခွဲပြု မတ်ရှမှ ဖြစ်ပါမယ်

www.burmeseclassic.com

www.burmeseclassic.com






**ကိုလံဘီယာရဲတို့ ကိုကင်း ဟိုက်ဒြိုကလိုရိုက်များ ဖမ်းဆီးရမိ**

ကိုလံဘီယာ ရဲတပ်ဖွဲ့ အေးဂျင့်များသည် တရှုဘိုခရိုင် အင်တီအိုကွီအေ့ ဒေသတွင်း မူးယစ်ဆေးဝါး တားဆီးရေး အမျိုးသားရေး စီမံချက်တစ်ရပ် စစ်ဆင်ရေး ပြုလုပ်စဉ်အတွင်း ထိုဒေသတောတွင်း လျှို့ဝှက်တစ်နေရာမှပြုပြု ထုတ်လုပ်ထားသော မူးယစ်ဆေးစာရင်းဝင် ကိုကင်းဟိုက်ဒြိုကလိုရိုက် အထုပ်ပေါင်းများစွာ ဖမ်းဆီးရမိ သိမ်းဆည်းခဲ့သည်။ ၎င်းပစ္စည်းတို့သည် နာမည်ကြီး မူးယစ်ဆေးဂိုဏ်းပိုင် ပစ္စည်းဖြစ်ပြီး ပိုင်ရှင်ကို စုံစမ်းဆဲဖြစ်သည်။

**ညှိုမင်းလွင်**

**Ref-Intrnet News**

**UK ဘော်စတွန်အပြေးပြိုင်ပွဲတွင် ဗုံး (၂) လုံးကွဲ**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော် ဘော်စတွန် မာရသွန်အပြေးပြိုင်ပွဲတွင် ပန်းဝင်ဂိတ်တွင် ဗုံး(၂) လုံး ပေါက်ကွဲမှုကြောင့် လူ (၃) ဦး သေဆုံးပြီး (၁၇၆) ဦး ဒဏ်ရာရခဲ့ပြီး တရားခံ (၂) ဦးအနက် တစ်ဦးကို အရှင်ဖမ်းမိပြီး၊ အခြားတစ်ဦးမှာ ရဲတို့နှင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပြီး၊ သေဆုံးခဲ့ကြောင်း (၂၄-၄-၁၃) သတင်း၌ ဖော်ပြလိုက်သည်။

ဗြိတိန်နိုင်ငံ၏ ပြင်းထန်သော ဆောင်းရာသီကုန်၌ နွေးထွေးသော နွေရာသီရောက်တိုင်း ကမ္ဘာ့ ဘော်စတွန် မာရသွန် အပြေးပြိုင်ပွဲကို ကျင်းပပြီး မာရသွန် ပြေးလမ်းမှာ ၂၆ မိုင် ရှည်လျားပြီး လစ်ဖိုင်ဂရင်းနိုက်မှ တာထွက်ပြီး တာဝါဘရိတ်ကင် နရီ စီးပွားရေး ရပ်ကွက် လန်ဒန် ဗဟို တစ်ဘင်၊ ဘက်ကင်ဒန်နန်းတော်တို့ကို ဖြတ်ကာ မေးလ် တွင် ပန်းဝင်သည့် (၁၅-၄-၁၃) နေ့တွင် ထောင်ဒဏ်မှ ဖြတ်ကျော်ခဲ့သော ဗြိတိန်သားနှင့် နိုင်ငံခြားအပြေးသမား (၃၆၀၀၀) သည် မာရသွန်ပြေးပွဲကို ဝင်တင်

www.burmeseclassic.com

www.burmeseclassic.com






ဆင်နွှဲ၍ ပန်းမဝင်ခင် ပန်းဝင်ရည် သတ်မှတ်ထားသော နေရာတွင် ပြင်းထန်သော ဗုံး (၂) လုံး ပေါက်ကွဲသဖြင့် လူ (၃) ဦး သေဆုံးပြီး (၁၇၆)ဦး ဒဏ်ရာရရှိခဲ့သည်။ ဖောက်ခွဲလုပ်ကြံသောဗုံးမှာ ဖိအားထိန်း ထမင်းချက်အိုး (Pressere Cooker) အတွင်း၌ သံမဏိစေ့များ၊ အိမ်ရိုက်သံချွန်ပေါက်ကွဲစေသော ပစ္စည်းထည့်ကာ ကလေးကစားစရာ အဝေးထိမ်းကား ရုပ်ကစားစရာဖြင့် စီစဉ်ဖောက်ခွဲခြင်းဖြစ်သည်။ လမ်းဘေးလုံခြုံရေး ကင်မရာ မျက်မြင်သက်သေများထံ ဖြစ်နိုင်ဖွယ်ရာ တရားခံ (၂) ဦးကို ထောက်လှမ်းရရှိ။ လန်ဒန်တစ်မြို့လုံး ကိုပိတ်ဆို့ပြီး မိုးပေါ်မှ ရဲရဟတ်ယာဉ်၊ မြေပြင်လမ်းတိုင်း၌ လက်နက်သင်ကားနှင့် ရဲအင်အား အမြောက်အမြားသုံးကာ ရှာဖွေသည့်မြို့တော်သား အားလုံးကလည်းကူညီပေးကြသည်။ ထို ဖောက်ခွဲရေးသမား (၂) ဦးဖြစ်သော ချီချင်ယာလူမျိုး ဒစ်ဇ်ဟောခ်ဟာ(၁၉) နှစ်နှင့် တမာလင် (၂၆) နှစ်တို့ကို ဝိုက်တောင်းမြို့ကွက်အနီးတွင် ရဲတို့တွေ့ဆုံမိတော့သည်။ ဖောက်ခွဲရေးသမား ညီနောင်ကလည်း အဖမ်းမခံဘဲ အပြန်အလှန် ပစ်ခတ်မှုဖြစ်ကြရာ တမာလင်(အစ်ကို) ကျည်ထိသေဆုံးခဲ့ပြီး ဒစ်ဇ်ဟောခ်ဟာ(ညီ) လွတ်မြောက်သွားပြန်သည်။ ဒဏ်ရာ ရသွားသော ဒစ်ဇ်သည် မြစ်ကမ်းနဘေးဝိုက်တောင်းမြို့ အိမ်တစ်အိမ်နောက်ဘက်ရှိ တံတား/လှေဆိပ်တွင် သွေးများတွေ့ကြောင်း ရဲကိုချက်ချင်း အကြောင်းကြားခဲ့ရာ ရဲတို့အမြန်လာရောက်ပြီး ဒဏ်ရထား ဒီဇစ်ကို လှေထဲမှ ဖမ်းဆီးရာ ပစ်ခတ်မှု ဖြစ်ပွားသော်လည်း ဖောက်ခွဲရေးသမား အရှင်ဖမ်းမိခဲ့သည့် စစ်ဆေးရေး ဖော်ထုတ်ချက်နှင့် (USA) ထောက်လှမ်းရေးအဆိုအရ ၄င်းညီနောင် (၂) ဦးအနက် တမာလင် အစ်ကိုဖြစ်သူသည် (၂၀၁၂) ခုနှစ်က ရုရှားနိုင်ငံသွားခဲ့ပြီး၊ ရုရှားတောင်ဘက် မတည်ငြိမ်ဖြစ်နေသော ကော့ကေးဆတ်ဒေသသို့ သွားရောက်ခဲ့ကြောင်းနှင့် ယင်းဒေသတွင် ဘာသာရေး အစွန်းရောက် စစ်သွေးကြွတို့ဒေသဖြစ်ပြီး ၄င်းစစ်သွေးကြွတို့နှင့် ဆက်သွယ်ခဲ့ဟ ရသည်ဟု ယူဆသည်။ (USA-FBI)၏ ပြောကြားချက်အရယင်း ဗုံးခွဲသူနှစ်ဦးသည် (USA) က သတိထားစောင့်ကြည့်နေသော လူခြောက်ယောက်ထဲမှ ပါဝင်သူတို့ဖြစ်သည်ဟုဆိုသည်။

ဘောစတွန် မာရသွန် ပြိုင်ပွဲကို ပြန်စခဲ့ပြီး ပြိုင်ပွဲမစမီ အားကစားသမား (၃၆၀၀၀) က အားကစားဝတ်စုံ အပြင် အမည်း

www.burmeseclassic.com

www.burmeseclassic.com



ရောင် ဖဲကြိုးများနှင့် ပုဝါများကိုင်ကာ ငြိမ်သက်စွာရပ်တန့်ပြီး ဦးညွှတ်အလေးပြုကာ ကွန်လွန်သူများနှင့် ဒဏ်ရာရသူများကို ဝမ်းနည်း အောက်မေ့သတိရသည့် တစ်မိနစ်ဂုဏ်ပြုခဲ့ကြသည်။ ထို့နောက်တာထွက်မှ ယခင်က ထိုပြိုင်ပွဲ ရွှေတံဆိပ်/ငွေတံဆိပ်/ ကြေးတံဆိပ်ရသူများ ဦးဆောင်တာထွက်ပြီး မာရသွန်ပွဲ နွှဲကြသည်။ပြိုင်ပွဲဝင်များအား ဘေးဒုက္ခမှ လွတ်မြောက်ခြင်းအထိမ်းအမှတ်အဖြစ် ရိုးရာဝတ်စုံ/မြင်းစီးဝတ်စုံစသည့် အရောင်အသွေး စုံသော ဝတ်စုံများ တပ်ဆင်၍လည်း ပါဝင်ဆင်နွှဲကြသည့် ပြေးလမ်းဘေးတစ်ဖက်တစ်ချက်မှ လက်နက်ကိုင်ရဲ၊ အန့်ခံစွေး/ လုံခြုံရေးကင်းမရာစသည်ကို ထောင့်စေ့ချထားပြီး လုံခြုံရေးပြုလုပ်ကာ အောင်မြင်စွာ ဘော်စတွန် မာရသွန်ပြေးပွဲကို ဝမ်းနည်းတစ် ချက်ပြုံးလှည့်တစ်ခါဖြင့် အောင်မြင်စွာ ဆင်နွှဲခဲ့ကြသည်။

ညိုမင်းလွင်

**Ref-Intrnet News**

## အမေရိကန် တက္ကဆက်မှ ဓာတ်မြေသြဇာစက်ရုံ ပေါက်ကွဲ မီးလောင်ခြင်း

(၁၇-၄၂၀၁၃) နံနက် ၈ နာရီတွင် အမေရိကန်နိုင်ငံ ဘက္ကဆက်ပြည်နယ် အနောက်ဘက် ဓါကိုမြို့မှ မိုင် (၂၀) ဝေးသော မြို့ကလေးတွင် တည်ဆောက်ကုန်နေသည့် အနောက်ပိုင်း ဓာတ်မြေသြဇာ ကုမ္ပဏီစက်ရုံသည် ပေါက်ကွဲမီးလောင်ခဲ့သဖြင့် လူ ၁၄ ဦးသေဆုံးပြီး လူ (၂၀၀) ဒဏ်ရာရခဲ့သည့်အပြင် နေအိမ်များလည်း ပြိုကျပျက်စီး ခဲ့ရကြောင်း သတင်းကဆိုသည်။

ဒါးလပ်မြို့မှ မိုင်(၈၀) ဝေးသော ထိုဓာတ်မြေသြဇာ စက်ရုံတည်ရှိရာ မြို့ကလေးတွင် လူဦးရေ (၂၈၀၀) နေထိုင်ကြပြီး မွန်းလွဲ (၈) နာရီတွင် ထိုစက်ရုံသည် ပေါက်ကွဲမှုဖြစ်ကာ မီးလောင်ကျွမ်းခဲ့သည်။ ပေါက်ကွဲမှုပြင်းအားသည် မြေငလျင်လှုပ်အား (၂.၁) မဂ္ဂနီကျူနှင့် ညီမျှသည်ဟုဆိုသည်။ ပြင်းထန်သော ပေါက်ကွဲအားနှင့် မီးလောင်မှုကြောင့် စာသင်ကျောင်းသားများ သူနာပြု ဆေးခန်းနှင့် လူနေအိမ် စုစုပေါင်း (၇၅) လုံး ပြိုကျ ပျက်စီးခဲ့သည်။ အခြားတစ်စိတ်တစ်ပိုင်း ပျက်စီးသော နေအိမ်များလည်း ဖြစ်ပေါ်ခဲ့သည်။ မီးသတ်တပ်ဖွဲ့က မီးကို ငြိမ်းသတ်နိုင်ခဲ့သော်လည်း စက်ရုံတွင်းရှိ ဓာတုပစ္စည်းများက တငွေ့ငွေ့ မီးလောင်ပြီး အန္တရာယ်ရှိသော ဓာတ်ငွေ့များ ထွက်ရှိပြီး လေသင့်ရာသို့ လွင့်ပါနိုင်သဖြင့် ထိုမြို့၏ရပ်ကွက် (၈-၉-၁၀) မှ လူများကို နေအိမ်မှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကယ်တင်ထားရသည်။ ပေါက်ကွဲမီးလောင်ပြီးနောက် စက်ရုံနှင့် ပတ်ဝန်းကျင်မြင်ကွင်းသည် ပြင်းထန်သော စစ်ပွဲအပြီး စစ်မြေပြင်အလား ထင်မှတ်ရသည်။ အဆောက်အဦး အပျက်အဆီးများ အောက်မှလူ (၁၄) ဦး၏ ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိသည်။ မီးလောင်ဒဏ်ရာရ

www.burmeseclassic.com



သော လူနာများကို ဒါးလပ်နှင့် ဓါကိုရှိ ဆေးရုံများက လက်ခံကုသပေးနေသည်။ ပေါက်ကွဲမီးလောင်မှုနှင့် ပေါင်းစပ်ဓာတ်ပြုရာမှ ပေါက်ကွဲခြင်း (သို့မဟုတ်) မီးလောင်လွယ်သော ဓာတ်ငွေ့နှင့် မီးပွင့် မီးပွားတွေ့မိရာမှ ပေါက်ကွဲမီးလောင်ခြင်းဖြစ်သည်ဆိုသော အချက်များကို ကွဲပြားစွာ မသိရသေးပေ။ မီးလောင်ပေါက်ကွဲမှုသည် ဓာတုပစ္စည်းများ ဓာတ်ငွေ့များကြောင့် မီးသတ်ရဲဘော် (၅) ဦးသေဆုံးခဲ့သည်။ ၎င်းတို့အနက် သားသမီး (၃) ဦး၏ ဖခင်မစ္စတာမောရစ် (၄၁) နှစ်သည် မီးသတ်ရန် မသွားမီ ၎င်း၏ (၂) နှစ်သားကလေး ဂျိမ်းဆန်ကို ပွေ့ချီပြီး အနမ်းပေးကာ "ဖေဖေမင်းကို ချစ်တယ်" ဟု ပြောကြားခဲ့သေးသဖြင့် မိသားစုခမြာ ခင်ပွန်းသည်အတွက် ဖြေမဆည်နိုင်ဖြစ်ခဲ့ရသည်။ စစ်ဆေးတွေ့ရှိချက်အရ ၎င်းစက်ရုံသည် သတ်မှတ်ထားသော ဥပဒေများကို လိုက်နာရန် ပျက်ကွက်သည်ဟုဆိုသည်။ စက်ရုံကုန်ကြမ်း အမိုးနီးယား နိုက်ထရိတ်သည် ပေါက်ကွဲစေသော ဗုံးလက်နက်လုပ်နိုင်သဖြင့် စက်ရုံဌာနများ၌ ပေါင် (၄၀၀) ထက်သိုလှောင်ခွင့်မရှိပေ။ သို့ရာတွင် စက်ရုံတွင် ယခင်နှစ်က ၎င်းပစ္စည်းတန် (၂၇၀) ထိ သိုလှောင်ထားကြောင်း တွေ့ရသည်။ မီးလောင်ပေါက်ကွဲအပြီး (၃) ရက်ကြာပြီးနောက် အိမ်မှစွန့်ခွာသော မိသားစုများ ၎င်းတို့နေအိမ်သို့ ပြန်ရောက်လာကြသည်။ လေထုညစ်ညမ်းမှု ရှိနေခြင်း၊ အပျက်အစီးများ ပြန့်ကျဲနေရာတွင် သံ၊ သံတိုသံစ၊ မှန်ကွဲများ၊ လမ်းများပေါ်ရှိနေသဖြင့် လူထုကို သတိထားသွားလာရန် သက်ဆိုင်ရာက အသိပေးထားသည်။ ရေနှင့် လျှပ်စစ်ကိုလည်း ကန့်သတ်သုံးစွဲခွင့် ပြုထားရသည်။

ဓာတ်မြေဩဇာကို ပြင်းအားဗုံးပြုလုပ်ရာတွင် အသုံးပြုနိုင်သည်။ လွန်ခဲ့သော နှစ်များက အိုကလာဟိုးမား ပြည်နယ်၏ မြို့တော်ခန်းမကို လူစည်ကားချိန်၌ ဓာတ်မြေဩဇာနှင့် ပြုလုပ်ထားသော ပြင်းအား (၃၀၀၀) ကီလိုဗုံး ပေါက်ကွဲသဖြင့် အဆောက်အဦး ပြိုကျကာ လူ (ကလေး၊ လူကြီး) (၁၆၈) ဦး သေဆုံးခဲ့ရသည်။ ယခုစက်ရုံ ပေါက်ကွဲမီးလောင်မှုအတွက် သေဆုံးသူများအတွက် လျော်ကြေး၊ ဆေးကုသစရိတ်၊ ပျက်စီး ပြိုကျသော နေအိမ်၊ ကျောင်းများအတွက် လျော်ကြေးရလိုမှု လူသေအမှုအပြင် စည်းကမ်းဥပဒေ မလိုက်နာမှုတို့ဖြင့် ပိုင်ရှင်မစ္စတာ ဒေါ်နယ်အက်ဒီအဲယားကို တရားစွဲဆိုထားသည်။

ညြိမ်မင်းလွင်

**Ref-Intrnet News**

**ကမ္ဘောဒီးယား ဖနွမ်းပင်တွင် ဂျပန်တစ်ဦးအသတ်ခံရ**

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တော်တွင် အခြေချ စီးပွားရေး လုပ်ကိုင်ရန် လာရောက်လေ့လာသော ဂျပန်လူမျိုးတစ်ဦးသည် ဒေသများ လှည့်လည်လေ့လာနေစဉ် ဓားပြ(၂) ဦးက လုယူဓားပြတိုက်ရန် ဆောင်ရွက်စဉ် အသတ်ခံခဲ့ရ ပြီး ဓားပြ (၂) ဦးကို သုံးဘီးယာဉ်မောင်း၏ အကူအညီဖြင့် ဖမ်းဆီးရမိခဲ့ကြောင်း (၂၀-၄-၁၃)

www.burmeseclassic.com



# ညီမြှင့်လွင်
# နိုင်ငံတကာ သတင်းလွှာ

သတင်းစာ၌ ဖော်ပြလိုက်သည်။

မစ္စတာကိုစီကစ်တာကူရာ (၄၁) နှစ်သည် စားသောက်ဆိုင်လုပ်ငန်းဖြင့် စွန့်စားတီထွင်အောင်မြင်နေသူဖြစ်သည်။ စီးပွားဖွံ့ဖြိုးလာသော ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တော်တွင် စားသောက်ဆိုင်သစ် တည်ထောင်ရန် ဖနွမ်းပင်သို့ ရောက်လာခဲ့သည်။ ချောင်းကြိုချောင်းကြားအထိ ဝင်ရောက်သော မြို့တော်နေရာများကို သုံးဘီးဆိုင်ကယ်တစ်စီးငှားကာ ယာဉ်မောင်းအကူအညီဖြင့် ဆိုင်ဖွင့်ရန်နေရာရှာခဲ့သည်။ ထိုစဉ်လူငယ်နှစ်ဦး ယာဉ်မောင်းမှတစ်ဆင့် ကစ်တာကူရာ ချဉ်းကပ်ပြီး မိတ်ဖွဲ့ကြသည်။ တစ်ဖန် ၄င်းလူနှစ်ဦးက စားသောက်ဆိုင်ဖွင့်ရန်ကောင်းသောနေရာရှိကြောင်း လိုက်ပြမည်ဖြစ်ကြောင်း၊ ပြောကားကြသည်။ ကစ်တာကူရာကလည်း နေရာကောင်းတွေ့ပါက လိုက်ပြသူကို ဆုငွေအပြင် ဆိုင်တွင်အလုပ်လုပ်ရန် ပြန်လည်ကူညီမည်ဟု တုန့်ပြန်ပြောကြားခဲ့သည်။ ထို့နောက် လူ (၂) ဦးက သူတို့ပါလာသော ဆိုင်ကယ်ဖြင့် ဦးဆောင်ခေါ်ယူသွားပြီး လူပြတ်သောနေရာရောက်သောအခါ ဆိုင်ကယ်ကို ရပ်ခဲ့ကြသည်။ ကစ်တာကူရာ၏ ဆိုင်ကယ်လည်း ရပ်တန့်ပြီး ကစ်တာကူရာ ယာဉ်ပေါ်မှဆင်းနေစဉ် ထိုလူငယ်(၂) ဦးက ပါလာသော သေနတ်ထုတ်ပြီး ကစ်တာကူရာ၏ လက်ဆွဲအိတ်ကို လုယူတော့သည်။ ကစ်တာကူရာက ပြန်လည်ခုခံစဉ် ဆိုင်ကယ်ဆရာကလည်း ကစ်တာကူရာဘက်မှ ကူညီတိုက်ခိုက်ခဲ့သည်။ ထိုအခါ ဓားပြ (၂) ဦးသည် ကစ်တာကူရာနှင့် ယာဉ်မောင်းကို သေနတ်ဖြင့်ပစ်ခတ်ပြီး ဆိုင်ကယ်ဖြင့် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ ကစ်တာကူရာမှ ဒဏ်ရာပြင်းထန်ပြီး ဆေးရုံပို့စဉ် သေဆုံးခဲ့ရပြီး ဆိုင်ကယ်ဆရာမှ အတွင်းလူနာဖြစ်ရသည်။ ၄င်း၏ ပြောပြချက်အရ ဓားပြတိုက်သူတို့မှာ ဆောချင်မာန်ချီ (၂၁) နှစ်နှင့် ပိုဗစ်နီချီ (၂၈) နှစ်တို့ဖြစ်ကြသည်။ ရာဇဝတ်လူဆိုးများဖြစ်ကြသဖြင့် ၄င်းတို့ပုန်းအောင်းနေကြသော မြို့ပြင်ရွာထဲတွင် ရဲတို့က ဖမ်းဆီးရမိခဲ့သည်။ အမှုကိုတရားရုံးသို့ သက်သေခံပစ္စည်းနှင့် တင်ပြတရားစွဲခဲ့သည်။ တည်ဆဲဥပဒေအရ ဓားပြတိုက် လူသတ်မှုဖြစ်သောကြောင့် ထောင်ဒဏ် (၁၅ နှစ်)

www.burmeseclassic.com

www.burmeseclassic.com



၃၀ နှစ်) အထိ အပြစ်ပေးနိုင်ကြောင်း သတင်းကဆိုသည်။

ညီမင်းလွင်

Ref-Intrnet News

**အကြောင်းမကောင်းဖြစ်ရတော့မည့် ဗြိတိန်(စကော့တလန်) မှ သမင်များ**

ဗြိတိန်နိုင်ငံ မြေနိမ့်လွင်ပြင်နှင့် တောနှင့်ထိစပ်နေသော စကော့တလန် မြို့ပြဒေသများတွင် သမင်များ အကောင်ရေ တဟုန်ထိုး တိုးတက်ပေါက်ဖွားပြီး အဝေးပြေးလမ်းများတွင် မော်တော်ကားများနှင့် သမင်တို့ တိုက်ဆောင့်မိချိန် ယခုအထိ (၇၀၀၀) အကြိမ် ဖြစ်ပွားမှုများလာခြင်းကြောင့် သမင်ကောင်ရေ လျှော့ချရန် စကော့တလန် သဘာဝ၏ အမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ (SNH) က အထူးလေ့လာဆောင်ရွက်လျက်ရှိကြောင်း သတင်းကဆိုသည်။ စကော့တလန်တွင် တစ်နှစ်လျှင် လူ ၆၅ ဦးကျော်သည်။ မော်တော်ကား မော်တော်ဆိုင်ကယ် စီးရင် သမင်များနှင့် တိုက်မိဒဏ်ရာရခဲ့ကြသည်။ ဤသို့ဖြစ်ရခြင်းမှာ လွင်ပြင်တောစပ်ဒေသနှင့် မြို့ပြလူနေ တောစပ်ဒေသများတွင် သမင်ကောင်ရေ တဟုန်ထိုး တိုးတက်လာခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် အဓိက အဝေးပြေး လမ်းမကြီးများဗဟိုဒေသ စကော့တလန် မြေနိမ့်ဒေသ M9/M8 နှင့် AI လမ်းမ (ဘာဝတ်စ်အနီး) ဂလက်စကိုနှင့် ဂြိုလ်တုလမ်းညွှန်မြို့များ အက်ဘာဒင် စသည့်နေရာများတွင် ကားနှင့်သမင်တိုက်ဆောင့်မှု အများဆုံးဖြစ်ပွားခဲ့သည်။ သို့ဖြစ်၍ (SNH) က သမင်ကောင်ရေကို ထိန်းချုပ်ကန့်သတ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ညီမင်းလွင်

Ref-Intrnet News



www.burmeseclassic.com






# Lone Wolf Terrorism အကြောင်း သိကောင်းစရာ

ခင်မမမျိုး

၂၀၁၃ ခုနှစ်၊ မေလ (၂၂) ရက်နေ့က ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့မှာ အကြမ်းဖက်လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့ပါတယ်။ ဒီသတ်ဖြတ်မှုကို ကျူးလွန်သူနှစ်ယောက်မှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ နိုက်ဂျီးရီးယား နွယ်ဖွား Michael Adebolajo ဆိုသူက အကြမ်းဖက်မှုကို ကျူးလွန်ရုံတင်မကဘဲ သတ်ဖြတ်ရာမှ အသုံးပြုခဲ့တဲ့ လက်နက်ကိရိယာများကို ကိုင်စွဲပြီး၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်တဲ့ စကားတွေပါ ပြောကြားသွားခဲ့ပါတယ်။ အကြမ်းဖက်မှုရဲ့ အတိမ်အနက်၊ အကြမ်းဖက်မှု လုပ်ဆောင်ပုံ၊ အသုံးပြုစကားလုံးများရဲ့ အလားအလာ စတာတွေက နိုင်ငံတော်အဆင့် ခြိမ်းခြောက်မှု ဖြစ်တဲ့အတွက် ပြည်ထဲရေးဝန်ကြီးဦးဆောင်တဲ့ အရေးပေါ်အစည်းအဝေးကို ညတွင်းချင်း ကျင်းပပြီး၊ အကြမ်းဖက်မှုကို တုံ့ပြန်ခဲ့ကြပါတယ်။ ပြည်ပရောက်နေတဲ့ ဗြိတိန်ဝန်ကြီးချုပ်ကလည်း နောက်တစ်နေ့မှာ ကျင်းပတဲ့ မြွေဟောက်အရေးပေါ် အစည်းအဝေးကို တက်ရောက်ခဲ့ပြီး၊ ပြည်သူလူထုရဲ့ စိတ်ပိုင်းဆိုင်ရာ လုံခြုံရေးကို reassurance လုပ်ပေးခဲ့ပါတယ်။

ဒီလို အကြမ်းဖက်မှုတွေ ဖြစ်ပွားလာတဲ့အခါ ကျူးလွန်သူများရဲ့ micro-dynamics နဲ့ modus operandi ကို လေ့လာဆန်းစစ်မှုတွေ အချိန်နဲ့တပြေးညီ ပြုလုပ်ရပါတယ်။ micro-dynamics ဆိုရာမှာ ကျူးလွန်သူများရဲ့ စိတ်ပိုင်းဆိုင်ရာ လှုံ့ဆော်အကြောင်းရင်းများ၊ လူမှုဝန်းကျင်အနေအထား၊ စိတ်ပိုင်းဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



အနေအထား၊ အစွန်းရောက်မှုဖြစ်စဉ်၊ ပတ်ဝန်းကျင်နှင့် ဆက်နွယ်မှု စတာတွေကို လေ့လာဖို့ လိုအပ်ပြီး၊ modus operandi ဆိုရာမှာတော့ အကြမ်းဖက်မှုကျူးလွန်ရာမှာ ကိုင်စွဲသော လက်နက်များနဲ့ ပစ်မှတ်များ၊ အကြမ်းဖက်မှုကျူးလွန်ပုံ နည်းလမ်းများ စတာတွေ ပါဝင်ပါတယ်။ ဒီလိုလေ့လာဆန်းစစ်မှုတွေ လုပ်ဆောင်မှုက အခင်းဖြစ်ပွားမှုနဲ့ ပတ်သက်တဲ့ သဲလွန်စများ၊ ချိတ်ဆက်မှုများကို ဖော်ထုတ်နိုင်သလို၊ ပြစ်မှုကျူးလွန်မှုများ နောက်ထပ်မပေါ်ထွက်လာစေရန် တားဆီးမှုတွေလည်း အကောင်အထည်ဖော်ဆောင်နိုင်ပါတယ်။

ဒါကြောင့် လေ့လာဆန်းစစ်မှုတွေမှာ ရဲတပ်ဖွဲ့၊ ထောက်လှမ်းရေးအဖွဲ့အစည်းများ၊ အကြမ်းဖက်မှုနှိမ်နင်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အကြမ်းဖက်မှုလေ့လာဆန်းစစ်ရေး ပညာရှင်များပါဝင်ရပါတယ်။ လန်ဒန်အခင်းဖြစ်ပွားမှုအပြီး၊ နောက်တရက်မှာ ရဲတပ်ဖွဲ့က အကြမ်းဖက်မှု ကျူးလွန်သူများရဲ့ မိဘအိမ်များ၊ ဆွေမျိုးသားချင်းအိမ်များ၊ မိတ်ဆွေသူငယ်ချင်းအိမ်များကို ဝင်ရောက်စီးနင်းပြီး၊ သဲလွန်စရှာဖွေမှုတွေ၊ မေးခွန်းမေးမှုတွေ၊ မေးခွန်းမေးရန် ခေတ္တ ခေါ်ဆောင် သွားမှုတွေ လုပ်ခဲ့ပါတယ်။ ထောက်လှမ်းရေးအဖွဲ့အစည်းများကလည်း သတင်းအချက်အလက်များ စုစည်းမှု ၊ ဆန်းစစ်မှုတွေ လုပ်ဆောင်ခဲ့ကြသလို၊ ကျွမ်းကျင် ပညာရှင်များကလည်း သက်ဆိုင်ရာ အခန်း ကဏ္ဍများကနေ ပံ့ပိုးမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ကြရာမှာ ရက်အနည်းငယ် အတွင်း ဖော်ထုတ်ဖို့ လိုအပ်တဲ့ အရေးကြီးဆုံးအချက်တစ်ခုကတော့ အကြမ်းဖက်မှုရဲ့ သဘောသဘာဝ ဖြစ်ပါတယ်။ အကြမ်းဖက်မှုမှာ အဖွဲ့အစည်းများ ပါဝင်ပတ်သက်ခဲ့ရင် ဒီအဖွဲ့အစည်းများရဲ့ နောက်ဆက်တွဲ ကျူးလွန်မှုတွေ ပေါ်ထွက်လာနိုင်တဲ့အတွက် တုံ့ပြန်မှု၊ နှိမ်နင်းမှု၊ မြုပ်နှံထားသူများကို ရှာဖွေဖမ်းဆီးမှုတွေ ထပ်လုပ်ရပါတယ်။ တစ်ဦးချင်းအလိုက် တဦးတည်း ကျူးလွန်မှုများ၊ အဖော်များနှင့် ကျူးလွန်မှုများ ပြုလုပ်ခဲ့တာဆိုရင်တော့ lone-wolf terrorism ဖြစ်တဲ့အတွက် နောက်ဆက်တွဲ လုပ်ငန်းဆောင်တာများ နည်းပါးပါတယ်။ အချိန်အတန်ကြာ လေ့လာဆန်းစစ်ချက်များအပြီးမှာတော့ လန်ဒန် အကြမ်းဖက်မှုကို lone-wolf terrorism အဖြစ်၊ သက်ဆိုင်ရာ အဖွဲ့အစည်းများက သတ်မှတ် ကြေညာလိုက်ပါတယ်။




အကြမ်းဖက်မှုဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကို တစ်စုံတစ်ရာပြုလုပ်စေရန် (ဥပမာ- ဖမ်းဆီးထားသူများအား လွှတ်ပေးရန်၊ စစ်မက်ဖြစ်ပွားရာဒေသမှ စစ်တပ်များအား ပြန်လည် ရုတ်သိမ်းသွားစေရန်) ရည်ရွယ်ချက်များ (သို့မဟုတ်)

www.burmeseclassic.com

www.burmeseclassic.com






တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာ ဆက်ဆံရေး အခန်းကဏ္ဍများ ပျက်ယွင်းသွားစေရန် ရည်ရွယ်ချက်များနဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ခြိမ်းခြောက်ဖျက်ဆီးမှုများကို အကြမ်းဖက် နည်းလမ်းများ အသုံးပြုပြီး ပြုလုပ်ခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆို နိုင်ပါတယ်။ lone-wolf terrorism ဆိုတာကတော့ ဒီလို အကြမ်းဖက်မှုများကို နိုင်ငံရေးအဖွဲ့အစည်း၊ ဘာသာရေး အဖွဲ့အစည်းများက ကျူးလွန်ခြင်းမဟုတ်ဘဲ နိုင်ငံရေး (သို့မဟုတ်) ဘာသာရေး အစွန်းရောက်သူများက တစ်ဦးချင်း ဆုံးဖြတ်ချက်အရ ကျူးလွန်မှုဖြစ်ပါတယ်။

နိုင်ငံရေးပညာရှင်များကတော့ lone-wolfterrorism မှာ သွင်ပြင်လက္ခဏာ (၄) ရပ် ပါဝင်ကြောင်း အဓိပ္ပာယ်ဖွင့် ဆိုထားကြပါတယ်။ ပထမအချက်ကတော့ အကြမ်းဖက်မှုကို ကျူးလွန်ရာမှာ တစ်ဦးချင်း (သို့မဟုတ်) အပေါင်းအဖော်များနဲ့ ညှိနှိုင်းပြီး ကျူးလွန်ပါတယ်။ ဒုတိယအချက်ကတော့ နိုင်ငံရေး၊ ဘာသာရေးဆိုင်ရာ အကြမ်းဖက် အဖွဲ့အစည်းများနဲ့ ကွန်ယက်များမှာ ပါဝင်ခဲ့ခြင်း မရှိပါဘူး။ တတိယအချက်ကတော့ အကြမ်းဖက်မှုကို ကျူးလွန်ရာမှာ ခေါင်းဆောင်တစ်ဦး (သို့မဟုတ်) hierarchy တစ်ခုရဲ့ အမိန့်အတိုင်း ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပါဘူး။ စတုတ္ထအချက်ကတော့ အကြမ်းဖက်မှု ကျူးလွန်တဲ့ လက်နက်ခဲယမ်းတွေနဲ့ ပတ်သက်ပြီး၊ သင်တန်းတက်မှုတွေ၊ နည်းလမ်းပံ့ပိုးမှုတွေကို အဖွဲ့အစည်းအချို့ဆီက ရရှိခဲ့ခြင်း ရှိနိုင် တယ်ဆိုပေမယ့် တိုက်ရိုက်ပံ့ပိုးပေးမှု ရရှိခဲ့ခြင်း မရှိပါဘူး။ အကြမ်းဖက်မှုနှိမ်နင်းရေးပညာရှင်Kushner နဲ့ Hewitt ဆိုသူတို့က lone-wolf terrorism ရဲ့ ဒီသွင်ပြင်လက္ခဏာတွေကို 'freelance terrorism' အဖြစ်လည်း သတ်မှတ်ခေါ်တွင်ကြပါတယ်။

lone-wolf terrorism ကျူးလွန်မှုဖြစ်ပွားအောင် လှုံ့ဆော်ပေးနိုင်တဲ့ ideological sources ခြောက်မျိုးကိုလည်း ပညာရှင်များက ဖော်ထုတ်ထားကြပါတယ်။ ဒီခြောက်မျိုးကတော့ လူဖြူလူမဲ ခွဲခြားပြီး၊ လူဖြူများမှ လူမဲများကို အကြမ်းဖက်တိုက်ခိုက်မှု Islamic fundamentalism၊ ကိုယ်ဝန်ဖျက်ချမှု များအား ဆန့်ကျင်လှုပ်ရှားမှု၊ အစွန်းရောက်အမျိုးသားရေးဝါဒ၊ လူမဲစစ်သွေးကြွမှု၊ လက်ဝဲဝါဒအစွန်းရောက်မှု စတာတွေ ဖြစ်ပါတယ်။

one-wolf terrorism ကို ကျူးလွန်သူတွေကို လူအချို့က ရူးသွပ်နေသူများလို့ သတ်မှတ်ကြပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဒီအချက်ကို ပညာရှင်များက လက်မခံကြပါဘူး။ သူတို့တွေဟာ စိတ်ပိုင်းဆိုင်ရာ အားနည်းချက် ရှိနေချိန်တွေမှာ တစ်စုံတစ်ရာရဲ့ လွှမ်းမိုးမှုကို ခံလိုက်ရသူများအဖြစ်သာ သတ်မှတ် ကြပါတယ်။ lone-wolf terrorism ကျူးလွန်ခဲ့သူများရဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေများကို အကြမ်းဖက်မှုနှိမ်နင်းရေးဆိုင်ရာ စိတ္တဗေဒပညာရှင်များက လေ့လာကြည့်ရာမှာ အထီးကျန်ဆန်သူများ၊ မိသားစုနဲ့ လူ့အဖွဲ့အစည်းမှ အပယ်ခံများ၊ စိတ်ကျဝေဒနာခံစားနေရသူများ၊ အနာဂတ်မဲ့နေသူများ၊ တစုံတရာ (ဥပမာ- ideology) တခုကို အပြင်းအထန် ယုံကြည်စွဲလမ်းလာပါက အဆိုပါယုံကြည်ချက်အတွက် အသက်ပေးဆပ်ရန် ဝန်မလေးသူများ၊ ဆွဲဆောင်သိမ်းသွင်းရန် လွယ်ကူသူများ၊ ကိုယ့်ရည်ကိုယ်သွေးနှင့် မိမိကိုယ်ကို ယုံကြည်ချက် အားနည်းသူများ၊ အကြမ်းဖက်မှုမကျူးလွန်ခင်မှာ တန်ဖိုးထားသော တစုံတရာ ဆုံးရှုံးလိုက် သူများ (ဥပမာ- မိသားစု၊ ချစ်သူရည်းစား၊ အလုပ်အကိုင်အခွင့်အလမ်း) စတဲ့ သွင်ပြင် လက္ခဏာတွေကို တွေ့ရှိရပါတယ်။

ဒီလိုစိတ်ပိုင်းဆိုင်ရာ အားနည်းချက်ရှိနေသူများကို အကြမ်းဖက်မှုကျူးလွန်လာစေတဲ့အထိ ဖြစ်ပွားစေခဲ့တဲ့ အစွန်းရောက်မှုဖြစ်စဉ် (process of radicalisation) ကိုလည်း လေ့လာဖို့ လိုအပ်ပါတယ်။ အစွန်းရောက်မှုဖြစ်စဉ်ကို လေ့လာရာမှာ intra-personal relations (ဥပမာ- မိမိကိုယ်ကို ရှာဖွေခြင်း)၊ interpersonal relations (ဥပမာ- အစွန်းရောက်စာပေများ၊ အစွန်းရောက် မိသားစုဝင်များနှင့် အစွန်းရောက်ခေါင်းဆောင်များရဲ့ လွှမ်းမိုးမှု)၊ လူမှုနိုင်ငံရေးအခြေအနေများ (ဥပမာ- မတရားမှုများ၊ ဖိနှိပ်မှုများ၊ လူမျိုးရေးခွဲခြားမှုများ၊ ဘာသာရေးခွဲခြားမှုများ) စတာတွေဟာ လူတဦးယောက်ကို အကြမ်းဖက်မှု ကျူးလွန်လာတဲ့အထိ အစွန်းရောက်မှု ဖြစ်စေတတ်ပါတယ်။

အကြမ်းဖက်မှုကျူးလွန်သူများနဲ့ ပတ်ဝန်းကျင်ကို အစွန်းရောက်မှု မဖြစ်ပွားခင် အခြေအနေနဲ့ အစွန်းရောက်မှု ဖြစ်ပွားပြီး အခြေအနေများကို ခွဲခြားပြီး လေ့လာဖို့ လိုအပ်ပါတယ်။ ၂၁ ရာစု အကြမ်းဖက်မှုကျူးလွန်သူများရဲ့ ပတ်ဝန်းကျင်က များသောအားဖြင့် အင်တာနက် ပတ်ဝန်းကျင် ဖြစ်လာပါတယ်။ အင်တာနက်ပေါ်မှာ အစွန်းရောက် စာပေများစွာ ရှိသလို၊ ဖိနှိပ်မှုများ၊ မတရားမှုများ၊ လူမျိုးရေး၊ ဘာသာရေးခွဲခြားမှုများကို မီးမောင်းထိုးပြနေတဲ့ လူမှုနိုင်ငံရေး အခြေအနေများကို လွန်မင်းစွာ မီးမောင်းထိုးပြထားမှုတွေ ရှိပါတယ်။ အကြမ်းဖက်မှုများ ကျူးလွန်ရန် အားပေးလှုံ့ဆော်ထားမှုတွေလဲ ရှိပါတယ်။ ဒါကြောင့် ယူကေနိုင်ငံမှာဆိုရင် အကြမ်းဖက်မှု နဲ့ အစွန်းရောက်မှုများကို အင်တာနက်မှ အားပေးလှုံ့ဆော်ထားမှုများကို တွေ့ရှိပါက တိုင်တန်း အကြောင်းကြားရန် ဌာနတခုကို ပြည်ထဲရေး ဝန်ကြီးဌာနမှ ဖွင့်လှစ်ထားပြီး၊ စုံစမ်းအရေးယူမှုများ ဆက်လက်ပြုလုပ်ပြီး ထိန်းချုပ်ရတဲ့ အခြေအနေထိ ဖြစ်လာခဲ့ပါတယ်။ ပညာရှင်များရဲ့ လေ့လာမှုများအရ

www.burmeseclassic.com

www.burmeseclassic.com



lone-wolf terrorism ကျူးလွန်ခဲ့သူများရဲ့ ပတ်ဝန်းကျင်မှာ အင်တာနက်ပတ်ဝန်းကျင်တွေ အလွန်များပြားကြောင်း တွေ့ရှိရပါတယ်။ ဒါတင်မကပဲ lone-wolf terrorism ကျူးလွန်ခဲ့သူများရဲ့ ဝတ်ဝန်းကျင်မှာ အစွန်းရောက်သူ တစ်ဦးမဟုတ် တစ်ဦးထက်မက ရှိတတ်လေ့ပါတယ်။ ဒီလူတွေဟာ တစ်ခါတစ်ရံမှာ အနီးကပ်မိသားစုဝင်တွေလဲ ဖြစ်နိုင်သလို၊ အင်တာနက်ပေါ်က သိကျွမ်းသူ၊ ဒါမှမဟုတ်ရင်လည်း ပြစ်မှုကျူးလွန်သူက အလွန်အမင်း ကြည်ညိုလေးစားရတဲ့ အစွန်းရောက်ခေါင်းဆောင် စတာတွေလည်း ဖြစ်နိုင်ပါတယ်။

lone-wolf terrorism မှုခင်းတစ်ခု ဖြစ်ပွားလာတဲ့အခါ အသုံးပြုတဲ့ လက်နက်ရဲ့ အခြေအနေကို ကြည့်ပြီး၊ အတိမ်အနက်နဲ့ နောက်ကွယ်ပံ့ပိုးမှုရှိမရှိ စတာတွေကို လေ့လာနိုင်ပါတယ်။ အသုံးပြုလေ့ရှိတဲ့ လက်နက်ပစ္စည်းများကို ပညာရှင်များက လေ့လာကြည့်ရာမှာ ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ သေနတ်များ၊ ဓားများနဲ့ မီးလောင်မှုဖြစ်ပွားစေတတ်သော အရာဝတ္ထုများ ဆိုပြီး စာရင်းပြုစုထားပါတယ်။ အကြမ်းဖက်ခံရလေ့ရှိတဲ့ သားကောင်များကတော့ ပြည်သူလူထု၊ အစိုးရတာဝန်ရှိသူများ၊ နိုင်ငံရေးသမားများ၊ ဘာသာရေးခေါင်းဆောင်များ၊ စီးပွားရေးသမားများနဲ့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ယူထားတဲ့ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ စသဖြင့် ပါဝင်ပါတယ်။

အကြမ်းဖက်မှု နှိမ်နင်းရေးဆိုင်ရာ သုတေသနလောကမှာ ထိခိုက်မှု အတိုင်းအဆ ကြီးမားတဲ့ အကြမ်းဖက်အဖွဲ့အစည်းများကို နှိမ်နင်းနိုင်မယ့် နည်းလမ်းများကိုပဲ လေ့လာလေ့ရှိကြပါတယ်။ အတိုင်းအဆပမာဏ သေးငယ်တဲ့ lone-wolf terrorism နဲ့ ပတ်သက်ပြီး၊ လေ့လာထားမှုတွေကတော့



www.burmeseclassic.com


www.burmeseclassic.com



နည်းပါးပါတယ်။ သို့ပေမယ့်လည်း နေ့စဉ်နဲ့အမျှ ကမ္ဘာတစ်ဝန်းမှာ နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်လာတာက ideological source တစ်ခုခုက လှုံ့ဆော်ပေးထားပြီး၊ အသက်ပေးတိုက်ခိုက်ဖို့ ဝန်မလေးဘဲ lone-wolf terrorists များ ဖြစ်လာပါတယ်။ ဒါကြောင့်လည်း နိုင်ငံတကာလုံခြုံရေး အသိုင်းအဝိုင်းမှာ lone-wolf terrorism ကို နှိမ်နင်းဖို့ အခက်ခဲဆုံး အကြမ်းဖက်မှု အမျိုးအစားတရပ်အဖြစ် တိုးချဲ့သတ်မှတ်လာကြပြီး၊ လေ့လာမှုတွေ စတင်ပြုလုပ်လာကြပြီဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါတယ်။

**ခင်မမမျိုး (၂၇၊ ၅၊ ၂၀၁၃)**

(စာရေးသူသည် ဗြိတိန်အခြေစိုက် နိုင်ငံရေးရာ လေ့လာရေးအသင်း၊ လုံခြုံရေးနှင့် ထောက်လှမ်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့၊ အမေရိကန်ပြည်ထောင်စုအခြေစိုက် အကြမ်းဖက်မှု နှိမ်နင်းရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ အစည်းအရုံးတို့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ စစ်ရေး၊ နိုင်ငံရေးနှင့် အကြမ်းဖက်မှု နှိမ်နင်းရေးဆိုင်ရာ သုတေသီတစ်ဦး ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com





## ဖောက်ထွင်းမှုနှင့် ခိုးမှုများကို ကြိုတင်ကာကွယ်ရန်

- ❖ နေအိမ်၏ ခြံစည်းရိုးကို လုံခြုံမှုရှိသည်ထိ ခိုင်ခံ့အောင် ကာရံပါ။
- ❖ ခြံစည်းရိုးကို ကျော်ဖြတ်ဝင်နိုင်သည့် သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ဖယ်ရှားပစ်ပါ။ မှောင်ရိပ်ဖြစ်စေမည့် ချုံနွယ်များ၊ သစ်ပင်များကို အမြဲတစေ ရှင်းလင်းဖယ်ရှားပါ။
- ❖ ဖြစ်နိုင်က နေအိမ်ပတ်လည်၌ မီးထွန်းထားပါ။
- ❖ နေအိမ်ခြံစည်းရိုးများ၌ အချက်ပေး ကိရိယာတပ်ဆင်ပါ။ အသံမြည်သည့် ချူ၊ ဆည်းလည်း ခေါင်းလောင်း၊ သစ်သားခလောက်၊ နို့ဆီခွက်ခလောက်များ တပ်ဆင်ထားရှိပါ။
- ❖ စုပေါင်းလူနေတိုက်ခန်းများ၏ ရေပိုက်များ၊ အမှိုက်စွန့်ပိုက်နှင့် မိလ္လာပိုက်များကို အတားအဆီး တပ်ဆင်ပါ။
- ❖ သီးခြားနေထိုင်သည့် အိမ်ခြံဝင်းများ၌ အစောင့်ထားရှိပါ။ သို့မဟုတ် အစောင့်ခွေးထားရှိပါ။
- ❖ ရွှေ၊ ငွေ၊ မိလ္လာနှင့် နေအိမ်ပြုပြင်မှု ပြုရာည့်အခါ အစောင့်အမြဲရှိနေပါစေ။
- ❖ နေအိမ်အနီး၌ ကြိုး၊ ဆူး၊ ဆောက်၊ လွှ၊ လှေကား၊ ထိုင်ခုံ၊ အမြင့်များကို အလွယ်တကူ အသုံးပြုနိုင်ရန် မထားရှိပါနှင့်။ ညအချိန် တံခါးအားလုံးကို လုံခြုံမှု ရှိ မရှိ စစ်ဆေးပြီးမှ အိပ်တတ်သည့် အလေ့အထပြုလုပ်ပါ။
- ❖ နေ့ဖြစ်စေ၊ ညဖြစ်စေ အပြင်ထွက်သွားသည့်အခါ တံခါးကို အမြဲပိတ်ထားပါ။ သို့မဟုတ် အစောင့်ထားရှိပါ။ အပြင်ထွက်သွားသည့် မိသားစုဝင်ကို တံခါးဖွင့်ပြီး စောင့်ဆိုင်းမှု မပြုပါနှင့်။
- ❖ သံသယရှိသည့် ထူးခြားမှု ရှိပါက ပတ်ဝန်းကျင်သို့ အသိပေးအကူအညီ တောင်းခံပါ။ သို့မဟုတ် ရဲကင်း၊ ရဲစခန်းနှင့် တာဝန်ရှိသူများထံ ချက်ချင်းအသိပေး အကြောင်းကြားပါ။

www.burmeseclassic.com

www.burmeseclassic.com



# ဝတ်စားဆင်ယင်ခြင်းရဲ့ နောက်ကွယ်က ပြမ်းမှု

ခင်မောင်ရွှေ (ပညာရေး)

'တောင်းမှာအကွပ်၊ လူမှာအဝတ်' ဟု ဆိုရိုးရှိသည်။ ဆိုလိုသည်မှာ တောင်းများတွင် ယက်လုပ်ပြီးစီးလျှင် အနားကွပ်ပေးရသည်။ သို့မှသာ ချောမောသေသပ်ခိုင်ခန့်လှပနိုင်ပါသည်။ လူများတွင်လည်း သူ့နေရာနှင့်သူ ဝတ်စားဆင်ယင်တတ်မှသာလျှင် သေသပ်လှပနိုင်ပါသည်။



ခေတ်ရေစီးကြောင်းဟူသည် မည်သူမျှ တားဆီး၍မရနိုင်ပါ။ အရှိန်အဟုန်ဖြင့် ရွေ့လျားပြောင်းလဲ နေသည်သာ ဖြစ်သည်။ ပြောင်းလဲနေသည့်ခေတ်စနစ်နှင့်အညီ ခေတ်မီစွာ ဝတ်စားဆင်ယင်ခြင်းသည် ဟန့်တားချုပ်ချယ်စရာအကြောင်းမရှိပေ။ သို့သော် ခေတ်မီခြင်းဆိုသည်ထက် ခေတ်လွန်ယဉ်ကျေးမှုကို အတုခိုးအားကျလာခြင်းများလည်း တွေ့မြင်နေရ၏။ ခေတ်မီခြင်း၊ ခေတ်ဆန်ခြင်းနှင့် ခေတ်လွန်နေခြင်း တို့ကို ပိုင်းခြားသိမြင်တတ်ဖို့ လိုပါသည်။ အများစုသော အမျိုးကောင်း သား၊ အမျိုးကောင်းသမီးများသည် ခေတ်ပြိုင်ဝတ်စားဆင်ယင်မှုကို ထိန်းသိမ်းထားကြသည်မှာ နှစ်လိုကြိုဆိုဖွယ်ရာ ဖြစ်၏။ သို့သော် တစ်ဖက်တွင်လည်း မိဘမောင်ဖွား အစ်ကိုများကြားတွင်လည်းကောင်း၊ ပွဲလမ်းသဘင် ညစ်ခံပွဲကိစ္စများတွင် လည်းကောင်း မြင်မကောင်း၊ ရှုမကောင်း ဝတ်စားဆင်ယင်မှုများလည်း တွေ့နေရဆဲပင် ဖြစ်သည်။

အတုမြင် အတတ်သင်ခြင်းသည် လူငယ်ထုအကြား ရေပန်းစားလှပါသည်။ ရုပ်ရှင်ဗီဒီယိုများ၊ သရုပ်ဆောင်များ၊ Celebrites များ၏ ဝတ်စားဆင်ယင်မှုများဆိုလျှင် မွေ့ချင်း

www.burmeseclassic.com

www.burmeseclassic.com





ညချင်းပင် အတုခိုးကြ၏။ ယနေ့ လူငယ်များ၏ ဆံပင်ပုံစံများကိုကြည့် လျှင် မြန်မာဆန်သည့်အသွင်အပြင်မျိုးပင် မတွေ့ရတော့ပေ။ ကြည့်ရမြင်ရဆိုးသည်မှအပ (ကိုယ့်အမြင်နဲ့ကိုယ်တော့ လှပေမပေါ့) မည်သို့မျှ အန္တရာယ်မဖြစ်နိုင်။ သို့သော် ယနေ့မိန်းကလေးအချို့၏ ဝတ်စားဆင်ယင်မှုများသည် အတင့်ရဲလွန်းလှသည်ဟု ဆိုချင်ပါသည်။ မြန်မာ့အစဉ်အလာ ဝတ်စားဆင်ယင်မှုနှင့်လည်း များစွာ ဖီလာပြုနေ၏။ ဟီရိုသြတ္တပ္ပဆိုသည့် အရှက်တရား၊ အကြောက်တရား ကင်းလှသည့် ဝတ်စားဆင်ယင်မှုများသည် 'ယိုသူမရှက်၊ မြင်သူရှက်' ရသည့် အမြင် မတင့်တယ်မှုများပင် ဖြစ်သည်။ ယင်းသို့ လျှပ်ပေါ်လော်လီသော ဝတ်စားဆင်ယင်မှုများသည် ရာဇဝတ်ပြစ်မှုများနှင့် တိုက်ရိုက်အချိုးကျသည်ဟု မဆိုနိုင်သော်လည်း ပြစ်မှုကျူးလွန်နိုင်ရန် ဖိတ်ခေါ်နေသကဲ့သို့ ရှိ၏။ မြူဆွယ်နေဘိသကဲ့သို့ ဖြစ်စေနိုင်၏။

မြန်မာနိုင်ငံတွင် ကိုရီးယား ရုပ်ရှင်ကားများကြောင့် ကိုရီးယားယဉ်ကျေးမှုများပင် လွှမ်းမိုးလာနေသည်ဟု ဆိုနိုင်သည်။ ဝတ်စားဆင်ယင်မှုတွင် အွန်စောစကတ်၊ ဆွန်ဟီးစကတ်တို့သည် မြန်မာ မိန်းကလေးအများစု နှစ်သက်စွာ ဝတ်ဆင်နေကြသည်။ ထို့ပြင် ကိုရီးယားအစားအစာ၊ အဝတ်အထည် များနှင့် ကိုရီးယားဘာသာသင်တန်းများသည်လည်း တစ်နေ့တခြား တိုးပွားလာနေသည်ကို တွေ့ရ၏။ စင်စစ် ကိုရီးယားနိုင်ငံသည် အာရှနိုင်ငံတစ်နိုင်ငံ ဖြစ်သော်လည်း အနောက်တိုင်းယဉ်ကျေးမှု လွှမ်းမိုး သောနိုင်ငံဖြစ်သည်။ သို့သော်လည်း တောင်ကိုရီးယားနိုင်ငံတွင် မကြာသေးမီကပင် အမျိုးသမီး သမ္မတ သစ် ပေါ်ထွန်းပြီးတက်လာခဲ့သည်။ သမ္မတဖြစ်လာပြီး မကြာမီမှာပင် ဥပဒေတစ်ရပ် လက်မှတ်ထိုး ထုတ်ပြန်တော့မည် ဖြစ်သည်။ ယင်းဥပဒေမှာ တောင်ကိုရီးယားတွင် 'စကတ်တို မဝတ်ရ' ဥပဒေပင် ဖြစ်သည်။ ဝတ်ဆင်ပါက ကိုရီးယားဝမ်ငါးသောင်း (စတာလင်ပေါင် ၃၀) ဒဏ်တပ်ခံရမည် ဖြစ်ကြောင်း သိရ၏။

အမေရိကန်ပြည်ထောင်စုတွင်လည်း ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ထူးထူးခြားခြား ပြဋ္ဌာန်း သတ်မှတ်လာသည်ကို တွေ့ရသည်။ အမျိုးသမီးများအနေဖြင့် ဘောင်းဘီဝတ်ရာတွင် အတွင်းခံ (underwear)များပေါ်အောင် ဝတ်သူများအား ဒဏ်ကြေးငွေတပ်ခြင်း၊ လူမှုရေးလုပ်ငန်းများတွင် ပြစ်ဒဏ်ပေးခြင်းမျိုးအထိ ရှိလာသည်ကို တွေ့ရ၏။ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ လွတ်လပ်ပါသည်ဆိုသော ဒီမိုကရေစီနိုင်ငံများမှာပင် အကန့်အသတ်များ ရှိလာသည်ကို သတိမူသင့်၏။

www.burmeseclassic.com

www.burmeseclassic.com





လူတိုင်းသည် လွတ်လပ်မှုကို နှစ်သက်ကြပါသည်။ ဥပဒေကလည်း လူသားတိုင်း၏ အခြေခံလွတ်လပ်ခွင့်များကို ခွင့်ပြုထားပြီးဖြစ်၏။ သို့သော် လွတ်လပ်ခြင်းသည် အကန့်အသတ်မဲ့မဟုတ်ပေ။ အကန့်အသတ်မဲ့ လွတ်လပ်ခြင်းသည် ပျက်စီးခြင်း၏လမ်းစပင်ဖြစ်၏။ အဝတ်အစားယိုယွင်းခြင်းထက် စိတ်ဓာတ်ယိုယွင်းပျက်စီးခြင်းက ပို၍ဆိုးပါသည်။ နွမ်းပါးစွာဝတ်ဆင်ရခြင်းသည် ဟော့ရမ်းစွာ ဝတ် ဆင်မိခြင်းထက် ပို၍ ဂုဏ်ရှိနိုင်ပါသည်။ အရှက်တရား၊ အကြောက်တရားရှိရာကျပါသည်။

ထို့ကြောင့် အရိုးပေါ် အရွက်ဖုံးခြင်း၊ ရှာလွန်ရှက်တိုက်ခြင်းသည် ကောင်းလှသည့် အစဥ်အလာမျိုး မဟုတ်ပါ။ တာရှည်ခံမည့် အလေ့အကျင့်များလည်း မမည်ပါ။ ခေတ်လည်းမီ၊ ခေတ်လည်းဆန် ၍ မြန်မာ့ဟန်လည်း မပျောက်၊ လုံခြုံစွာ ဝတ်စားဆင်ယင်ခြင်းဖြင့် မိမိတို့၏ ဂုဏ်ကျက်သရေကိုလည်း တိုးစေပါသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုလည်း မြင့်မားစေပါသည်။ မိမိဘဝလုံခြုံမှုကို ပေးစွမ်းသည့်ဖြစ်၍ မိမိကြောင့်လည်း မဖြစ်သင့်မဖြစ်ထိုက်သည့် ပြစ်မှုမျိုး ကာကွယ်ရာလည်း ရောက်နိုင်ပါသည်။

ခင်မောင်ဌေး(ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com





# အဓမ္မ ကာကွယ်နည်းလမ်းညွှန်

➢ အဓမ္မမှုအများအပြားမှာ အဓမ္မအကျင့်ခံရသူ၏နေအိမ်တွင် ကျူးလွန်ခံခဲ့ရခြင်း ဖြစ်သည်။မည်သူမည်ဝါမသိဘဲ အိမ်အတွင်းသို့ ဝင်ခွင့်မပေးသင့်။ တံခါးကိုဖွင့်မပေးမီ မည်သူမည်ဝါ ဖြစ်ကြောင်းသိပါစေ။ ဧည့်သည် သည်မည်သူမည်ဝါဖြစ်ကြောင်း ထင်ထင်ရှားရှားရှိပါစေ ။

➢ ဆယ်ကျော်သက်ကျောင်းသူကလေးများကို အဓမ္မမုဒိမ်းမှုကာကွယ်နည်းလမ်း ညွှန်များ စနစ်တကျ သင်ကြားပေးထားသင့်သည်။ မိဘကြီးကြပ်ကွပ်ကဲမှု မရှိဘဲ မိမိ သမီးပျို့အား နေအိမ်တွင် ယောက်ျားကလေးအပေါင်းအသင်းများ ဧည့်ခံခြင်း မပြု စေသင့်။ မျက်နှာစိမ်းအမျိုးသားဧည့်သည်များအား အိမ်တွင်းသို့ အဝင်မခံဖို့ အရေး ကြီးသည်ဆိုသည့်အချက်ကို နားလည်သဘောပေါက်အောင်ပြောထားသင့် သည် ။

➢ မိမိသမီးပျို့သည် ဘယ်နေရာ တွင် ဘယ်သူနှင့်အတူရှိနေမည်ကို သိပါစေ။ အပေါင်းအသင်းများနှင့်သာ တစ်စုတစ်ဝေး သွားလာစေသင့်သည်။ တတ်နိုင်လျှင် လမ်းမထွက်ဘဲ အိမ်မှာသာနေဖို့ ဆုံးမသင့်သည်။

➢ ညဉ့်နက်လာလျှင် တစ်ဦးတည်းလမ်းမထွက်ပါနှင့်။ အကယ်၍ လမ်းမထွက် ဖြစ်လို့ ထွက်ခဲ့ရလျှင်လည်း။ အိမ်တံခါးအနီး၊ ချုံပုတ်၊ ချုံနွယ်များ၊ ရပ်ထားသော ကားများအနီးမှ ကပ်မလျှောက်ပါနှင့်။

➢ အကယ်၍နောက်မှ အမျိုးသားတစ်ဦးဦး နောက်ယောင်ခံလိုက်နေလျှင် နေအိမ် တွင် ခုခံကာကွယ်နိုင်စွမ်းသူမရှိခဲ့လျှင် နေအိမ်သို့ တန်းတန်းမတ်မတ် မပြန်သင့်။

➢ အခြားအကူအညီပေးနိုင်မည့်သူများကိုရှာပါ။ အစွမ်းကုန်ပြေးခြင်း။ အသံကုန် အော်ဟစ်အကူအညီတောင်းခြင်းများသည် ထိရောက်သော ကာကွယ်နည်းဖြစ်သည်။

➢ အကယ်၍ ကိုယ်ထိလက်ရောက် အစော်ကားခံရလျှင် မိမိအား ကျူးလွန်သူ အမျိုးသား၏ပုံသဏ္ဍာန်ကို ချင့်ချိန်တွက်ဆပြီး မိမိ၏ကိုယ်ခံ၊ ခုခံနိုင်စွမ်းရှိမရှိကိုပါ ချင့်ချိန်တွက်ဆပါ။ လက်နက်ပါသော အဓမ္မသမားများအား သာမန်အားဖြင့် ခုခံ တိုက်ခိုက်ခြင်းမပြုလျှင် အန္တရာယ်အကင်းဆုံးဟု ဆိုစမှတ်ပြုကြသည်။ လက်နက် မပါသော မုဒိမ်းအဓမ္မသမားများအား ခုခံတိုက်ခိုက်လျှင် လွတ်နိုင်သည့်အခွင့်အလမ်း သာပေလိမ့်မည်။ မိမိက ခုခံကာကွယ်သောလက်နက်ဖြင့် မိမိကို ပြန်လည် အသုံးချ ပြီး အကျိုးယုတ်စေလိမ့်မည်ဆိုသည့် အချက်ကိုလည်း သတိချပ်ပါ။

➢ အကယ်၍ လွတ်လမ်းမရှိ၍ ခုခံနိုင်ရန် မဖြစ်နိုင်ခဲ့လျှင် ပရိယာယ်ဖြင့် စကား စပ်တိုးခြင်းဖြင့် မိမိအား ကျူးလွန်ခံရမည့်အဖြစ်ကို ဖယ်ရှားနိုင်ပေလိမ့်မည်။

➢ အကယ်၍မုဒိမ်းမှုကျူးလွန်ခံရလျှင် ဆေးအစစ်ခံယူပါ။ သက်ဆိုင်ရာတွင် တိုင်ချက်ဖွင့်၍ တရားဥပဒေအရအရေးယူဆောင်ရွက်ပါ။

R / D. Jan : 82.

www.burmeseclassic.com






ဦးသိက္ခာ

## သည်ဥပဒေ သင်သိပါသလား?

ဆရာကြီးခင်ဗျာ-

ကျွန်တော်သည် (Chamber)ဆင်းနေသော ဥပဒေဘွဲ့ရ 'ရှေ့နေအလုပ်သင်'တစ်ဦးဖြစ်ပါသည်။ ကျွန်တော် သိလိုက်သည်မှာ သက်သေအမျိုးမျိုးရှိရာတွင် ဆွေမျိုးသက်သေ၊ ကြံကြိုက်သက်သေ၊ 'လွတ်လပ်သောသက်သေ'ဟူ၍ အကြောင်းခြင်းရာ ထွက်ဆိုချက်အပေါ် မူတည်ပြီး သုံးနှုန်းခေါ်ဝေါ် လေ့ရှိကြရာ၌ 'လွတ်လပ်သောသက်သေ' နှင့် ပတ်သက်၍ တရားရုံးများက မည်သို့အဓိပ္ပာယ် ဖွင့်ဆို ကြပါသနည်းဆိုသည်ကို ပြန်ကြားပေစေလိုပါသည်။

အောင်နိုင်မြတ်

ရွှေတောင်ရပ်၊မော်လမြိုင်။

ဖြေ။ ။ သက်သေတစ်ဦးကို လွတ်လပ်သော သက်သေအဖြစ် သတ်မှတ်ရာမှာ တရားရုံးများက မိမိ စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်ပြီး အမှန်တရားနှင့် အနီးစပ်ဆုံးဖြစ်အောင် တစ်နည်းဆိုရသော် ဘက်မလိုက်သော သက်သေအဖြစ် တရားလို၊ တရားခံ(တရားပြိုင်)ဘက်တို့က မယူဆနိုင်အောင် သတ်မှတ်လေ့ရှိကြပါတယ်။ မြန်မာနိုင်ငံ၏ အမြင့်ဆုံး တရားရုံးဖြစ်တဲ့ အထူးဇုံညီခုံရုံး (တရားရုံးချုပ်တရားသူကြီး ၃ ဦးထိုင်)က ၃၁.၁၀.၀၃ နေ့မှာ ဆုံးဖြတ်ခဲ့တဲ့။

www.burmeseclassic.com



"ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်ပါ ၂ နှင့် ဒေါ်ကြည်ကြည် ၂၀၀၂ ခုနှစ် တရားမအထူး အယူခံမှု အမှတ် ၂၄" အမှုပါ သုံးသပ်ချက်ကို ဖော်ပြလိုက်ပါရစေ။

××× နှစ်ဖက်သက်သေများအနက် သက်သေဒေါ်သောင်းခင်မှာ တရားလို တရားပြိုင်တို့နှင့် ခင်မင်ရင်းနှီးသည့်အပြင် ဆွေမျိုးတော်စပ်သည်ဟုလည်း မတွေ့ရသဖြင့် 'လွတ်လပ်သောသက်သေ' ဟု ယူဆရန်ရှိပါသည်။ ၄င်း၏ထွက်ဆိုချက်အရ အချင်းဖြစ်အိမ်နှင့် မြေကို ဝယ်ယူရာ၌ တန်ဖိုးငွေပေးချေသူမှာ ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်ဖြစ်သည်ဟု ကောက်ယူရန် ရှိပါသည်။' ဟု 'လွတ်လပ်သောသက်သေ'အဖြစ် မှတ်ယူနိုင်တဲ့ အင်္ဂါရပ်ကို ဖော်ပြထားတာတွေ့ရှိရပါကြောင်း ပြန်ကြားလိုက်ရပါစေ။

ဆရာကြီးရှင့်-

မွေးစားသားသမီး(ကိတ္တိမ)ကို သတင်းစာတွင် အမွေပြတ်ကြော်ငြာ၍ ရပါသလား။ သားရင်းသမီးရင်းဆိုရင်တော့ သတင်းစာမှာ အမွေပြတ်ကြော်ငြာရုံနဲ့ မလုံလောက်ဘူး။ တရားရုံးက ခွင့်ပြုမှရတယ်လို့ ကြားဖူးနားဝရှိထားပါတယ်။ ခု ကျွန်မအဖြစ်က ကတ္တိမသားသမီးကို အမွေပြတ်ကြော်ငြာဖို့ပါပဲ။

ဆင့်ဆင့်ကြွယ်
မော်ဘီ

ဖြေ။ ။ သားရင်း သမီးရင်းကို မိဘရင်းက သတင်းစာမှာ အမွေပြတ်ကြော်ငြာရုံနဲ့ အမွေမပြတ်ကြောင်း စီရင်ထုံးတွေကို ဒေါ်ဆင့် ဖတ်ဖူး မှတ်ဖူးလို့ ဥပဒေအသိစိတ်ခံရှိထားသူမို့ လေးစားပါတယ်။

ကိတ္တိမ မွေးစားခြင်းမှာလည်း တရားရုံးချုပ်တွင် တရားမ ပထမအယူခံမှု (ဦးတင်မြင့်နှင့် ဒေါ်သစ်သစ် ၁၉၈၇ ခုနှစ်၊ တရားမ ပထမအယူခံမှာ အမှတ် ၁၂၄ (၂၉·၁၂·၈၇) အမှုမှာ "မြန်မာဓလေ့ထုံးတမ်းဥပဒေအရ မွေးစားခြင်း ပျက်ပြယ်နိုင်သောအကြောင်းရပ် အများအပြားရှိသည်။ မိရင်း ဖရင်းတို့က မွေးစားသည့်ကလေး အရွယ်မရောက်မီအချိန်အတွင်း ကလေးကို ပြန်ခေါ်ခြင်း၊ မွေးစားသည့်သား ရဟန်းဘောင်သို့ ကူးဝင်သွားခြင်း၊ မွေးစားသည့်မိဘသည် ဗုဒ္ဓဘာသာကို စွန့်၍ သားသမီးမွေးစားခြင်းကို အသိအမှတ်မပြုသည့် အခြားဘာသာသို့ ကူးပြောင်းခြင်း၊ မွေးစားသည့်မိဘနှင့် မွေးစားသည့် သားသမီးတို့သည် မွေးစားခြင်းကို ပယ်ဖျက်စေရန် ရည်ညွှတ်၍ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ဖြတ်ခြင်းတို့သည် သာဓက

www.burmeseclassic.com

www.burmeseclassic.com



အချို့ဖြစ်သည်။

မွေးစားသားသမီးက မွေးစားမိဘအပေါ် ရန်သူသဖွယ် ပြုကျင့်ခြင်းကြောင့် မွေးစားမိဘအမွေကို ဆက်ခံခွင့်မရှိသော်လည်း ယင်းသို့ ကျင့်ကြံပြုမူရုံမျှဖြင့် မွေးစားခြင်း ပျက်ပြယ်ကြောင်း မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေတွင် ပြဆိုထားခြင်း မရှိချေ။" ဟူ၍ သုံးသပ်ကာ ဒေါ်သစ်သစ်က ဦးတင်မြင့်အား မွေးစားခြင်းကို ရပ်စဲကြောင်း သတင်းစာတွင် ကြော်ငြာသည်ကို အကြောင်းပြုပြီး အမှုစွဲဆိုခြင်းကို လက်မခံဘဲ အယူခံတရားပြိုင်စွဲဆိုသော ကိတ္တိမသားအဖြစ် မွေးစားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုအပေါ် မူလမွန်ပြည်နယ်တရားရုံးက အနိုင် ဒီကရီချမှတ်ခဲ့ခြင်းကို ပယ်ဖျက်၍ ဦးတင်မြင့်၏ အယူခံလျှောက်ထားမှုကို လက်ခံခဲ့ပါတယ်။

ဆရာကြီးခင်ဗျာ-

မူလမှုစစ်သော တရားရုံး (မြို့နယ် (သို့) ခရိုင်) က ချမှတ်သောအမိန့်ကို မကျေနပ်ပါက အထက်တရားရုံး(ပြည်နယ် (သို့) တရားရုံးချုပ်) သို့ အယူခံ (သို့) ပြင်ဆင်မှုဝင်ခွင့်ရှိသည် မဟုတ်ပါလား။ ယခု ကျွန်တော် ရင်ဆိုင်နေရသော ပြစ်မှု (၁)မှုမှာ မူလရုံးကအမိန့်ကို မကျေနပ်လို့ အယူခံဝင်မှာကို သက်ဆိုင်ရာ မြို့နယ် ဥပဒေရုံးကတစ်ဆင့် လျှောက်ထားရမှာ ဖြစ်တယ်ဆိုလို့ ကျွန်တော့်မှာ ဥပဒေရုံးက မှာကြားတဲ့စာရွက်စာတမ်းတွေ တရားရုံးမှာ မိတ္တူမှန်ကူးပြီး ပူးတွဲတင်ပြနိုင်ရေးအတွက် ငွေလည်း ကုန်၊ အလုပ်လည်း ရှုပ်၊ ဒုက္ခပါပဲဆရာ ရယ်။ ရှင်းပြပါဦး"

ဦးရိက္ခာ
ပြင်ဦးလွင်။

ဖြေ။ ။ ဒုက္ခမဟုတ်ပါဘူး။ သုခပါ။ အထက်ရုံးတက်လို့ အမှုနိုင်ရင် သုံးရမယ်မဟုတ်လား။ ဥပဒေမှာက တရားရုံး၏အမိန့်သည် အပြီးအပြတ်လွတ်ခြင်း (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၈(၁)) ဖြစ်ပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ '၄၁၇' အရ ယင်းသို့ အပြီးအပြတ် လွတ်ခြင်း၊ အမိန့်ကို မကျေနပ်သူသည် ဥပဒေရုံးကတစ်ဆင့်သာလျှင် တရားရုံးချုပ်သို့ ရှေ့နေချုပ်ရုံးမှ အယူခံဝင်ရောက်ပေးနိုင်ရေးအတွက် လျှောက်ထားရမယ်လို့ ပြဋ္ဌာန်းထားတာကြောင့်မို့ပါ။ ၁၉၇၄ ခုနှစ် ပြစ်မှု

ဥပဒေ
ရေးရာ
သိမှတ်စရာ

www.burmeseclassic.com

www.burmeseclassic.com





ဆိုင်ရာပြင်ဆင်မှုအမှတ် ၄၈(၁) ဗဟိုတရားစီရင်ရေး အဖွဲ့ (ယခု တရားရုံးချုပ် ဦးဘခင်နှင့် (၁)ပြည် ထောင်စု (၂)မောင်ထွန်းလါင်ပါ။ အမှုမှာလည်း။

"ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ အပြစ်မထင်ရှားသဖြင့် အပြီးအပြတ်လွှတ်ခဲ့ခြင်းကို မကျေနပ်၍ အယူခံလိုလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ ဗဟိုဥမဒေရုံး (ယခု ရှေ့နေချုပ်ရုံး)ကသာ အယူခံနိုင်ခွင့်ရှိသည့်အပြီးအပြတ် လွှတ်ခဲ့ခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားသူသည် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုလျှောက်ထားနိုင်ခွင့် မရှိ" ဟူ၍ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီအမှုမှာ လျှောက်ထားသူ (ဦးဘခင်)က မူလရုံးမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅ အရ စွဲဆိုခံရသူ တရားခံများကို အပြစ်မှလွှတ်ခြင်းအပေါ် မကျေနပ်လို့ မွန်ပြည်နယ်တရားရုံးကို ပြင်ဆင်မှု ဝင်ရောက်ခဲ့ရာမှ ပယ်ခြင်းခံရလို့ ဗဟိုတရားစီရင်ရေးအဖွဲ့ကို ဆက်လက် ပြင်ဆင်မှု ဝင်ရောက်ခြင်းဖြစ်ပါတယ်။

ဥပဒေရုံးက စာရွက်စာတမ်းတွေ ပူးတွဲတင်ခိုင်းတာကလည်း ရှေ့နေချုပ်နည်းဥပဒေအခန်း (၁၁) အပိုဒ် ၁၀၇ (င)ပါ ပြဋ္ဌာန်းချက်အရပါ။ အဲဒီပြဋ္ဌာန်းချက်မှာ ၁၀၇ (င) လျှောက်လွှာနှင့်အတူ။

လျှောက်ထားခံရသူ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပြည့်စုံစွာ ပူးတွဲပါရှိခြင်း ရှိ၊ မရှိ။

(၁) အပြီးအပြတ်လွှတ်သည့်အမိန့်ချမှတ်သည့် တရားရုံး၏ စီရင်ချက်မိတ္တူ၊

(၂) အပြီးအပြတ်လွှတ်သည့် အမိန့်ချမှတ်သည့် တရားရုံးသည် မူလတရားရုံးမဟုတ်ဘဲ အယူခံ၊ ပြင်ဆင်တရားရုံးဖြစ်ခဲ့လျှင် မူလတရားရုံးနှင့် အယူခံပြင်ဆင်တရားရုံး၏ စီရင်ချက် မိတ္တူများ၊

(၃) ရဲထံတိုင်ကြားသည့်အမှုဖြစ်လျှင် ပထမသတင်းပေးတိုင်တန်းချက် ဖြစ်ကြောင်း တာဝန်ခံမိတ္တူ၊ တရားရုံးသို့ ဦးတိုက်လျှောက်ထားသည့်အမှုဖြစ်လျှင် ဦးတိုက်လျှောက်လွှာနှင့် လျှောက်ထားသူအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးကြောင်း တာဝန်ခံမိတ္တူများ၊

www.burmeseclassic.com

www.burmeseclassic.com



(၄) သက်ဆိုင်ရာအမှုတွင် လျှောက်ထားသူက လိုအပ်သည်ဟု ထင်မြင်သောအရေးကြီးသည့် တရားလိုနှင့် တရားခံပြသက်သေများ၏ ထွက်ဆိုချက်များနှင့် သက်သေခံအဖြစ် တင်ပြထားသော စာရွက်စာတမ်းများဖြစ်ကြောင်း တာဝန်ခံမိတ္တူများ လို့ ပါရှိတာကြောင့် စာရွက်စာတမ်းတွေ မိတ္တူမှန်ကူးယူတင်ပြရထားပါ။

**ဆရာဦးသိက္ခာရှင်**-

ရှေ့နေတစ်ဦးသည် အမှု (၁) မှုတွင် သက်သေအဖြစ်ပါဝင်ရန်ရှိနေပါက ထိုအမှုတွင် တရားလို (သို့) တရားခံ/တရားပြိုင်ဘက်မှ ရှေ့နေအဖြစ် ငှားရမ်းပါက လိုက်ပါဆောင်ရွက်ခွင့်ရှိပါသလား။ မရှိဘူးမဟုတ်ပါလားရှင်။

**မြတ်ပန်းဝတ်ရည်**
**စကားဝါမြေ**

**ဖြေ။** ။ အမှုမလိုက်ရလို့ စိတ်ဆင်းရဲနေတဲ့ ရှေ့နေတွေ ဒေါ်မြတ်ပန်းရဲ့ မေးခွန်းဖတ်ရရင် ဒီလိုလူမျိုး (အမှုသည်)တွေရှိလို့ တို့တစ်တွေအမှုအပ်မယ့်သူ ရှားပါးနေတာပဲလို့ တွေးထင်စရာ ဖြစ်နေပြီ။ ဒေါ်မြတ်ပန်းက ရှေ့နေလိုက်လည်းမရှိဘူးလို့ ထင်ပြီး ဆရာကြီးကိုပါ (Leading Question) နိမိတ်ပြမေးခွန်းနဲ့ မေးထားတာကိုး။

ဗဟိုတရားစီရင်ရေးအဖွဲ့ (ယခုတရားရုံးချုပ်)၏ ၁၉၈၃ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် အမှတ် ၄၄၉(ခ) ဦးခင်မောင်သီနှင့် (၁) ပြည်ထောင်စု (၂) ဦးယဉ်မျိုး (၁၃-၆-၈၄) က ချမှတ်တဲ့အမိန့်မှာ

ဆုံးဖြတ်ချက်။ ။ ရှေ့နေလိုက်သူများ ဥပဒေတွင် ရှေ့နေတစ်ဦးအား သက်သေအဖြစ် ပြသရန်ရှိသည့် အမှု၌ ထိုသူအား ရှေ့နေအဖြစ် ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသော ပြဋ္ဌာန်းချက်မရှိပေ။ ဗဟိုတရားရုံးရှေ့နေ (ယခုတရားရုံးချုပ်ရှေ့နေ)တစ်ဦး ထားရှိသင့်သည့် ကျင့်ဝတ်သိက္ခာနှင့် စပ်လျဉ်းသည့် မလိုလားအပ်သည့် ပြုမူဆောင်ရွက်ချက် တစ်စုံတစ်ရာ တွေ့ရှိပါက ရှေ့နေများ ကောင်စီဥပဒေပြဋ္ဌာန်းချက်များနှင့်အညီသာလျှင် လိုအပ်သလို ဆောင်ရွက်ရန် ဖြစ်သည်။" ဟု တွေ့ရှိပါတယ်။ ဒါကြောင့် အမှုမှာ သက်သေအဖြစ် အစစ်ခံရန် ပေါ်ပေါက်နေပါသော်လည်း အမှုလိုက်ပါခွင့် မဆုံးရှုံးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဆရာရှင့် -

ကျွန်မမှာ တရားရုံးက မယားစရိတ်၊ ကလေးစရိတ်ကို ရရှိခံစားနေစဉ်မှာပင် စရိတ်ထောက်ပံ့နေသူမှာ ရဟန်းဘောင်သို့ ကူးပြောင်းသွားပါသည်။ စားစရိတ်များ ဆက်လက်ခံစားလိုပါ၍ ဆရာကြီးအကြံပြုစေလိုပါသည်။

**သံသာချိုး**
**ဝိန္ဒုကုန်း၊ ကျိုက်မရော**

ဖြေ။ ။ ၁၉၈၃ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၃၄၄(ခ)၊ ဒေါ်မြသန်းနှင့် ဦးတင်အေး (၁၉-၄-၈၄)အမှုမှာ -

××× ဦးတင်အေးသည် စားစရိတ်စတင်ပေးရန် သတ်မှတ်သည့် (၁၉-၅-၇၉)မှ (၁၉-၁၀-၇၉)နေ့အထိ (၅)လအတွက် မယားနှင့် ကလေးစရိတ်ငွေကိုသာ ထောက်ပံ့ပြီး နောက် စားစရိတ်ငွေများ ဆက်လက်ထောက်ပံ့ရန် ပျက်ကွက်နေခြင်းနှင့် စပ်လျဉ်း၍ အငြင်းမပွားချေ။ မူလမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၈၆(၁)(က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဦးတင်အေးပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ဝရမ်းဖမ်းရောင်းချထုခွဲရန် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ဝရမ်းထုတ်ပေးခြင်းဖြစ်ကြောင်း တွေ့ရသည်။

စားစရိတ်ပေးရန် တာဝန်ရှိသူသည် ရဟန်းဘောင်သို့ ကူးပြောင်းသွားသဖြင့် တရားရုံးက ချမှတ်ထားသည့် စားစရိတ်ငွေများနှင့် စပ်လျဉ်း၍ ထိုသူပိုင်ပစ္စည်းများကို ပစ္စည်းဖမ်းဝရမ်း မထုတ်နိုင်ဟု တားမြစ်ချက် မရှိချေဟုဆိုကာ မူလမြို့နယ်တရားရုံးက ရဟန်းဘောင်ကူးပြောင်းသူ ဦးတင်အေးပိုင် ပစ္စည်းများကို ရောင်းချ၍ စားစရိတ်ငွေများကို ရယူစေရန် ချမှတ်ခဲ့သောအမိန့်ကို ဆက်လက်အတည်ပြုခဲ့ပါတယ်။ ဒေါ်မျိုး စားစရိတ်အတွက် ရှေ့ဆက်ရမယ့် လမ်းကြောင်း မြင်ပြီထင်ပါရဲ့။

**ဦးသိက္ခာ**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



"ထမင်းအကုန်စား၊ စကား အကုန်မပြောနဲ့"

"မင်း... ငါ့စကား နွားရ မပြောနဲ့"

"ကြမ်းကျွံလျှင် နုတ်လို့ရ သည်၊ စကားကျွံလျှင် နုတ်မရ"

"စကား စကား ပြောပါ များ စကားထဲက ဓာတ်ပြ"

"ထောင်တန်တဲ့ စကား၊ရယ် ပေါ့" ဟူ၍ စကားနှင့် ပတ်သက် ပြီး အမှားဖြစ်တတ်သဖြင့် တရား ချတာမှာပင် ဆိုရမည့် ဟန့်တား သည့် ဆိုရိုးစကားများကို တွေ့ရ သည်။

ထို့အတူ 'ဆိတ်ဆိတ်နေ ထောင်တန်'၊ 'လူပြောမသန်၊ လူ သန်မပြော' ဆိုသည့် အချက် အလက်နှင့် အံဝင်ခွင်ကျ ပြော တတ်ဖို့၊ လူတွင်ကျယ်လုပ်လို သော သဘောဖြင့် စကားဝိုင်း တွင် စကားပြောရပြီးရော ဘာမျှ အကျိုးမရှိ ၊ အသုံးတည့်သည့် မှတ်သားစရာ စကားများမပါ။ မိမိစကား ဘာပြောလို့ ဘယ် ရောက်မှန်းမသိ။ 'လေ'မင်းသား (သို့) ဆရာ အာလူးကြီးတို့ ဆင်ခြင်နိုင်ဖို့ သတိပေးသည့် မှတ်သားစရာ စကားများက လည်း ရှိနေသည်။

၎င်းအပြင် စကားအနိုင်လု ပြောတတ်သည့် ချိုပါသားနှင့် ပခန်းသားတို့အကြောင်း မိမိ တင်ပြလိုသည့် အကြောင်းအရာ ကို လူတို့ မှတ်မိရန် ဥပမာ ဥပမေယျဖြင့် စကားတန်ဆာ ဆင်၍ ပြောတတ်သည့် လု တောသားတို့၏ စကားအပြော အဆို အသုံးအနှုန်းသည်လည်း ယနေ့တိုင် အမှတ်တရ ပြောဆို နေကြဆဲပါ။ 'စကားတောင်း စား' ကလည်း သမိုင်းထဲက မထွက် သေးပါ။

'နှုတ်ကြောင့် သေ၊ လက် ကြောင့်ကြေ' ဟူသည့် ဆိုရိုး

www.burmeseclassic.com

www.burmeseclassic.com



နတ်တလင်းချစ်လွင်

# ကိုယ့်နည်းကိုယ့်ကြံကျွမ်းစွမ်းသည့် မဆုံးဆဲသောပြိုင်း

စကားကလည်း လူအများအပြော အဆိုမတတ်မှုကြောင့် တစ်ဖက်သားအဖို့ တုတ်နှင့်ရိုက်၊ ဓားနှင့်ထိုးတာတို့ထက် နာကြည်းရခြင်း ဖြစ်ရမှု၊ ထိုသို့ အပြောအဆိုခံပြုမှုအပေါ် တစ်စိမ့်စိမ့် တစ်မြေ့မြေ့ ဖြစ်နေရမှုတို့ကြောင့် အပြောခံရသူတို့ မခံမရပ်နိုင်ဖြစ်၊ ရှုတ်ခြည်း (သို့) ကြာလေလေ ထိုနှစ်နှစ်နာနာ ပြောဆိုခံရမှုများအပေါ် မခံချင်စိတ် ဖြစ်ပေါ်လာလေလေ ဖြစ်ကာ ပေါက်ကွဲ၍ စာရင်းရှင်းကြရာမှ အခင်းကြီးငယ်များ ဖြစ်လာကြသည်။

'နှုတ်ချိုလျှိုတစ်ပါး၊ နှုတ်ကောင်းပြည်စိုး' ဆိုသော စကား လည်းရှိရာ ဘာပဲဖြစ်ဖြစ် ဖြောင့် မတ်မှန်ကန် ရိုးသားစွာဖြင့် နား ဝင်အောင် ပြောဆိုတတ်ဖို့ အရေးကလည်း လူ့ဘဝ တစ်လျှောက်လုံးလူ တွေနှင့် ထိတွေ့ဆက်ဆံရာမှာ အရေးကြီးသည်။ လူ့ကန့်လန့် ကြီး၊ လူ့ဗွစာကြီးပါ။ စိတ်ရင်းတော့ ကောင်းပါရဲ့ ပြောလိုက်ရင် 'ပိသလေးနဲ့ ဘေးပစ်လိုက်သလိုပဲ' ဆိုသည်ကင် ပွန်တပ်ခြင်းခံရသူများကိုလည်း အားမကျရာ။

သို့ဖြစ်၍ စကား ပြောတတ်ဖို့ကလိုသည်။ ရှေ့စကား နောက်စကားမညီခြင်း၊ ရှေ့ကဖုံးနောက်ကပေါ် ဖြစ်ခြင်းတို့သည် မရိုးသားသူ၊ လိမ်လည် လှည့်ဖြားချင်သူ' တို့ ကြုံတွေ့ရသည့် ရလာဒ်များဖြစ်သည်။ ပြစ်မှုကြီးများတွင် မကြာခဏ ပြစ်မှုကျူးလွန်သူတို့ စကားကြောင့် ဒုက္ခတွေ့ရသည်ကို ကြုံတွေ့ရသည်။ ကာလကံရှင် (ပြစ်မှု ကျူးလွန်သူ) ကမှု အချင်းဖြစ်စဉ်ကငါနှင့်သူ (ပြစ်မှု ကျူးလွန်ခံရသူ) တို့ နှစ်ယောက်ထဲ ရှိတာပဲ။ ဘယ်သူမှ မြင်တွေ့တာမှ မဟုတ်တာ။ ငါဒီလို ပြောထားလိုက်ရင် သူ တို့ ပတ်ဝန်းကျင်က ယုံကြမှာပါဟု ယူဆကာ မိမိအပြစ်မှ ကွယ်ရာကွယ်ကြောင်း 'ကြို··ကာ' (ကြိုတင်ကာကွယ်) သည့်အနေဖြင့် အဖြစ်မှန်ကို ဖုံးကွယ်ရန် ကြိုးစားကြသည်။ သို့သော် အချည်းနှီး အရာမရောက်ပါ ပေ။ မကောင်းမှု ဟူသည် ဆိတ်ကွယ်ရာ မရှိပါတကား။ အမှန်တရား ရှာဖွေနေသူတို့ဘက်က စကားမှန်၊ မမှန် သုံးသပ်နေကြပေလိမ့်မည်။ အတယ် ဟူမူ သူပြောချက်နှင့် လက်တွေ့

www.burmeseclassic.com



တွေ့ရှိချက် ကွာဟမှု၊ သူ့ပြောစကားများက အိုးမလုံ အုံပွင့်ဖြစ်နေမှုတို့က ပြစ်မှုကျူးလွန်သူသည် သူမှတစ်ပါး အခြား မရှိနိုင်ပြီကို ညွှန်းဆိုနေသည့်နယ်ပြစ်မှုဆိုင်ရာ အထူး အယူခံမှုအမှတ် (၆) (၂၄၀၇) "အောင်မြင့်နှင့် နိုင်ငံတော်" အမှုတွင် တွေ့ရသည်။

အမှုမှာ မင်းဘူးခရိုင်၊ မင်းလှမြို့နယ် ရေကျော်ကျေးရွာနေ မမိလွင်သည် (၇-၈-၂၀၀၄) နေ့က နေ့လည် (၁၁း၀၀) နာရီအချိန်ခန့်တွင် တစ်ရွာတည်းနေ အောင်မြင့်နှင့် အတူနွားကျောင်းရန် လယ်တောသို့ လိုက်သွားသည်။ ထိုနေ့ ညနေ (၄)နာရီကျော်ခန့်တွင် အောင်မြင့်တစ်ယောက်ထဲ ရွာသို့ ပြန်ရောက်လာပြီး မမိလွင်သည် တောထဲတွင် သူတစ်ပါး အရိုက်ခံရ၍ သေသည်ရှင်သည် မသိကြောင်း ယောက္ခမဖြစ်သူ ဦးလှမောင်ထံလာရောက် ပြောကြားခဲ့သည်။ ဦးခင်ကြည်လည်း ရှိနေသည်။ သို့ဖြင့် အောင်မြင့်နှင့်အတူ အလောင်းကို ဦးလှမောင်၊ ဦးခင်ကြည်၊ ဦးလှစိန်တို့လိုက်ကြည့်ရာ အလောင်းမှာ မှောက်လျက် အနေအထားဖြင့် ဘလောက်အင်္ကျီမှာ ဝတ်ထားလျက်အောက်မှ အထက်သို့ လန်တက်နေပြီး ခေါင်းအလယ်အထိ လန်နေ၍ ဦးခေါင်းပိုင်းကို မမြင်ရဘဲ ထမီမပါ ကိုယ်တုံးလုံးဖြစ်နေပြီး ထမီ (အနီရောင်) မှာဆွဲထားသည့် စွတ်ကြောင်းပေါ်မှ တွေ့ရသောကြောင့် အရေးယူပေးရန် ရေနံမ, ရဲစခန်းသို့ တိုင်ကြားမှုဖြစ်သည်။ စခန်းက အမှုဖွင့်၍ ရဲလုပ်ငန်းများ ဆောင်ရွက်ပြီး မင်းဘူးခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာ တရားရုံးက အမှုအမှတ် (၂၈/၂၀၀၄) ဖွင့်လှစ်စစ်ဆေးပြီး အောင်မြင့်ကို ပုဒ်မ ၃၀၂ (၁)၊ (ဂ) အရ သေဒဏ်ချမှတ်ခဲ့သည်။ အထက်ရုံးအဆင့်ဆင့်ကလည်း ယင်းအမိန့်ကို အတည်ပြု၍ တရားခံကအထူးအယူခံလျှောက်ထားမှု ဖြစ်သည်။

နှစ်ဖက်လျှောက်လဲချက်ကို ကြားနာပြီး အထူးအယူခံရုံးကသုံးသပ်ဆုံးဖြတ်ရာတွင် -

"အမှုဖြစ်စဉ် အရ သုံးသပ်ပါက မမိလွင်နှင့် အတူ ရှိနေသည့် သူမှာ အယူခံတရားလိုအောင်မြင့်ဖြစ်သည်။ သို့သော် မမိလွင် ဒုက္ခရောက်သည့် အော်သံ၊ အကူအညီတောင်းသံ ကြားခဲ့သည်ဟု အောင်မြင်က မထွက်ဆိုပေ။ သေသူ မမိလွင်သည်



www.burmeseclassic.com



၎င်းဒုက္ခရောက်ရှိနေချိန်က အော်သံ၊ အကူအညီတောင်းသံများ ပြုခဲ့မည်သာ ဖြစ်သည်။ အောင်မြင့်မှအပ အခြားသူတစ်ဦးက မမိလွင်ကို အန္တရာယ်ပြုခြင်း ဖြစ်ပါက အောင်မြင့် သိရမည် ဖြစ်သည်။ အချင်းဖြစ်အချိန်က အောင်မြင့်သည် ငါးမျှားရန် အခြားတစ်နေရာ ရောက်နေသည်ဟု ထွက်ဆိုထားသည်။ အဆိုပါ ထွက်ဆိုချက်မှာ သံသယဖြစ်ဖွယ်ရှိသည်။ အောင်မြင့်ရွာသို့ ပြန်လာပြီးနောက် "မိလွင်သေဆုံးသည့် အကြောင်း ပြောဆိုစဉ်က မိမိငါးမျှားသွားနေခဲ့သည်ဆိုသော အရေးကြီးအချက် မပြောဆိုခဲ့ပေ။ ထို့ပြင် ဝင်းမြင့်နှင့် မိလွင်အတူ ကျန်ခဲ့ကြောင်းဆိုသည့်အချက်လည်း ပြောခဲ့ကြောင်း မပေါ်ပေါက်ပေ။ မိလွင်၏အလောင်းအား အောင်မြင့်နှင့် ဝင်းမြင့်တို့ တွေ့ပြီးနောက် ရွာသို့ပြန်လာပြီး ဦးလှမောင် (ယောက္ခမ) အိမ်ပေါ်တက်လာပြီး ပြောရာတွင် "ငါတော့ ထောင်ကျတော့မှာပဲ" ဟု သာ ပြော၍ ဦးလှမောင်က ဘာဖြစ်လို့လဲမေးမှ မိလွင်ခေါင်းကို သူများ ရိုက်သတ်သွားတယ်" ဟု ပြောသည်ဟု ဦးလှမောင်၊ ဦးဝင်းကြည်တို့ ထွက်ချက်၌ တွေ့ရသည်။

(အကယ်၍ အောင်မြင့်သည် ၎င်း၏ တရားရုံးရှေ့ အစစ်ခံ ထွက်ဆိုချက်အတိုင်း ပြောပြမည်ဆိုပါက မိမိငါးမျှားသွားနေစဉ် ဝင်းမြင့်နှင့် မမိလွင်တို့ ကျန်ခဲ့ကြောင်းဆိုသည့် အရေးကြီးသည့်အချက်ကို ပြောပြရမည်။ မပြောခြင်းမှာ အဖြစ်မှန်မဟုတ်၍တစ်ကြောင်း၊ မုဒိမ်းကျင့်၊ လူသတ်မှု ကျူးလွန်ခဲ့သူဖြစ်၍ ထောင်ကျမည်ကို စိုးရိမ်ပူပန်ကာ ထောင်ကျတော့မည်အကြောင်းသာ ပြော၍မိလွင်ခေါင်းကို အခြားသူတစ် ယောက်ရိုက်သွားသည်ဟု မိမိအပေါ် သံသယမရှိစေရန် လိုးလွှဲ ပြောသည်။ သို့သော် မိလွင်အလောင်းမှာ မှောက်လျက်အနေအထားဖြစ်ပြီး ၎င်းနှင့် ဝင်းမြင့်တို့ အလောင်းအနီးသို့ သွားမကြည့်ခြင်း၊ အလောင်း၏ခေါင်းပိုင်းမှာ ဘလောက်အင်္ကျီအထက်သို့ လန်တက်နေ၍ ခေါင်းကိုဖုံးအုပ်နေသည် ဖြစ်သဖြင့် မမိလွင်၏ နောက်စေ့တည့်တည့်တွင် (ခေါင်းနောက်စေ့တွင်) ဒဏ်ရာ ရသည်ကို အောင်မြင့်အနေဖြင့် သိရှိနိုင်မည်မဟုတ်ပေ။ သို့ဖြစ်၍ သူ့ရွာတွင် လူသတ်မှုကို ပြန်ပြောသည့် စကားများက ဖြစ်စဉ်နှင့် အံဆီအငေါ်မတည့် ကပေါက်ချိကပေါက်ချာ ဖြစ်နေ၍ ကိုယ့်ရှူးကိုယ်ပတ် ခံနေရခြင်းပင်။ (စကားချပ်-စာရေးသူ)

အထူးအယူခံရုံးက ဝင်းမြင့်နှင့် ပတ်သက်၍ "×××အချင်းဖြစ်နေ့ (၁၁)နာရီခန့်က သေသူ မမိလွင်နှင့် တရားခံအောင်မြင့်တို့ နွားကျောင်းရင်း ရွာမှလယ်တောသို့ အတူထွက်သွားသည်မှာ အငြင်းမပွားပေ။ နွားကျောင်းရင်း သွားစဉ်က ဝင်းမြင့် (တရားလိုပြ သက်သေအမှတ် ၈)လည်း ပါခဲ့သည်။ ၎င်းတို့ (၃)ဦး နွားကျောင်းသည့်နေရာချင်း နီးစပ်သည်မှာ သက်သေခံချက်များအရ ပေါ်ပေါက်သည်။ အချင်းဖြစ်ညနေက သေသူ၏ အလောင်းကို စတင်တွေ့သူမှာ ဝင်းမြင့်နှင့် တရားခံအောင်မြင့်တို့ ဖြစ်သည်။ ဝင်း

www.burmeseclassic.com

www.burmeseclassic.com



မြင့်၏ ထွက်ဆိုချက်အရလည်း အချင်း ဖြစ်စဉ်ညနေက နွား ကျောင်းပြီး ရွာပြန်မည်အပြုတွင် အောင်မြင့် ရောက်ရှိလာပြီး မမိလွင် မလာဘူးလားမေး၍ မိမိကမလာ ကြောင်းပြောရာတွင် အောင်မြင့်က မမိလွင်ရှာမတွေ့ ဘူး။ ရှာဦးပြော၍ အောင်မြင့်နှင့် အတူ ၄င်းတို့နွားကျောင်းသည့် အနီးအနား လိုက်သွားကြောင်း၊ နွားလှန်သည့် နေရာအရောက် တွင် အောင်မြင့်က စွတ်ကြောင်း တစ်ခု တွေ့ကြောင်းပြောပြီး စွတ် ကြောင်းအတိုင်းလိုက်ကြည့်ရာ မှ အလောင်းတွေ့ရကြောင်း ထွက် ဆိုထားသည်။ အလောင်းတွေ့ ရှိသောနေရာမှာ အောင်မြင့်တို့ နွားကျောင်းသည့် နေရာအနီး တွင်ပင် ဖြစ်သည်။

အောင်မြင့်နှင့် ဝင်းမြင့်တို့ သေသူအား ရှာဖွေမှုမပြုမီ ဝင်းမြင့်၏ ယာတဲသို့ရောက်ရှိသူ ဦးဘိုပဲ (လိုပြ-၁၂) က ၄င်း သည် ဝင်းမြင့် ယာတဲအနီး ချောင်းတွင် ရေသွားချိုးစဉ် နွား များဝင်မှာ စိုး၍ ဝင်းမြင့်အားခေါ် ရာ ဝင်းမြင့်အိပ်မှုန်စုံမွှားဖြင့် ထ လာကြောင်း ဝင်းမြင့်အား အချိန်

**အလောင်း၏ ခေါင်းပိုင်းမှာ ဘယ်လက်အကျီ အထက်သို့ လန်တက်နေ၍ ခေါင်းကို ဖုံးအုပ်နေသည် ဖြစ်သဖြင့် မမိလွင်၏**

မေးရာ (၃)နာရီထိုးပြီဟု ပြော ကြောင်း ထွက်ဆိုသည်။ အမှုစစ် ဒုရဲအုပ် အောင်ထွန်းဝင်း၏ထွက် ဆိုချက်အရ အချင်းဖြစ်သည့် နေရာနှင့် ဝင်းမြင့်၏တဲမှာ ကိုက် (၁၀၀) (၁၅၀) ခန့်ဝေးကြောင်း ထွက်ဆိုထားသည်။ သို့ဖြစ်၍ ဝင်းမြင့်ထံ အောင်မြင့်ရောက်လာ ပြီး မမိလွင်ပျောက်နေသည့် အကြောင်း ပြောသည့်အချိန် မတိုင်မီ ဝင်းမြင့်မှာ ယာတဲတွင် ပင်ရှိနေပြီး အခြားနေရာသို့ သွား ရောက်ခဲ့သည့် လက္ခဏာမရှိပေ။ ထို့ကြောင့် ဝင်းမြင့်အားအမှုတွင် နောက်တိုးတရားခံ ထည့်ခဲ့ပြီး တိုင်းတရားရုံးက ဝင်းမြင့်အား တရားခံအဖြစ်မှ ဖယ်ထုတ်ခဲ့ ခြင်း ဖြစ်သည်။

သက်သေခံချက်များအရ မမိ လွင်ဒုက္ခရောက်သည့် အော်သံ၊ အကူအညီတောင်းသံများ ကြားခဲ့ ရကြောင်း ဝင်းမြင့်၊ အောင်မြင့်တို့ က တရားရုံးတွင် မထွက်ဆိုကြ ပေ။ မမိလွင်ကို အန္တရာယ်ပြုမည့် သူမှာ အနီးကပ် ၄င်းနှင့် ရှိနေသူ သာ ဖြစ်ရမည်။ အချင်းဖြစ်နေရာ သို့ သူစိမ်းများ လာခဲ့ကြောင်း မတွေ့ရပေဟု သုံးသပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com




ဆက်လက်၍ မမိလွင် ဦးခေါင်းအရိုက်ခံရသည်ဆိုသည့် အချက်နှင့် ပတ်သက်၍ ××× သေသူသည် ဦးခေါင်းတွင် ဒဏ်ရာ ရရှိထားသည်ဆိုသော အချက်ကို အခြားသူများထက် ကြိုတင်၍ သိရှိထားခြင်းမှာ အယူခံတရားလို (အောင်မြင့်) နှင့် မမိလွင်တို့ သီးခြားတွေ့ဆုံ သည့် အချက်ကို ဖော်ညွှန်းခြင်း ဖြစ်သည်။ ဦးလှမောင်၊ ဦးခင်ကြည်တို့ ထွက်ချက်အရ အောင်မြင့်က မမိလွင်ခေါင်းကို သူများ ရိုက်သွားတယ်ဟု ပြောခဲ့သဖြင့် အောင်မြင့်သည် ဒဏ်ရာနှင့် ပတ်သက်၍ ကြိုတင်သိရှိထား၍သာ ပြောဆိုနိုင်ခြင်း ဖြစ်သည်ဟု ကောက်ယူနိုင်သည်။ သေသူအိမ်တွင် ဆွမ်းသွပ်ရန် လုပ်ကိုင်စဉ် မိန်းမချင်း ပြောဆိုနေကြသည်ကို အောင်မြင့်က "အစိမ်းခေါ်ပြီး မေးသလား၊ နတ် ခေါ်ပြီ မေးသလား အဲဒီလို ခေါ်ရင်တော့ စိန်ခေါ်တယ်" ဟု မခင်ဆင့် (လိုပြ-၁၀) ထွက်ဆိုချက်မှာလည်းအောင်မြင့် (ကိုယ့်လိပ်ပြာ ကိုယ်မလုံ၍ ကယောင် ချောက်ချားပြောဆိုမှု ဖြစ်၍) အထူး အယူခံရုံးက မမိလွင် သေဆုံးမှုအတွက် မှုမမှန်သော အောင်မြင့်၏ အပြုအမူများအဖြစ် ကောက်ယူနိုင်သည်ဟု သုံးသပ်ထားသည်။

အချုပ်အားဖြင့် ဆိုရလျှင် အောင်မြင့်သည် မိမိလူသတ်မှု ကျူးလွန်သည်ကို တစ်ပါးသူများ မရိပ်မိစေရန် ကာကွယ်ပြောဆိုရင်း ရှေ့ကဖုံး၊ နောက်ကပေါ်ဆိုသလို ဖြစ်ရပြီး အဖြစ်မှန်အတိုင်း သေဒဏ်ကျခံရခြင်းပင်ဖြစ်ပေသည်။ တကယ်တော့ ရောဂါဝေဒနာကြောင့် ဖြစ်စေ၊ ဒဏ်ရာအနာတရကြောင့် ဖြစ်စေ သေအံ့မူးမူး လူတစ်ယောက်သည့် ကယောင်ကတမ်း ပြောဆိုတတ်သည်များ ရှိသကဲ့သို့ အောင်မြင့်သည်လည်း သူကျူးလွန်ခဲ့သည့် မုဒိမ်းကျင့် လူသတ်မှု ပြစ်ဒဏ်ကို ကြောက်ရွံ့၍ သွေးရူးသွေးတမ်း ပြောခဲ့ခြင်းက သူ့လည်ပင်းသူ ကြိုးကွင်း စွပ်သလို ဖြစ်သွားခြင်းပင်။ ထို့ကြောင့်လည်း အထူးအယူခံရုံး၏ အဓိကသုံးသပ်ချက် (၃) ခုတွင် တတိယအချက်အဖြစ် 'မမိလွင်သေဆုံးသည့် ကိစ္စနှင့် စပ်လျဉ်း၍မလုံမလဲ ပြောဆိုခဲ့ခြင်းဆိုသည့် အချက်ကို ထည့်သွင်းထား၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ဖြစ်သည့် သေဒဏ်ချမှတ်ခြင်းအပေါ် အတည်ပြုသည့် အမိန့်သည် ဥပဒေအရ မှန်ကန်မှုရှိကြောင်း ဖြေကြားပြီး တရားခံ၏ အယူခံလျှောက်ထားမှုကို ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ကိုးကား- ၂၀၀၇ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံးများ။

**နတ်တလင်းချစ်လွင်**



www.burmeseclassic.com



# သမ္မတဖောင်းကို လုပ်ကြံမည်ဟု တာလီဘန်တို့ ခြိမ်းခြောက်

ပါကစ္စတန်နိုင်ငံမှ သမ္မတဟောင်း မစ္စတာ မူရှာရတ် (၂၀၁၃) မေလတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် UKမှ ပါကစ္စတန်ပြန် လာမည့် စစ်သွေးကြွ တာလီဘန်တို့က လုပ်ကြံသတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခြင်းခံနေရ ကြောင်း သတင်းတွင် ဖော်ပြထားသည်။

မစ္စတာမူရှာရက်သည် (၁၉၉၉) မှ (၂၀၀၈) အထိ ပါကစ္စတန်ကို နိုင်နင်းစွာ သမ္မတအဖြစ်အုပ်ချုပ်ခဲ့သည်။ ၂၀၀၁ ခုနှစ် စက်တင်ဘာ (၁၁) တွင် အိုစမာဘင်လာဒင်၏ အစီအမံဖြင့် လေယာဉ်ပြန်ပေးဆွဲပြီး USAမှ WTO အဆောက်အဦ ညီနောင်ကို လေယာဉ်ဖြင့် ဝင်ဆောင့်ဖြိုခွင်းသဖြင့် တာလီဘန်တို့က လက်ကိုင်ထားပြီး မူရှာရတ် ပြည်တော်ပြန်လာရာတွင် တာလီဘန် စစ်သွေးကြွတို့က အသေခံဗုံးခွဲခြင်း၊ လက်ဖြောင့် သေနတ်သမားသုံးခြင်း၊ အထူးတိုက်ခိုက်ရေးအဖွဲ့ စေလွှတ်ခြင်း၊ အနီးကပ်ခြုံခိုတိုက်ခြင်း နည်းများသုံးကာ မူရှာရတ်ကို လုပ်ကြံမည်ဟု တာလီဘန် ဝက်ဘ်ဆိုက်တွင်း ဖော်ပြခဲ့သည်။ လက်ရှိတာဝန် ယူနေသော အစိုးရကလည်း (၂၀၀၇) က ရွေးကောက်ပွဲအတွက် စည်းရုံးလှုံ့ဆော်နေ သော ဝန်ကြီးချုပ်ဟောင်း မစ္စဘ နာဇီယာဘူတို လုပ်ကြံခံရခြင်းနှင့် ပတ်သက်၍ သူ့မအား လုံခြုံရေးမစီစဉ်ပေးနိုင်သည့် မူရှာရတ် ထိုစဉ်က သမ္မတ)ကို ဖွဲ့ချက်တင်လောက်သော ကိစ္စရှိနေသည်ဟု ဆိုသည်။ မစ္စတာ မူရှာရတ်သည် အာဏာစွန့်ပြီးနောက် နိုင်ငံခြား တိုင်းပြည်ဖြစ်သည့် ဒူဘိုင်းနှင့် လန်ဒန် (UK)တွင် (၄) နှစ် ကြာနေပြီးနောက် ပါကစ္စတန်သို့ ပြန်လာခြင်းဖြစ်သည်။

ညိုမင်းလွင်

**Ref-Intrnet News**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် ကျန်းမာရေးမှူးဘဝ အတွေ့အကြုံများ

မောင်မင်းယဉ် (ကူမဲ)



ကလေးများနှင့် မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ

မိုးရွာလာပြီ၊ မိုးဦးစလာပြီ၊ မုတ်သုန်မိုးရွာလာပြီ၊ ပူအိုက်လို့ နေမထိ ထိုင်မသာ ဖြစ်လာရာမှ လူတွေ၊ သတ္တဝါတွေ၊ အပင်တွေ အားလုံး အပူဒဏ်မှ လွတ်ကင်းကြပြီး ပျော်ရွှင်လန်းဆန်း တက်ကြွ အားလုံး စိတ်ချမ်းသာကုန်ကြပြီ။

ဒါပေမဲ့ အပူအအေး အလင်းအမှောင် အဖြူအနက်ဆိုတဲ့ ဆန့်ကျင်ဘက်တွေ ရှိစမြဲမို့ မိုးကြောင့် လူတွေ စိတ်ချမ်းသာရသလို မိုးကြောင့် စိတ်ဆင်းရဲရတာက လည်း ဖြစ်စမြဲပါ။

မိုးရွာလို့ ရေကြီးတယ်၊ ရေလျှံတယ်၊ အိမ်တွေ မြုပ်ကြရတယ်။ မိုးရွာတာနဲ့အတူ အသက်အန္တရာယ် စိုးရိမ်ရတဲ့ သွေးလွန်

www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းယဉ် (ကျ )

# ကျွန်ုပ်တို့နှင့် ကျန်းမာရေးမျှားသော အရေး အကြံပြုများ

တုပ်ကွေးရောဂါကလည်း ဖြစ်လာပြန်ပါတယ်။

တကယ်တော့ သွေးလွန်တုပ်ကွေးရောဂါဟာ မိုးရွာမှ ရေကြီးမှ ဖြစ်ပေမယ့် မိုးရွာသွန်းခြင်းဟာ အပြစ်တစ်ခု မဟုတ်ပါဘူး။ မိုးရွာတော့ ရေတင်၊ ရေတင်တော့ ခြင်ပွား၊ ခြင်ပွားတော့ သွေးလွန်တုပ်ကွေးတွေ ဖြစ်လာရတာပါ။

ရေရှိရင်တော့ ခြင်ကောင်တွေ ပေါက်ဖွားတာဟာ သဘာဝနိယာမတရားပါ။

လူတွေကို အသက်အန္တရာယ်ဖြစ်အောင် ခြင်ကောင်တွေက ဒုက္ခပေးပါတယ်။

ခြင်ကောင်ကတာဆင့် ရတဲ့ရောဂါတွေကတော့

၁။ ငှက်ဖျားရောဂါ
၂။ သွေးလွန်တုပ်ကွေးရောဂါ
၃။ ဆင်ခြေထောက်ရောဂါ

တို့ဖြစ်ပါတယ်။

၁။ ငှက်ဖျားဖြစ်စေတဲ့ ခြင် (Anopheles) အဆင်နိုဖိလီခြင်ကတော့ တောထဲမှာရှိတဲ့ စမ်းရေ ရေကြည်အိုင်တွေမှာ ပေါက်ပြီး ငှက်ဖျားရောဂါ ဖြစ်စေနိုင်ပါတယ်။ ညနေ (၆) နာရီကနေ မနက် (၆) နာရီအထိ ညမှာ လာပြီး ကိုက်ပါတယ်။

၂။ သွေးလွန်တုပ်ကွေး ဖြစ်စေတဲ့ခြင် (AEDESAEGYPTI) အီးဒီး အီဂျစ်ပတိုင်ဆိုတဲ့ ခြင်ကတော့ မြန်မာလို ခြင်ကျားလို့ ခေါ်ပါတယ်။ ခြင်ကျားဟာ ရေကန်၊ ရေစည်၊ စဉ့်အိုး၊ စည်ပိုင်း၊ ဘုရားပန်းအိုး၊ တာယာဟောင်း၊ နို့ဆီခွက်၊ အိုးမှုတ်ခွံတွေထဲမှာ ပေါက်ဖွားပါတယ်။

မနက် (၆) နာရီက ည (၆) နာရီအထိ ထွက်ပြီး နေ့ခင်းမှာ ကိုက်တတ်တဲ့ ခြင်ပါ။ အကိုက်ခံရတဲ့ (၃)နှစ်ကနေ (၂၅) နှစ်အထိ လူငယ်တွေမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပြီး အသက်ဆုံးရှုံးမှုနဲ့ အသေအပျောက်များတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။

၃။ ဆင်ခြေထောက်ရောဂါ ဖြစ်စေတတ်တဲ့ ခြင်ကတော့ ရွံ့ပုတ်၊ မြောင်းပုတ်၊ အိုင်ပုတ်တွေထဲမှာ ပေါက်ဖွားတတ်တဲ့ (CULEX)ဆိုတဲ့ ခြင်ဖြစ်ပါတယ်။ ဆင်ခြေထောက်ရောဂါကတော့ လူတွေရဲ့ ခြေထောက်၊ ကျ

www.burmeseclassic.com

ပယ်အိတ်၊ လိုင်အင်္ကျီ၊ ရင်ဘတ်နဲ့ လက်တွေမှာ အရေပြား ကြမ်းလာတယ်၊ မာကြော ထူလာပြီး ဆင်ရဲ့လက်တွေ ခြေထောက်တွေ အရေပြားတွေနဲ့ တူလာလို့ ဆင်ခြေထောက်ရောဂါလို့ ခေါ်ပါတယ်။

ခုတင်ပြမှာကတော့ ငှက်ဖျားအကြောင်း၊ ဆင်ခြေထောက်ရောဂါအကြောင်း မဟုတ်ပါဘူး။ မိုးရာသီမှာ ဖြစ်တတ်တဲ့ သွေးလွန်တုပ်ကွေးရောဂါအကြောင်း ဖြစ်ပါတယ်။

**သွေးလွန်တုပ်ကွေးရောဂါ အကြောင်းသိချင်တဲ့ ဥက္ကဋ္ဌ**

တစ်နေ့မှာ ကျွန်တော့ပိုင်နက် ရွာတစ်ရွာက ဥက္ကဋ္ဌ တစ်ယောက် ကျွန်တော့ဆေးခန်းကို ရောက်လာပါတယ်။

"ဥက္ကဋ္ဌ ထိုင်ဗျာ။ ဘာအကြောင်းရှိလဲ"

"ဆရာ မနေ့က ကျွန်တော့ရွာက (၆) နှစ် ကလေးတစ်ယောက်၊ (၇) နှစ် ကလေးတစ်ယောက် မိတ္ထီလာဆေးရုံကြီးမှာ တင်လိုက်ရတယ် ဆရာ၊ အဲဒါ ဆေးရုံကြီးက သွေးလွန်တုပ်ကွေးလို့ ပြောပြတယ် ဆရာ၊ အဲဒါ စိုးရိမ်ရလား"

"စိုးရိမ်ရတာပေါ့ဗျာ။ သွေးလွန်တုပ်ကွေးဆိုတာ ကုသလို့ ပျောက်ကင်းတဲ့ ရောဂါ မဟုတ်ဘူး။ ဗိုင်းရပ်စ်တစ်မျိုးဖြစ်တဲ့ (DENGUE) ဗိုင်းရပ်စ်ကြောင့် ဖြစ်တာပါ။ ဗိုင်းရပ်စ်ကို သတ်နိုင်တဲ့ဆေးက မပေါ်သေးဘူး"

"ဘာကြောင့် သွေးလွန်တုပ်ကွေးလို့ ခေါ်တာလဲဆရာ"

"အဲဒီပိုး ဝင်လာရင် နှစ်ရက်ထက် ပိုဖျားမယ်၊ ချမ်းမယ်၊ အဖျားကျပြီးရင် ကလေးဟာ ခြေဖျားတွေ၊ လက်ဖျားတွေ အေးစက်နေမယ်၊ နွမ်းမယ်၊ ခေါင်းမထူချင်ဘူး၊ အိပ်ယာထဲမှာ ခွေနေမယ်၊ ဖြူဖပ်ဖြူရော် ဖြစ်နေမယ်၊ အန်ရင် ကော်ဖီလို ညိုညစ်ညစ်တွေ အန်မယ်၊ ဝမ်းသွားရင် ကတ္တရာစေးလို မည်းနက်နေတဲ့ မစင်တွေ သွားမယ်၊ သွေးပေါင်ကျမယ်။

အဲဒီအချိန်မှာ လိုအပ်တဲ့ သွေးနဲ့ဓာတ်ဆားရည်တွေ မသွင်းနိုင် မတိုက်နိုင်ရင် သွေးပေါင်ကျပြီး ချက်ချင်း သတိလစ် ပျော့ခွေပြီး အသက်ဆုံးနိုင်ပါတယ်။

အဲဒီဗိုင်းရပ်စ်ပိုးဝင်ရင် ခန္ဓာကိုယ်မှာရှိတဲ့ အတွင်းက သွေးကြောတွေအားလုံးက သွေးယိုစိမ့်ပြီး သွေးလွန်ပြီး သေတတ်လို့ သွေးလွန်တုပ်ကွေးရောဂါလို့ ခေါ်ကြတာပါ။ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ဝင်ရင် ခန္ဓာကိုယ်မှာ သွေးလှည့်အဖွဲ့အစည်း ပြိုလဲလို့ သွေးပေါင်ကျပြီး သေနိုင်ပါတယ်"

"ဆရာ သွေးလွန်တုပ်ကွေး ဆိုတာ ဘယ်တုန်းက စပေါ်လာလဲ ဆရာ"

"သွေးလွန်တုပ်ကွေးရောဂါဟာ အစက အာရှအရှေ့တောင်ပိုင်းနဲ့ အနောက်ပိုင်း ပစိဖိတ်ဒေသများမှာ စတွေ့ရပါတယ်။

နောက်ပိုင်းမှာ ယိုးဒယား၊ စင်္ကာပူ၊ လာအို၊ ဗီယက်နမ်၊



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံတွေမှာ သတိပြုမိလာပါတယ်။

၁၉၅၄ ခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့မှာ စတင် သိရှိခဲ့ပြီး ၁၉၆၄ ခုနှစ်မှာ ရန်ကုန်မြို့မှာ ကပ်ရောဂါအသွင် စတင်ပေါ်ပေါက်လာပါတယ်"

"ဆရာ သွေးလွန်တုပ်ကွေးရောဂါက ဘယ်လိုကူးစက်သလဲ ဆရာ"

"သွေးလွန်တုပ်ကွေး ရောဂါက ခြင်ကတစ်ဆင့် ကူးစက်ပါတယ်။ (AEDEADEFYPTI) အီးဒီးအီဂျစ်ပတိုင်ဆိုတဲ့ ခြင်ကျားကတစ်ဆင့် ကူးစက်ပါတယ်။

အဲဒီခြင်ကျားဟာ အကောင်ကြီးပါတယ်။ ကိုယ်မှာ အကျားတွေ ရှိပါတယ်။ ရေကြည်အိုင်၊ စဉ့်အိုး၊ စည်ပိုင်း၊ အိုးမှုတ်ခွက်ထဲက ရေကြည်ပန်းအိုးထဲက ရေကြည်၊ ရေကန်၊ တာယာခွက်၊ ရေဝပ်နိုင်တဲ့ ခွက်မှန်သမျှမှာ ပေါက်ဖွားပါတယ်။ မိုးရေနဲ့ တခြားရေကြည်အောင်းနေတဲ့ ရေခွက်တွေမှာ ပိုးလောက်လန်းကျနေရင် ခြင်ကျားပေါက်လာပါတယ်။ ကဲ…ဥက္ကဋ္ဌရေ … ခု (၈) နာရီထိုးနေပြီ။ ကျွန်တော်နဲ့

ခြင်ကျားဟာ
အကောင်ကြီးပါတယ်။
ကိုယ်မှာ
အကျားတွေ
ရှိပါတယ်။
ရေကြည်အိုင်၊
စဉ့်အိုး၊ စည်ပိုင်း၊
အိုးမှုတ်ခွက်ထဲက
ရေကြည်ပန်းအိုးထဲက
ရေကြည်၊ ရေကန်၊
တာယာခွက်၊
ရေဝပ်နိုင်တဲ့
ခွက်မှန်သမျှမှာ
ပေါက်ဖွားပါတယ်။

အဖွဲ့ အဲဒီရွာကို လာပြီး ဟောပြောပွဲလုပ်ပမှ ဆက်နားထောင်ပါ။

ကျွန်တော် ကျွန်တော့် ဝန်ထမ်းတွေကိုစုပြီး အဲဒီရွာကို (၁၀) နာရီအရောက်လာခဲ့မယ်။ ရွာက လူငယ်တွေနဲ့ အရန်သားဖွားဆရာမ၊ လူထုကျန်းမာရေးလုပ် သားတွေကိုလည်း (၁၀)နာရီ အရောက် ဥက္ကဋ္ဌ အိမ်မှာ စုထားပေးပါ"

"ဟုတ်ကဲ့ပါ ဆရာ။ အဆင်သင့် လုပ်ထားပါမယ်"

ဒါနဲ့ ဥက္ကဋ္ဌ ပြန်သွားတော့ ကျွန်တော် ကျွန်တော့်ဝန်ထမ်းတွေ အားလုံးကို စုစည်းပြီး သွေးလွန်တုပ်ကွေးဖြစ်တဲ့ ရွာကို သွားကြပါတယ်။

ဥက္ကဋ္ဌက သူ့အိမ်မှာ နေရာပေးပါတယ်။ ကျောင်းမှာလည်း ဟောပြောပွဲ လုပ်ဖို့ အသံချဲ့စက်ကအစ စီစဉ်ထားပါတယ်တဲ့။

"ကဲ…ဥက္ကဋ္ဌ ရွာထဲမှာ အရင် ရေစည်၊ ရေအိုး၊ ပန်းအိုး၊ ရေကန်၊ စဉ့်အိုး၊ ဖောင်းအိုး ရေထည့်ထားတဲ့ နေရာ မှန်သမျှ အဖွဲ့နဲ့ စစ်မယ်ဗျာ"

ဒါနဲ့ ဥက္ကဋ္ဌနဲ့ ကျွန်တော်တို့ အိမ်တွေကို လိုက်စစ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်တွေကို သွေးလွန်တုပ်ကွေးရောဂါဟာ အခန့်မသင့်ရင် ချက်ချင်းသေနိုင်ကြောင်း၊ ဆေးရုံတင်ကုမှသာ လိုအပ်သလို သွေးသွင်းဆေးသွင်းကုသမှသာ အသက်ရှင်နိုင်ကြောင်း ပြောပြပါတယ်။

အိုးထဲမှာ ရှိနေတဲ့ ရေကြည်ထဲမှာ ရှိနေကြတဲ့ ပိုးလောက်လန်းတစ်ကောင်ဟာ သေမင်းတစ်ကောင်ဖြစ်ကြောင်း၊ ဒီသေမင်း ပိုးလောက်လန်းတွေကို အပြတ်ရှင်းနိုင်မှ ကလေးတွေ မရဏနိုင်ငံကို မလိုက်ရမှာ ဖြစ်ကြောင်း၊ ပိုးလောက်လန်း မရှိအောင် အိမ်တိုင်းဂရုစိုက်ကြရမှာ ဖြစ်ကြောင်း ရှင်းပြပြီး လောက်လန်းစစ်ဆေးပါတယ်။

ဖုန်း၊ သွန်၊ လှယ်၊ စစ် စနစ်နဲ့ ပိုးလောက်လန်း ရှင်းလင်းပါတယ်။


**ဖုန်း** ဆိုတာက လောက်လန်းမရှိသေးတဲ့ ရေအိုးတွေမှာ ခြင်မဝင်နိုင်အောင်၊ လုံအောင်၊ အဖုံး ဖုန်းခိုင်းပါတယ်။

**သွန်** ဆိုတာက ပိုးလောက်လန်းရှိတဲ့ ရေစည်၊ စဉ့်အိုး၊ ရေကန်တွေကို ရေပေါတဲ့ဒေသဆိုရင် သွန်ပစ်ခိုင်းပြီးမှ ရေအသစ်ထည့် ဖုန်းအုပ်ခိုင်းပါတယ်။

**လှယ်** ဆိုတာက ရေပေါတဲ့ဒေသမှာရှိတဲ့ ပိုးလောက်လန်းကျတဲ့ ရေအိုးမှန်သမျှ လှယ်ခိုင်းတာပါ။

**စစ်** ဆိုတာကတော့ ရေရှားတဲ့ဒေသမှာ ရေကန်ထဲမှာ ပိုးလောက်လန်းရှိနေရင် ရေကို သွန်မပစ်ဘဲ ပိုးလောက်လန်းတွေကို ရေစစ်နဲ့ခပ်ပြီး ဖယ်ပြစ်ဖို့ ပြောတာပါ။

ကျွန်တော်နဲ့ ဝန်ထမ်းအဖွဲ့ ရွာက လူငယ်တွေနဲ့ ပူးပေါင်းလုပ်လိုက်တော့ တစ်ရွာလုံး အချိန်တိုအတွင်းမှာ လောက်လန်းသုတ်သင်နိုင်ခဲ့ပါတယ်။




**တန်ခိုးဩဇာအာဏာနဲ့ ရွာကို လွှမ်းမိုးထားတဲ့ ကျောင်းထိုင်ဆရာတော်**

အဲဒီရွာမှာ အကျင့်သီလကောင်းပြီး ရွာလူထုအားလုံးက ကြည်ညိုလေးစားတဲ့ ကျောင်းထိုင်ဆရာတော်တစ်ပါး ရှိပါတယ်။ ဩဇာအာဏာရှိပါတယ်။ ဝိနည်း လေးစားပါတယ်။ အဲဒီကျောင်းက ကိုရင် (၁၀)နှစ်အရွယ်ကလည်း မိတ္ထီလာဆေးရုံကြီးမှာ သွေးလွန်တုပ်ကွေးရောဂါနဲ့ ဆေးရုံတက် နေရပါတယ်။

အဲဒီဘုန်းကြီးက ကျောင်းမှာ ကျောင်းသူ/ကျောင်းသား (၃၀) လောက်ရှိပါတယ်။ အဲဒီကျောင်းကို ပိုးလောက်လန်းစစ်ဖို့

www.burmeseclassic.com





ထဘီအပြာဆရာမ (L.H.V) နဲ့ အဖွဲ့ကို ကျွန်တော် လွှတ်လိုက်ပါတယ်။

ဘုန်းကြီးက ကျန်းမာရေး ဆရာမ (L.H.V)နဲ့အဖွဲ့ကို ဘာမှ မလုပ်ရဘူးလို့ မိန့်လွှတ်လိုက်လို့ ဆရာမနဲ့အဖွဲ့ ပြန်လာကြပါတယ်။ ဆရာမက ကျွန်တော့်ကို

"ဆရာ … ဘုန်းဘုန်းက ဝိနည်းသိပ်လေးစားတော့ ကျွန်မတို့ ဘာမှ မလုပ်ရဘူးပြောလို့ ပြန်လာရပါတယ်ဆရာ။ ကျွန်မတို့ ဘာလုပ်ရမှာလဲ"

"ရတယ် ဆရာမရေ၊ ဆရာမတို့ တခြားအိမ်တွေ ဆက်စစ်ကြ၊ ကျွန်တော်နဲ့ ဥက္ကဋ္ဌနဲ့ ရွာကလူငယ် (၃) ယောက်လောက်နဲ့ သွားကြမယ် …

ကဲ…ဥက္ကဋ္ဌ ဘုန်းကြီးကျောင်းကို သွားကြရအောင်"

လို့ ပြောပြီး ကျွန်တော်နဲ့ ဥက္ကဋ္ဌ ရွာက ကလေး(၃)ယောက်လောက်နဲ့ သွားကြပါတယ်။

ဘုန်းကြီးကျောင်းကို ရောက်တော့ ဘုန်းကြီးကို ရှိခိုးကန်တော့ကြပါတယ်။ ပြီးတော့ ကျွန်တော်က ကျွန်တော့်မှာ အသင့်ပါလာတဲ့ ပတ်တီး၊ ဂွမ်းလိပ်၊ တင်ချာ၊ အင်ဘွိုင်းနဲ့ ပါရာစီတမောဆေးပြားတွေကို ကပ်လှူလိုက်ပါတယ်။ လိုအပ်ရင် အရေးပေါ် သုံးဖို့ပါဘုရားလို့ ပြောပြီး အနာဆေးထည့်နည်း၊ ပါရာစီတမော သုံးစွဲနည်းတို့ကို ပြောပြပါတယ်။ ဘားပလက် အားဆေးဘူးကိုလည်း ဘုန်းကြီးကို လှူဒါန်းလိုက်ပါတယ်။ ပြီးမှ ကျွန်တော်က

"အရှင်ဘုရား ဒီကျောင်းက ကိုရင်လေးတစ်ပါး သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နေလို့ မိတ္ထီလာဆေးရုံ တက်နေရတယ်လို့ ကြားရပါတယ်ဘုရား"

"ဟုတ်တယ် ဒကာကြီး။ ကျောင်းမှာ အားနည်းပြီးမူးနေလို့ ဆေးရုံတင်လိုက်ရတယ်"

"ဟုတ်ပါတယ် ဘုရား။ အဲဒါ ဒီကျောင်းက ရေမသန့်လို့ ဖြစ်ရတာပါ ဘုရား"

ရေမသန့်ဘူးလို့သာ လျှောက်ရပါတယ်(ပိုးလောက်လန်းကြောင့်၊ ခြင်ကြောင့်လို့ မတင်လျှောက်ရဲပါဘူး) ဝိနည်း နဲ့ညီအောင်လို့ပါ။ ပြီးတော့မှ …

"ဒီလိုသာ ကန်ထဲက ရေတွေ မသန့်ရင် ဒီကျောင်းမှာ ရှိ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကလေးအယောက် (၃၀) လည်း ရောဂါဖြစ်နိုင်ပါတယ်ဘုရား''

''အင်း … အဲဒီတော့ ဘာလုပ်ရမလဲ''

''ဒီတော့ တပည့်တော်တို့ ကလေးတွေ ရောဂါမဖြစ်ရအောင်ရယ်၊ ကုသိုလ်လိုချင်လို့ရယ် ရေကုသိုလ်လုပ်ခွင့်ပြုပါဘုရား''

''ဘယ်လို လုပ်မှာလဲ ဒကာကြီးရဲ့''

''တပည့်တော်တို့အဖွဲ့ ဒီကန်ထဲက ရေတွေကို အသစ်ဖြစ်အောင် လှယ်ပြီး ရေအသစ်ခပ်ပြီး ကုသိုလ် လုပ်ချင်ပါတယ်''

ဒီတော့မှ ဘုန်းတော်ကြီးက သာဓု သာဓု သာဓုလို့ခေါ်ပြီး အခန်းထဲ ဝင်သွားပါတယ်။

ဒီတော့မှ ကျွန်တော်တို့အဖွဲ့လည်း ရွာက ရွာသား(၂)ယောက် ထပ်အကူအညီခေါ်ပြီး ဘုန်းကြီးကျောင်းထဲက ကန်တွေကို ရေလှယ်လိုက်ရပါတယ်။ ပြီးတော့ အဖုံးဖုံးပေးလိုက်ပါတယ်။ ပြီးတော့မှ ဘုန်းကြီးကို ကန်တော့ပြီး ပြန်လာခဲ့ပါတယ်။

အပြန်လမ်းမှာတော့ ဥက္ကဋ္ဌက ''ဆရာကတော့ ပိုးလောက်လန်းအကြောင်း၊ ခြင်အကြောင်း တစ်ခုမှ မပါဘဲ ဘုန်းကြီးကို ရအောင် စည်းရုံးနိုင်တယ်''

''ဒါတော့ဗျာ စည်းကမ်း ဝိနည်း လေးစားတဲ့ ဘုန်းကြီးကို အကုသိုလ်အကြောင်း မပါဘဲ ကုသိုလ်လိုချင်လို့ဆိုပြီး လျှောက်တော့ ဘုန်းကြီးလဲ ဝိနည်းနဲ့အညီ ခွင့်ပြုနိုင်တာပေါ့ဗျာ''

''ပိုင်လိုက်တာ ဆရာရယ်တဲ့''

ဒါနဲ့ ကျွန်တော်တို့လည်း ဘုန်းကြီးကျောင်းက ပြန်လာပြီး စာသင်ကျောင်းကို သွားကြပါတယ်။

စာသင်ကျောင်းမှာ ဥက္ကဋ္ဌက ရွာသားတွေကို ဟောပြောပွဲ နားထောင်ဖို့ စုစည်းထားပါတယ်။

ဒါနဲ့ ရွာသားတွေ မလာခင်မှာ ကျွန်တော်ကြုံတွေ့ရတဲ့ ရင်နင့်ဖွယ် ကျွန်တော် ဘာဆုံးဖြတ်ရမှန်း မသိတဲ့ အဖြစ်အပျက်ကလေး တစ်ခုကို သတိရနေမိပါတယ်။

## ကျန်းမာရေးမှူး အတွေ့အကြုံ

**ကျွန်တော် ဆုံးဖြတ်ရခက်တဲ့ အဖြစ်အပျက်လေးတစ်ခု**

၁၉၈၀ ခုနှစ်လောက်က မြန်မာပြည်အလယ်ပိုင်း ဆေးခန်းတစ်ခုမှာ ဖြစ်ပျက်ခဲ့တာပါ။

ကျွန်တော် တာဝန်ကျတဲ့ ဆေးခန်းတစ်ခုမှာ ဖြစ်ခဲ့တာပါ။ ကျွန်တော့်ဆေးခန်းနဲ့ ကပ်ရက် အိမ်တစ်အိမ်မှာ ဦးငွေနဲ့ ဒေါ်လှဆိုတဲ့ လင်မယား ရှိပါတယ်။ သူတို့မှာ သားသမီးငါးယောက် ရှိပါတယ်။ နို့ဆီစက် ပိုင်ရှင် သူဌေးတွေဆိုတော့ အင်မတန် ရက်ရောပါတယ်။

ကျွန်တော့်ကို နေ့တိုင်း နို့ဆီ၊ သကြား၊ ဟင်း စတာတွေ အမြဲပို့ပါတယ်။ သူတို့အိမ်က ရောဂါတစ်ခုခုဖြစ်ရင်လည်း ကျွန်တော့် ဆေးခန်းဘဲ လာကုပါတယ်။ မိသားစုအားလုံး လာကုကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ မိသားစုအရင်း၊ ဆွေမျိုးအရင်းလို ခင်နေတော့ ကျွန်တော့်ကို အားကိုးကြပါတယ်။ ကျွန်တော်ကလည်း သူတို့ရောဂါဖြစ်ရင် ကြိုးစားကုသပေးလို့ အားလုံးအဆင်ပြေနေပါတယ်။

တစ်နေ့မှာ လောကဒဏ်လှိုင်း ရိုက်ခတ်လာတော့ သူတို့ရထားနဲ့ ရန်ကုန်ကိုတင်တဲ့ နို့ဆီတွေဟာ တစ်တွဲလုံး ပျက်ပါတယ်။ တစ်လအတွင်း အကြိမ် (၂၀)လောက် နို့ဆီတွေ ပျက်တော့ သူတို့ စီးပွားရေးကျလာပါတယ်။

သွားရေးလာရေးကလည်း ရထားလမ်းပဲရှိပြီးတော့ ကားလမ်း မရှိပါဘူး။

ဒေါ်လှဆိုတာကလည်း ငယ်ငယ်ထဲက ချမ်းသာလာတော့ လက်ဖွာပါတယ်။ အသုံးအစွဲကြီးပါတယ်။

တစ်ဖာလုံ လောက်သာဝေးတဲ့ ဈေးကို နွားလှည်းနဲ့ သွားပြီး လှည်းအပြည့် ဟင်းချက်စရာသား၊ ငါး၊ အသုံးအဆောင်တွေ ဝယ်ပါတယ်။

ပြီးရင် လှည်းလိုက်အလုပ်သမားတွေကို အပ်ပြီး ပိုငွေတွေကိုလည်း စိစစ်ခြင်းမရှိဘဲ အလုပ်သမားတွေအပ်တဲ့အတိုင်း လက်ခံပါတယ်။ ပိုက်ဆံချမ်းသာပြီး သဘောထားကောင်းတော့ အလုပ်သမားတွေက စားချင်တိုင်းစား၊ သုံးချင်တိုင်း သုံးကြပါတယ်။ စည်းကမ်းမရှိပါဘူး။ ပိုက်ဆံချမ်းသာပြီး ရက်ရောပေမယ့် စည်းစနစ်မရှိတော့ စီးပွားရေးကျဆင်းလာပါတယ်။



**ဦးငွေ၊ ဒေါ်လှ စီးပွားကျပြီ**

ဒါနဲ့ နို့ဆီတွေ ပျက်ပြီး ရန်ကုန်က ပြန်ပြန်ပို့နေတော့ ဦးငွေ၊ ဒေါ်လှတို့ တစ်နေ့တခြား ဝင်ငွေကျဆင်းလာကြရှာပါတယ်။

**(၅) နှစ်သမီးလေး ဖျားပြီ**

တစ်နေ့ ည (၇) နာရီလောက် ဦးငွေနဲ့ဒေါ်လှတို့ ငါးနှစ်သမီးလေး သူဇာကို ပွေ့ပြီး ကျွန်တော့ ဆေးခန်းကို လာကြပါတယ်။ ကျွန်တော်က ...

"လာကြ ... ထိုင်ကြဗျာ။ ဘာဖြစ်လို့လဲ"

"ဆရာ ... သမီးလေး သူဇာ ဖျားတယ်ဆရာ"

"ဘယ်နှရက် ရှိပြီလဲ"

"နှစ်ရက်ရှိပြီ ဆရာ။ ကျွန်တော်တို့လည်း သာမန်ဖျားတာဆိုပြီး စောင့်ကြည့်နေတာ ဆရာ၊ ဒီနေ့တော့ ကလေးက ခြေဖျား လက်ဖျားတွေ အေးလာပြီး မှိန်းနေတယ် ဆရာ ခေါင်း

www.burmeseclassic.com



မထူဘူး"

ကျွန်တော် စမ်းကြည့်ပါတယ်။ Pressure CUFF (သွေးတိုင်းကိရိယာနဲ့) အပေါ်သွေးအောက်သွေးကြားမှာ ငါးမိနစ်ထားပြီး ကြည့်ပါတယ်။

ကလေးလက်မောင်းမှာ အနီစက်တွေ ပေါ်လာပါတယ်။

သွေးလွန်တုပ်ကွေးရောဂါဆိုတာ သေချာနေပါပြီ။ ကျွန်တော် ဘာလုပ်ရမလဲ။

အခါတိုင်း သူတို့ချမ်းသာတုန်းက ကျွန်တော့်ဆီ လာပြရင် သာမန်ဆေးရုံမတင်ရတဲ့ ရောဂါတွေမို့ ကျွန်တော် သူတို့ကို ဆေးရုံတစ်ခါမှ မလွှတ်ဘူးပါဘူး။ ခုတစ်ခါ ကျွန်တော်ကလေးကို ဆေးရုံမလွှတ်ရင် မဖြစ်ပါဘူး။ ဆေးရုံကို လွှတ်ရတော့မယ်။

ဆေးရုံကို လွှတ်ရင်လည်း သူတို့က ကျွန်တော့်ကို အထင်လွဲကြတော့မယ်။

ဒီဆရာက ငါတို့ချမ်းသာတုံးကတော့ ဘယ်တော့မှ ဆေးရုံမလွှတ်ဘူး။ ငါတို့ဆင်းရဲလာမှ သူကိုယ်တိုင် မကုဘဲ ဆေးရုံလွှတ်တယ်လို့ အပြစ်ပြောကြတော့မယ်။

ကျွန်တော့် ခေါင်းပူအောင် စဉ်းစားနေရပါတယ်။ ဒါပေမဲ့ သွေးလွန်တုပ်ကွေးရောဂါဟာ ဆေးရုံမှာ ထားကုမှ ပျောက်မဲ့ရောဂါပါ။ (အခန့်မသင့်ရင် လည်း အသက် ဆုံးရှုံးနိုင်ပါတယ်)

**ကျွန်တော်အကြံရပြီ**

သူတို့လာတဲ့ အချိန်က လည်း မိုးချုပ်ချုပ်။ သာစည်ဆေးရုံ၊ ပျော်ဘွယ်ဆေးရုံသွားရင်လည်း ကားငှားရင်ငှား၊ ကားမငှားရင်လည်း ရထားနဲ့သွားရမယ်၊ ရထားချိန်လည်း မရှိပါဘူး။

ဒါနဲ့ ကျွန်တော့ဆေးခန်းနဲ့ ဘူတာရုံနဲ့နီးတော့ ...

"ဦးငွေ ဘူတာသွားပြီး ရုံပိုင်ကြီးကို ကျွန်တော်က ကျေးဇူးပြုပြီး ဆေးခန်းကြွပါလို့ ပြောပြီး ခေါ်ခဲ့ဗျာ"

ရုံပိုင်ကြီးကလည်း သဘောလည်းကောင်း၊ လူမှုရေးလုပ်ငန်းတွေလည်း ဝါသနာပါတယ်။ လူတိုင်းကိုလည်း ကူညီတတ်ပါတယ်။

ကျွန်တော်နဲ့ကလည်း သူတို့မိသားစုကို ဆေးအမြဲကုပေးတော့ အရမ်းခင်ပါတယ်။ ဒါနဲ့ ရုံပိုင်ကြီးရောက်လာတော့

"ဆရာ···ဘာကိစ္စလဲ။ ဆရာ ဦးငွေတို့လည်း ရောက်နေကြတာကိုး"

"ရုံပိုင်ကြီး ...ဒီဘူတာမှာ ရပ်တဲ့ ရထားရှိသေးလား"

"ဒီဘူတာမှာ ရပ်တဲ့ရထား မရှိတော့ဘူးဆရာ"

"တောင်ကလာတဲ့ရထား မြောက်ကလာတဲ့ရထား(အမြန်) တစ်ခုခုရှိလား"

"ည (၈)နာရီမှာ မြောက်ကလာတဲ့ အမြန်တစ်စင်းရှိတယ် ဆရာ"


"ရုံပိုင်ကြီးရယ် ကူညီပါဦးဗျာ။ ဒီဦးငွေ၊ ဒေါ်လှတို့သမီးလေး သွေးလွန်တုပ်ကွေး ဖြစ်နေတယ်ဗျာ။ အဲဒါ ဒီညဆေးရုံ တစ်ခုခုရောက်မှ အခြေအနေကောင်းမှာ။ ကဲ ... ဦးငွေ ခင်ဗျားသမီးသူဇာက သွေးသွင်း၊ ဆေးသွင်းကုမှ အသက်ရှင်မှာ။ ဒီတော့ ဆေးရုံသွားဖို့ ပြင်ဗျာ"

ဆိုပြီး ပြန်လွှတ်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





ရှုံပိုင်ကြီးကိုတော့ ...

"ရှုံပိုင်ကြီး အမြန်ရထားကို ခင်ဖျားနည်း ခင်ဖျားဟန်နဲ့ ရပ်ခိုင်းပြီး ကူညီလိုက်ပါဦးဗျာ"

"ရတယ်ဆရာ။ ကျွန်တော် ကူညီရမှာပေါ့ဗျာ" ဆိုပြီး ဘူတာပြန်သွားပါတယ်။ ရှုံပိုင်ကြီးက အမြန်ရထားကို ရပ်ပြီး လူနာကို တင်ပေးလိုက်ပါတယ်။ ဒါနဲ့ ဦးငွေ၊ ဒေါ်လှတို့ရဲ့ သမီးလေးလည်း အချိန်မီ ဆေးရုံရောက်ပြီး အသက်ရှင်ရပါတယ်။

ဒါပေမဲ့ ဦးငွေ၊ ဒေါ်လှတို့ ကတော့ ကျွန်တော့်အပေါ် အမြင်စောင်းသွားကြမလားမသိ။

ဒါပေမဲ့ အသက်တစ်ချောင်း ကယ်ဖို့အတွက် ကျွန်တော် အမြင်စောင်းခံရတာ တန်ပါတယ်လို့ စိတ်ထဲက အောက်မေ့လိုက်ပါတယ်။

**ဟောပြောပွဲလုပ်ကြခြင်း**

ဒါနဲ့ ဥက္ကဋ္ဌနဲ့အဖွဲ့က ရွာသူ၊ ရွာသားတွေကို စုပေးလို့ ကျွန်တော် ဟောပြောပွဲ လုပ်ပါတယ်။ တက်ရောက်လာတဲ့ လူထုကို ကလေးသူငယ်တွေ ဖျားရင်၊ မှိန်းရင် မာတ်ဆားရည် တိုက်ကြဖို့ မာတ်ဆားထုပ်တွေ ဝေပေးပါတယ်။

ဟောပြောပွဲမှာ ကျွန်တော်က...

၁။ ကလေးဖျားပြီး အဖျားကျလို့ မှိန်းနေရင် ခြေလက်တွေ အေးစက်နေရင် အမြန်ဆုံး ဆေးရုံပြကြဖို့။

၂။ မာတ်ဆားရည် ဝင်အောင် တိုက်ကြဖို့။

၃။ သွေးလွန်တုပ်ကွေးဟာ နေ့ခင်းကိုက်တဲ့ ခြင်ကိုက်ခံရင် ဖြစ်တတ်လို့ ကလေးတွေ နေ့ခင်းမှာ ခြင်ကိုက်မခံရအောင် ခြင်ထောင်နဲ့ သိပ်ကြဖို့။

၄။ သွေးလွန်တုပ်ကွေးဟာ ခြင်ကျား ကိုက်လို့ဖြစ်တာမို့ ခြင်ကျားမပေါက်ဖွားအောင် လောက်လန်းတွေကို သုတ်သင်ကြဖို့။

အိမ်မှာ လောက်လန်းတစ်ကောင် ခြင်ကျားတစ်ကောင်ရှိတာဟာ သေမင်းရောက်နေတာနဲ့ အတူတူမို့ မိမိပတ်ဝန်းကျင်မှာ လောက်လန်းမရှိအောင် ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ကြဖို့၊ ဖုန်း၊ သွန်၊ လှယ်၊ စစ် နည်းနဲ့ လောက်လန်းသုတ်သင်ကြဖို့ ရေအိုင်တွေရှိရင် ဒီဇယ်အဟောင်း၊ အင်ဂျင်ဝိုင်အဟောင်းတွေ မှုန်းပြီး လောက်လန်းသုတ်သင်ကြ

www.burmeseclassic.com

www.burmeseclassic.com



ဘို့ ဟောပြောပါတယ်။

ဒီတော့ ကျောင်းဆရာ တစ်ဦးက ထပြီး …

"ဆရာ သွေးလွန်တုပ်ကွေး က ခြင်ကျားကိုက်မှ ဖြစ်တာလားဆရာ၊ တခြား ဘာကောင်တွေ ကိုင်ရင်လည်း ဖြစ်တတ်သလဲ"

"ဟုတ်ကဲ့ … မြန်မာပြည်မှာ ခြင်ကျားတစ်မျိုးတည်းကပဲ သွေးလွန်တုပ်ကွေး ကူးစက်တတ်ပါတယ်"

ရုရှားပြည်မှာတော့ 'TICK' လို့ခေါ်တဲ့ မွှားတစ်မျိုး၊ ကိုရီးယားနဲ့ တရုတ်ပြည်တွေမှာတော့ 'MITE' ခေါ်တဲ့ မွှားအသေးစားတစ်မျိုးနဲ့ 'RODENT' ခေါ်တဲ့ ကြွက်အမျိုးအစားတစ်မျိုးကလည်း သွေးလွန်တုပ်ကွေး အဖျားဖြစ်စေတတ်တဲ့ ဗိုင်းရပ်စ်ပိုးကို သယ်ဆောင်နိုင်ကြပါတယ်တဲ့ခင်ဗျား။

တက္ကသိုလ်ကျောင်းသား တစ်ဦးက …

"ဆရာ ရေကန်၊ ရေစည်၊ အိုးမှုတ်ခွက်၊ တာယာဟောင်းတွေထဲက ပိုးလောက်လန်းတွေ သုတ်သင်တာကတော့ သိပါပြီ။ ကျွန်တော့်အိမ်က သောက်သုံးတဲ့ ရေတွင်းထဲမှာ လောက်လန်းတွေ ရှိတယ်ဆရာ ဘာလုပ်ရမလဲ"

"လွယ်ပါတယ် ခင်ဗျား။ ရေတွင်းထဲ ရေကန်ထဲမှာ လောက်လန်းရှိနေရင် အသားစားငါးဖြစ်တဲ့ ငါးရံ့ပေါက်စ (သို့) ငါးခူပေါက်စတစ်ကောင်လောက်ကို ရေတွင်းရေကန်ထဲမှာ ထည့်ထားပါ။ ငါးတွေက လောက်လန်းတွေကို ရှင်းပေးပါလိမ့်မယ် ခင်ဗျာ"

ဒါနဲ့ ကျွန်တော်လည်း ဟောပြောပွဲကို ရုပ်သိမ်းပြီး ဆေးခန်းကို ပြန်လာကြပါတယ်။

ကလေးငယ်များ သွေးလွန်တုပ်ကွေးအန္တရာယ်မှ ကင်းဝေးနိုင်ကြပါစေ။

**မှတ်ချက်။**

ကျွန်တော့်အဖေ ဆရာသွယ်နဲ့ အမေဒေါ်တင့်တို့ လုပ်တဲ့ လောက်လန်း ကာကွယ်နည်းကတော့ ပိုက်ဆံမကုန်ဘဲလူတိုင်းလုပ်နိုင်တဲ့နည်းပါ။ ကျွန်တော်လည်း ယခုထိ သုံးစွဲတာ ရာနှုန်းပြည့် လောက်လန်း ကင်းရှင်းပါတယ်။

နည်းကတော့ ရေစည်၊ စည်ပိုင်း၊ အုတ်ကန်အရွယ်အစားပေါ်မှာ မူတည်ပြီး အုတ်ခဲကို နီရဲအောင် မီးဖုတ်ပြီး တစ်လုံးမှ သုံးလုံးလောက်အထိ ထည့်ထားပါ။ ရေမလှယ်မချင်း လောက်လန်း မရှိပါခင်ဗျား။

လောက်လန်း ရှိနေရင်လည်း (၂) ရက်အတွင်း လုံးဝပျောက်ကုန်ပါတယ် ခင်ဗျား။ သုံးလတစ်ကြိမ်လောက် အုတ်ခဲမီးဖုတ်ထည့်ရင် လုံးဝလောက်လန်းကင်းရှင်းကြောင်းပါ ခင်ဗျား။

**မောင်မင်းယဉ်(ကူမဲ)**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





အုန်းတင်ငြိမ်း

# ထောင်နှုတ်ခမ်းနှင်းတွဲသူ

ရှေ့တိုးလို့မရရင် နောက်ဆုတ်ဖို့ပဲရှိတဲ့
ရထားသံလမ်းပေါ်မှာ
ကြီးလေးတဲ့တာဝန်တွေအမှားအယွင်းမခံတဲ့
စည်းကမ်းဥပဒေတွေကြား
က ရထားဇုံပိုင်တစ်ဦးရဲ့ဘဝအတွေ့အကြုံ

www.burmeseclassic.com

www.burmeseclassic.com



အုန်းတင်ငြိမ်း

# ထောင်နှုတ်ခမ်းနင်းတဲ့သူ

သားအချစ် မြေးအနှစ်ဆိုတဲ့ ဆိုရိုးစကားအတိုင်း အဘိုးဦးဘစိန်ဟာ သူ့ရဲ့ မြေးလေး မောင်ငယ်လေး အပေါ်မှာ သံယောဇဉ် ကြီးပါသည်။ သမီးဖြစ်သူရဲ့ အိမ်ထောင်ရေးအစဉ် မပြေလို့ အဖေဖြစ်သူ အတူမနေ မနေရတဲ့ မြေးလေးကို ငယ်ငယ်လေးကတည်းက ထိန်းသိမ်းစောင့်ရှောက်လာခဲ့တာပါ။ အဘိုးဖြစ်သူက စည်းကမ်းကြီး လို့ မောင်ငယ်လေးဟာ အဘိုး ပြောဆိုဆုံးမတာကို နားထောင်ရပါတယ်။ အဘိုးရဲ့ ပြောစကားကို နားမထောင်ရင် မောင်ငယ်လေး ခမျာ အရိုက်ခံရပါသည်။ မောင်ငယ်လေးက အဘိုးဖြစ်သူကို ချစ်ကြောက် ရိုသေပါတယ်။

တစ်နေ့မှာတော့ ဖိုးဘစိန်က မြေးမောင်ငယ်လေးကို သူ သိချင်တာကို မေးကြည့်ပါတယ် "အဘိုးမြေးက ကြီးလာရင် ဘာလုပ်မှာလဲ၊ အဘိုးကို ပြောပြပါဦး" မောင်ငယ်လေးက ပါးစပ်ထဲကို လက်ညှိုးလေး ထည့်ပြီးတော့ "ဘုန်းကြီးဝတ်မယ်"လို့ ပြောလိုက်ရာ ဖိုးဘစိန်က သိပ်သဘောကျသွားပြီး၊ မောင်ငယ်လေးရဲ့ ဦးခေါင်းလေးကို အသာရာ ပွတ်ကာ "အဘိုးမြေးခေါင်းက ဘုန်းကြီးခေါင်းပဲ၊ ဘုန်းကြီးဖြစ်မှာပဲ"လို့ ပြောရင်း ပွေ့ချီပြီး ပါးနှစ်ဖက်အားရပါးရ နမ်းလိုက်ပါတော့သည်။ မြေးအဘိုးနှစ်ယောက် ပြောဆိုနေကြတာကို ကြားရတဲ့ မောင်ငယ်လေးရဲ့ မိခင်ဖြစ်တဲ့ ဒေါ်အမာက ပီတိတွေ ဖြစ်နေပါတယ်။

မောင်ငယ်လေး ငယ်ငယ်တုန်းက အဘိုးမေးတာကို ဘုန်းကြီးဝတ်မယ်လို့ ပြောခဲ့ပေမယ့်လည်း ၁၉၆၈ ခုနှစ် ၁၀ တန်းကို အောင်ပြီးတဲ့အချိန်မှာ မမျှော်လင့်ဘဲ တကယ်ဖြစ်သွားရတာက သင်တန်းတက်ခွင့်ရလို့ မောင်ငယ်လေး အပါအဝင် သင်တန်းသားတွေ အားလုံး ပျော်ရွှင်ပြီး စိတ်ဓာတ် တက်ကြွနေကြပါတယ်။ ဒါပေမယ့် သင်တန်းဆရာကြီးရဲ့ ပြောစကားကြောင့် စိတ်ပျက်ကြရပါတယ်။

"မင်းတို့က ဘာဖြစ်လို့ ရုံပိုင်လုပ်ချင်ကြတာလဲ၊ ရုံပိုင်ဆိုတာ ထောင်နှုတ်ခမ်းကိုနင်းနေတဲ့သူပဲ သိကြရဲ့လား။ မင်းတို့ ပေါ့ဆလို့ စည်းကမ်းမလိုက်နာလို့ ရထားတွေ တိုက်ရင်တော့ ထောင်ကျမှာပဲ"လို့ ပြောတာ ကြားရတော့ အားလုံးတုန်လှုပ်သွားရပါတယ်။ သင်တန်းဆရာကြီးက သင်တန်းသားများ စိတ်ပျက်သွားကြတာကို ရိပ်မိလို့ "မင်းတို့ ဆရာပြောတာက

www.burmeseclassic.com

www.burmeseclassic.com




စိတ်မာတတ်ကျပြီး ပြန်ချင်ကြရင် ပြန်လို့ ရသေးတယ်။ မင်းတို့ထဲက ပြန်မည့် သူတွေရှိရင် အစားထိုးဖို့ တန်းစီထားတာရှိတယ်။ အဆင်သင့်ပဲ''လို့ ဆက်ပြောပါတယ်။ သင်တန်းသားတွေဟာ သင်တန်းချိန်ပြီးဆုံးတဲ့ အချိန်မှာ လေးလံသော ခြေလှမ်းများဖြင့် သင်တန်းသား အိပ်ဆောင်များဆီကို ပြန်လာခဲ့ကြပါတယ်။ အိပ်ဆောင်များကို ရောက်တော့ ကုတင်တွေပေါ်ကို ပစ်လှဲချလိုက်ကြပါတယ်။

မောင်ငယ်လေးနဲ့ အိပ်ဆောင်တစ်ဆောင်ထဲမှာ ကုတင်ချင်းကပ်နေတဲ့ သင်တန်းသားတစ်ဦးက စပြောလာပါတယ်။

''သူငယ်ချင်း ကိုယ်ကတော့ ထောင်ကျမခံနိုင်လို့ ပြန်တော့မယ်။ အေးအေးဆေးဆေးနဲ့ ကျောင်းဆရာ အလုပ်ပဲ ပြန်လုပ်တော့မယ်။ မင်းကော ဘယ်လိုလဲ''

''သူငယ်ချင်း ကိုယ်လဲ ထောင်ကျမဲ့ အလုပ်ကို ဘယ်လုပ်ချင်ပါ့မလဲကွာ။ ဒါပေမယ့် ကိုယ်က ဘယ်လိုမှပြန်လို့ မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က အရင်က လုပ်ခဲ့တဲ့ အောက်တန်းစာရေးကို မလုပ်တော့ပါဘူးလို့ လျော်ကြေး (၅၀၀) ပေးပြီး ထွက်လာပြီးမှ ဒီသင် တန်းကို လာတက်ရတာပါ။ ကိုယ်သာ ပြန်သွားရင် ကိုယ့်အဘိုးနဲ့ အမေက စိတ်ဆင်းရဲကြလိမ့်မယ်။ ကိုယ်က အဘိုးနဲ့ အမေ့ကို ပြန်လုပ်ကျွေးဖို့ တာဝန်ရှိသေးတယ်။ ကိုယ့်အထင်ပြောရရင်တော့ ဆရာပြောသလို ပေါ့ဆတဲ့သူ၊ စည်းကမ်းမလိုက်နာသူတွေဘဲ ထောင်ကျတဲ့အထိ ဖြစ်နိုင်လိမ့်မယ်။ စည်းကမ်းကိုလိုက်နာသူ၊ ရိုးသားကြိုးစားတဲ့ သူတွေကတော့ တိုးတက်မယ်လို့ ထင်ပါတယ်။ ကိုယ်ကတော့ ရုံပိုင်လေးဘဝက တစ်ဆင့်ပြီး တစ်ဆင့် တစ်ချိန်ချိန်မှာ အရာရှိဖြစ်အောင် ကြိုးစားမယ်''

''သူငယ်ချင်းက မိဘကို လုပ်ကျွေးပြီး၊ ကိုယ့်ကိုကိုယ် တိုးတက်အောင် ကြိုးစားမယ်ဆိုတော့ ရည်မှန်းချက်မွန်မြတ်ပါတယ်။ သူငယ်ချင်းရဲ့ ရည်မှန်းချက်တွေ အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်။ ကိုယ်သွားတော့မယ် ခဏတာတွေ့ခဲ့ကြတဲ့ သူငယ်ချင်းနဲ့ ကိုယ်ကတော့ အမှတ်တရပေါ့ကွာ''



www.burmeseclassic.com

www.burmeseclassic.com



မောင်ငယ်လေးဟာ လက်ထောက်ရုံပိုင် သင်တန်းမှာ စည်းကမ်းတွေကိုလည်း လိုက်နာ၊ သင်ခန်းစာတွေကို ကြိုးစားလေ့လာခဲ့ရာ၊ သင်တန်းကာလပြီးဆုံးချိန်မှာ လက်ထောက်ရုံပိုင်သင်တန်းကို အောင်မြင်ခဲ့ပါတယ်။ မောင်ငယ်လေးရဲ့ အဘိုးနဲ့အမေကတော့ "(ငါ့မြေးလေး) ငါ့သား လေးရုံပိုင် ဖြစ်ပြီ" ဆိုပြီး၊ ဂုဏ်ယူပြီးဝမ်းသာလို့ မဆုံး ဖြစ်နေပါတော့တယ်။

မောင်ငယ်လေးဟာ မီးရထားယူနီဖောင်းဖြစ်တဲ့ အပေါ်အင်္ကျီအဖြူ၊ အောက်က ဘောင်းဘီအဖြူ လည်စီးအစိမ်း၊ Peacock ဦးထုပ်အဖြူ ရှူးဖိနပ်အနက်နဲ့ဆိုတော့ စိတ်ဓာတ်တွေ တက်ကြွနေပါတယ်။ သင်တန်းဆင်းတဲ့အချိန်မှာ မီးရထားတိုင်းရုံးရှိတဲ့ တောင်ငူမြို့ကို သွားပြီး သတင်းပို့ရပါတယ်။ မီးရထားအရာရှိက မောင်ငယ်လေးကို လစ်လပ်နေတဲ့ ဘူတာရုံလေး တစ်ခုကို တာဝန်ချထားလိုက်ပါတယ်။ အဲဒီဘူတာရုံလေးကတော့ ပဲခူးတိုင်း၊ ပဲခူးခရိုင် ကျောက်တံခါးမြို့ အတွင်းမှာရှိတဲ့ တောကျွဲအင်းဘူတာရုံလေးပါ။ မကြာခင်ကမှ သင်တန်းဆင်းလာကြတဲ့ ရုံပိုင်လေးတွေကို တွေ့တဲ့ မီးရထားဝန်ထမ်းတွေက မေးကြပါတယ်။

"ရုံပိုင်လေး ဘယ်ဘူတာမှာ တာဝန်ကျလဲ"

"ကျွန်တော် တောကျွဲအင်းဘူတာမှာ တာဝန်ကျပါတယ်"လို့ ဖြေလိုက်ချိန်တွင် အံ့သြသွားပြီးနောက် စိုးရိမ်စိတ်များဖြင့် "တောကျွဲအင်းဘူတာမှာ တာဝန်ကျတယ်ဟုတ်လား" လို့ ပြန်မေးလာပါတယ်။ မောင်ငယ်လေးက "ဟုတ်ပါတယ်၊ တောကျွဲအင်းဘူတာမှာပါလို့" ထပ်ပြောပြတော့ "ရုံပိုင်လေးက ညပိုင်း ဆင်းရမှာဆိုတော့ သတိထားပါ"လို့ သတိပေးပါသည်။

သတိပေးမယ်ဆိုရင်လည်း သတိပေးသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၆၁ ခုနှစ် မတ် ၂၆ ရက်နေ့မှာ တောကျွဲအင်းဘူတာနဲ့ ကညွတ်ကွင်းဘူတာကြား ဒဂုံလွင်ရထားကို သောင်းကျန်းသူတွေ ထောင်ထားတဲ့ မိုင်းဗုံးကို နင်းမိပြီး တိမ်းမှောက်ခဲ့တဲ့ ဖြစ်စဉ်ကြောင့်ပါ။ မောင်ငယ်လေးတို့ လက်ထောက်ရုံပိုင်အပတ်စဉ်(၄) သင်တန်းဆင်းတာက ၁၉၇၀ ခုနှစ်မှာဆိုတော့ အချိန်ကာလတွေ ကြာခဲ့ပြီမို့ အဲဒီလောက်တော့ မဆိုးတော့ဘူးလို့ ထင်ခဲ့မိပါတယ်။

မောင်ငယ်လေးဟာရွှေကျင်မြို့မှာ နေထိုင်ခဲ့စဉ်က သောင်းကျန်းသူများ မကြာခဏ ဝင်စီးလေ့ရှိပါတယ်။ ပထမတော့ သေနတ်သံတွေကြားရင်ကြောက်စိတ်တွေ ဝင်လာပါတယ်။ နောက်ပိုင်းကြတော့ ရိုးသွားပါတယ်။ သောင်းကျန်း သူဝင်စီးနေလို့ သေနတ်သံတွေကြားရင် အိပ်ရင်းနဲ့ပဲ နားထောင်နေပါတော့တယ်။ ခလရ (၅၇) က သံချပ်ကာ ကားကြီးမောင်းလာပြီဆိုရင်တော့ သောင်းကျန်းသူတွေ ပြန်ဆုတ်သွားလေ့ ရှိပါတယ်။ ဒါကြောင့်မို့ မောင်ငယ်လေးဟာ သောင်းကျန်းသူလို့ ပြောသံကြားတဲ့အခါ လျှော့တွက် မိခဲ့ပါတယ်။

မောင်ငယ်လေးတို့ ရာထူးကို လက်ထောက်ရုံပိုင် ဒါမှမဟုတ်ရင် ဒုရုံပိုင်လို့ ခေါ်ကြပေမယ့်လည်း တကယ့်တာဝန်အလုပ်

www.burmeseclassic.com

လုပ်ရတာက ညအချိန်မှာဖြစ်လို့ "ညရုံပိုင်လေး" ပါပဲ။ ကျေးရွာကတော့ ရုံပိုင်ကြီးကို "ဘိုင်ကြီး" ရုံပိုင်လေးကို "ဘိုင်လေး" လို့ပဲ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနဲ့ ခေါ်ကြပါတယ်။ ခေါ်ချင်သလိုသာ ခေါ်ကြပါစေ။ "ည (ရုံပိုင်လေး)" ဟာ "ညရုံပိုင်လေး" ပါပဲလေ။ လက်ထောက်ရုံပိုင် နှစ်ယောက် တာဝန်ချထားတဲ့ မြို့နယ်အဆင့် ဘူတာကြီးမှာဆိုရင်တော့ နေ့တစ်လှည့် ညတစ်လှည့် အလုပ်ဆင်းရလို့ တော်ပါသေးတယ်။ မောင်ငယ်လေးလို ကျေးရွာအဆင့်မှာ တာဝန်ကျတဲ့ လက်ထောက် ရုံပိုင်တွေကတော့ တစ်ယောက်ထဲပဲ ညပေါင်းများစွာ တာဝန် ထမ်းဆောင်ရတာပါ။ အဲဒီလိုသာ ညတိုင်းအိပ်ပျက်ခံပြီး အလုပ်ဆင်းရမယ်ဆိုတာကို အရင်က ကြိုသိခဲ့ရင် လက်ထောက်ရုံပိုင် မလုပ်ပါဘူးလို့ နောင်တရမိပါတယ်။

ရန်ကုန်ဘက်ကလာတဲ့ အမြန်ရထားတစ်စင်းဟာ ညောင်လေးပင်ဘူတာက ထွက်လာပြီး မကြာမီ ပဲနွယ်ကုန်းဘူတာက မောင်ငယ်လေး တာဝန်ကျနေတဲ့ တောင်ကွဲအင်းဘူတာကို ကြေးနန်းခေါ်ပြီး ရထားဆက်လွှတ်ဖို့ လမ်းရှင်း ကြိုတောင်းပါတော့တယ်။ သူက လမ်းရှင်းတောင်းလို့ ကိုယ်က လမ်းရှင်းပေးလိုက်ပြီဆိုရင်၊ ကိုယ်ကတာဝန်တစ်ခုကို လက်ခံလိုက်သလို ဖြစ်သွားပါတယ်။ အဲဒီရထားကို ဆက်လွှတ်နိုင်အောင် ကညွတ်ကွင်းဘူတာကို လမ်းရှင်းဆက်တောင်းရပါတယ်။ ရထားတောက်လျှောက် ဖြတ်သန်းမည့် ပွိုင့်တွေ၊ လမ်းတွေ၊ အချက်ပြ တွေ မှန်၊ မမှန် စစ်ဆေးရပါတယ်။ ရထား ပဲနွယ်ကုန်းဘူတာက ထွက်ခါနီးပြီဆိုရင် တောက်လျှောက်ဖြတ်သန်းမည့် ရထားရဲ့ စက်ခေါင်းလမ်းရှင်း လက်မှတ်ပေးဖို့ အစွန်ဆုံးမှာရှိတဲ့ အဝင်လမ်းလွှဲရှိရာကို စေလွှတ်ရပါတယ်။ ကိုယ့် ဘူတာရှေ့က ရထားတောက်လျှောက် ဖြတ်သန်းနေတဲ့ အချိန်မှာ ရထားတစ်စင်းလုံးပြည့် ပြည့်စုံကောင်းမွန်စွာနဲ့ ဖြတ်သန်းနေခြင်းရှိ၊ မရှိ စစ်ဆေးနေစဉ်အချိန်မှာဘဲ စက်ခေါင်းမောင်းနဲ့ ဂါတ်မိုလ်တို့ကို မှန်ကန်ကြောင်း အချက်ပြ ပြသ

**ကိုယ့်**
**ဘူတာရှေ့က**
**ရထားတောက်လျှောက်**
**ဖြတ်သန်းနေတဲ့**
**အချိန်မှာ**
**ရထားတစ်စင်းလုံးပြည့်**
**ပြည့်စုံကောင်းမွန်စွာနဲ့**
**ဖြတ်သန်းနေခြင်း**
**ရှိ၊ မရှိ**
**စစ်ဆေးနေစဉ်**
**အချိန်မှာ**

www.burmeseclassic.com



**ညစောင့်ရတဲ့ လုံခြုံရေးကအိပ်ရင် အလုပ်က ထုတ်ပစ်တာကို ခံရသလို ညရုံ့ပိုင်လည်း အိပ်ရင် အရေးယူခံရမှာဘဲ။**

ရပါတယ်။ ရထားတစ်စင်းလုံး ကိုယ့်ဘူတာက ဖြတ်သန်းသွားပြီဆိုရင် ရှေ့ဘူတာဖြစ်တဲ့ ကညွတ်ကွင်းဘူတာကို ကြေးနန်းပို့ရပါတယ်။

ရထားတစ်စင်းကို လက်ခံထားပြီးပြီဆိုရင် အချိန်အတိုင်းအတာတစ်ခုမှာ တစ်ဖက်ဘူတာကနေပြီး ကိုယ့်ဘူတာဘက်ကို ထွက်လာမယ်။ ကိုယ့်ဘူတာရှေ့က တောက်လျှောက် ဖြတ်သန်း သွားမယ်။ ရှေ့ဘူတာကို ရောက်ရှိမယ်။ ရထားတစ်စင်းကို လက်ခံထားတဲ့ အချိန်က ရှေ့ဘူတာကို ရောက်ရှိသွားတဲ့အချိန်ထိ အနည်းဆုံးတစ်နာရီလောက်ကြာပါတယ်။ အဲဒီအချိန်အတွင်းမှာ Stand By နေရပါတယ်။ လုံးဝအိပ်ပျော်သွားလို့ မရပါဘူး။ တာဝန်ချိန်ဖြစ်တဲ့ တစ်ညလုံးမှာ အစုန်/အဆန်လာနေတဲ့ လူစီးရထား၊ ကုန်ရထားနဲ့ ရှေ့ပြေးတိုက်ကင်းစစ်ရထားတွေ အပါအဝင် ရထားစင်းရေစုစုပေါင်းဟာ ၂၀ လောက်ရှိခဲ့ပါတယ်။

ညအခါမှာ လာနေတဲ့ ရထားတွေ ဒီလောက်များနေတော့ မောင်ငယ်လေးခမျာ မအိပ်ရဘဲ မိုးစင်စင် လင်းခဲ့ရတဲ့ ညပေါင်းလည်း များခဲ့ပါပြီ။ တကယ်လို့များ အိပ်ပျော်သွားလို့ ရထားတွေ ရပ်ကုန်တယ်ဆိုရင် အရေးယူတာခံရမှာပါ။ ဘယ်လိုဖြစ်စဉ်နဲ့ တူနေလဲ ဆိုတော့ ညစောင့်လုံခြုံရေး တစ်ယောက်က သူ့ရဲ့ သူဌေးကို "ဆရာ-ဆရာဒီနေ့ ခရီးမသွားပါနဲ့လား"လို့ ပြောတော့ သူ့ သူဌေးက "ဘာဖြစ်လို့လဲ"လို့ ပြန်မေးတယ်။ ညစောင့်လုံခြုံရေးက "ဆရာခရီးသွားရင်း အသက်အန္တရာယ်ဖြစ်တယ်လို့ ကျွန်တော် အိမ်မက်မက်လို့ပါ" လို့ ပြောတော့၊ သူဌေးက ညစောင့်လုံခြုံရေးကို ကျေးဇူးတင်မဲ့ အစား တစ်ခါတည်း အလုပ်ကထုတ်ပစ်တယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ အိမ်မက် မက်တယ်ဆိုတာ ညစောင့်လုံခြုံရေးက အိပ်လို့သာ အိမ်မက်မက်တာကြောင့် ပါ။ ညစောင့်ရတဲ့ လုံခြုံရေးက အိပ်ရင် အလုပ်က ထုတ်ပစ်တာကို ခံရသလို ညရုံ့ပိုင်လည်း အိပ်ရင်အရေးယူခံရမှာဘဲ။

မောင်ငယ်လေး ခနေနဲ့ ညအလုပ်ဆင်းချိန် အိပ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



ခံပြီး အလုပ်ဆင်းနိုင်အောင် အလုပ်အားတဲ့နေ့ဘက် အချိန်မှာ အိပ် ရေးဝအောင် အိပ်ရပါတယ်။ နံနက် (၆) နာရီ Duty ကထွက်ချိန်မှာ နံနက်စာ စားသောက်ပြီးတာနဲ့ တန်းအိပ်ပါတော့တယ်။ နေ့လယ် (၁၂) နာရီလောက်မှာ အိပ်ယာက ခဏထပြီး နေ့လယ်စားပါတယ်။ နေ့လယ်စားပြီးတာနဲ့ အိပ်ယာထဲ ပြန်ဝင်ပြီးအိပ်တာ ညနေ(၄) နာရီလောက်နိုးပါတော့တယ်။ မောင်ငယ်လေးတို့လို ညရုံပိုင်လေးတွေခမျာ နေ့နှင့်ည မှားနေရတာပါ။ မွေးကင်းစကလေးငယ်များလို မီးခွက်ထွန်းပြီး ရေချိုးရမလို ဖြစ်နေပါတယ်။ နေ့ခင်းမှာ အိပ်ရေးဝအောင် အိပ်ထားမှ ညအချိန်မှာ ခေါင်းကြည်ပြီး အလုပ်လုပ်လို့ ရပါတယ်။ နေ့ခင်းမှာ အိပ်ရေးဝအောင် မအိပ်ထားရင် ခေါင်းတွေကိုက်ပြီး ကြောင်တောင်တောင် ဖြစ်တတ်ပါတယ်။ ရထားများရဲ့ သွားလာရေးကို စီစဉ်ဆောင်ရွက်တဲ့ အချိန်မှာ ကယောင်ကတမ်းနဲ့ အယောင်ယောင် အမှားမှားလုံးဝလုပ်လို့ မရပါ။ လုပ်ရင် ကြီးကျယ်တဲ့ မတော်တဆမှုတွေ ဖြစ်နိုင်ပါတယ်။ (၁၂.၉.၁၉၆၅) ရက်နေ့က ကျေးတောဘူတာမှာ ရထားချင်း တိုက်မိလို့ ဘာဝန်ကျညရုံပိုင် ထောင်ကျဖူးပါတယ်။ ဒါကြောင့် သင်တန်းကျောင်းတုန်းက သင်တန်းဆရာကြီးပြောခဲ့ဖူး စကားကို ပြန်သတိရပြီး "ဆရာရေ ရုံပိုင်ဆိုတာ ထောင်နှုတ်ခမ်းကို နင်းနေတဲ့ သူဆိုတာ သိပ်မှန်တာပါဘဲ" လို့ ပြောပြချင်ပါတော့တယ်။

ရထားဝန်ထမ်းတစ်ဦး

အုန်းတင်ငြိမ်း

## လေယာဉ်ပန်ကာခေါင်းဝင်ဆောင့်၍ လူတစ်ဦးသေဆုံး

အမေရိကန်နိုင်ငံ ကာလီဖိုး နီးယားကောင်ဘက်၊ ဆန်ဒီဂို ဒေသ ဂေးလ်ပိုက်လေယာဉ်ကွင်းတွင် လူတစ်ဦး၏ ခေါင်း ကိုလေယာဉ်ပန်ကာနှင့် ရိုက်မိ ပြီး ဒဏ်ရာပြင်းထန်စွာရသဖြင့် ဆေးရုံသို့ ပို့ခဲ့သော်လည်း သေဆုံးခဲ့ရကြောင်း သတင်းတွင် ဖော်ပြထားသည်။

မစ္စတာ စမစ်(၅၀) နှစ်သည် လက်လှည့်ဂေါက်တန် သုံးပြီး ပိုက်ပါချိုကီ အမျိုး လေယာဉ်ကို ပြင်ဆင်နေစဉ် စက်ထနိုးပြီး ပန်ကာလည်ရာမှ ဦးခေါင်းနှင့် မလွတ်ဘဲ ပြင်းထန်စွာ ထိခတ်မိသည်၊ ဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံပို့သော်လည်း တစ်ခဏခြင်း မှာပင် သေဆုံးခဲ့ရသည်။

*ညှိမင်းလွင်(မော်ကျွန်း)*

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သန်းမြင့်ဦး

# သူတော်စင်နှင့်ကျားဆိုး

ကျားဆိုးတစ်ကောင် သောင်းကျန်းနေသည်။ အိန္ဒိယပြည်နယ်၊ ဂင်္ဂါမြစ်အနီး ပီးရတ်ကာဒါလ်တော အုပ်အလယ်ရှိ ရွာငယ်လေးတစ်ရွာတွင် ဖြစ်သည်။ ထိုကျားဆိုးသည် ရွာထဲရှိ ကျွဲနွားတိရစ္ဆာန်မကျန်၊ ကလေးသူငယ်လူကြီးအားလုံး တွေ့ရာ ဝင်ဆွဲ၍ စားသောက် နေခဲ့၏။ ယင်းသို့ သောင်းကျန်းနေသည့် ကျားဆိုးကြီး၏ အန္တရာယ်ဘေးမှ လွတ်ကင်းအောင် ကာကွယ်ပေးမည်ဟု ဆိုခဲ့သူမှာလည်း အခြားသူမဟုတ်ပေ။ ကိုယ်ခန္ဓာအောက်ပိုင်းတွင် နံငယ်ပိုင်လေးမျှသာ ဖုံးလွှမ်းထားပြီး တောင်ဝှေးတစ်ချောင်းဖြင့် ရွာစဉ်ကိုးပေါက် လျှောက်၍ အလှူခံစားသောက်နေသည့် ဆာဒူးခေါ် သူတော်စင်တစ်ဦး ဖြစ်သည်။

သည်အကြောင်း အရာတွေကို ကျွန်ုပ်စစ်ဘပ် လေ့ကျင့်ရေးတပ်ဖွဲ့နှင့်အတူ ထိုရွာသို့ ရောက်နေစဉ် ရွာသားများ၏ ပြောပြချက်အရ သိရှိခဲ့ရခြင်းဖြစ်သည်။ အချိန်ကာလက ၁၉၄၂ ခုနှစ် မတ်လတွင်ဖြစ်သည်။ တစ်ခုတော့ ထူးဆန်းသည်။ ရွာသားများသည် ထိုကျားဆိုးကြီးနှင့် ပတ်သက်၍လည်းကောင်း၊ ထိုသူတော် ဆာဒူးကြီးနှင့် စပ်လျဉ်း၍လည်းကောင်း၊ စိတ်ထဲမှာ သိတ်ပြီး အလေးအနက် မထားကြပေ။

သို့တစေ…

ကျွန်ုပ်ကတော့မူ ထိုကျားဆိုးကြီးအန္တရာယ်ကို ဖယ်ရှားလိုစိတ်ဖြစ်မိသည်။ ကံအားလျော်စွာပင် တစ်နေ့တွင် ထိုကျားဆိုးကြီးအား ဖယ်ရှားပေးရန် အကူအညီတောင်းခံလာသောကြောင့် ကျွန်ုပ်ကလည်း အလွယ်တကူပင် ဦးခေါင်းညိတ်၍ သဘောတူညီလိုက်မိပါ၏။

နေဝင်ရီတရော အချိန်၏ တစ်ညနေခင်းတွင် ဖြစ်သည်။ ကျွန်ုပ်သည် မြင်းတစ်စီး ရိုင်ဖယ်တစ်လက်ဖြင့် တစ်ကိုယ်တည်း ထွက်ခဲ့ရာမှ ဂင်္ဂါမြစ်စပ်နားသို့ အရောက်တွင် မြင်းပေါ်မှ ဆင်းကာ ကုန်းကမူလေး တစ်ခုပေါ်တွင် ထိုင်ပြီး တသွင်သွင်စီးဆင်းနေသည့် မြစ်ရေအလျဉ်ကို အရသာခံကြည့်နေစဉ်ပ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဦးနောက်အနေအထားမမှန်သည့် သူရူးတစ်ယောက်က ဘေးနားမှလာ၍ ထိုင်ခဲ့ရာမှ ကျွန်ုပ်အားမေးခွန်းထုတ်လာသည်။ ကျွန်ုပ်သည်ရွာသို့ရောက်လာခြင်းမှာ ကျားဆိုးကြီးအား ဖမ်းဆီးဖို့လားဟု။ ကျွန်ုပ်ကလည်း ဟုတ်မှန်ကြောင်း ဦးခေါင်းညိတ်ပြပြီး အဖြေပေးလိုက်မိသည်။ ဤမှာပင်ထိုသူက ပြောကြားလာသည်မှာ ကျားဆိုးကြီးအား ဖမ်းဆီးဖို့ဆိုတာ လွယ်ကူမည်မဟုတ်ကြောင်း၊ အမှန်တော့ ထိုကျားဆိုးကြီးမှာ ဆာဒူးကြီးက ကျားဆိုးအသွင် ဖန်ဆင်းထားသည့် သမန်းကျားမျှသာ ဖြစ်ကြောင်း ပြောပြီး ကျွန်ုပ်၏အပါးမှ ထွက်ခွာသွားလေ၏။

ကျွန်ုပ်မှာကြားလိုက်ရသည့် စကားတို့ကြောင့် အခိုက်အတန့်မျှ တွေဝေငေးငိုင်သွားမိသည်။ ထိုအချိန်မှာပင် ကျားဟိန်းသံတစ်ချက်ကို ကြားလိုက်ရသည်။ အသံကြားရာဘက်ဆီသို့ လှမ်းကြည့်လိုက်ရာ ကိုက်တစ်ရာခန့်အကွာ အဝေးလောက်ဆီမှ ဆောင့်ကြောင့်ကြီးထိုင်၍ စူးစူးဝါးဝါးစိုက်ကြည့်နေသည့် ကျားဆိုးသတ္တဝါကြီးကို မြင်တွေ့လိုက်ရသည်။ ကျွန်ုပ်ခေါင်းနပန်းကြီးသွားခဲ့ရာမှ နံဘေးတွင်ချထားသည့် ရိုင်ဖယ်သေနတ်ကို ကောက်ယူပြီး ထိုကျားဆိုးကြီးဆီသို့ ထိုးချိန်လိုက်မိသည်။

သို့တစေ....

အံ့သြဖွယ်ကောင်းလှစွာပင် ထိုကျားဆိုးကြီးမှာ ကျွန်ုပ်မြင်ကွင်းမှ ပျောက်ကွယ်သွားပြီး ထိုကျားဆိုးကြီးအစား တောင်ဝှေးထောက်၍ ရပ်နေသည့် ဆာဒူးဆိုသည့် လူပုဂ္ဂိုလ်ကြီးကိုသာ တွေ့မြင်လိုက်ရသည်။ ကျွန်ုပ်ကြည့်နေစဉ်မှာ ပင်ဆာဒူးကြီးသည် ကျောခိုင်း ထွက်ခွာသွားခဲ့ရာမှ ကျွန်ုပ်မြင်ကွင်းဆီကနေ ပျောက်ကွယ် သွားတော့သည်။ ထိုဖြစ်ရပ်ကြောင့် သူရူးပြောဆိုသကဲ့သို့ ဆာဒူးသည် ကျားဆိုးအသွင် ဖန်တီးတတ်သည်ဆိုသည့် စကားကို ယုံကြည်ရတော့မည်ကဲ့သို့ ရှိသည်။

ရွာထဲသို့ ပြန်ရောက်သည်နှင့် ထိုအဖြစ်အပျက်ကို ရွာသားများအား အကျိုးကြောင်း ပြောပြအကူအညီတောင်းခံပြီး ထို ကျား



www.burmeseclassic.com

www.burmeseclassic.com



**သစ်ရွက်ခြောက်တွေကို ချွတ်နင်း လျှောက်လှမ်းလာနေသည့် ခြေသံလုံလုံကို ကြားလိုက်ရသလို**



ဆိုးကြီးကို ထောင်ချောက်ဆင်ဖမ်းဆီးဖို့ ပြင်ဆင်မှုတွေ ပြုရပါတော့၏။

ထိုညတွင်ပင် ဆိတ်ကလေးတစ်ကောင်ကို သစ်ပင်တစ်ပင်တွင် ကြိုးဖြင့်ချည်၍ ကျွန်ုပ်နှင့်အတူ ရွာသားသုံးယောက်သည် မမြင်ကွယ်ရာကနေစောင့် ချောင်းမြောင်းနေလိုက်ကြသည်။ ကျွန်ုပ်သည် ရိုင်ဖယ်သေနတ်၏ လုံခြုံရေးခလုတ်ကိုလည်း အဆင်သင့်ဖွင့်ထားလိုက်၏။ ထိုနေရာတစ်ဝိုက်တွင် မှောင်နေသည်ဆိုသော်လည်း လရောင်ရှိနေသောကြောင့် နည်းနည်း တော်သေးသည်ဟု ဆိုရပေမည်။

◆◆◆◆◆

**အခန်း (၂)**

ညဉ့်နက်လာသည်နှင့်အမျှ မျက်လုံးတွေ မှေးစင်းလာပြီး အိပ်ငိုက်ချင်လာသည်။ ထိုအချိန်မှာပင် သစ်ရွက်ခြောက်တွေကို ချွတ်နင်းလျှောက်လှမ်းလာနေသည့် ခြေသံလုံလုံကို ကြားလိုက်ရသလို ကြိုးဖြင့်ချည်နှောင်ထားသည့် ဆိတ်ကလေးမှာလည်း နှုတ်မှ အော်မြည်ပြီး ကိုယ်လွတ်ရုန်းဖို့ ကြိုးစားအားထုတ်နေတော့၏။

ကျွန်ုပ်လည်း မျက်စိကို ကျယ်ကျယ်ဖွင့်ထားလိုက်ရာ လရောင်ရိပ်ဖြင့် ထိုကျားဆိုးကြီးကို မြင်တွေ့လိုက်ရသည်။ ကျွန်ုပ်လည်း ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ဘဲ သေနတ်မောင်းခလုတ်ကို ဖြုတ်ချလိုက်ရာ ဒိုင်းခနဲမြည်သံတစ်ချက်နှင့်အတူ ထိုကျားဆိုးကြီးထံမှ နာနာကျင်ကျင် အော်မြည်သံ ထွက်ပေါ်လာ၏။

ထိုအထိနာသွားသည့် ထိုကျားဆိုးကြီးသည် နောက်ကြောင်းပြန် လှည့်ပြေးလေတော့၏။ ကျွန်ုပ်လည်း အလျင်အမြန်ပင် ထိုကျားဆိုးကြီး နောက်သို့ လိုက်ခဲ့မိသည်။ သို့သော် လမ်းကွေ့ အနီးတစ်ခုသို့ အရောက်တွင် ထိုကျားဆိုးကြီးမှာ မြင်ကွင်းထဲကနေ ပျောက်ကွယ်သွားတော့၏။ ထိုအစား ရှေ့သို့ တစ်ရွေ့ရွေ့ဖြင့် လျှောက်လှမ်းသွားနေသည့် ဆာဒူးကိုတွေ့လိုက်ရာ ကျွန်ုပ်က "ဟေ့လူ အဲဒီမှာတင်ရပ်လိုက်စမ်း" ဟု အော်ပြောလိုက်မိသည်။ ဆာဒူးက ကျွန်ုပ်ဘက်သို့ လှည့်၍ "မောင်ရင်က ဟိုကျား

www.burmeseclassic.com



ကြီး ကိုတွေ့ချင်လို့ မဟုတ်လား။ အဲ သလိုဆို ကျုပ်နောက်ကနေ လိုက်ခဲ့လေ" ဟု ပြောပြီးရှေ့သို့ ဆက်လက်လျှောက်သွားရာ ကျွန်ုပ်လည်း ရင်တထိတ်ထိတ်နှင့် မလှမ်းမကမ်းမှ လိုက်ခဲ့မိသည်။

မကြာမီမှာပင် မီးအိမ်လေး ထွန်းညှိထားသည့် တဲအိမ်လေး တစ်လုံးကို မြင်တွေ့လာရသည်။ ထိုတဲအိမ်ရှေ့သို့အရောက်တွင် ဆာဒူးကြီးသည် ခြေလှမ်းအစုံကို ရပ်တန့်လိုက်ပြီး မြေပြင်တွင် သေနတ်ဒဏ်ရာကြောင့် အသက်ပျောက် သေဆုံးနေသည့် ကျားဆိုးပြီးဆီသို့ လက်ညှိုးထိုးပြလျက် "အဲဒီမှာလေ မောင်ရင်တို့ကို ဒုက္ခပေးနေတဲ့ ကျားသတ္တဝါကြီး အခုတော့ သွားပြီပေါ့လေ။ သူ့ကို သုံးလသားအရွယ်ကတည်းက မွေးလာတာ၊ ငယ်ငယ်တုန်းကတော့ လိမ္မာတာပေါ့ကွယ်။ အင်းကြီးလာတော့လည်း ကျားဟာ ကျားပါပဲလေ။ သူ့ကိုကျုပ် အမျိုးမျိုး အကာအကွယ်ပေးဖို့ ကြိုးစားပေမယ့် ဘယ်လိုမှ မရတော့ဘူးလေ" မျက်ရည်တစ်ဝဲဝဲနှင့် ပြောပြလေ၏။ ကျွန်ုပ်လည်း စိတ်မကောင်းခြင်းကြီးစွာဖြင့် သက်ပြင်းတစ်ချက်ကိုသာ အသာချလိုက်မိပါ၏။

**သန်းမြင့်ဦး**

**Ref: The Sadhu Secret**

**By Peter Hall**

**Wide World Magazine မှ**

**ပြန်ဆိုသည်။**

## ပါကစ္စတန်နိုင်ငံတစ်လွှား (ဇန်မှ မတ်) ထိမုံး (၅၄) ကြိမ်ခွဲ

ပါကစ္စတန်နိုင်ငံအနှံ့အပြား တွင် (၂၀၁၃) ပထမကွာတာ- ဇန်နဝါရီမှ မတ်လအတွင်း အသေခံဗုံးခွဲမှု အပါအဝင် ဗုံး ပေါက်ကွဲမှု (၅၄) ကြိမ်ဖြစ်ပွား ပြီး လူပေါင်း (၅၃၇)ဦး သေဆုံး ခဲ့သည်။ ခြေလက်အင်္ဂါချို့ယွင်း ဒုက္ခိတဖြစ်ရသူပေါင်း (၁၅၅၇) ဦး ရှိခဲ့သည်။ ဖေဖော်ဝါရီလက ဖောက်ခွဲသော ဗုံးမှာ အပြင်းထန် ဆုံးဖြစ်သည်။ ရေသယ်ဘောက်ဆာကားပေါ်တွင် ပြင်းအား (၁၀၀၀) ကီလိုရှိသော ဗုံးကို တင်လာပြီး လူစည်ကားရာ ဟင်းသီးဟင်းရွက် ဈေးအတွင်း ကားဗုံးခွဲသဖြင့် (၈၉) ဦး သေပြီး (၁၇၀) ဒဏ်ရာရခဲ့ကြသည်။

**ညီမင်းလွင်**

**Ref-Internet News**

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





# ထောင်ဘဝ အတွေ့အကြုံ



၁။

ကျွန်တော်က အဆောင်ငါး ကျဆောင်တွင် ဘုရားဘုတ်ကိုင်အဖြစ် တာဝန်ယူရပြီး အဆောင်ငါးပုံစံခန်း၌ နေရ၏။ ပုံစံခန်းက အခြားအခန်းများနှင့်မတူ။ အကျဉ်းသားပုံမှန်မရှိဘဲ အမြဲအဝင်အထွက်ရှိသည်။

အခန်းလူကြီး ပုံစံပြ၊ အခန်းစာရေးနှင့် ကျွန်တော်သည်သာ ပုံစံခန်း၏ ထာဝရပင်တိုင် ဖြစ်၏။ ကျသစ်ဝင်သည့်နေ့တွင် ပုံစံခန်း၌ လူများပြီး တစ်ရက်၊ နှစ်ရက်တွင် အခြားအခန်းများသို့ လွှဲပြောင်းပေးပို့ရ၏။

ဒီနေ့က ကျွန်တော်နေသည့် ကျဆောင် (၅) ကျသစ်ဝင်မည့်နေ့ဖြစ်သဖြင့် မနက်ကတည်းက လူတွေခွဲပေးပြီးပြီ။ ထို့ကြောင့် ကျွန်တော်တို့ လေးဦးသာ ကျန်ခဲ့၏။ ညနေ (၅) နာရီနောက်ပိုင်း ကျသစ်ဝင်မည်။

တရားရုံးအသီးသီးမှ အမိန့်ချခဲ့သည့် အကျဉ်းသားများအား တင်ဆောင်လာသည့်လမ်းကြောင်းကားများသည် လေးနာရီနောက်

www.burmeseclassic.com

www.burmeseclassic.com



အောင်မြတ်ဦး

# လင်မယားတွေ ရန်မဖြစ်ကြနဲ့

ပိုင်း ဗဟိုအကျဉ်းထောင်သို့ စတင်ဝင်ရောက်လာခဲ့ပြီး ကျသစ်များအား ထောင်ကျရုံးတွင် စစ်ဆေးမှတ်တမ်းတင်သည်။

လမ်းကြောင်းကားများ ဆိုလျှင် ကျသစ်များအား ကျဆောင်ဆီသို့ ခေါ်ယူလာခဲ့သည်။ သို့သော် ကျဆောင်တွင်းသို့ ချက်ချင်း မပို့သေး။ မိန်းဂျေးတွင် စစ်ဆေးမှုများပြုသည်။ ပြီးမှ ကျဆောင်သို့ ပို့ခြင်းဖြစ်သည်။



မိန်းဂျေးမှ ထောင်ကျ၊ အချုပ်ခွဲသည်။

၂။

ညနေ (၆) နာရီကျော်ပြီဖြစ်သည်။

လောက ရင်ပြင်တွင် အမှောင်သည် ကျူးဝင်စပြုပြီ။ ထောင်တွင်း၌ ဝါကျင့်ကျင့် မီးရောင်သည် မရဲတရဲလင်းလက်နေ၏။ ကျသစ်ရောက်သည့်နေ့သည် အခန်းလူကြီး ဦးပေါစိန်နှင့် ကျွန်တော် ရင်ခုန်မောရသည့်နေ့ ဖြစ်၏။

အခြားကြောင့်မှုမဟုတ်။ ကျသစ်ဝင်မည့်နေ့တွင် ကျွန်တော်နှင့် အခန်းလူကြီးသည် ကျသစ် အဝင်နည်းပါစေဟု ဆုတောင်းကြရင်း ဆုတောင်းမပြည့်လျှင် ရင်မော၊ သက်ပြင်းချရ၏။

"ဒီနေ့ကော ကျသစ်အခြေအနေ ဘယ်လိုဖြစ်မယ် ထင်လဲ စာရေးဆရာ"

"နည်းပါစေလို့ ဆုတောင်းနေပါတယ် အခန်းလူကြီး"

"ဟုတ်တယ်။ ကျွန်တော်လည်း ဒီလိုပဲ ဆုတောင်းနေတာပါ"

သို့သော် ကျွန်တော်တို့ ဆုတောင်းမပြည့်ကြောင်း မိန်းဂျေးဘက်မှ ပြန်လာသည့် ပုံစံပြုစံချိန်က ...

"အခန်းလူကြီးနဲ့ စာရေးဆရာတို့ ဆုတောင်းမပြည့်ဘူးဗျို့။ ဒီနေ့ ဝင်လာမယ့် ကျသစ်က ငါးဆယ်ကျော်တယ်"

ဟူ၍ ပြောရင်း အခန်းတွင်းသို့ ဝင်လာ၏။

"ကျွန်တော်တို့ ဆုတောင်းမပြည့်ပါလား ဦးပေါ"

"လူတွေကလည်း လောဘ၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါသ၊ မောဟနဲ့ မာန်မာနတွေ များနေတာကို"

ပုံစံပြစံအချိန်က ...

"ဒါတွေလျှော့နည်းသွားအောင်၊ မဖြစ်သင့်တာတွေ မဖြစ်အောင် စာပေနဲ့ အကျိုးပြုလိုက်ပေါ့ အာစရိရယ်"

ဟု ပြောသည်။

အချိန်က နည်းလာပြီ။

မှောင်ရိပ်သည် ပီပြင်စွာ တိုးဝင်လာပြီ။

◆◆◆◆◆

သည်နေ့ဝင်လာသည့် ကျသစ်သည် စုစုပေါင်း (၅၃) ဦး ဖြစ်၏။ သို့သော် ကံကောင်းသည်ကနေ့ရောက်လာမည့် ကျသစ်များထဲ၌ အမှုကြီး ကျူးလွန်သူ မပါချေ။

ခိုးမှု၊ ထိခိုက်နာကျင်နှင့် အခြေအနေမဲ့ အများဆုံး ဖြစ်သည်။ ဘာကြောင့် အခြေအနေမဲ့များနေသနည်း။ ဒီလူတွေသည် တကယ့်အခြေအနေမဲ့များလား။

ထို့ကြောင့် သည်ကနေ့ ကျသစ်အဖြစ် ရောက်ရှိလာသည့် အခြေအနေမဲ့ အကျဉ်းသား (၁၅) ဦးအနက် အားလုံးအား စူးစမ်း

**ခိုးမှု၊ ထိခိုက်နာကျင်နှင့် အခြေအနေမဲ့ အများဆုံးဖြစ်သည်။ ဘာကြောင့် အခြေအနေမဲ့ များနေသနည်း။ ဒီလူတွေသည် တကယ့် အခြေအနေမဲ့များလား။**

မေးမြန်းကြည့်သည့်အခါ ထူးခြားသည့် (၃၀ ဃ) သတ်တီးဒီ ကျသစ်အကျဉ်းသားတစ်ဦးအား တွေ့ရ၏။

သူ့အမည်က အောင်ဌေး ဖြစ်သည်။

အောင်ဌေးသည် အသားမည်းမည်း၊ ပိန်ပိန်။ အရပ်တကာလှည့် မီးခြစ်ဂက်(စ်)ထည့်၊ ထီးပြင်သူဖြစ်သည်။ သူက သံလျင်တရားရုံးမှ သတ်တီးဒီ (အခြေအနေမဲ့)ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်လ ကျခံရသူဖြစ်သည်။

ပုံစံပြပြီး၍ ည ဘုရားရှိခိုးပြီး အိပ်ရာဝင်ချိန်၌ ကျွန်တော် အောင်ဌေးကို ခေါ်တွေ့ခဲ့သည်။ အောင်ဌေးက ခပ်ရို့ရို့ကလေး ကျွန်တော့်ရှေ့သို့ ရောက်လာ၏။

"ကျွန်တော် ဘာလုပ်ပေးရမလဲ ဆရာ"

သူကမေးသည်။

ဒါက ထောင်ထုံးစံပင်။ ထောင်မှာက ထောင်သားချင်းချင်း အုပ်ချုပ်သည့်စနစ်ကို နယ်ချဲ့က အသက်သွင်းပေးခဲ့သဖြင့် အချင်းချင်း ကြောက်နေ၏။

ဘုတ်ကိုင်များသည် ထောင်

www.burmeseclassic.com

www.burmeseclassic.com





အာဏာပိုင်တို့၏ လူအဖြစ် သိထားကြသလို ထိုသူများ ငြိုငြင်မည်ကိုလည်း စိုးရိမ်ကြ၏။

“မင်းကို ခိုင်းဖို့ခေါ်တာ မဟုတ်ပါဘူး။ မေးစရာရှိလို့ပါ”

သူ့အား အပြုံးနှင့်ပြောရ၏။ ကွဲတစ်ကောင် သူ့အားပေးလိုက်သည်။ ‘ကွဲ’ က ထောင်တွင်း၌ လိပ်၍ရောင်းသည့် ဆေးလိပ်ဖြစ်သည်။

ထောင်မှာက ဆေးလိပ်သည် ငွေတစ်မျိုးပင်။

“ကျေးဇူးပဲ ဆရာ”

သူက ရိုသေစွာ လှမ်းယူရင်း ကျေးဇူးစကားပြောသည်။ ‘ရပါတယ်’ ကျွန်တော် ဒါပဲပြောပြီး ...

“မင်းက ပုဒ်မသတ်တီးဒီနဲ့ကျတာနော်”

“ဟုတ်ပါတယ်”

“ဘယ်လိုဖြစ်တာလဲ... တကယ်ကော အခြေအနေမဲ့လား”

သူက ပြုံးပြီး ... “ကျွန်တော်က သားနဲ့မယားနဲ့၊ အိမ်နဲ့ယာနဲ့ပါ” ဟု ပြော၏။

“ဟ ... ဒါဆို ဘာကြောင့် သတ်တီးဒီအခြေအနေမဲ့ဖြစ်တာလဲ”

စင်စစ် မေးသာ မေးရသည်။ ဒီကနေ အခြေအနေ (ထိုစဉ်က) သတ်တီးဒီသည် ယခင်က ပုလိပ်အဖွဲ့ကိုင်ဆွဲထားသည့် ‘၅၄ မသင်္ကာ’ လို ပုဒ်မမျိုးဆိုသည်ကို ကျွန်တော် အထိုက်အလျောက် နားလည်သည်။ ထို့အတူပင် သူ သတ်တီးဒီဖြစ်ရခြင်း အကြောင်းရင်းအား သိချင်လာသည်။

အကြောင်းတစ်ခုလည်း ရှိနေမည်ပင်။

သူက “ကျွန်တော် ဖြစ်စဉ်ကို ပြောပြပါ့မယ်” ဟု ပြောသည်။ ထို့နောက် သူ့ဖြစ်စဉ်ကို ပြောပြသည်။ တကယ်ကို စိတ်ဝင်စားစရာ၊ စိတ်ပျက်စရာ။

လောကကြီးက ပျက်နေသည်လား၊ လူတွေပျက်နေသည်လား။

၃။

အောင်ငွေးက နွေရာသီဆို အရပ်တကာလှည့်ပြီး ဂက်စ်မီးခြစ်ထည့်သည့်အလုပ် လုပ်သကဲ့သို့ မိုးရာသီဆို အရပ်တကာလှည့်၍ ဂက်စ်ထည့်သည့်အလုပ် မလုပ်တော့ပါ။ ရပ်ကွက်ထိပ်၌ ယာယီတဲကလေးထိုးပြီး ထီးပြင်၊ ဂက်စ်ထည့်သည့် အလုပ် လုပ်သည်။

ဒါက နိစ္စဓူဝအလုပ်။

ထို့အပြင် သူ လုပ်သည့် နိစ္စဓူဝအလုပ်တစ်ခု ရှိသေးသည်။ အခြားမဟုတ်။ မိုးချုပ်လျှင် အိမ်ပြန် ချစ်ဇနီးကို အိမ်စရိတ်ပေး၊ အရက်ဖိုးယူ၊ အရက်သွားသောက်၊ နောက် အိမ်ပြန်လာ၊ အရက်ဖိုးထပ်တောင်း၊ ထပ်သောက်၊ ပြီးတော့ အိပ်။ ဒါပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ကလည်း လုပ်နေကျ အတိုင်း အောင်ဌေး လုပ်သည်။ ဖြစ်ချင်တော့ ဒီညက ချစ်ဇနီး ဗီဒီယိုရုံရောက်နေသည်။ ကျော် ဟိန်းကား ကောင်းလို့တဲ့။

ဗီဒီယိုရုံမှာ အရက်ဖိုး လိုက် တောင်းတော့ ဇနီးနှင့် ပြဿနာ ဖြစ်သည်။ ဒီပြဿနာက အိမ်ထိ ပါလာသည်။ ရန်ဖြစ်ကြသည်။

သူက မူးနေသဖြင့်မလျှော့။ ရန်ဖြစ်ချိန် ကြာသွားသည့်ကို တော့ သိသည်။ ဇနီးကလည်း ဂုန်းဒိုင်းကြဲ၊ ကလေးတွေက လည်း တရှုံ့ရှုံ့ငိုလို့။

ထိုအချိန် ဦးလင်းအောင် ရောက်လာသည်။ ဦးလင်းအောင် က လမ်းမှူး။ ရန်မဖြစ်ဖို့၊ တော် ကြဖို့ ပြောသည်။ အောင်ဌေးတို့ ကလည်း ရှေ့မကြည့် နောက် မကြည့်။ သူက အထာမသိသူ။

ဦးလင်းအောင် ဒေါသဖြစ် သွားသည်။

"အေး ... မင်း လင်း အောင်အကြောင်း သိမယ်"

"သိ ဗလိပေါ့။ ဂရုမစိုက် ဘူး"

အောင်ဌေး အငေါ်တူး လိုက်သည်။ ပြီးတော့ ဆက် သောင်းကျန်းသည်။ ထိုစဉ် ရဲကင်းမှရဲတွေ ရောက်လာသည်။ အောင်ဌေးကို ခေါ်သွားသည်။ ရဲကင်းမှာထားပြီး ည တစ်နာရီ ခန့်မှာ ရဲစခန်းခေါ်သွားသည်။

◆◆◆◆◆

"မင်း အခုထောင်ကျတာ ဒီအမှုလား"

အောင်ဌေးက ပြုံးပြီး ...

"ဟုတ်တယ်။ ဒီအမှုနဲ့ မနက်မှာ ရုံးတင်တယ်။ ကျွန်တော့် ကို သတ်တီးဒီနဲ့ စွဲချက်တင် တယ်။ ငြင်းရင် တစ်နှစ်တဲ့၊ ဝန်ခံ ရင် တစ်လဆိုလို့ ကျွန်တော် ဝန်ခံ လိုက်တယ်"

ဟု ပြောသည်။

"သြော် ... မင်းအဖြစ်က လင်မယားရန်ဖြစ်လို့ သတ်တီးဒီ အခြေအနေမဲ့ ဖြစ်သွားတယ်။ ထောင်တစ်လကျတယ်။ ဒီလို ပေါ့"


သူက မျက်နှာငယ်ကလေး နှင့် "ဟုတ်တယ် ဆရာ" ဟု ဖြေသည်။ ကျွန်တော်က ပြုံးပြီး "နောက်ဆို မင်း မြဲမြဲမှတ်ထား။ လင်မယားရန်မဖြစ်နဲ့။ လင်မယား ရန်ဖြစ်ရင် အခြေအနေမဲ့ သတ်တီ ဒီနဲ့ ထောင်တစ်လ ကျနိုင်တယ်။ ကြားလား" ဟု ပြောလိုက် သည်။

အခန်းလူကြီးက ...

"စာရေးဆရာကတော့ လုပ်ပြီ" ဟု ပြောသည်။ သည် အခိုက် အသံတစ်သံက ကျယ် လောင်စွာတိုးဝင်လာသည်။

"အားလုံး ကောင်းပါ သည် ခင်ဗျား"

စာပေသစ္စာဖြင့်
**အောင်မြတ်ဦး**



www.burmeseclassic.com

www.burmeseclassic.com






ရေသန့်ပို့သမား ယောင်ဆောင်ထားတဲ့ သူခိုးဖိုးလုံး
တန်ဖိုးရှိဟန်ဆောင်ထားတဲ့ ရွှေဆွဲကြိုးတစ်ကုံး
သူတို့တွေ ဥပဒေရဲ့ လမ်းမပေါ်မှာ ဆုံမိကြပြီ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မောင်အေးနှစ်(ပညာရေး)

# သူခိုးဖိုးလုံးနှပ်ပစ်ခံရခြင်း

(၁)

"ပွဲတကာပွဲနွှဲလာတာ၊ ဒီတစ်ပွဲကျမှနှပ်ပစ်ခံရတယ်ကွာ"

ဖိုးလုံးတစ်ယောက် စိတ်ထဲမချင့်မရဲနှင့် မကျေမနပ်ဖြစ်နေသည်။ ဖြစ်မည်ဆိုလည်း ဖြစ်လောက်စရာပင်။ ဖိုးလုံးလောကမှာ အခုလို တစ်ခါမှ မဖြစ်ဘူး၊ အမြဲတမ်း အဆင်ချောခဲ့သည်၊ အောင်မြင်ခဲ့သည်။ ပြဿနာဖြစ်ဖို့မဆိုထားနှင့် သူ့ကိုမည်သူမျှပင် သံသယမျက်လုံးနှင့် မကြည့်ခဲ့ကြ။ ထို့သို့ အကြည့်မခံရအောင်လည်း ဖိုးလုံးက နေတတ်၊ လုပ်တတ်သည်။ ပိရိသည်၊ကျစ်လစ်သည်။

သူ့အလုပ်က အလစ်သုတ်သည်၊ အိမ်များကို ဖောက်ထွင်းခိုးသည်။ ဘော်ဒါမရှိ တစ်ကိုယ်တော်လှုပ်ရှားသည်၊ တစ်ဖွဲ့တည်း လိုမ့်နေတတ်သည်။ ဘော်ဒါထားလျှင် ဇယားကပ်တတ်သည်။ ပြဿနာပေါ်တတ်သည်။ ပြည့်သူ့ရဲတွင် သူခိုးစာရင်းအတင်ခံလိုက်ရလျှင် လုပ်ကိုင်စားဖို့ မချောင် 'ဒါကို ဖိုးလုံးသဘောပေါက်သည်။

"အလစ်သုတ်တယ် … ခိုးတယ်ဆိုတာ … လွယ်ကူတဲ့အလုပ်မဟုတ်ဘူး။ အရမ်းလုပ်လို့မရဘူး။ သတ္တိလည်းရှိရမယ်၊ ဉာဏ်နီဉာဏ်နက်လည်း သုံးရတယ်၊ အကင်းလည်းပါး လျင်လည်းလျင်ရတယ်၊ ကျွမ်းကျင်မှုလည်းရှိရတယ်။ အရေးအကြီးဆုံးကတော့ ကြိုတင်လေ့လာမှုနဲ့ ကြိုတင်စီစဉ်မှုပဲကွ"

ဖိုးလုံးက ဝါရင့်သမားပီပီ ဘာဝတူသူခိုး လက်သင်မျိုးဆက်သစ်များကို ဆရာကြီးလုပ်ပြီး သင်ခန်းစာပို့ချပေးနေသည်။ ပုံစံ



www.burmeseclassic.com



မျိုးစုံနှင့် သရုပ်ပြတတ်သည်။ တစ်ခါတစ်ခါ မီးခြစ်ဂက်စ်ထည့်သမားဖြစ်သွားသည်၊ တစ်ခါတစ်ခါ မြက်ရှင်းမြောင်းဖော်သမားဖြစ်သွားသည်။ တစ်ခါတစ်ခါကျပြန်တော့ တွန်းလှည်းတစ်စီးနှင့် အိမ်များဈေးဆိုင်များသို့ သောက်ရေသန့်ဘူးများလိုက်ပို့နေတတ်သည်။

ထိုအလုပ်များသည် သူ၏အဓိကအလုပ်များမဟုတ် ဟန်ပြများဖြစ်သည်။ သူ့အဓိကအလုပ်အတွက် လေ့လာခြင်း၊ ခွင်(ဂွင်) ရှာခြင်းပင်ဖြစ်သည်။

ဖိုးလုံးကတော့ "ဟေ့ … ကြုံ ရာအလုပ်ကိုလုပ်တာပဲ၊ ကောင်းတယ် အခုလို ရိုးရိုးသားသား လုပ်စားတာ သိပ်ကောင်းတာပေါ့ … မရိုးမသားလုပ်စားတာတစ်ခဏ၊ ရိုးရိုးသားသား လုပ်ကိုင်စားတာ တစ်ဘဝတဲ့"

ရပ်ကွက်ထဲ လမ်းထဲကလူများက ဖိုးလုံးကို ချီးကျူးထောပနာပြုကြသည်။ ဖိုးလုံးကတော့ ရင်ထဲက ကျိတ်ပြီး ပြုံးနေသည်။ ငှက်မသိတော့လည်း ဆက်ရက်ကို ချီးထင်နေကြပါလား။

'မကောင်းမှုဟူသည် ဆိတ်ကွယ်မရှိ' ဟူသော စကားကိုတော့ ဖိုးလုံးသိကောင်းသိမည် မဟုတ်ပေ။

## (၂)

မခင်ရွှေ

နာမည်နှင့်လိုက်အောင် ရွှေကိုခင်တွယ်မက်မောသူ ဖြစ်သည်။ တစ်ကိုယ်လုံးကို ရွှေများညွှတ်နေအောင် ဝတ်ဆင်ထားတတ်သည်။ ငယ်စဉ်ကပင် ရွှေကိုမက်မောတတ်သဖြင့် မိဘနှစ်ပါးက ရွှေစင်ဟု နာမည်ပေးထားရာမှ ရွှေခင်ဟုပြောင်းလိုက်ခြင်းဖြစ်သည်။

"ရွှေခင်ကတော့ဟေ့ … ရွှေကို ယောကျ်ားထက်ခင်တွယ်မက်မောတယ် … ယောကျ်ားမရှိရင်နေလို့ရတယ် … ရွှေမရှိရင်တော့ နေလို့ မရဘူးဟေ့ …"

မရွှေခင်၏ လက်သုံးစကားဖြစ်သည်။ သူ့အလုပ်က ရပ်ကွက်ထဲ လမ်းထဲတွင် ဆင်းရဲနွမ်းပါးသူများ၊ ခေါင်းရွက်ဗျတ်ထိုးဈေးသည်များကို ငွေတိုး၊ နေ့ပြန်တိုးပေးစားသည်။ ယောကျ်ားလုပ်သူက အစိုးရဌာနတစ်ခုတွင်

ငွေစာရင်းကိုင် စာရေးကြီးဖြစ်သည်။ ရိုးသည်၊ အေးသည် သဘောကောင်းသည်၊ မိန်းမအလိုကို အမြဲလိုက်လျောတတ်သည်။ မရွှေခင်အလုပ်က နေ့ချင်းဝင်ငွေကောင်းနေသဖြင့် မရွှေခင်က လင်ယောကျ်ားကိုပင် လွှမ်းမိုးအနိုင်ယူတတ်သေးသည်။

"ရွှေခင်ရယ် အခြားလူတွေနဲ့ ဆက်ဆံတဲ့အခါ မောက်မောက်မာမာ ကြမ်းကြမ်းတမ်းတမ်း မပြောပါနဲ့ … လူ့ဘဝဆိုတာ အမြဲတည်တံ့နေတာမဟုတ်ဘူး။ ပြောင်းလဲနေတတ်တယ် … တို့ဘဝဟာ ဒီ့ထက်မြင့်တဲ့အဝ ပြောင်းလဲသွားရင် အကြောင်းမဟုတ်ဘူး … ဒီ့ထက်နိမ့်တဲ့ဘဝကျဆင်းသွားရင် အကျနာလိမ့်မယ် … ဆင်ခြင်ပါ …"

"ဒီမှာကိုထွန်း … ရှင်သာ လူတိုင်းကို လိုက်သဘောကောင်းနေ … ကျုပ်ကတော့ မကောင်းနိုင်ဘူး … ပြီးတော့ ရှင့်အလုပ်နဲ့ ကျုပ်အလုပ်က သဘာဝချင်း မတူဘူး … ကျုပ်အလုပ်က အဲ့ဒီလိုပြောနိုင် ဆိုနိုင်မှ တန်ကာကျတာ … လူတွေအကြောင်း ရှင်မသိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



မရွှေခင်ဘက်က ကြည့်ပြန်တော့လည်း မှန်နေသည်၊ လူတွေကလည်း ပိုက်ဆံလာချေးယူစဉ်မှာတော့ မျက်နှာငယ်လေးနဲ့ ငိုပြတတ်ကြသည်။ ပြန်ဆပ်ချိန်ရောက်တော့ ရှောင်နေသူကရှောင်၊ နေ့ညရွှေ့သူကရွှေ့နှင့် လုပ်တတ်ကြသည်။ မရွှေခင်မှာ မကြမ်းချင်ဘဲကြမ်း၊ မပြောချင်ဘဲပြောနေရသည်။

ယနေ့ နိုင်ငံတော်သည် ဒီမိုကရေစီ လမ်းကြောင်းဆီသို့ ဦးတည် နေသော အချိန်အခါဖြစ်သည်။ အစစအရာရာ ပြောင်းလဲမှုများ ပြုလုပ်နေသည်။ ဆင်းရဲနွမ်းပါးသူများ၏ လူနေမှု ဘဝမြင့်မားရေးကို ဦးစားပေး ဆောင်ရွက်ပေးနေသည်။ အိမ်ပိုင်မရှိသူများ ရှိလာရန် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးခြင်း၊ ဆင်းရဲ နွမ်းပါးသူများကို အရင်းအနှီးရရန် ငွေချေးသမဝါယမ အသင်းများနှင့် အခြားအသင်းအဖွဲ့များက အတိုးနှုန်းချိုသာစွာဖြင့် ငွေများထုတ်ချေးခြင်း ပြုလုပ်ပေးနေသည်။

**လူတွေကလည်း ပိုက်ဆံ လာချေးယူစဉ်မှာတော့ မျက်နှာငယ်လေးနဲ့ ငိုပြတတ်ကြသည်။ ပြန်ဆပ်ချိန် ရောက်တော့ ရှောင်နေသူကရှောင်၊ နေ့ညရွှေ့သူကရွှေ့နှင့်**

"ဟဲ့ ... မိစိမ်းတို့ မိနန်းတို့ နှင်တို့ညီအစ်မ ငါ့ဆီမှာ ငွေမချေးတော့ပါလား ချမ်းသာသွားကြပြီလား"

"ချမ်းသာသွားလို့ မဟုတ်ပါဘူး အစ်မရွှေခင်ရယ် ... သမဝါယမ ငွေချေးအသင်းက ငွေချေးရလို့ပါ ... အတိုးကလည်း သက်သာတယ်လေ"

"အော် ညည်းတို့က အားကိုးရှိလာတော့ ငါ့ကိုကန်သွားကြတာပေါ့လေ ..."

"ဒီလိုလည်းမဟုတ်ပါဘူး ... အဆင်ပြေသလို လုပ်ရတာပါ"

မရွှေခင်ထံ ငွေချေးသူများ တစ်စထက်တစ လျော့နည်းလာရာ နောက်ဆုံးချေးသူမရှိသလောက်ဖြစ်လာသည်။

လူ့လောက လူ့ဘဝသည် တစ်ဖြောင့်တည်း၊ တစ်သမတ်တည်း မသွားပေ။ ငှက်ခါးပျံသလို နိမ့်ချည်မြင့်ချည် ဖြစ်နေတတ်သည်။ ယခုဆိုလျှင် မရွှေခင် အလုပ်မှာ လုံးဝအဆင်မပြေတော့ပါ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ၊ ကိုထွန်းရွှေ၏ လစာတစ်ခုတည်းအပေါ် မှီတင်းနေရသည်။ မရွှေခင် စိတ်အတော်ကျနေသည်။ ရှုကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောင်ပြောင် ဝမ်းခေါင်ခေါင် ဖြစ်နေသည်။ မြေနိမ့်ရာ လှံစိုက် ဆိုသလို မရွှေခင်၏ မြေနိမ့် ဘဝ ကို မမျှော်လင့်သော ပြသနာလုံး ကလာစိုက်ပါတော့သည်။

(၃)

တစ်နေ့ညနေတွင် မရွှေခင် ယောကျာ်း ကိုထွန်းမောင် ခေါင်း ငိုက်စိုက်ချပြီး အိမ်သို့ပြန်လာ သည်။

“ကိုထွန်း ... ဘာဖြစ်လို့လဲ ... မျက်နှာလည်း မကောင်းဘူး ... နေမကောင်းလို့လား”

မရွှေခင်က ပျာပျာသလဲမေး သည်။

“နေကောင်းပါတယ်ကွာ”

“ဒါဖြင့် ဘာဖြစ်လို့လဲ ... ရုံးမှာအခဆင်မပြေဖြစ်လာလို့လား”

“အေးဟုတ်တယ် ... ငါပြသနာအကြီးအကျယ်တက်နေပြီကွ ...”

“အမလေး ... ဘုရား ... ဘုရား ဘယ်လိုပြသနာလဲ ကိုထွန်းရယ် ရင်တွေတုန်လိုက်တာ ...”

မရွှေခင်မှာ ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ဖိနှိပ်ပြီး ကိုထွန်းမောင်ကို ကြည့်နေသည်။ ကိုထွန်းမောင်က မပြောသေးဘဲ ရေခွက်ကိုယူပြီး မော့သောက်လိုက်သည် ပြီးမှပြောပြသည်။

“ဒီနေ့ ငါမအားတာနဲ့ ငွေနကငွေ (၂၅) သိန်းကို ရုံးဝန်ထမ်းကောင်လေးလွှတ်ပြီး ဘဏ်သွားသွင်းခိုင်းလိုက်တာ ... လမ်းမှာ ခါးပိုက်နှိုက်ခံရလို့ဆိုပြီး ပြန်လာတယ်”

“ဟင် ... တကယ်ကော ဟုတ်ရဲ့လားရှင် ... ကလိမ်ကကျစ် လုပ်တာလားမှ မသိတာ”

“တကယ်ဖြစ်နိုင်တယ်ကွ ... ကောင်လေးက ရိုးရိုးအေးအေးလေးပါ သူလည်းပြန်လာပြီးငိုနေတော့တာပဲ ...”



“သူ့လက်ထဲမှာ ဖြစ်သွားတာ သူ့မှာတာဝန်ရှိတာပေါ့”

“ဒီလိုပြောလို့မရဘူးကွ ... ဒီအလုပ်က ငါကိုယ်တိုင်သွားလုပ်ရမှာ ... ငါမအားလို့ သူ့ကိုအကူအညီတောင်းမိတာ ... ငါ့မှာပဲ တာဝန်ရှိတာကွ”

ကိုထွန်းမောင်စကားကြောင့် မရွှေခင်ငိုင်သွားသည်၊ ကိုထွန်းမောင်ကတော့ သက်ပြင်းသာ အကြိမ်ကြိမ်ချနေသည်။

“အဲဒါဆို ... ဘယ်လိုလုပ်မလဲ ...”

“ချက်ချင်းပြန်စိုက်သွင်းရမှာပေါ့ ... မသွင်းနိုင်ရင် ထောင်လည်းကျ ... အလုပ်လည်းပြုတ်မယ် ...”

“ကောင်လေးရော ... အနည်းအကျဉ်း မစိုက်နိုင်ဘူးလား ...”

“သူ့မှာလည်း အောက်ခြေဝန်ထမ်းလစာလေးနဲ့ ... လေဖြတ်ထားတဲ့ အဖေနဲ့ အမေအိုကြီးကို လုပ်ကျွေးနေရတာ ဘယ်စိုက်နိုင်မလဲကွာ ...”

တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ လင်မယားနှစ်ယောက်သက်ပြင်းချသံ များသာ

www.burmeseclassic.com



သာ တိတ်ဆိတ်မှုကို ဖြိုခွင်းနေသည်။ ကိုထွန်းမောင်က ညှိုးငယ်သော မျက်နှာနှင့် မရွှေခင်ကိုအားကိုးတကြီး ကြည့်လိုက်သည်။ မရွှေခင်၏ မျက်ရည်ဝိုင်းနေသော မျက်လုံးအစုံနှင့် ရင်ဆိုင်လိုက်ရသောအခါ ကိုထွန်းမောင်ရင်ထဲ စူးစူးနစ်နစ် ခံစားလိုက်ရသည်။ မရွှေခင်က မျက်ရည်များကို အမြန်သုတ်လိုက်သည်။

"ကိုထွန်းကို ... ထောင်ကျလည်းမခံနိုင်ဘူး ... အလုပ်ပြုတ်ပြီးသိက္ခာကျလည်း မခံနိုင်ဘူး။ မရှိဝမ်းစာ ရှိတန်ဆာတဲ့ ... ကျုပ်ကိုယ်ပေါ်က ရွှေတွေကို မနက်ဖြန်သွားရောင်းမယ်။ ကာလပေါက်ဈေးနဲ့ဆို ကာမိတယ်။ ကိုထွန်းဘာမှ သောကဖြစ်မနေနဲ့ စိတ်အေးအေးနေနော်"

မရွှေခင်စကားကြောင့်ကိုထွန်းမောင် အံ့အားသင့်သွားသည်။ ရင်ထဲမှာလည်း တစ်မျိုးကြီးခံစားသွားရသည်။ သူ့ရင်ထဲက ခံစားမှုကို ဘယ်လို ခေါင်းစဉ်တပ်ရမှန်းမသိ ဖြစ်သွားသည်။

"ငါတို့က ရွှေကို ယောကျ်ားထက် ခင်တွယ်မက်မောတယ် ... ယောကျ်ားမရှိရင်နေလို့ရတယ် ... ရွှေမရှိရင် နေလို့မရဘူးတော့" လို့ဆိုခဲ့သော ဇနီး ခုတော့ ယောကျ်ားအတွက် သူအလွန်မက်မောသော ရွှေတွေကို စွန့်လွှတ်တော့မှာပါလားဟု တွေးပြီး အကြီးအကျယ် စိတ်မကောင်းဖြစ်နေသည်။

(၄)

ရွှေကိုအလွန်ခင်တွယ် မက်မောသော မရွှေခင် ခုတော့ တစ်ကိုယ်လုံးမှာ ရွှေလုံးဝမရှိ ပြောင်တလင်းခါပြီး လမ်းဆုံကားဂိတ်ရှေ့လမ်းဘေးတွင် ထမင်းဆိုင်လေး ဖွင့်ရောင်းနေရသည်။ ယခင်ကလို မောက်မောက်မာမာ ကြမ်းကြမ်းတမ်းတမ်းလည်း မပြောတော့၊ လောကဓံ၏ အလှည့်အပြောင်း သဘောကို ကောင်းကောင်း သိသွားပြီဖြစ်သည်။

"ဒီမှာအစ်မ ... သောက်ရေသန့်ဘူးလာပို့တယ် ..."

"ဒါနဲ့နေပါဦး အရင်ပို့နေကျကောင်လေး မဟုတ်ပါလား"

"အော် ပို့နေကျကောင်လေးက တောပြန်သွားပြီ ... အဲဒါကြောင့် ကျွန်တော်လာပို့တာပါ။ နောက်ဆို ကျွန်တော်ပဲလာပို့မှာ ... ကျွန်တော့်နာမည်က ဖိုးလုံးပါ"

"အေးအေး မှန်မှန်တော့ လာပို့နော်"

"စိတ်ချပါအစ်မ ... ကျွန်တော် မှန်မှန်လာပို့ပါမယ်"

ဖိုးလုံးက သောက်ရေသန့်ဘူးကိုထားရင် သူ့အကြည့်က တစ်ဆိုင်လုံးကို မွှေနှောက်လိုက်သည်။ မရွှေခင်က သေတ္တာလေးထဲမှ ပိုက်ဆံကိုယူပြီး ရေသန့် ဘူးဖိုးပေးလိုက်သည်။ ဖိုးလုံးက ပိုက်ဆံယူပြီးထွက်သွားသည်။

"မိန်းမရေ ... မင်းဟန်မပျက်လေးဆွဲနိုင်ဖို့ ကိုယ်ဆွဲ ကြိုးတစ်ကုံးဖန်တီးလာတယ်။ အရင်ဆွဲကြိုးနဲ့ပုံစံတူ ဆိုဒ်တူပဲကွ ..."

ရုံးမှပြန်လာသော ကိုထွန်းမောင်က သူ့အိတ်ထဲမှ ဆွဲကြိုးကိုထုတ်ကာ သူ့ဇနီးလည်ပင်းတွင် ဆွဲပေးလိုက်သည်။

"ကိုထွန်း ... ရှင့်ဆွဲကြိုးကလည်း ..."

"အိုကွာ ... ဟန်ပျက်

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ … မင်းကိုလူတွေ အထင်အမြင်သေးမှာစိုးလို့ အမြဲတော့ မဆွဲနဲ့ပေါ့ … အပြင်သွားတဲ့ လာတဲ့အခါ ဆွဲသွားပေါ့ကွာ''

ကိုထွန်းမောင်မှာသူ့ အတွက်ကြောင့် သူ့ဇနီးအခုလိုဘဝမျိုး ရောက်သွားရသည်ကို အတော် စိတ်မကောင်းဖြစ်နေသည်။ ထိုပစ္စည်းများအစား ပြန်ရရန် ဘယ်ပုံဘယ်နည်း လုပ်ရမည်ကိုလည်း အမြဲတွေးနေမိသည်။ မရွှေခင်ကလည်း သူ့ယောကျ်ား စိတ်သက်သာမှုရရန် အပြင်သို့သွားလာသည့်အခါ ဆွဲသွားပြီးဆိုင်မှာနေသည့်အခါ မဆွဲဘဲ ပိုက်ဆံသေတ္တာပုံးလေးထဲတွင် ထည့်ထားသည်။

ယနေ့ဆိုလျှင် စားသုံးသူများသောကြောင့်လားမသိဆိုင်မှာ လက်မလည်အောင် ရောင်းနေရသည်။ တစ်မနက်လုံး မနားရ၊ နေ့လယ်ရောက်မှ လူပါးသွားသည်။ အဖော်ခေါ်ထားသော ကလေးမလေးကို ဈေးဝယ်လွှတ်လိုက်ပြီး မရွှေခင်က ဆိုင်နောက်တွင် ရေချိုးနေသည်။ ဖီးလိမ်းဝတ်စားပြီး ဆိုင်ရှေ့သို့ ထွက်လာသည်။ ခုမနက်ရောင်း ရငွေများ

**မြည်တွင်း ဖြစ်ရပ်မှန်**

**''ဟင်ခနဲ'' ဖြစ်သွားသည်၊ ငွေသေတ္တာ ပုံးလေးထဲတွင် ပိုက်ဆံများနှင့် ဆွဲကြိုး မရှိတော့ပါ။**

ကို စစ်ကြည့်ရန် ငွေသေတ္တာပုံးလေးကို ဖွင့်လိုက်သည်။

''ဟင် …''

မရွှေခင် ''ဟင်ခနဲ'' ဖြစ်သွားသည်၊ ငွေသေတ္တာပုံးလေးထဲတွင် ပိုက်ဆံများနှင့် ဆွဲကြိုးမရှိတော့ပါ။ ဆိုင်ရှေ့ထွက်ကြည့်သောအခါ လူအများ ဥဒဟိုသွားလာနေကြသည်ကို မြင်တွေ့နေရသည်။ ဘယ်သူ့ကိုမှလည်း စွပ်စွဲစရာ အကြောင်းမရှိသဖြင့် ဆိုင်ထဲတွင် ထိုင်ငိုင်နေသည်၊ ညနေ ကိုထွန်းမောင်ရုံးမှ ပြန်လာသောအခါအကျိုးအကြောင်းကို ပြောပြသည်။

''စိတ်မကောင်းမဖြစ်ပါနဲ့ ကွာ … ကားဂိတ်ဆိုတော့ လူမျိုးစုံ သွားလာနေကြတာ … ဘယ်သူ့ကို စွပ်စွဲလို့ရမလဲ … လက်ဆုပ်လက်ကိုင်လည်း မြင်တွေ့တာမဟုတ်ဘူးလေ။ နောက်ဆိုသတိနဲ့ထားပေါ့၊ ဆွဲကြိုးကိုတော့ နောက် တစ်ကုံးလုပ်ပေးမှာပေါ့နော်''

ကိုထွန်းမောင်က စိတ်မကောင်းဖြစ်နေသော ဇနီးကို နှစ်သိမ့်လိုက်သည်။ မရွှေခင်ကတော့ သူ့ကိုယ်သူ အပြစ်တင်

www.burmeseclassic.com



ပြီး ရင်ထဲမှာ ကြိတ်မှိတ်ခံစားနေရသည်။ နုရာဝဲစွဲ လဲရသူ ခိုးထောင်းအဖြစ်နှင့် ကြုံနေပါရောလား။

(၅)

နေ့လယ်ခင်းဖြစ်သဖြင့် လှိုင်သာယာမြို့ ပင်လုံဈေးလမ်းမကြီးတွင် လူများရှင်းနေသည်။ ဈေးလမ်းမကြီးဘေးရှိ ခန့်ညားထည်ဝါလှသော ဓမ္မာရာဇ် ရွှေဆိုင်တွင်းသို့ လူတစ်ယောက်ဝင်လာသည်။

"ကျွန်တော် ပစ္စည်းရောင်းချင်လို့ပါ"

"ဘာပစ္စည်းလဲပြလေ"

"ဆွဲကြိုးပါ ... ဒီမှာပါ"

ထိုလူက ဆွဲကြိုးကိုထုတ်ပြီး ဆိုင်ရှင်ကို ပေးလိုက်သည်။ ဆိုင်ရှင်က ဆွဲကြိုးကိုယူပြီး ကြည့်လိုက်သည်။ ဆွဲကြိုးမှာ တစ်ကျပ်သားခန့်ရှိပြီး နေရောင်၌ ဝင်းလက်တောက်ပနေသည်။ လာရောင်းသူနှင့် ပစ္စည်းကိုကြည့်ပြီး ဆိုင်ရှင်က သင်္ကာမကင်းသလိုဖြစ်လာသည်။

"ဒီပစ္စည်းက ခင်ဗျားပိုင်ပစ္စည်းလား"

**ဆွဲကြိုးမှာ တစ်ကျပ်သားခန့်ရှိပြီး နေရောင်၌ ဝင်းလက် တောက်ပနေသည်။ လာရောင်းသူနှင့် ပစ္စည်းကိုကြည့်ပြီး**



"ကျွန်တော့်အမေပိုင် ပစ္စည်းပါ ... အမေကျန်းမာရေးအတွက် ဆေးကုဖို့လာရောင်းတာပါ"

"ကောင်းပြီလေ ... စစ်ကြည့်လိုက်ဦးမယ်"

ဆိုင်ရှင်က ဆွဲကြိုးကို ရွှေစစ်မစစ် မှတ်ကျောက်တင်စစ်ကြည့်သည်၊ ပြီးတော့ သူ့ဇနီးကို တီးတိုးပြောလိုက်သည်။ ဇနီးဖြစ်သူက ဆိုင်နောက်သို့ဝင်သွားသည်။

"ခဏနေဦးနော် ... ပြီးတော့ အလေးချိန်ပြီး ငွေတွက်ပေးမယ်"

"ဟုတ်ကဲ့ရပါတယ် စောင့်ပါမယ်"

သိပ်မကြာပါ၊ ဆိုင်ရှေ့သို့ ရဲနှစ်ယောက် ရောက်လာသည်။

"ရဲစခန်းကို ဖုန်းဆက်တာ ဒီဆိုင်ကလား"

"ဟုတ်ပါတယ်ခင်ဗျာ ... ဒီလူဆွဲကြိုးအတုကြီးကို လာလိမ်ရောင်းလို့ စခန်းကိုအကြောင်းကြားတာပါ"

"ဗျာ ... ကျွန်တော့်ဆွဲကြိုးက ရွှေအစစ်မဟုတ်ဘူး အတုကြီးဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ မင်းပစ္စည်း အကြောင်းမင်းသိမှာပေါ့"

ထိုစဉ်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် အဖွဲ့ဝင်နှစ်ယောက်လည်း ရောက်လာသည်။ ဆိုင်ရှင်က ပြည်သူ့ရဲ နှင့် လူကြီးများရှေ့တွင် မှတ်ကျောက်တင်ပြလိုက်သည်။ ရဲများက ဆွဲကြိုးအတုကြီးကို သက်သေများရှေ့တွင် ရှာဖွေပုံစံနှင့် သိမ်းလိုက်သည်။

"မင်း ... စခန်းကိုသာ လိုက်ခဲ့ပေတော့"

ရွှေအတု လိမ်ရောင်းသူကို လက်ထိတ်ခတ်ပြီး စခန်းသို့ ခေါ်သွားသည်။ ရဲစခန်းတွင် တာဝန်ကျနေသော ဒုရဲအုပ်စိုးထွန်းက စစ်ဆေးသည်။

"မင်းနာမည်ပြော"

"ကျွန်တော့်နာမည် ဖိုးလုံးပါ"

"မင်းဒီပစ္စည်း ဘယ်ကရလာသလဲ"

"ကျွန်တော်ကောက်ရတာပါ"

"မင်းလိမ်ပြန်ပြီ ... ရွှေဆိုင်မှာတုန်းကတော့ မင်းအမေပစ္စည်းဆို ခုတော့ ကောက်ရတာပါတဲ့ ... မင်းမလိမ်နဲ့ မှန်မှန်ပြော"

ဖိုးလုံးက တော်တော်နှင့် မပြောသေး စဉ်းစားနေသည်။ နောက်မှ အမှန်တိုင်းပြောပြသည်။

"ကျွန်တော် ဒီဆွဲကြိုးကို ... လမ်းဆုံကားဂိတ်ရှေ့ ဒေါ်ရွှေခင် ထမင်းဆိုင်က ယူလာတာပါ"

"ယူလာတယ်ဆိုတာ ဒေါ်ရွှေခင် မသိအောင် ယူလာတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"အေး သူများပစ္စည်းကို ပိုင်ရှင်မသိဘဲယူရင် ခိုးမှုမြောက်တယ်ကွ ... အတုဖြစ်ဖြစ် အစစ်ဖြစ်ဖြစ် ခိုးမှုဟာ ခိုးမှုပဲ။ ဒီတော့ မင်းဟာ လိမ်လည်မှုရယ် ခိုးမှုရယ် အဲဒီနှစ်ခုနဲ့ အချုပ်ထဲသွားပေတော့"

ဖိုးလုံးမှာ ပွဲတကာပွဲ နွှဲလာသည်မှာ ဒီတစ်ပွဲကျမှ အချုပ်ခန်းထဲသို့ ပထမဆုံး ရောက်ရသဖြင့် မခံချိမခံသာ မကျေမနပ်ဖြစ်နေသည်။

××× ဝါဝါမြင့်တိုင်း ×××

ရွှေအစစ်လို့ ×××မထင်လိုက်ပါနဲ့ ကိုယ့်ချစ်သူရယ် ××× ဆိုသော သီချင်းလိုပင်၊ ဟန် ဆောင်မှုများနှင့် အတုများပေါ များလွန်းသဖြင့် သူခိုးများပင် အတုအစစ် ခွဲနိုင်ရန် မှတ်ကျောက် ဆောင်ထားသင့်ပါလားဟူ၍။

မောင်အေးနှစ်(ပညာရေး)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ရှင်လွန်းမယ်

# အမှုန်းကြေးဆပ်သူ

"ကလင် … ကလင်"

"ဟယ်လို … အမိန့်ရှိပါ ခင်ဗျာ၊ အမှတ် (၁) ရဲစခန်းက ပါ"

" ….."

"လူသတ်မှုဖြစ်လို့ … ဟုတ်ကဲ့ … လိပ်စာပြောပါ"

" ………"

"ကောင်းပါပြီ"

ရဲတပ်ကြပ်ထွန်းစိန်သည် တရားရုံးမျှ တရားလိုပြုလုပ်ပြီး ရောက်ခါစ ရှိသေးသော စခန်းမှူး ဒုရဲအုပ် ဇော်ဇော်အောင်ကို လှမ်းကြည့်လိုက်သည်။ စခန်းမှူးကလည်း 'လူသတ်မှု' ဖြစ်လို့ ဆိုသော စကားကြောင့် လှမ်းကြည့်သည့် အကြည့်နှင့် ဆုံသည်။

"ရက(၅)၊ အိမ်အမှတ်(-) မှာ လူသတ်မှုဖြစ်လို့ပါတဲ့ စခန်းမှူး"

"ဒါဆိုလည်း ထုံးစံအတိုင်း ပေါ့ ဆရာကြီးရယ်"

ရဲတပ်သား (၃) ဦး၊ တပ်ကြပ်ကြီး (၂) ဦးနှင့်အတူ ရဲအုပ်မျိုးနိုင်တို့သည် ညွှန်ပြသော လိပ်စာအတိုင်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသည်။ သို့သော အိမ်တံခါးမှာ သော့မခတ်ထားသော်လည်း အထဲမှ ပိတ်ထားသည်။

"ခေါက် … ခေါက်"

" ………"

အခန်းထဲမှ တုန့်ပြန်သံမကြားရသော်လည်း လျှောက်လာသည့် ခြေသံကိုတော့ ကြားရသည်။ သိပ်မကြာခင် တံခါးပွင့်လာသည်။ တံခါးဝ၌အသက် (၂၀) ကျော်အရွယ် မိန်းမပျိုတစ်ဦး ရပ်နေသည်။

"လူသတ်မှု ဖြစ်ပွားတယ် ဆိုတော့"

"ဟုတ်ပါတယ်ရှင့် ဒီအိမ်ကပါ"

သူမက ရှေ့မှဦးဆောင်သွားသဖြင့် သူတို့လည်း နောက်ကလိုက်လာခဲ့သည်။ အိပ်ခန်းတစ်ခန်းထဲသို့အရောက် သူတို့သည် မတုန်လှုပ်ကြသော်လည်း တော်တော် အော်ဂလီဆန်သွားသည်။

ယောကျ်ားတစ်ယောက်သည် အိပ်ယာပေါ်၌ မှောက်လျက်သေဆုံးနေသည်။ အိပ်ယာခင်းများ၌ သွေးများမှာ အိုင်ထွန်းကာ ကြမ်းပြင်သို့ပင် တစ်ပေါက်ပေါက်ကျလျက် ကျောပြင်၌ ဓားကတန်းလန်း။

ဒုရဲအုပ် မျိုးနိုင်သည် သေဆုံးသူထံမှ အကြည့်လွှဲ၍ မိန်းမပျိုထံလှည့်ကြည့်သည်။ မိန်းမပျို

www.burmeseclassic.com



၏ မျက်နှာမှာ ဖြူဖျော့ကာ တုန်ယင်နေသည်။

"လူသတ်သမား ဘယ်သူဆိုတာ မြင်လိုက်၊ သိလိုက်သလား"

ဒုရဲအုပ် မျိုးနိုင်က မေးရိုးမေးစဉ် မေးခွန်းတစ်ခုကို မေးလိုက်စဉ် မိန်းမပျိုသည် လက် (၂) ဖက်ကို ရှေ့သို့ ဆန့်တန်းလိုက်သည်။ သူမ၏ လက် (၂) ဖက်၌ သွေးများ မြင်မကောင်းလောက်အောင် အပေပေအလူးလူး"

"သူ့ကိုသတ်တဲ့သူက ကျွန်မပါဆရာ၊ ကျွန်မကိုဖမ်းပါ၊ သူ့လိုယုတ်မာ ရိုင်းဆိုင်းတဲ့လူက ဒီလောကမှာ မရှိသင့်ပါဘူး"

## အခန်း(၂)

သူမ၏အမည်မှာ 'နန်းစံအေး' ဖြစ်သည်။ တန့်ယန်းမြို့နယ်ထဲက ရွာတစ်ရွာတွင် နေထိုင်သည်။ ရှမ်းတိုင်းရင်းသူဖြစ်ပြီး ချောမောလှပသူ တစ်ဦးဖြစ်သည်။ လားရှိုးတက္ကသိုလ်တွင် အဆောင်နေရင်း ဘွဲ့တစ်လုံးရယူနိုင်ခဲ့သည်။ ဘွဲ့ရသော်လည်း ရွာမပြန်ရချေ။ ရွာ၌မငြိမ်မသက်ဖြစ်နေသဖြင့် မိဘများက ပြန်မလာခိုင်းခြင်းဖြစ်သည်။

လားရှိုးမြို့တွင် အဆောင်မှာနေပြီး ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်သည်။ သူမကောင်းတာလုပ်၍ ချီးမွမ်းမည့်သူ မရှိသလို၊ ဆိုးတာလုပ်၍လည်း ကဲ့ရဲ့မည့်သူမရှိချေ။ ဒါပေမယ့် သူမသည် ကိုယ့်ဘဝကို ထိန်းသိမ်းနိုင်သူတစ်ယောက်ဖြစ်သည်။

'စိုးမင်းဦး' ဆိုတဲ့လူနှင့် တွေ့ဆုံပုံက ဆန်းသယောင်နှင့် မဆန်းချေ။ သူသည် သူမအလုပ် လုပ်နေသော ကုမ္ပဏီပိုင်ရှင်၏ သားတစ်ယောက် ဖြစ်သည်။ တရုတ်လူမျိုးဖြစ်ပြီး သူမထက် (၁၀) နှစ်ခန့် အသက်ကြီးသည်။

သူက တစ်ခါတစ်ရံ အလုပ်ကို ရောက်လာတတ်သည်။ သူ့အဖေ မအားသည့်ရက်တွင်သူရုံးထိုင်သည်။ သူမတို့ ပစ္စည်းအဝင်၊ အထွက်စာရင်း ပြုလုပ်ပြီးတိုင်း သူ့ကို တင်ပြရသည်။

တွေ့ပါများရာမှ ရင်းနှီး၊ ရင်းနှီးရာမှ တစ်ဆင့်တက်ပြီး သူနှင့်သူမ ချစ်သူတွေဖြစ်ခဲ့ကြသည်။

စိုင်းထီးဆိုင်၏ သီချင်းကဲ့သို့ ပြောရလျှင် အစကတည်းက မတွေ့ကြရင်း အကောင်းသား။



အလုပ်ရှင်နှင့် အလုပ်သမား

www.burmeseclassic.com

www.burmeseclassic.com



သဘောမတူတာကတော့ အစဉ်အဆက်ပင်။ ဘယ်သူချမှတ်ခဲ့သည့် စည်းကမ်းလဲတော့ မသိချေ။ သူသည် သူနှင့်သူမ ချစ်သူတွေဖြစ်တာ သူ့မိဘတွေ သိမှာ အလွန်ကြောက်သည်။ သူငယ်ချင်းများကတော့ ...

"စံအေးရယ် ... နင့်တို့ဟာ ဖြစ်ပါ့မလား လောပန်းသိရင် နင့်ကို ပြောလိမ့်မယ်"

"ဟုတ်တယ်နော် ငါလည်း ကြုံဖူးတယ်စံအေး၊ လောပန်းရဲ့ သားအကြီးဆုံးတောင် မမျိုးမျိုးဆိုတဲ့ အစ်မနဲ့ကြိုက်ဖူးတယ်။ နောက်တော့ လောပန်းက အပြစ်ရှာပြီး အလုပ်ထုတ်လိုက်တာ။

သူမကတော့ အချစ်ဆိုသည်မျာ မည်သည့် တံတိုင်းကို မဆို ဖြတ်ကျော်နိုင်သည်ဟု ယူဆထားသည်။ အချစ်ကြောင့် သူတို့ မိုးမမြင်၊ လေမမြင် ပျော်ခဲ့ကြသည်။ ချစ်သူတို့ရဲ့ လည်နေကျနေရာလေးတွေ ဖြစ်တဲ့ ဟုမ်းမူဆယ်၊ ရန်တိုင်းအောင်ဘုရား၊ ရေပူစမ်း စသည့်နေရာများတွင် ခြေရာခြင်း ထပ်ခဲ့သည်။

သူ့ရဲ့ ဆိုင်ကယ်နောက်တွင် ထိုင်ပြီး သူ့ခါးဖက်၍ သူပြောသမျှ စကားတိုင်းကို ကြည်နူးမိတာကလည်း ချစ်သူတိုင်း ခံစားဖူးကြမည်။

> **လားရှိုးမြို့တွင် အဆောင်မှူးနေပြီး ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်သည်။ သူမကောင်းတာလုပ်၍ ချီးမွမ်းမည့်သူ မရှိသလို၊ ဆိုးတာလုပ်၍လည်း ကဲ့ရဲ့မည့် သူမရှိချေ။**

အချစ်ရှိရင် ဘာလုပ်လုပ်၊ ဘာပြောပြော အကောင်းမြင်သည်။မလိုတမာ ရှိသူကတော့ မလိုတဲ့စကားပြောသည်။

ချစ်သူသက်တမ်း ကြာလာသည်နှင့်အမျှ ဆက်ဆံရေးသည် တိုးတက်ပြောင်းလဲ လာသည်ဟု မရှိချေ။ ခိုးကြောင် ခိုးဝှက်တွေ့ဆုံရသည့် ဘဝသည် ကြာလာတော့ ခါးသည်းလာသည်။ ချစ်သူသက် (၃) နှစ်အထိ လက်ထပ်ဖို့ မပြောနှင့် ချစ်သူအဖြစ်တောင် လူသိမခံဝံ့လျှင် ...။

အခန်း(၃)

"စံအေးတို့ကိစ္စ ဘယ်လိုလုပ်မလဲ ကိုဦး"

"ဘယ်လိုကိစ္စလဲ စံအေးရဲ့"

သူက မသိသလိုနှင့် မေးသည်။ စံအေး စိတ်တိုတိုနှင့် သူ့ကို မျက်စောင်းထိုးလိုက်ကာ

"ဘယ်ကိစ္စရှိရမှာလဲ ကိုဦးနဲ့ စံအေးတို့ကိစ္စကို ကိုဦးမိဘတွေကို ဖွင့်ပြောဖို့လေ"

www.burmeseclassic.com

www.burmeseclassic.com



**လူ့လောကသို့ လာဖို့အဆင်သင့် ဖြစ်နေသော ကလေး တစ်ယောက်အတွက် သူနှင့် သူမ လက်ထပ်ခြင်းမှတစ်ပါး အခြားမရှိနိုင်။**

"ဟင် … သိသွားလို့ ဘယ်ဖြစ်မလဲ စံအေးရဲ့ သိရင် ကိုယ်တို့ကို ဘယ်လိုသဘော တူတော့မလဲ ကိုယ်စံအေးနဲ့ မခွဲနိုင်ဘူး၊ အဖေတို့ သိလို့ မဖြစ်ဘူး"

"မသိတော့ စံအေးတို့ လက်ထပ်ဖို့က ဘယ်လိုလုပ်မလဲ"

"ဖြည်းဖြည်းပေါ့ … စံအေးရယ်"

"ဘာ …"

သူမအတော်လေး ဒေါသဖြစ်သွားသည်။ ရည်းစားသက်တမ်း (၃) နှစ်ရှိခဲ့ပြီ။ အဲဒါကိုမှ ဖြည်းဖြည်းလုပ်နေလျှင် သူမတို့ လက်ထပ်ဖို့ သဘောတူအောင် ကြိုးစားဖို့က နောက် (၁၀) နှစ်မှလား။

"မဟုတ်ဘူးလေ ကိုယ်ပြောတာက…။ အခြေအနေကြည့်ပြီး ပြောရမှာ မဟုတ်လား"

တာဝန် မယူတတ်သော ယောကျ်ားတစ်ယောက်ကို ချစ်ရသည်မှာ ကြာလာသောအခါ စိတ်ကုန်ချင်လာသည်။ တစ်စုံတစ်ဦး၏ ပြစ်တင်မှုကို ကြောက်ကာ နေသာသလို ရေသာခိုချင်သည်။ ချစ်ဖို့တစ်ခုတည်းသိပြီး လက်ထပ်ဖို့ကို မပြောဝံ့သူ။ ဒီကိစ္စလောက်တောင် တာဝန်မယူရင် တစ်ဘဝလုံးနှင့် ပုံအပ်ဖို့ မည်သို့ စိတ်ကူးဝံ့မည်နည်း။

"ဒါဆို ဒီလိုလုပ်ပါလား လောပန်းကို သွားပြောလိုက်လေ နင်သူနဲ့ကြိုက်နေတဲ့အကြောင်း။"

"ဟင့်အင်း ပြောလို့မဖြစ်ဘူး၊ ကိုယ့်ရည်းစားအကြောင်း ကိုယ်ပဲသိတယ် ငါကတော့ အဲဒီလို ရင်ကော့ပြီး သူ့ရဲ့ကောင်း လုပ်တယ်ထားဦး သူကနောက်က အသာတကြည် လိုက်လာမယ်များ ထင်နေသလား ဝေးသေး၊ မဟုတ်ပါဘူး၊ မကြိုက်ပါဘူး ဖြစ်မယ့် ယောကျ်ားမျိုး"

"နင့်ဒုက္ခလည်း မသေးပါလား၊ ကိုယ်နဲ့ ဘဝတူကို ကြိုက်လိုက်တာကမှ ကောင်းသေး၊ ဒိုးတူဘောင်ဘက်လုပ် စားရရင် ရပါစေ သူက ကိုယ့်အပေါ် ညှာဦးမှာ အခုတော့ သူဌေးသားကိုကြိုက်မိတော့ ကိုယ့်ကမျက်နှာမွဲ အစစအရာရာ သိမ်ငယ်နေရတာ"

သူမ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ဤတစ်ခေါက်

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်တွေ့လျှင် လက်ထပ်ဖို့ကိစ္စ ဖွင့်ပြောနိုင်းရမည်။ ဟိုဒီ ဝေ့လည်ကြောင်ပတ် လုပ်နေလျှင်တော့ ဇာတ်လမ်းပြီးပြီ။ နောက်ထပ် သည်းခံရဖို့ဆိုသည်မှာ ဘယ်နေ့ ဘယ်အချိန်ထိလဲ

## အခန်း(၄)

သို့သော်လည်း ... မှန်းထားသမျှဖြစ်မလာခြင်းကို ဘဝဟု ခေါ်လေသလား မပြောတတ်ချေ။ သူနှင့်တွေ့လျှင် အပြတ်ဆွေးနွေးရမည်ဆိုသော ကိစ္စသည် တကယ်တမ်းသူနှင့် တွေ့ရသောအခါ ပြောမထွက်ခဲ့ချေ။ အဲဒီနေ့မှာပဲ သူမတို့ နယ်ကျွံခဲ့ကြသည်။

သူ့နှုတ်က 'စံအေးကို ချစ်လွန်းလို့ အခုလိုဖြစ်သွားတာပါ' ဆိုသည့် စကားလုံးများကိုလည်း ယုံကြည်နေမိသည်က မိုက်မဲခြင်းပင် ဖြစ်သည်။ ကြေလွင့် ခဲ့ရသော ကိုယ့်ဘဝကို ဝမ်းနည်းခဲ့ရပေမယ့် ကိုယ့်ရဲ့ ချစ်သူမို့လည်း ကြာရှည်စိတ်ဆိုး၍ မရချေ။

တစ်ခါဆိုလျှင် ကိုယ့်ရဲ့ အပြစ်ကင်းသော အမှား၊ တစ်ခါထက်နှစ်ခါထက် (၃) ခါ အခါ အခါများလျှင်တော့ သူမရဲ့ မိုက်မဲသော အမှားများသာ ဖြစ်လာတော့သည်။ ချစ်သူကို 'ဟင်' လို့ မငြိုငြင်ရက်လျှင်တော့ သူမဘဝကတော့ အကြိမ်ကြိမ် စွန်းထင်းနေခဲ့ပြီ။

မိုက်မဲသော မိန်းမများစာရင်း ပြုစုလျှင် သူမက ထိပ်ဆုံးဖြစ်ပေလိမ့်မည်။ နောက်ဆုံးတော့ လက်ထပ်ဖို့ ဖွင့်မပြောလျှင် အပြတ်ဟု မပြောနိုင်တော့ဘဲ ခယတောင်းပန်စွာ။

"ကိုဦး ... စံအေးတို့ အခြေအနေက လက်မထပ်ရင် မဖြစ်တော့ဘူးနော်၊ ဘယ်တော့လက်



ထပ်ကြမလဲ"

ဟု မျက်နှာငယ်စွာ ပြောရပြီ။ အခုတော့ မိန်းမသားတစ်ယောက်ရဲ့ဘဝ ဘာကြောင့် 'ဆူးနဲ့ဖက်' ပမာ တင်စားခဲ့သလဲ ဘဝနွမ်းပါးခါမှ အသိဝင်တော့သည်။

နောက်တော့လည်း တဖြည်းဖြည်း သိလာရသည်ကတော့ ဘီလူးမျက်နှာ။ အိုလူတွေကတော့ ပြောကြပေလိမ့်မည်၊ ဒီလောက်ထိ ချစ်ကြိုက်လာပြီးမှ အခုမှ ဘီလူးမှန်း သိရသလားဆိုပြီး အပြစ်ဆိုပေလိမ့်မည်။ အချစ်မြင်လျှင် အပြစ်မထင်တတ်ဆိုသော စကားလည်းရှိသည်မဟုတ်လား။ မိုးကြိုးပစ်တာကို ထန်းလက်နဲ့ ကာတာလည်း မဟုတ်ပါဘူး။

မိဘသဘောတူလို့ ဆိုလျှင်တောင် သူမှာမိန်းမတစ်ယောက်ကို ရှာကျွေးနိုင်ဖို့ အရည်အချင်း၊ အလုံအလောက်ရှိသည်။ နောက်တော့လည်း သူဟာပန်းကို အမြတ်တနိုး ပန်ဆင်ချင်သူ မဟုတ်မှန်း သိရသောအချိန်သည့် နှောင်းသွားခဲ့ပြီ။

"စံအေးတို့မှာ မယူမဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com





အခြေအနေ ဖြစ်နေပြီ ကိုဦး"

"ဘာ မင်းမှာဟိုဟာ … ရှိနေပြီဟုတ်လား"

သူ့မျက်နှာ ဒေါသသည် ကြောက်စရာ ကောင်းနေသည် သို့သော် အခုအချိန်မှာတော့ သူမ…

"ဟုတ်တယ်… ကိုဦးဘက်က မဖြစ်နိုင်ဘူးဆိုရင် ကျွန်မ လောပန်းကို သွားပြောရလိမ့်မယ်"

"ဟာ … အဲဒီလို ဘယ်ဖြစ်မလဲ၊ အဲဒီလို မလုပ်နဲ့လေ"

သူမဘက်က တကယ်ပဲ တင်းမာလာသောအခါ …

"အဖေကိုတော့ မသိပါစေနဲ့ စံအေးရယ်၊ ကိုယ်တို့ အကောင်းဆုံး အစီအစဉ်တစ်ခုကို စဉ်းစားကြတာပေါ့"

ဘာစဉ်းစားစရာ လိုသေးလို့လဲ။ လူ့လောကသို့ လာဖို့အဆင်သင့် ဖြစ်နေသော ကလေးတစ်ယောက်အတွက် သူနှင့် သူမလက်ထပ်ခြင်းမှ တစ်ပါး အခြားမရှိနိုင်။ အဲဒါကို စဉ်းစားစရာ လိုသေးသလား။

သူစဉ်းစားလို့ရသော အဖြေတစ်ခုသည် သူမအတွက် သွေးပျက်စရာ ကောင်းသော အဖြေတစ်ခုပင်ဖြစ်သည်။

သူမက ဒီကလေးကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖျက်ချရမည်တဲ့။ လူ့လောကထဲသို့ အကောင်းအဆိုး၊ အကြောင်းအကျိုး မသိဘဲ ဝင်လာမည့် ကလေးတစ်ယောက်ကို လူ့လောကထဲ ဝင်မလာနိုင်စေရန် သတ်ပစ်ရမည်တဲ့။

"ရှင် … ရှင် လူယုတ်မာပဲ၊ တော်တော်ကို အကြင်နာတရားခေါင်းပါးတဲ့လူပဲ၊ ဒီကလေးဟာ ရှင့်ရင်သွေးပါ"

"မင်း ဒီကလေးကို မဖျက်ချလို့မရဘူး။ မင်းကို လက်ထပ်ဖို့ ငါ့မှာ အစီအစဉ်မရှိသေးဘူး၊ ဘာမှ မစီစဉ်ရသေးဘဲ ကလေးတစ်ယောက်ကို ဒုက္ခတော်ထဲ ခေါ်ချင်နေတဲ့ မင်းကမှ မိခင်မပီသတာ"

သူက တပြန်းစီး သူမကို မိခင်မပီသသူ အဖြစ် စွပ်စွဲနေသည်။

"ရှင်ဘာပြောပြော ကျွန်မ ဒီကလေးကို ရအောင်မွေးမယ်"

"မဖြစ်နိုင်ဘူး၊ ငါသဘောမတူဘူး"

နောက်ဆုံးတော့ သူမရဲ့ သဘောဆန္ဒတစ်ခု မပါဘဲ သူမအား အဓမ္မ ခေါ်ဆောင်သွားကာ ကလေးဖျက်ချစေခဲ့သည်။

သူ့အပေါ်မှာ အရှုံးပေးလိုက်ရသော ဘဝများသည် သူမဘဝသာမက မသိနားမလည်သည့် ကလေးတစ်ယောက်၏ ဘဝပင် ပါနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

"ကိုယ်မမျှော်လင့်ဘူးအရမ်းဝမ်းသာတာပဲ၊ အဲဒီနေ့က စံအေးကို စိတ်ဆိုးသွားတယ် ထင်ခဲ့တာ"

သူ့သူငယ်ချင်း အိမ်တွင် ရှိန်းသောအခါ ထိုစကားကို သူက ပြောသည်။

ချစ်၍ရှောသော မျက်နှာသည် မုန်းသောအခါ ရွံစရာကောင်းနေသည်။ ထိတွေ့ ကိုင်တွယ်လာသော လက်များကို ရွံသော်လည်း ကြိတ်မှိတ်နေလိုက်သည်။ သူ့သူငယ်ချင်းက အလိုက်တသိ ထွက်သွားသည်။

တစ်ခါဆိုလျှင် သူ့အမှား (၂) ခါဆိုလျှင် ....။

သူက အမှောင်တောမှ ပျော်နေသလောက် သူမကတော့ -

"ပျော်ထားဦးပေါ့ လူယုတ်မာကြီးရယ်၊ ရှင့်လိုလူမဆန်တဲ့ လူအတွက် ဘယ်သူက အခါခါ ပေးဆပ်မလဲ နေနှင့်ဦးပေါ့"

သူမရင်ဘတ်ထဲက ကျိန်းဝါးသံကို သူကတော့ မကြားချေ။ အမှောင်တောထဲမှာ မျောရင်း အိပ်ပျော်နေပြီ။ သူမအသံတိတ်ရယ်မောလိုက်သည်။ မျက်ရည်များကျလာခဲ့သည်။ ရာဇဝတ်မှုမှန်းသိသော်လည်း 'ဟန်မှုကိုဥပဒေ' ကဲ့သို့ မျက်လုံးတစ်ဖက်ဖောက်လျှင် တစ်ဖက် အစားယူမည်။ အသက်တစ်ချောင်းသေလျှင် နောက်အသက် တစ်ချောင်းအစားပြန်ယူရမည်။

သူမ ပုခုံးလွယ်အိတ်ကို ဖွင့်လိုက်သည်။ သူမလက်ထဲ၌ ပါလာသည့် အရာကတော့ ဒီကို လာစဉ် စတိုးဆိုင်တစ်ဆိုင်မှဝယ်ယူလာသော ဓားမြှောင်။ ချွန်ချွန်လက်လက် ဓားမြှောင်က သွေးဆာနေသည့်ဟန်။ သူမဓားကို ဆုပ်ကိုင်လိုက်ပြီး အိပ်ပျော်နေသော သူ့အနီးသို့ တရွေ့ရွေ့ တိုးကပ်လာခဲ့သည်။

သူမ အာရုံ၌ သူ့အပေါ် ချစ်ခင်နှစ်သက်မှုများ ဘယ်ရောက်သွားမှန်းမသိချေ။ လက်များက တဆတ်ဆတ် တုန်နေသည်။ သူမအပေါ် မညှာတာဘဲ သူ့သာယာရေးကိုသာ ကြည့်တတ်သည့် တစ်ကိုယ်ကောင်းလူအတွက် သူမကြောက်ရွံ့နေ၍ မဖြစ်ချေ။

"ကဲ"

"အ"

ဓားကိုအားရပါးရ ထိုးစိုက်ကာ ဖိသွင်းပစ်လိုက်သောအခါ သူ့ထံမှ ညည်းညူသံ တစ်ချက်မသဲမကွဲ ထွက်ပေါ်လာသည်။ ဓားကို ဆွဲနုတ်လိုက်သောအခါ သွေးများ ပန်းထွက်လာသည်။ မိန်းမသား တစ်ယောက်ရဲ့ဘဝကို ခြေရုံခြေချင်တဲ့ လူတစ်ယောက်အတွက်၊ ဖခင်စိတ်၊ တာဝန်ယူချင်စိတ် မရှိတဲ့ လူတစ်ယောက်အတွက်၊ သူမလက်များ ရပ်တန့်သွားသည်။ သွေးများ မြင်မကောင်းလောက်အောင် ပေပွေနေသည်။

သူမသည် သူမရဲ့ လုပ်ရပ်အပေါ် နောင်တမရဘဲ ကျေနပ်လျက်ရှိပြီး၊ လုပ်ရဲလျှင် ခံရမည်ဆိုသော စကားအတိုင်း ရဲစခန်းသို့ ဖုန်းဆက် အကြောင်းကြားလိုက်သည်။

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံ ကြားသောအခါ သူမတည်ငြိမ်အောင်ရပ်ပြီး ဖြေးညှင်းစွာ တံခါးဆီသို့ လျှောက်သွားခဲ့တော့သည်။

**ရှင်လွန်းမယ်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



စိုးဝေ

# ဝိညာဉ်ဖော်သော ဓာတ်ပုံတစ်ပုံ

တစ်နေ့သ၌ ကျွန်ုပ်ထောင်မှူးကြီး စိုးဝေသည်အိမ်တွင် မိသားစုနှင့် အတူတူညဘက်ဗီဒီယိုခွေထိုးကြည့်နေခဲ့စဥ် ဖြစ်ပါသည်။ သားတော်မောင် ဗိုလ်ဗိုလ်သိမ်းငှားယူလာခဲ့သော ဗီစီဒီခွေလေးဖြစ်သည်။ ယင်းဓာတ်ကားလေး၏အမည်မှာ တစ္ဆေခေါ် 'GHOST' အမည်ရှိ ဗီဒီယိုလေးဖြစ်သည်။

"မောင်.. အဲဒီထဲက မင်းသားက ဓားနဲ့အထိုးခံရပြီး သူ့ရဲ့ဝိညာဉ်က မင်းသမီးလေးကို လိုက် စောင့်ရှောက်ပေးနေခဲ့တာ အံ့ဩစရာပဲနော်"

"ဒါပေါ့သင်းရယ် ဒီဓာတ်ကားလေးဟာ တကယ်တော့ မောင်တို့လူမျိုးတွေရဲ့ ဓလေ့စရိုက်နဲ့ နီးစပ်မှုရှိနေခဲ့တယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ သေသွားတဲ့ လူဟာ မြင့်မြတ်တဲ့ ကောင်းကင်ဘုံကို ရောက်သွားနိုင်သလို နိမ့်ကျတဲ့အဝီစိငရဲကိုလည်း ဆင်းသွားနိုင်တယ်"

"ဘာဖြစ်လို့ သူ့ကောင်မလေးနောက်ကို မင်းသားလေးက လိုက်စောင့်ရှောက်ပေးနေတာကို မတွေ့မြင်နိုင်တာလဲ"

"ဒါက ဒီလိုရှိတယ်လေ။ သေလွန်ပြီးသွားတဲ့လူဟာ မိမိစွဲလန်းရာနေရာမှာ တရစ်ဝဲဝဲ ရှိနေတတ်တာမျိုးပေါ့။ ဥပမာ အသုဘာအိမ်က လူတစ်ယောက်သေသွားပြီဆို ရက်လည်မယ့်ညမှာ တစ်ခုခုလာပြီး ခြောက်လှန့်တာမျိုး ကြုံရတတ်တယ်လေ။ အသံနဲ့ဖြစ်ဖြစ် အနံ့နဲ့ဖြစ်ဖြစ် ပြုလုပ်ပြတတ်တယ်"

"အင်း ဟုတ်တယ်နော်။ တချို့မိန်းမတွေဆို သေသွားပြီးနောက် ရက်လည်တဲ့ညဘက် မှာ အမွှေးအနံ့တွေရနေတတ်သလိုမျိုးပေါ့"

"ဒါပေမယ့် သင်းရဲ့ ရုတ်တရက်လူတစ်ယောက် သေသွားဘာနဲ့ အစိမ်းသေဆို သူ့ဝိညာဉ်ဟာ သက်ဆိုင်ရာအိမ်ကို တစ်နည်းနည်းနဲ့ ရောက်လာပြီး ပစ္စည်း တစ်ခုခုလွှတ်ကျတာမျိုး ဒါမှမဟုတ် လူတစ်ဦးဦးကို ဝင်ပူးပြီး ပြောပြတာမျိုး ရှိတတ်ကြတယ်။ များသောအားဖြင့် ပဋ္ဌာန်းဆက်ရှိတဲ့လူတွေ အချိန်စေ့လို့ ဘဝဟောင်းကို ပြန်ချိန်တန်ရင် ရုတ်တရက်သေဆုံးသွားပြီး မိမိစွဲလန်းတပ်မက်တဲ့အိမ် က လူတစ်ဦးဦးကိုဝင်ပူးပြီး ဖြစ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကုန်စင် ပြောဆိုပြတတ်တယ်။ အဲဒီလို အဖြစ်မျိုးဖြစ်ခဲ့ဖူးတဲ့ မှုခင်းဇာတ်လမ်းတစ်ပုဒ် မောင့်တို့ထောင်ထဲမှာ ကြုံခဲ့ရဖူးတယ်''

ထောင်မှူးကြီးစိုးဝေက ဇနီးဖြစ်သူအား ဇာတ်ကားထဲမှာ တစ္ဆေဖြစ်သွားသူ မင်းသားလေးနှင့် ပတ်သက်ဆက်နွယ်နေသော အကြောင်းအရာနှင့် သက်ဆိုင်သည့် ဝိညာဉ်ကဖော် ထုတ်ပေးလိုက်သော မှုခင်းဇာတ်လမ်းလေးတစ်ပုဒ်ကို ရှင်းလင်းပြောဆိုပြခဲ့လေသည်။

အပြင်လောကမှာ တကယ်ဖြစ်ပျက်သွားခဲ့သော ဘဝဟောင်းက ပဋ္ဌာန်းဆက်ရှိခဲ့ဖူးသော အမျိုးသမီးလေး တစ်ဦး အသတ်ခံလိုက်ရသောကြောင့် သေဆုံးသွားခဲ့စဉ် သူမ၏ဝိညာဉ်က တစ်ဦးဦးထံမှာ ဝင်ပူးကာ အမှုမှန် ဖော်ထုတ်ပေးလိုက်သော အောက်ပါ ဇာတ်လမ်းလေး တစ်ပုဒ်အား ပြောပြဖြစ်ခဲ့သည်။

**ဘဝဟောင်းက ပဋ္ဌာန်းဆက် ရှိခဲ့ဖူးသော အမျိုးသမီးလေး တစ်ဦး အသတ် ခံလိုက်ရသောကြောင့် သေဆုံးသွားခဲ့စဉ် သူမ၏ ဝိညာဉ်က တစ်ဦးဦးထံမှာ ဝင်ပူးကာ**

◆◆◆◆◆

''အဖေ သမီးမြို့တက်ပြီးတော့ သားလေးအတွက် ရှင်ပြုပရိက္ခရာပစ္စည်းတွေ ဝယ်ရဦးမယ်''

''သမီးရယ် ဒီမှာဝယ်လည်း ရနိုင်သားပဲ။ မြို့တက်ပြီး သမီးတစ်ယောက်တည်း ပစ္စည်းဝယ်ရမှာ စိတ်မချပါဘူးကွယ်''

''ဘယ်ဟုတ်မလဲ အဖေရယ် သင်္ကန်းပရိက္ခရာအပြင် အလှူအတွက်လည်း တခြားလိုအပ်တာလေးတွေ ဝယ်ရခြမ်းရဦးမယ့်အတူတူ မြို့ပေါ်က ဈေးကြီးမှာ တစ်ခါတည်း သွားဝယ်လိုက်တာ ဈေးသက်သာတာပေါ့။ ကားနဲ့သွား ကားနဲ့ပြန်နေ့ချင်း သွားမှာဆိုတော့ စိတ်မချစရာ မရှိပါဘူး အဖေရယ်''

နန်းမြနွယ်က ဖခင်ဖြစ်သူ ဦးအောင်နွယ်ကို ရှင်းလင်းပြောဆိုနေခြင်း ဖြစ်ပါသည်။ သူမ၏ ဖတဆိုးသားလေး မောင်ချစ်နွယ်ကို ရှင်ပြုပြီးသင်္ကန်းစီးရန်အတွက် လိုအပ်သောပစ္စည်းများကို ဝယ်ခြမ်းရန် ခွင့်ပန်ပြောဆိုနေခြင်း ဖြစ်သည်။

တကယ်တော့ နန်းမြနွယ် ၏ အသက်က သုံးဆယ်ကျော်ဝန်းကျင်အရွယ်ပဲ ရှိသေးသည်။ လင်ဖြစ်သူက လွန်ခဲ့သော ငါး

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခန့်မိုးတွင်းကြီးထဲမှာပဲ လယ်ထွန်နေရင်း ပိုးထိ၍ သေဆုံးသွားခဲ့သည်။

ကျန်ရစ်ခဲ့သော လူမမယ်သားကလေးနှင့် ဖခင်အိုကြီးသာလျှင် မိသားစုဘဝကျန်ရစ်ခဲ့သည်။ မိမိ၏လင်ယောကျ်ား ဖြစ်သူ ကွယ်လွန်သွားခဲ့သောကြောင့် ပခုံးပြောင်းတာဝန်က မိမိအပေါ် ကျရောက်လာခဲ့သည်။ သားကလေး မောင်ချစ်နွယ်ကို အသက်ဆယ်နှစ်အရွယ်ရောက်သည်ထိ ဘဝကိုရုန်းကန်ရင်ဆိုင်လာခဲ့ရင်း အရွယ်ရောက်နေသော သားကလေးကို ရှင်ပြုပေးဖို့ တာဝန်ကရှိနေသည်။

လောကကြီးက သိပ်အံ့သြဖို့ကောင်းသည်။ နေ့မြင်ညပျောက်နှင့် မရဏသဘောကို ဆောင်နေသောကြောင့် ကံကြမ္မာက မရေမရာရယ်။

ဒါကြောင့် ငွေလေးလက်ထဲမှာ အဆင်ပြေနေတုန်း အဖေမဲ့သားလေးကို မိမိကိုယ်တိုင်ကမကထပြုပြီး ရှင်ပြုပေးနိုင်ဖို့အရေး စိုးရိမ်ပူပန်မှုများကြောင့် ဒီနှစ်နွေမှာ ရှင်ပြုပေးနိုင်မှ တန်ကာကျမည်မို့ သာမဏေအဖြစ် ကုသိုလ်ကောင်းမှု ပြုနိုင်ရန်နှင့် ကွယ်လွန်သွားပြီဖြစ်သော တမလွန်ဘဝမှ ယောကျ်ားဖြစ်သူကိုလည်း ကျွတ်လွတ်သွားစေရန် အလှူအတန်း လုပ်အမျှပေးဝေနိုင်ရန်ဖြစ်သည်။

BURMESE CLASSIC .com

သည်လိုလှူနိုင်တန်းနိုင်ချိန်မှာ လှူမှလည်း တမလွန်ဘဝမှာ ရောက်ရှိနေသော လင်ဖြစ်သူအတွက် မကျွတ်မလွတ်သေးရင်လည်း ကျွတ်လွတ်သွားစေပြီး ကျွတ်လွတ်သွားရင်လည်း ကောင်းရာမွန်ရာ ရောက်ရှိနိုင်ဖို့ ရေစက်ချအမျှဝေနိုင်မည်။

ဒါကြောင့်လည်း နန်းမြနွယ်တစ်ယောက်သားလေး မောင်ချစ်နွယ်ကို ရှင်ပြုပေးနိုင်ဖို့ သင်္ကန်း ပရိက္ခရာဝယ်ရန် ဖခင်ကြီးထံ ခွင့်ပန်ပြီး အဝေးပြေးကားကြီးကို စီးကာ မြို့ပေါ်တက်လာသည်။ နန်းမြနွယ်အနေဖြင့် အဖော်ခေါ်စရာကလည်း လုပ်ငန်းခွင်တွေထဲမှာ မအားလပ်ခဲ့တာကြောင့် နေ့ချင်းပြန်ခရီးမို့ တစ်ကိုယ်တည်းပဲ ငွေထုတ်ကလေးကို ပိုက်ကာ ကားဖြင့်မြို့ပေါ်တက်လာခဲ့ခြင်း ဖြစ်သည်။

သည်လို နန်းမြနွယ်တစ်ယောက် မိမိကိစ္စအတွက် တစ်ယောက်တည်း မြို့ကိုကားနှင့်လိုက်ပါလာခဲ့ရင်း မြို့ပေါ်မှ လိုအပ်သောပစ္စည်းများကို ဝယ်ခြမ်းနေသည်။ ဈေးကြီးထဲမှာ အလှူအတွက် လိုအပ်မည့်ပစ္စည်းများကို ဝယ်ယူနေခဲ့ပြီး ညနေပြန်ကားအမီသုတ်ခြေတင် ဝယ်ယူနေခဲ့သည်။

သို့သော်လည်း မိမိပစ္စည်းအားလုံးကို ဝယ်ခြမ်းပြီးစီးချိန် ကားဂိတ်သို့ အလျင်စလို ပြန်လာသောအခါ နောက်ဆုံးကားပင် ထွက်သွားခဲ့လေသည်။ ဒီလိုအပြန်ကားကို မမီလိုက်သဖြင့် မြို့ပေါ်မှာတည်းခိုစရာ အသိအကျွမ်းကမရှိ။ ပစ္စည်းတွေကလည်း ဝယ်ခြမ်းပြီးနေတော့ အိမ်ပြန်ရောက်ဖို့ အရေးသာ စိတ်က စောနေသည်။

ဒါကြောင့် ကြုံရာကားနှင့်ပဲ ပြန်ရန်ဆုံးဖြတ်လိုက်ပြီး ကားကြုံစောင့်နေခဲ့သည်။ ထိုစဉ် ဈာန်တင်ကားကြီး တစ်စီးမှာလည်း ပစ္စည်းများ တင်ဆောင်ထားခဲ့ပြီး မြို့ဘက်ဆီသို့ သွားရန် လမ်းခရီး ကြုံနေသဖြင့် အကျိုးအကြောင်း ရှင်းပြကာ ဒူထိပ်ဆီ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းနိုင်ရန် ပြောဆိုလိုက်ပါ စီးနင်းခွင့် ရခဲ့လေသည်။

ကားကြီးပေါ်မှာတော့ နောက်ဘက်အပေါ်တွင် ကုန်ပစ္စည်းများကို အပြည့်တင်ထားသည်။ ယင်းကုန်ပစ္စည်းများပေါ်မှာ ထိုင်ကာလိုက်ပါစီးနင်းလာရသည်။ ကုန်ကားကြီး အနောက်ဘက်ကုန်များပေါ်တွင် မိမိလိုခရီး ကြုံလိုက်ပါစီးနင်းလာသူ ခရီးသည် သုံးလေးဦးနှင့် စပယ်ယာသာလျှင် ရှိလေသည်။

ဤသို့ကုန်တင်ကားကြီးမှာ တအိအိမောင်းနှင်ရင်း ညမိုးချုပ်စ ပြုလာနေသည်။ ကားပေါ်ပါလာသူ ခရီးသည် အချို့မှာ မှေးမှိတ် အိပ်ငိုက်ရင်း လိုက်ပါစီးနင်းလာကြသည်။ နန်းမြနွယ်လည်း တစ်နေ့တာလုံး ပြေးလွှားဈေး ဝယ်နေခဲ့ရခြင်းကြောင့် ပင်ပန်းလာကာ ကားပေါ်တွင် ကုန်ပစ္စည်းတွေ ပေါ်လှဲလျောင်းရင်း မှေးခနဲ အိပ်ပျော်သွားလေသည်။

မည်မျှကြာအောင် အိပ်ပျော်နေခဲ့သည် မသိပေ။ သူမ၏ ကိုယ်ပေါ်မှ တစ်စုံတစ်ယောက်က လာရောက် ဖက်ပွေ့ထားသလို အထိအတွေ့ကြောင့် ရုတ်တရက်အိပ်ပျော်နေရာမှ လန့်နိုးလာသည်။

**"ဒါမျိုးတွေ ရိုးနေပြီ။ မင်းတို့လို ဈေးသည်တွေ ဒီခရီးလမ်းပေါ်မှာ အမြဲကြုံနေကြပါ။ မင်းအတွက် အားလုံးအဆင်ပြေသွားစေရမယ်"**

"ရှင်ဘာလုပ်တာလဲ"

"ဟဲ ဟဲ ချစ်လို့ပါကွာ"

"ဒီမှာ ကျွန်မအပျိုမဟုတ်ဘူး။ ကလေးတစ်ယောက် အမေ မုဆိုးမနော်။ ရီးတီးယား တားလာ မလုပ်နဲ့ ငြိမ်ခံနေမှာမဟုတ်ဘူး"

"ဒါမျိုးတွေ ရိုးနေပြီ။ မင်းတို့ လိုဈေးသည်တွေ ဒီခရီးလမ်းပေါ်မှာ အမြဲကြုံနေကြပါ။ မင်းအတွက် အားလုံးအဆင်ပြေသွားစေရမယ်"

"ဘာ အဆင်ပြေစေရမလဲ။ ရှင်ထင်သလို အတန်းအစားထဲက မဟုတ်ဘူး။ ကျွန်မအော်လိုက်မှာနော်"

"ဟား… ဟား… အော်လိုက်လေ ကားတစ်စီးလုံးပေါ်မှာ မင်းနဲ့ငါနှစ်ယောက်တည်းပဲရှိ တယ်။ ကျန်ခရီးသည်တွေက လမ်းမှာဆင်းသွားပြီ။ လမ်းဘေးမှာလည်း လူနေအိမ်ခြေမရှိဘူး"

နန်းမြနွယ်က ခပ်ထန်ထန် ပြောဆိုနေခဲ့ပေမယ့် စပယ်ယာကတော့ စားနေကြ ကြောင်ဖားလို ဒီလိုလမ်းခရီးမှာ အတွေ့

www.burmeseclassic.com

www.burmeseclassic.com



အကြဲ့ရှိနေဟန် တူသည်။

သို့သော်လည်း နန်းမြနွယ်လို မိန်းကလေးက တခြားသော သူ တွေ့ဆုံခဲ့ဖူးသည့် ဈေးသည်မလေးများလို အလွယ်တကူ စည်းရုံး၍ရနိုင်မည် မဟုတ်ချေ။ နန်းမြနွယ်တစ်ယောက် ဟန်ကိုယ်ဖို့သာ လုပ်နေခဲ့ရသည်။ စပယ်ယာလေးပြောသလို မှောင်နှင့်မည်းမည်း ကားကြီးနောက်ခန်းထဲမှာ သူနှင့် စပယ်ယာနှစ်ယောက်တည်း ရှိနေသည်။

ကားကြီးကတော့ လယ်ကွင်းခင်တန်းများကို တရိပ်ရိပ်နှင့် ဖြတ်သန်းမောင်းနှင်လျက် ရှိနေသည်။ ကားပေါ်မှာမိမိကို အကူအညီပေးမည့်သူ မရှိဘဲ အဖော်မဲ့နေသည်။

"လွတ် လွတ်နော် ကျွန်မ အော်လိုက်မယ်"

စပယ်ယာကတော့ ရလာသည့် အခွင့်အရေးကို လက်လက်မခံဘဲ နန်းမြနွယ်၏ ကိုယ်လုံးလေးကို လက်လွှတ်မခံဘဲ အတင်းချုပ်ကိုင်ကာ ဖမ်းချုပ်ပြီး ကာမကိုအရယူနိုင်ရန် ဖက်လှဲဖို့ အတင်းကြိုးစားနေသည်။

"အော်လေ ဒီလောက်လယ်ကွင်းပြင်ကြီးတွေကို ဖြတ်မောင်းနေတာ ပြီးတော့ ညကလည်း မှောင်မိုက်နေပြီ။ ဘာမှမမြင်ရ မကြားရတော့ဘူး။ ဟဲ ဟဲ အေးအေးဆေးဆေး အသာတကြည် ဆက်ဆံစမ်းပါကွာ"

နောက်ဆုံးမှာတော့ နန်းမြနွယ်တစ်ယောက် မုန်ယိုနေသော ဆင်ကိုချွန်းမအုပ်နိုင်ဘဲ ကားပေါ်မှာပင် အနိုင်ကျင့်စော်ကားမှုကို ခံနေရသည်။ မိမိတစ်ယောက်တည်း အဖော်မပါဘဲ သည်လိုခရီးမျိုးကို သွားလာခဲ့မိသည်ကို နောင်တအခါခါ ရနေသည်။



ဘယ်လိုပဲဖြစ်ဖြစ်သားလေး ရှင်ပြုနိုင်ဖို့အရေးသာ စိတ်ဆန္ဒစောနေခဲ့ခြင်းကြောင့် မိမိလို မုဆိုးမလေးအဖို့ မထူးဇာတ်ခင်းကာ စိတ်ကို ဖြေသိမ့်နေခဲ့သည်။

သို့သော်လည်း အစာဝတော့ ဥာနပြန်ဆိုသလို လိုအင်ဆန္ဒပြည့်ဝသွားခဲ့သော စပယ်ယာမှာ ရမ္မက်ခိုးဝေနေသော မျက်လုံးများနှင့် နန်းမြနွယ်တစ်ကိုယ်လုံးကို စိုက်ကြည့်နေရာမှ ဘယ်လို အတွေးပေါက်သွားသည်မသိ။ သူမ၏ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော ရင်ဖုံး ရက်ဝတ် လက်စားများကို မြင်တွေ့သွား

www.burmeseclassic.com



လေသည်။

ထိုအခါလောဘရမ္မက် ငမ်းငမ်းတက်ဖြစ်သွားဟန်တူသည်။ နောက်တစ်ချက်ကလည်း တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို မိမိကိစ္စကို မဖော်နိုင်ရန် ကိစ္စတုံးစီရင်ပြီး နှုတ်ပိတ်နိုင်မည်ဟု အကြံပေါ်ကာ စီစဉ်လေတော့၏။

"အို မလုပ်ပါနဲ့ မောင်လေးရယ်၊ မမကိုသနားပါဦးကွယ်"

မင်းလိုချင်တဲ့ ဆန္ဒလည်း ပြည့်သွားပြီပဲ။ ဒီပစ္စည်းတွေကိုတော့ ချမ်းသာပေးပါ။ မမပြန်ရင်သားလေး ရှင်ပြုရမှာမို့ အလှူပွဲမှာ ဝတ်စားရမယ့် ပစ္စည်းတွေကို ချမ်းသာပေးပါ မောင်လေးရယ်"

နန်းမြနှယ်က အမျိုးမျိုးခယပြောဆိုကာ တောင်းပန်နေသော်လည်း လောဘရမ္မက် တက်နေသောစပယ်ယာမှာ ကိုယ်ပေါ်တွင် ဝတ်စားထားသော လက်ဝတ်လက်စားများကို အတင်းချွတ်ယူနေသည်။ နန်းမြနှယ်မှာ ဘာမယ့်သူမရှိဘဲ အားနွဲ့သူမိန်းမသားပီပီ ဖြူသမျှနုရမည့် အခြေအနေဖြစ်နေသည်။

**မင်းက လူကို အသွေးယူအသားယူ ကာမဘီလူးစီးပြီး ခုတစ်ခါ ပစ္စည်းတွေကို လုယူတဲ့အပြင် လူ့အသက် အန္တရာယ်ကိုပါ ဒုက္ခပေးလာမယ် ဆိုတော့**

"မလိုချင်ဘူးဗျာ၊ ခုလိုကားပေါ်မှာ မျက်မြင်သက်သေတစ်ဦးတစ်ယောက်မှ မရှိတုန်းမှာ ခင်ဗျားကြီးဆီက ပစ္စည်းတွေကို ချွတ်ယူပြီး လူကိုကားပေါ်ကနေ ကန်ချပစ်ထားခဲ့ရင် ဘယ်ကားပေါ်က ညီမ့်ကျွဲသေမှန်းမသိကိစ္စ ပြတ်ပြီပဲ"

"ဟင် မင်းရက်စက်လှ ချေလားကွယ်။ လူမှဟုတ်သေးရဲ့လား။ မင်းက လူကို အသွေးယူအသားယူ ကာမဘီလူးစီးပြီး ခုတစ်ခါ ပစ္စည်းတွေကို လုယူတဲ့အပြင် လူ့အသက်အန္တရာယ်ကိုပါ ဒုက္ခပေးလာမယ်ဆိုတော့ မင်းလောက်ရက်စက်တဲ့လူ ရှိပါဦးမလား"

"အိုဗျာ...ဒါတွေကျုပ်နားမလည်ဘူး။ ချွတ် ချွတ်ပေးမလား၊ ဖြုတ်ယူရမလား၊ မပေးရင် ဒီထက်အသားနာမယ်နော်"

"မမ တောင်းပန်ပါတယ် မောင်လေးရယ် မင်းလောဘတက်ပြီး ပစ္စည်းတွေကို လိုချင်လည်း အသာတကြည်ယူပါ။ မမပေးပါ့မယ်။ အသက်ကိုတော့ ချမ်းသာပေးပါ မောင်လေးရယ် နော်...နော်"

www.burmeseclassic.com



**စပယ်ယာကတော့ မိမိ ကျူးလွန်ခဲ့မိသော ရာဇဝတ်မှုအပေါ် ကိစ္စတုံးစီရင်ရန် ကြိုးစားနေသည်။ နန်းမြနွယ်၏ ခန္ဓာကိုယ်ပေါ်မှ လက်ဝတ် လက်စားများကို တစ်ခုမကျန် ချွတ်ယူခဲ့ပြီးနောက် သတိလစ် မေ့မြောနေသော နန်းမြနွယ်၏ ခန္ဓာကိုယ်ကို**

"ဟား....ဟား ကျုပ်တော့ မဟုတ်ဘူးဗျ။ ကားဂိတ်ရောက်မှ ရဲကိုသွားတိုင်ရင် ကျုပ်လုပ်ခဲ့တဲ့ ကိစ္စအကုန် ပေါ်ကုန်မှာပေါ့။ ဒီတော့ အချိန်မရှိဘူး မြန်မြန်ချွတ်ပေးခမ်း"

နန်းမြနွယ်မှာ ကျောချမ်းပြမှန်းသိဆိုသလို လောဘရမ္မက်ကြီးပြီး ဘီလူးစီးနေသော စပယ်ယာလေးရန်မှ လွတ်လိုလွတ်ငြား အချိန်ဆွဲနေသည်ကို စပယ်ယာက သဘောပေါက်သွားဟန်တူသည်။ လည်ပင်းမှ ဆွဲကြိုးကိုဖြုတ်ယူရန် လည်ပင်းကို လက်နှစ်ဖက်ဖြင့် အတင်းချုပ်ကိုင်နေသည်။

"အမလေး အစ်..အစ်"

နန်းမြနွယ်၏ လည်ပင်းကို စပယ်ယာက လက်နှစ်ဖက်ဖြင့် ပြုတ်တူညှပ်သလို အတင်းချုပ်ကိုင်ဆွဲညှစ်ခဲ့သဖြင့် လည်ပင်းအစ်ကာ မျက်လုံးပြူးထွက်လာခဲ့ပြီး သတိမေ့သွားလေသည်။

စပယ်ယာကတော့ မိမိကျူးလွန်ခဲ့မိသော ရာဇဝတ်မှုအပေါ် ကိစ္စတုံးစီရင်ရန် ကြိုးစားနေသည်။ နန်းမြနွယ်၏ ခန္ဓာကိုယ်ပေါ်မှ လက်ဝတ်လက်စားများကို တစ်ခုမကျန် ချွတ်ယူခဲ့ပြီး နောက်သတိလစ်မေ့မြောနေသော နန်းမြနွယ်၏ခန္ဓာကိုယ်ကို ပွေ့ယူမချီကာ ကားနောက်ပိုင်းမှတစ်ဆင့် အဝေးပြေးကားလမ်းမပေါ်သို့ ပစ်ချထားခဲ့လေတော့သည်။

ထို့နောက်ကားခေါင်း ရှေ့ခန်းဘက်ဆီသို့ ကူးသွားပြီး ရှေ့ခန်းမှာ ကားမောင်းနေသူ ဒရိုင်ဘာအား ကားကိုအရှိန်မြှင့်မောင်းနှင်ရန် အော်ပြောနေသည်။

"ဆရာ မြန်မြန်မောင်းပါဗျ ဒီနေရာက ဓားပြတိုက်တတ်တယ်လို့ နာမည်ကြီးနေတဲ့ နေရာမို့ မြန်မြန်မောင်းစမ်းပါ"

စပယ်ယာ၏ နောက်ခန်းဘက်ဆီမှ အော်ဟစ်ပြောဆိုလိုက်သံကြောင့် ဒရိုင်ဘာက အရှိန်မြှင့်မောင်းနှင်သွားလေသည်။ နန်းမြနွယ်၏ ခန္ဓာကိုယ်လေးမှာ ကားပေါ်မှ ပစ်ချခံရစဉ်ကပင် ကတ္တရာလမ်းနှင့်ဆောင့်မိကာ ပြင်းထန်စွာဒဏ်ရာရရှိပြီး ငြိမ်သက်ကျန်ရစ်ခဲ့လေသည်။

ထိုစဉ်နောက်ဘက်မှ မောင်းနှင်လာနေသော ကားလေးတစ်စီးသည် ကားပေါ်မှ လဲကျ

www.burmeseclassic.com

www.burmeseclassic.com



နေသော နန်းမြနွယ်ကို တွေ့မြင်သွားကာ ကားပေါ်သို့ပွေ့တင်ပြီး နီးစပ်ရာဆေးရုံကြီးဆီ အမြန်တင်ဆောင် မောင်းနှင်သွားသည်။

မကြာမီ မြို့ဆေးရုံကြီး ဆီသို့ ဦးတည် မောင်းနှင်လာနေရင်း ဆေးရုံဝင်းကြီးထဲသို့ ချိုးကွေ့ဝင်လိုက်သည်။ ထိုစဉ် နန်းမြနွယ်၏ ဖခင်ကြီးမှာလည်း မိမိ၏ သမီးဖြစ်သူ မြို့တက်ဈေးဝယ်သွားခဲ့သည်မှာ မိုးစုန်းစုန်းချုပ်သည့်အချိန်ထိ ပြန်လည် ရောက်ရှိမလာသောကြောင့် စိုးရိမ်ပူပန်နေရှာသည်။

ထိုသို့ဖခင်ကြီးမှာ အိမ်ရှေ့ခန်း ပက်လက်ကုလားထိုင်ပေါ်တွင် ဆေးလိပ်ထိုင်ဖွာနေရင်း သမီးပြန်အလာကို စိုးရိမ်ပူပန်ကာ စောင့်မျှော်နေသည်။


ထိုစဉ် အိပ်ခန်းထဲဆီမှ မြေးကလေး မောင်ချစ်နွယ်သည် နှစ်ခြိုက်စွာ အိပ်မောကျနေခဲ့ရာမှ ရုတ်တရက်ရှူးရှူးဝါးဝါး အော်ဟစ် နေသံကို ရုတ်တရက်ကြားလိုက်ရသည်။

ထိုအချိန်တွင် အိမ်ရှေ့ မြေကွက်လပ်မှာ အစီအရီထပ်ထားသော ထင်းစင်ကြီးမှာ ရုတ်တရက် ဝုန်းခနဲပြိုလဲကျသွားသည်။ အိပ်ခန်းထဲသို့ ပြေးဝင် ကြည့်သောအခါ မြေးကလေး မောင်ချစ်နွယ်မှာ အိပ်ပျော်နေရင်းမှ တစ်ကိုယ်လုံး တုန်တုန်ရီရီ ဖြစ်လာကာ တစ်စုံတရာ ဝင်ပူးကပ်သလို ဖြစ်ပေါ်နေသည်။ ပါးစပ်မှလည်း ကယောင်ကတမ်း စကားများကို ပြောဆိုနေသည်။

"အဖေ သမီးကို မျှော်မနေနဲ့တော့၊ သမီးကို ကားပေါ်က စပယ်ယာက ယုတ်မာရက်စက်ခဲ့ပြီး သမီးကိုယ်ပေါ်က လက်ဝတ်လက်စားတွေကို ချွတ်ယူလို့ လူကိုလည်း ကားပေါ်က ပစ်ချ အဆုံးစီရင်ပစ်ခဲ့လို့ ခုသမီးဆေးရုံကြီးပေါ်မှာ ရောက်နေပြီ အဖေ"

ထိုသို့မောင်ချစ်နွယ်၏ ခန္ဓာကိုယ်မှာ အပမှီသလို ဝင်ပူးကပ်ကာ ကယောင်ကတမ်းပြောဆိုနေရာမှ ဖျာလေးပေါ် လဲ့ချ အိပ်ပျော်သွားလေသည်။ ဖခင်ဖြစ်သူ ဦးအောင်နွယ်မှာ နန်းမြနွယ်၏ ဝိညာဉ်က သားလေးမောင်ချစ်နွယ်ကို ဝင်ပူးကာ အသိပေးပြောကြားနေသော စကားများကို မယုံတစ်ဝက် ယုံတစ်ဝက် စိတ်ဖြင့် ကြားသိလိုက်ရသည်။

နံနက်မိုးလင်းသည်နှင့်ဆေးရုံကြီးဆီသို့ စိုးရိမ်တကြီး အပြေးအလွှား သွားရောက်ကြည့်ရှုခဲ့လေသည်။ ထိုအခါ ဆေးရုံခုတင်ပေါ်ဝယ် အသက်ဝိညာဉ်ကင်းမဲ့နေသော နန်းမြနွယ်၏ ရုပ်အလောင်းကို ဝမ်းနည်းကြေ



www.burmeseclassic.com

www.burmeseclassic.com



ကွဲပြယ်ရာ တွေ့မြင်ခဲ့လေသည်။

ယင်းနောက် ဆေးရုံကြီးမှ တစ်ဆင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့ ဆီသို့ အဖြစ်မှန်ကို ဖွင့်ဟ ပြောဆိုကာ တိုင်ကြားခဲ့လေသည်။ ယင်းသတင်းပေါ် အခြေခံလျက် ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာဆီ သွားရောက် စစ်ဆေးခဲ့လေသည်။

အမှုမှန် ပေါ်ပေါက်ရေး အတွက် တာဝန်ရှိသူအဆင့်ဆင့်ကို ကွင်းဆက်ဖော်ထုတ် စုံစမ်းစစ်ဆေးခဲ့ရာမှ ကုန်တင်ကားမောင်းသူနှင့် စပယ်ယာကို ခေါ်ယူစစ်ဆေးခဲ့လေတော့သည်။

ထိုအခါ နန်းမြနွယ်အပေါ် လုပ်ကြံသတ်ဖြတ်မှု၊ လုယက်မှု၊ မုဒိမ်းမှုတို့ဖြင့် စပယ်ယာ ဆိုသူကို စုံစမ်းစစ်ဆေးခဲ့ရာမှ အမှုမှန် ပေါ်ပေါက်လာလေသည်။

ယင်းဖြစ်မှုများဖြင့် ကားစပယ်ယာအပေါ် အမှုဖွဲ့တင်ကာ စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်။ တားစပယ်ယာအား ဖြစ်မှုထင်ရှားသဖြင့် မုဒိမ်းမှု၊ လုယက်မှု၊ လူသတ်မှုဖြင့် တရားရုံးတော်မှ သေဒဏ်ချမှတ်ခဲ့လေသည်။

ယင်းကဲ့သို့ ဆိတ်ကွယ်ရာ နေရာတွင် ဖြစ်မှုကျူးလွန်လာခဲ့သော်လည်း မကောင်းမှု ဟူသည် ဆိတ်ကွယ်ရာမရှိဘဲ သေသူ၏ဝိညာဉ်မှတစ်ဆင့် အမှုမှန် ပေါ်ပေါက်လာစေရန် ဖော်ထုတ်ပေးနိုင်ခဲ့သည်။

အမှန်တော့ နန်းမြနွယ် တစ်ယောက် အတိတ်ဘဝက ပဋ္ဌာန်းဆက်ရှိခဲ့သောကြောင့် အချိန်တန်၍ မိမိဘဝဟောင်းကိုပြန်ရန် ကံကြမ္မာက ဖန်တီး စေ့ဆော်ခဲ့ခြင်းသာလျှင်ဖြစ်ပါတော့သည်။

**စိုးဝေ**


နံ့သာ စကား ပြည့်ဝတဲ့ မိဂဒါဝုန် သင်္ကန်း ဆိုင်

# မိဂဒါဝုန် သင်္ကန်းတိုက်

သင်္ကန်းအမျိုးမျိုးနှင့် သံဃာအသုံးအဆောင် လှူဖွယ်ဝတ္ထုများ ဝယ်ယူနိုင်ပါသည်၊
ရှင်ပြု ၊ ရဟန်းခံ ၊ ဓါးဆို ၊ ကထိန်အလှူမင်္ဂလာပွဲမှာ ချမ်းသာမှုတွေ အများကြီး ရရှိနိုင်
လှူဒါန်း မှသာ ကုသိုလ်ရတာ ၊ ဘဝ သံသရာမှ လွတ်မြောက်နိုင်မှာ ။

တိုတိုဖင် ၊ စေအေးအေးသိန်း
အမှတ် ၅၆၁ ၊ ကျွဲညို (B) ၊ ဓာတာနွယ်ထိန်း
ဒေါ်သွေးညွှန့်ရဲ၏ ၊ တာမွေမြို့နယ်
ဖုန်း ၀၁ ၅၅၅၇၆၂

www.burmeseclassic.com



# ပစ္စည်းပို့မည် ငွေပို့လိုက်ပါ အင်ဗွိုက်အတုလုပ်သည့်ဂိုဏ်း

တရုတ်နိုင်ငံ အရှေ့တောင်ဘက် ဖူကျင်းပြည်နယ်တွင် ကုန်ပို့လွှာအတွက် ငွေတောင်းခံလွှာအတု စာချုပ်ပေါင်း (mvolce)(၂.၅) သန်းကို ဖမ်းဆီးရမိပြီး ၎င်းအတုများ ရောင်းချသူ တရားခံ (၁၇) ဦးကို ဖမ်းဆီး စစ်ဆေးလျက်ရှိကြောင်း အင်တာနက်တွင် ဖော်ပြလိုက်သည်။

တရုတ်နိုင်ငံသည် ပြည်နယ်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများနှင့် ဗဟိုမှ တိုက်ရိုက်အုပ်ချုပ်သော ဒေသဟူ၍ ပြည်နယ် အမြောက်အမြား လူမျိုးစု အမြောက်အမြားနှင့် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံဖြစ်သည်။ ကုန်စည်ရောင်းဝယ်မှု ထွန်းကားတိုးတက်သည့်အလျောက် အင်တာနက်မှ ကုန်ရောင်းကုန်ဝယ်လုပ်ခြင်း၊ ကုန်ပို့ရန် ငွေတောင်းခံပြီး ငွေလက်ခံရမှပို့ခြင်း၊ အင်ဗွိုက်(Invoice)ထွန်းကားလာပြီး ထိုစနစ်များကို မူတည်ကာ မသမာသူအချို့က ကုန်ပို့ရန် ငွေတောင်းခံလွှာအတုများ ကုမ္ပဏီအတုများဖန်တီးကာ ကုန်ပို့မည့်ငွေပို့ပါ ကုန်ပို့လွှာအတွက် ငွေတောင်းခံလွှာစာချုပ်များကို အတုစက်တင်ပုံနှိပ်ကာ တရားမဝင် ရောင်းစားကြသည်။ ထိုပုံစံဖြင့်ရောက်လာသူသည် တကယ်အစစ်ဟုထင်ကာ ငွေပို့မိပါက ကုန်မရောက်လာဘဲ ငွေအလိမ်ခံရတော့သည်။ ဤကိစ္စသည် (၂၀၀၈) ခုနှစ်ကစတင်၍ စာချုပ် (၁.၃) သိန်း ဖမ်းဆီးရမိရာမှ အစိုးရ လုံခြုံရေး ဌာနခွဲသည် စုံစမ်း ထောက်လှမ်းခဲ့သည်။ ဖူကျင်ဒေသတွင် အတုထုတ်လုပ်ကာ ဇင်ဂျင်၊ ဟူဇီဟို၊ ဆီချူဟာန်ဒေသများတွင် ဖြန့်ဝေရောင်းချခြင်း ဖြစ်ကြောင်း စုံစမ်းတွေ့ရှိရပြီး ဖူကျင်မှ တရားခံ (၁၈) ဦးကို ဖမ်းဆီးရမိခဲ့သည်။ ပင်ရင်းထုတ်လုပ်ရာ ဂိုဏ်းကိုလည်း ဆက်လက်ဖော်ထုတ်နေသည်။

ညိုမင်းလွင်

**Ref-Intrnet News**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ဆေးရုံပေါ်မှ လူသတ်မှု

**ဆေးရုံပေါ်မှာ လူနာတွေကို မချေမငံ ဆက်ဆံတာတဲ့ ဆရာဝန်တွေ သတိပြုဆင်ချင်စရာ ဇာတ်လမ်းတစ်ပုဒ်။**



'နံနက်မိုးမလင်းမီ အချိန်တွင် ဒေါက်တာ 'အန်နီတောနေ' သည် အရုပ်များဖြင့် ပြည့်နေသော အိပ်ခန်းအတွင်းမှ သူမ၏ သား (၂) ဦးသည် 'ရော်ဘင်' နှင့် 'ကယ်မရွန်'ကို နမ်းရင်း စိတ်ထဲမှ နုတ်ဆက်လိုက်သည်။ သူတို့ရဲ့ အဖေသူမ၏ ယောက်ျား ဇီဝဗေဒဝါသနာရှင် 'တွမ်' သည် သူတို့ နံနက်စာ ကျွေးချိန်တွင် နိုးမည်ဖြစ်သည်။ ထိုအချိန်တွင် 'အန်နီ' သည် 'လော့အယ်လယ်ပဲစ်(စ်)' 'တောင်ပိုင်း ကယ်လီဖိုးနီးယား တက္ကသိုလ် ဆေးကုသရေးဌာန' တွင် နံနက်

www.burmeseclassic.com

www.burmeseclassic.com



# ဆေးရုံပေါ်မှ လူသတ်မှု

ပိုင်းအချိန် လူနာများကို လှည့်ပြီး စစ်ဆေးနေမည်ဖြစ်သည်။

'အန်နီ' သည် သူမ၏ များပြားလှသော အလုပ်တာဝန်များကာ သူမကလေးများနှင့် အနေဝေးနေရသည့် အချိန်များအတွက် အပြစ်ရှိနေသလို ခံစားနေရ၏။ မူကြိုကျောင်းသားလေးများဖြစ်သော သားငယ်နှစ်ဦးနှင့် နီးနီးကပ်ကပ်နေရမည်ကို သိနေသလို၊ သူမ သားနှစ်ဦးမှလည်း သူမကို အမြဲမြင်တွေ့ နေသင့်သည်ဟု ခံစားမိသည်။ သို့သော်လည်း ထိုကိစ္စမှာ ဘယ်လိုမှ မဖြစ်နိုင်သေးပေ။ ကလေးရောဂါပညာ အာရုံကြောဆိုင်ရာ သုတေသနဆင်းရန် နောက်ထပ်တစ်နှစ်ခွဲခန့် ကျန်သေးသည်။ ၎င်းနှင့်အတူ တာဝန်ချိန်မှ တစ်နေ့ (၁၅) နာရီဆိုသော်လည်း သတ်မှတ်ချက်က ရှိနေသည်။ တာဝန်က တာဝန် မဟုတ်ပါလား။

ဆေးရုံသို့ ရောက်သောအခါ 'အန်နီ' သည် ဆေးရုံထုံးစံအတိုင်း ဝတ်စုံအဖြူကို မဝတ်ဘဲ ဝတ်စုံအပြာကို ဝတ်ခဲ့သည်။ အဖြူရောင် ဝတ်စုံသည် လူနာများကို ရှက်ကြောက်မှုကို ဖြစ်စေသည်ဟု ခံယူထားသည်။ ဖေဖော်ဝါရီ (၈) ရက်နေ့၊ ၁၉၉၃ ခုနှစ် နံနက်ပိုင်းတွင် လူနာများကို လှည့်လည် ကြည့်ခဲ့ပြီး ပထမ အထပ်အရေးပေါ် လူနာဆောင်တွင် လူနာတစ်ဦးနှင့် တွေ့ဆုံရန် ခေါ်ခြင်းခံရသည်။ 'စင်နီ' သည် အင်္ဂလန်နိုင်ငံသား တစ်ဦးဖြစ်သည်။ သူမ၏ လေသံကို လူနာများနှစ်သက် သဘောကျကြသည်။

အရေးပေါ် ခန်းမအရှေ့တွင် ဆရာဝန် (၃) ဦးသည် လူနာများကို တစ်ဦးချင်း တွေ့ဆုံ စစ်ဆေးပေးနေကြသည်။ အကယ်၍ လူနာကို ကိုယ်တိုင် စမ်းသပ်ရမည် ဆိုပါက အခန်းငယ်လေးများတွင် စမ်းသပ်ကြသည်။

ဒီဆေးရုံကတော့ လက်တွေ့လုပ်ရတာ အကောင်းဆုံး ဆေးရုံတစ်ခုပဲဟု 'အန်နီ' တွေးလိုက်သည်။ လိုအပ်ချက်များ အတောအသပ်နိုင်ဘဲ နောက်ထပ်လာမယ့် အကြောင်းအရာက ဘာလဲဆိုတာကိုလည်း မသိနိုင်ပေ၊ နံနက်ပိုင်း တစ်ချိန်လုံးတွင် လူနာများကို တွေ့နေပြီး၊ နေ့လယ်လွန်ချိန်လောက်တွင် ဖိလစ်ပိုင် အမျိုးသမီးတစ်ဦးနှင့် တွေ့နေသည်။ ထိုအမျိုးသမီးက စကားပြောရတာ လေးနေတယ်လို့ ပြော

www.burmeseclassic.com



သည်။

'အန်နီ' သည် သူမ၏ စမ်းသပ်အခန်းငယ် လိုက်ကာကို ပိတ်လိုက်၏။ ၁၀ ပေ × ၆ ပေ အခန်းလေးထဲတွင် ကုတင်တစ်လုံး၊ ထိုင်ခုံတစ်ခု စားပွဲငယ်တစ်လုံးနှင့် အမှိုက်ခြင်းတစ်ခုရှိသည်။ 'အန်နီ' သည် ဖီလစ်ပီနို အမျိုးသမီး၏ ရာဇဝင်လိုစတင်မေးမြန်းခိုက်၊ အပြင်ဖက်တွင် ကျယ်လောင်သော အသံများကို ရုတ်တရက်ကြားခဲ့သည်။

တစ်ယောက်ယောက်က– စားပွဲကို သံလင်ပန်းနဲ့ ရိုက်နေတယ်ဟု ထင်မှတ်ခဲ့သည်။ သို့သော်လည်း ထိုအချိန်တွင် ကြောက်ရွံ့ထိတ်လန့်သံများနှင့် 'ဆရာဝန်တွေကို သူလိုက်ပစ်သတ်နေတယ်၊ ဆရာဝန်တွေကို သူလိုက်ပစ်သတ်နေတယ်' ဟူသော အော်ဟစ်သံများကို ကြားလိုက်သည်။

အနီးကပ် ပစ်ခတ်ခြင်း 'အန်နီ' မသိသေးသည်မှာ အရေးပေါ်ခန်းမ၏ အရှေ့တွင်ရှိနေသော ဆရာဝန် (၃) ဦးသည် အနီးကပ် ပစ်ခတ်ခြင်းခံရသည်။ ၄င်းနောက်သို့ သေနတ်သမားသည် အရေးပေါ်ခန်းမထဲတွင် ဝင်လာနေပြီဖြစ်သည်။

'အန်နီ' သည် သူမ၏ လူနာ ကိုအရေးတကြီး ကပ်ပြောလိုက်သည်။ 'ကြမ်းပြင်ပေါ်ဆင်းပြီး ကုတင်အောက်မှာဝပ်နေ' အပြင်ဖက်တွင် သေနတ်သမား၏ အော်သံကို ကြားနေရသည်။

"သူနာပြုတွေ မလိုချင်ဘူး။ ငါဆရာဝန်တွေကိုပဲ လိုချင်တယ်။ သူနာပြုတွေ မလိုချင်ဘူး၊ အဖြူရောင် ဝတ်စုံတွေပဲ လိုချင်တယ်"

'အန်နီ' သည် သူမ၏ လည်ပင်းမှ နားကြပ်နှင့် သူမ၏ မှတ်ပုံတင် ကပ်ပြားကို ဖြုတ်ပြီး စားပွဲအောက်သို့ ပစ်လိုက်ပြီး၊ လူနာနှင့်အတူ ကြမ်းပြင်ပေါ်တွင် ဝပ်နေကြသည်။ (၂) ဦးသားမေးစက်နေသော်လည်း ကြမ်းပြင်ပေါ်တွင် မလှုပ်မယှက်ဘဲ နားစွင့်နေသည်။ အရေးပေါ်ခန်းမကြီးသည် ထိတ်လန့်ဖွယ်ရာ တိတ်ဆိတ်နေသည်။ 'အန်နီ' သည် စမ်းသပ်ခန်းမလေးများ၏ လိုက်ကာများ ဖယ်ရှားသံများကို အတိုင်းသားကြားနေသည်။ တဖြည်းဖြည်း သူမပုန်းနေသော အခန်းနှင့် နီးလာလေလေ သူမအနေဖြင့် အသက်ရှူရတာပိုကြပ်လာလေလေ ဖြစ်နေ၏။

ထိုအချိန်တွင် သူမအခန်းလိုက်ကာဆွဲဖွင့်သံ ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



## ရေခြားမြေခြား ဖြစ်ရပ်မှန်

ပြီး၊ မော့ကြည့်လိုက်ရာ ရိုင်ဖယ် ပြောင်းဝတစ်ခုသည် သူမ၏ ရင်ကိုချိန်ထားသည်ကို အထိတ်တလန့် တွေ့လိုက်၏။ အရပ်ရှည်ရှည်၊ သပ်သပ်ရပ်ရပ် မုတ်ဆိတ်မွေးရိတ်ထားသော စံပိန်နွယ်ဝင်၊ မျက်မှန်နက်ဝတ်ထားပြီး ကျည်ဆံခါးပတ် ဝတ်ထားသော လူတစ်ဦး သူ၏ ကုတ်အင်္ကျီထဲတွင် အခြားလက်နက်များကို တွေ့ရ၏။ သူ၏ဘယ်လက်ဖြင့် အသက် (၄၀) ကျော် အမျိုးသမီး၏လည်ကုတ်ကို ချုပ်ကိုင်ထားသည်။ ထိုအမျိုးသမီး၏ မျက်လုံးများသည် ထိတ်လန့်တုန်လှုပ်မှုဖြင့် ပြည့်နေသည်။

"မင်းက ဆရာဝန် မဟုတ်ဘူးလားပြော" 'သေနတ်ကို' အန်နီ၏ မျက်နှာရှေ့တွင် ဝှေ့ရမ်းရင်း မေးလိုက်၏။

ထိုအချိန်တွင် 'အန်နီ' သည် သေတော့မည်ဟု ထင်မှတ်လိုက်သည်။ သူမ၏ ငယ်စဉ်တောင်ကျေးဘဝမှ လက်ရှိနောက်ဆုံးသားငယ် (၂) ဦးကို နှုတ်ဆက်အနမ်းပေးခဲ့သည့် ပုံရိပ်များသည် ဖြတ်သန်းလာစဉ်၊ သေနတ်ပေါက်ကွဲမှုအသံကို နားစွင့်နေသည်။ သေနတ်သံကိုမကြားရသေးပေ။ ထို့ကြောင့် သူမ၏ အကောင်းဆုံး အင်္ဂလိပ် လေသံဖြင့် အင်္ဂလိပ်စကားပြောလိုက်သည်။

"မဟုတ်ပါဘူး၊ ကျွန်မက သူနာပြုတစ်ဦးပါ"

"သူနာပြု မဟုတ်ပါဘူး။ မင်းကဆရာဝန်ပါ" ဟု သူက ပြောရင်း သူမကို အမြင်တစ်မျိုးဖြင့် မြင်သကဲ့သို့ ခေါင်းတစ်ဖက်စောင်းရင်း ...

"မင်းက အင်္ဂလိပ် လူမျိုးပဲမဟုတ်ဘူးလား" ငါအင်္ဂလိပ်တွေကို ကြိုက်တယ် ... ကဲ ... ထ ... ထ"

'အန်နီ' သည် မျှော်လင့်ချက်ရောင်ခြည် ရေးရေးလေးရှိလာသည့်ကို ခံစားလိုက်ရသည်။ လူနာကို မတ်တပ်ရပ်ရင်း ကူညီပြီး အခန်းငယ်လေးထဲမှ ထွက်လိုက်သည်။ ထိုအချိန်တွင် လုံခြုံရေးတစ်ဦးမှ သေနတ်ပြောင်းကို သူတို့ထံ ချိန်ရင်း ချဉ်းဝင်လာသည်။

"ပြန်သွား ... ပြန်သွား" ဟု သေနတ်သမားက အော်ဟစ်ရင်း မိန်းမ (၃) ဦးကြားထဲသို့ တိုးဝင်လာသည်။ လုံခြုံရေးဝန်ထမ်းကလည်း နောက်ဖက်သို့ ပြန်ဆုတ်သွားသည်။ တော်သေးတာပေါ့။ တွေးလိုက်သည် 'အန်နီ' သည် ဖိလစ်ပိုင် အမျိုးသမီး ထိတ်လန့်တုန်လှုပ်နေတာကို မြင်တော့ သေနတ်သမားကို ပြောလိုက်၏ 'ဒီအမျိုး နေမကောင်းဖြစ်နေတယ်။ လွှတ်ပေးလို့ မရဘူးလား"

မယုံနိုင်စရာပင် သေနတ်သမားက သူမကို ကြည့်ကာ သွားခွင့်ပေးလိုက်၏။

ထို့နောက် သူ၏ ကုတ်အင်္ကျီထဲမှ လက်ထိပ်တစ်ခုကို ထုတ်ယူပြီး 'အန်နီ'၏ ညာလက်ကောက်ဝတ်တွင် တစ်ခု၊ နောက်အမျိုးသမီး၏ ဘယ်လက်ကောက်ဝတ်တွင် တစ်ခုခတ်လိုက်သည်။ ဆရာဝန်မလေးသည် တုန်လှုပ်နေသော အမျိုးသမီး၏ လက်ကိုဆုပ်ကိုင်အား

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။

'ကဲ သွားရအောင်' သေနတ်သမားသည် 'အန်နီ' ၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ရင်း အခန်းငယ်လေးများ တစ်ခုပြီး တစ်ခုတွင် ဆရာဝန်များကို လိုက်ရှာနေသည်။ ဆရာဝန်ပေါ်၊ လူနာတစ်ဦး တစ်ယောက်မှ မရှိတော့ပေ။ ၄င်းနောက်အခန်းတစ်ခုထဲသို့ ဝင်ပြီး အခန်းတံခါးကို ရှိတာတွေနှင့် ပိတ်နေသည်။ သေနတ် မတော်တဆထွက်သွားမည်ကို စိုးရိမ်ရင်း ရင်ထိတ်နေသည်။ သေနတ် မတော်တဆ ထွက်သွားမည်ကို စိုးရိမ်ရင်း လက်ထိပ်ခတ်ခံရသော အမျိုးသမီး (၂) ဦးသည် တတ်နိုင်သလောက် ဝိုင်းကူနေသည်။

ဒေါသပြင်းထန်လာခြင်း ဆရာဝန် 'အန်နီတောနေ' သည် ဒီလူနှင့် ဆက်သွယ်ရေး လမ်းကြောင်းတစ်ခု ဖွင့်ရမည်ဟု သိနေသည်။ သူနှင့် စကားပြောရင်း သူ၏ဒေါသပြင်းထန်လာခြင်းကို လျှော့ချနိုင်လိမ့်မည်ဟု ထင်ယူသည်။ ဒီလိုဆိုလျှင် သူတို့အတွက် မျှော်လင့်ချက်ရှိလာနိုင်

**"ငါ့နာမည်ကို မင်းကိုပြောဖို့ မလိုသလို မင်းရဲ့ နာမည်ကိုလည်း ငါသိဖို့မလိုဘူး"**



သည်။ သူမ၏ ဆရာဝန် သက်တမ်းတွင် ဒေါသထွက်နေသော လူနာများဖြင့် လက်တွေ့အောင်မြင် ကျင့်သုံးခဲ့သည်သည်ကို သတိရနေ၏။

"ကျွန်မနာမည် အန်နီပါ" သူမသည် လူနာတွန်းလှည်းကို တံခါးဝတွင် ကပ်ရင်းပြောလိုက်သည်။ 'ရှင့်နာမည်ကို မသိရဘူးလား'

သေနတ်သမားသည် ပေါက်ကွဲမှုဖြင့်

"ငါ့နာမည်ကို မင်းကိုပြောဖို့မလိုသလို မင်းရဲ့နာမည်ကိုလည်း ငါသိဖို့မလိုဘူး"

၄င်းနောက် သူသည် ငြိမ်သွားပြီး အခန်းထဲတွင် ဘာလိုမှန်းမသိလိုက်ရှာနေတော့သည်။ ခဏကြာသော် အခန်းအပြင်ဖက်မှ သွေးများ တံခါးအောက်မှ အခန်းတွင်းသို့ စီးဝင်လာသည်။ ထိုလူပစ်ခဲ့သော ဆရာဝန်များ၏ သွေးများဖြစ်သည်။ ထိုသွေးများကြောင့် လက်ထိပ်အဘူအခတ်ခံရသော မိန်းမသည် ပိုမိုထိတ်လန့် တုန်လှုပ်လာသောကြောင့် 'အန်နီ' မှ အားပေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



**ဆရာဝန်များက သူ့ကို အစမ်းသပ်ခံ သတ္တဝါတစ်ကောင်လို ဆက်ဆံကြောင်းနှင့် သူက 'အေ့ဒ်' သို့မဟုတ် အခြားရောဂါ တစ်ခုခုရှိတယ်လို့ ပြောတာကို ဆရာဝန်တွေက လက်မခံဘဲ သူ့ကို အရူး တစ်ယောက်လိုသာ ဆက်ဆံကြောင်း**

ထို့နောက် 'အန်နီ' သည် ထိုလူနှင့် ပြန်၍ စကားပြောရန် ကြိုးစား၏။

"ဒီမှာ ဆရာဝန် တစ်ယောက်မှ မရှိတော့ပါဘူး"

သေနတ်သမားသည် သူ့ခံစားချက်ကို ပြောတော့သည်။ လွန်ခဲ့သော နှစ်များတွင် ဤဆေးရုံတွင် ဆေးလာစစ်နေချိန် နံနက် ဆရာဝန်များက သူ့ကို အစမ်းသပ်ခံ သတ္တဝါ တစ်ကောင်လို ဆက်ဆံကြောင်းနှင့် သူက 'အေ့ဒ်' သို့မဟုတ် အခြားရောဂါ တစ်ခုခုရှိတယ်လို့ ပြောတာကို ဆရာဝန်တွေက လက်မခံဘဲ သူ့ကို အရူးတစ်ယောက်လိုသာ ဆက်ဆံကြောင်း ဆက်တိုက်ပြောတော့သည်။

သူမသည် စိတ်ကိုအမြင့်ဆုံး သတိအနေအထားဖြင့် ဂရုတစိုက်နားထောင်ရင်း မေးခွန်းများကိုမေးသည်။ သူမသည် ဆရာဝန်တစ်ဦး ဖြစ်သည်ကို ဖော်ပြခြင်း မရှိသည့် မေးခွန်းများ မေးသည်။

"ရှင်ဒီလို ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ၊ ကိုယ့်အလေးချိန်တွေ ကျသလား၊ ကိုယ်အပူချိန်တက်လာတယ် ရှိသလား"

ထိုလူက စကားများများ ပြောလာသည်နှင့်အညီ တည်တည်ငြိမ်ငြိမ် ပိုရှိလာသည်။ သို့သော် 'အန်နီ' သည် သူမနှင့် အတူအဖမ်းခံနေရသော အမျိုးသမီးကို စိုးရိမ်နေ၏။ သေနတ်သမားသည် အခန်းကို သွားရောက် စစ်ဆေး မေးလိုက်သည်။

"ဒီဆေးရုံမှာ အလုပ်လုပ်တာလား"

"ဟုတ်ကဲ့ပါ မှတ်တမ်းထိန်းရုံးမှာ လုပ်ပါတယ်" ဟု တုန်လှုပ်ခြောက်ခြားနေသော အသံဖြင့် ပြန်ဖြေသည်။

"အန်နီ" သည် သေချာစွာ စဉ်းစားပြီးနောက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ သေနတ်သမားအလို ရှိနေတာ ဆရာဝန်လိုဖြစ်သည်။ ထို့ကြောင့် သူတို့ (၂) ဦးလုံး၏ အသက်ကို အရဲစွန့်ရန် မလိုအပ်ဟု သုံးသပ်လိုက်သည်။ သူမသည် ဆရာဝန်တစ်ဦးဆိုတာ ဝန်ခံပြီး ထိုအမျိုးသမီးကို လွှတ်ပေးပါရန် တောင်းဆိုပြီး သူ့ကိုလည်း စစ်

www.burmeseclassic.com

www.burmeseclassic.com



ဆေးပေးမည်ဟု ကတိပေးရန်သာ ရှိတော့သည်။

'အန်နီ'၏ သွေးခုန်နှုန်းမြင့်တက်လာသည်။ နောက်ဆုံး သူမအသံထွက်လာသည်။

"ကျေးဇူးပြုပြီး နားထောင်ပါ။ တကယ်တော့ ကျွန်မက ဒီဆေးရုံက ဆရာဝန်တစ်ယောက်ပါ။ အဓိက တာဝန်ကတော့ ကလေးရောဂါနဲ့ ပတ်သက်တယ်။ ဒါပေမယ့် လူကြီးတွေနဲ့ ပတ်သက်တဲ့ အတွေ့အကြုံ အများကြီးရှိပါတယ်" သူမသည် ခေတ္တရပ်ကာ ဘေးမှ အမျိုးသမီးကိုကြည့်ကာ ...

"သူမက အလုပ်သမားတစ်ဦးပဲ၊ လွှတ်ပေးလိုက်ပါနော်။ ပြီးရင် ရှင့်ကို ကျွန်မစစ်ပေးမယ်"

"မပြောပါနဲ့ ဒေါက်တာရယ်"

ထိုအမျိုးသမီးသည် 'အန်နီ' ဆရာဝန်ဖြစ်ကြောင်း ဝန်ခံလိုက်သည့်အတွက် စိတ်မကောင်းစွာဖြင့်အော်လိုက်သည်။

သို့သော် သေနတ်သမားသည် သူမ၏ အပြောကို စိတ်မဝင်စားသလိုပင်။ သူမ ဆရာဝန်ဖြစ်သည်ကို သိနေသလားသို့မဟုတ် သူမ၏ အင်္ဂလိပ်လေသံကို စိတ်ဝင်စားနေသလား မသိပေ။

"မရတော့ဘူး နောက်ကျသွားပြီ"

သူမတို့အား ကုလားထိုင်ပေါ်တွင် ထိုင်ခိုင်းသည်။ တယ်လီဖုန်းသံသည် အဆက်မပြတ်မြည်နေသည်။ ထို့ကြောင့် သူသည် 'အန်နီ' ကို ဖုန်းကိုကိုင်ခိုင်းလိုက်သည်။ ရဲတပ်ဖွဲ့မှတပါး အခြားလူများကို စကားပြောခွင့် မပြေးပေ။ ဆေးရုံဝန်ထမ်းများ၏ ဆွေမျိုးများ၏ ဖုန်းခေါ်ဆိုပြီးနောက် ရဲတပ်ဖွဲ့ဝင်များနှင့် အဆက်အသွယ်ရသွားသည်။

'အန်နီ' သည်တယ်လီဖုန်းကိုယူပြီးနောက် ရဲများ၏ ပြောဆိုချက်များကို နားထောင်ပြီး ဘာမှ ပြန်မပြောဘဲ ဖုန်းကို 'အန်နီ' ထံ ပြန်ပေးခဲ့သည်။ ရဲများ၏ မေးခွန်းကို 'ဟုတ်တယ်' 'မဟုတ်ဘူး' သာ ပြန်ဖြေခဲ့သည်။

"သူ့အသက်ဘယ်လောက်လဲ၊ (၂၀) ကနေ (၂၅) နှစ်"

"မဟုတ်ဘူး"

"(၃၀) ကနေ (၃၅) နှစ်"

"ဟုတ်တယ်"

"သေနတ် ဘယ်နှစ်လက်လဲ"

"(၃)လက်"

"မဟုတ်ဘူး"

"ဒီထက်ပိုပြီး ပါသလား"

"ဟုတ်တယ်"

"အန်နီ" သည် သူမ၏ဘေးတွင် သေနတ်သမား နားထောင်နေသောကြောင့် ဘာမှ ပြောလို့မရပေ။ ၎င်းနောက် (၁၀) မိနစ်တစ်ကြိမ် ဖုန်းဆက်သည်။ သေနတ်သမားနှင့် စကားပြောပြီး 'အန်နီ' နှင့်ပြောသည်။

"လှုပ်လှုပ်ရှားရှားအသံ"

မိနစ်ပြီးမိနစ်၊ တစ်နာရီပြီး တစ်နာရီ အချိန်ကုန်သွားပြီး ညနေပိုင်းရောက်လာသည်။ သို့သော်လည်း သူမမှ မေးခွန်း များ အဆက်မပြတ်မေးပြီး အခြေအနေကို ဆွေးနွေးတင်ပြသည်။

"ဘယ်မှာမွေးတာလဲ"

"အနှစ်သက်ဆုံးရုပ်/သံကဘာလဲ"

"ဘယ်ကိုများ ခရီးထွက်

www.burmeseclassic.com



ခဲ့လဲ"

"ဘယ်နှစ်ခါ မိန်းမနဲ့ ဆက်ဆံခဲ့သလဲ"

ထပ်ခါတလဲ မေးခွန်းများ မေးပြီး သူမ၏ ဆေးပညာ ရှုထောင့်မှ အကြံပြုဆွေးနွေးခဲ့သည်။ စကားပြော ရပ်နားနေစဉ် နောက်မေးခွန်းများကို မရမက စဉ်းစားနေရသည်။ သို့မှသာ လူသတ်သမားသည် ဆေးရုံတွင် လုပ်ခဲ့သည့် အကြောင်းနှင့်ဆေးရုံတွင် နောက်ထပ်လုပ်မည့်အကြောင်းကို မစဉ်းစားမိစေရန်ဖြစ်သည်။

သူမသည် နံရံပေါ်မှ နာရီကိုခိုးကြည့်လိုက်သည်။ သေနတ်သမား စကားပြောတာ ငြိမ်သွားသောအခါ သူမသည်ပို၍ စိတ်လှုပ်ရှားခဲ့သည်။ မပြောမဆိုနှင့် သူမတို့ထံမှ လက်ထိပ်များကို ပြန်ဖြုတ်ပေးပြီး စားပွဲပေါ်သို့ တင်လိုက်သည်။ ရိုင်ဖယ်သေနတ်၊ ခြောက်လုံးပြူးသေနတ်၊ အမဲလိုက် ဓားမြှောင်နှင့် နောက်ထပ် လက်ထိပ်တစ်စုံကို စားပွဲပေါ်တွင် တင်လိုက်၏။

**သူမတို့ထံမှ လက်ထိပ်များကို ပြန်ဖြုတ်ပေးပြီး စားပွဲပေါ်သို့ တင်လိုက်သည်။ ရိုင်ဖယ်သေနတ်၊ ခြောက်လုံးပြူး သေနတ်၊ အမဲလိုက် ဓားမြှောင်နှင့် နောက်ထပ် လက်ထိပ်တစ်စုံကို စားပွဲပေါ်တွင် တင်လိုက်၏။**

ထိုအချိန်တွင် ဖုန်းသံမြည်လာပြန်သည်။ သေနတ်သမားသည် ဒီတစ်ကြိမ်တော့ ရဲများနှင့် စကားအကြာကြီးပြောခဲ့ပြီးနောက် ဖုန်းကိုချလိုက်သည်။ ထိုသို့ပြောနေစဉ် သေနတ်သမားသည်သူ၏ အမည်ကို ပြောတာကို 'အန်နီ' ကြားခဲ့သည်။ 'ဒါမာသီအိုတောရက်(စ်)'။

ထိုအချိန်တွင် အပြင်ဖက်နှင့် မျက်နှာကျက်ပေါ်မှ လှုပ်လှုပ်ရှားရှားအသံများကို ကြားလိုက်ရသည်။ 'တောရက်(စ်)' သည် ရုတ်တရက် ပြန်လှည့်ရင်း သူမကို မေးလိုက်သည်။ သူ၏အသံသည် အက်ကွဲနေသည်။

"အဲဒါ ဘာအသံလဲ"

"အင်း ကျွန်မတို့ ဆေးရုံမှာ ဒီနှစ်ကြွက်တွေ တော်တော်သောင်းကျန်းတဲ့ဒဏ်ကို ခံနေရတယ်"ဟု ရိုးမောစရာ အဖြစ်ပြောလိုက်သည်။ ဒီတစ်ခါလည်း မယုံနိုင်စရာပင် 'တောရက်(စ်)' သည် သူမ၏ ပြောဆိုချက်ကို လက်ခံပြန်သည်။ တကယ်တမ်းတော့ မျက်နှာကြက်ပေါ်တွင် လူတစ်ဦး တဖြည်းဖြည်းချင်း သွားလာနေသည်ဟု ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



(၅) နာရီတွင် တယ်လီဖုန်း ထပ်ပြန်လာသည်။ 'တောရက်(စ်)'သည် ကောက်ကိုင်ကာ စကားပြန်ပြောသည်။ 'အန်နီ' သည် ဘာတွေပြောနေသည်ကို ကောင်းကောင်း မကြားသော်လည်း သူ၏လေသံမှာ ဆုံးဖြတ်ချက်ချပြီးသား ခိုင်မာသည့် လေသံမျိုးဖြစ်နေသည်။ ထို့နောက် ဖုန်းကိုချကာ သူတို့ဖက်သို့လှည့်လိုက်သည်။

သူမ၏ မျက်လုံးထဲသို့ သူ၏ အဆုံးအစမရှိသည် မျက်လုံးဖြင့် စိုက်ကြည့်နေရာ 'အန်နီ' ကြက်သီး တဖြန်းဖြန်းထလာသည် အထိ ဖြစ်သည်။ သူ၏လက်နှစ်ဖက်ကို ပိုက်လိုက်ရင်းအပေါ်သို့ မော့ကြည့်လိုက်သည်။ငှင်းနောက် ကြမ်းပြင်ပေါ်သို့ ငှင်းနောက် အကြည့်က သူတို့ (၂) ဦးထံပြန်လည်လာသည်။ ခားစားခံ (၂) ဦး ကံကြမ္မာကို ဆုံးဖြတ်နေဟန် 'အန်နီ' နှင့်အတူ အမျိုးသမီးသည် အသက်ကို မနည်းကြီး ရှူနေကြသည်။ 'အန်နီ'မှလည်း သူမ၏ မနက်တုန်းကလို အတွေးပုံရိပ် ထပ်မမြင်လိုတော့ပါ။

"မင်းတို့နှစ်ယောက် သွားနိုင်ပြီ"ဟုတံခါးဝကို လက်ညှိုးထိုးရင်း ပြောချလိုက်သည်။ အံ့ဩခြင်းနှင့် အတူပျော်သွားခဲ့သော်လည်း 'အန်နီ'သည် 'တောရက်(စ်)' ကို ကျောပေးပြီး တံခါးဝသို့ လျှောက်သွားရမည်ကို လန့်နေသည်။

"သေနတ်တွေကို ကျွန်မယူသွားရမလား" ဟုမေးလိုက်သည်။

"မလိုဘူး ငါယူထားမယ်" လို့ ပြန်ပြောသည်။

ဆရာဝန်မနှင့် အဖော်သည် တံခါးဆီသို့ လျှောက်သွားပြီး၊ အတားအဆီးများကို ဖယ်လိုက်သည်။ 'တောရက်(စ်)' ကို ပြန်လှည့်ကြည့်ရင်း အပြင်ကို အော်ပြောလိုက်သည်။

"ကျွန်မတို့ ထွက်လာတော့မယ်"

တံခါးဝမှ ဖြည်းဖြည်းချင်း ထွက်လာပြီး တံခါးဝ ကျော်သည်နှင့် ရဲအရာရှိများသည် သူတို့ (၂) ဦးကို လုံခြုံသော နေရာများဆီသို့ ခေါ်သွားသည်။

ရဲအထူးတပ်ဖွဲ့ နောက်လေးမိနစ်အကြာ စတင်ဖမ်းဆီးပြီ။

(၅) နာရီကျော်ကျော်တွင် 'ဒါမာဆီအို တောရက်(စ်)'



www.burmeseclassic.com

www.burmeseclassic.com



သည် ရဲအထူးတပ်ဖွဲ့များတွင် အသုံးခံလိုက်သည်။ 'တောရက်(စ်)' အကြံအစည်မှာ 'အန်နီ' နှင့်သာ စကားမပြောဖြစ်နေပါက ဆေးရုံအပေါ်ထပ်များတွင် ဆရာဝန်များကို ထပ်မံရှာဖွေပြီး သေနတ်ဖြင့် ပစ်သတ်ရန်နှင့် နောက်ဆုံးမှ လက်နက်ချရန်ဖြစ်သည်။

လော့အိမ်ဂျယ်လစ်(စ်) ရဲ တပ်ဖွဲ့ တပ်ကြပ်ကြီး မိုက်ကယ် ဘဲ(လ်)ဘာနီး(စ်)သည် ဒေါက်တာအန်နီကို ချီးမွမ်းခဲ့သည်။ 'တောရက်(စ်)' လက်နက်ချခဲ့သည်မှာ 'အန်နီ'၏ စကားပြောဆိုနေရာမှုကြောင့် ဖြစ်သည်ဟုဆိုသည်။ သူမသည် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး လိုအပ်သလို ပြောဆိုသွားတာပဲ။ သူမကြောင့် သေနတ်သမားက ရှေ့မှာပေါက်ကွဲမယ့် အခြေအနေတွေကို မစဉ်းစားနိုင်ပဲ စကားစကားပြောနေရင်း အချိန်ကုန်သွားပြီး သူ့ရဲ့ဒေါသစိတ်တွေ ကို ဖြေလျှော့နိုင်စွမ်းရှိအောင် ဒေါက်တာ 'အန်နီ' က စွမ်းဆောင်နိုင်ခဲ့တယ်။ သတ္တိ အလွန်ရှိတဲ့ သူတစ်ဦးပဲဟု ပြောခဲ့သည်။

'တောရက်(စ်)' ပစ်ခဲ့သော ဆရာဝန် (၃) ဦးစုလုံး အသက်မသေခဲ့ပါ။ သူ့ကို လူသတ်မှု (၃) မှုနှင့် မတရားဖမ်းဆီးမှု (၂) မှုနှင့် အပြစ်ရှိကြောင်း ထင်ရှားပြီး စီရင်ခြင်းခံရသည်။အပြစ်ဒဏ်မှ ထောင်ဒဏ် ၁၂ နှစ်နှင့် ထပ်မံ၍ တစ်သက်တစ်ကျွန်း (၃) ကြိမ်ကျခံရသည်။

ဒေါက်တာအန်နီတောနေသည် ဤကိစ္စဖြစ်ပြီး နောက်တစ်ရက်လောက်တွင် ဆေးရုံသို့ပြန်ရောက်လာပြီး တာဝန်ထမ်းဆောင်သည်။ စိတ်ခံစားမှုများရှိသော်လည်း အိမ်မက်ဆိုးတွေကို ထိပ်တိုက်ရင်ဆိုင်ရုံမှတပါးအခြားနည်းလမ်း မရှိပါ ဟု ခံယူထားသည်။ နောက်တစ်ခုမှာ သူမ၏ လူနာများသည် သူမကို လိုအပ်နေသည်ဟု ပြောသည်။ ထိုထက်ပိုပြီး ပြောရလျှင် 'ကျွန်မက သူတို့ကိုပိုပြီး လိုအပ်ပါတယ်' ဟု ပြောသည်။

နေဇော်ဦး (ရွှေပြည်သာ)

## အကျိုးရှိသော ကြောက်စိတ်

ဘေးအန္တရာယ်ကို ရင်ဆိုင်ရသည့်အခါတွင် ကြောက်စိတ်သည် ကောင်းမွန်လိမ္မာသည့် တုံ့ပြန်ချက် ဖြစ်တတ်ပေသည်။ အန္တရာယ်အစစ်ကို ပေါ့ပေါ့တန်တန် လုပ်ခြင်းသည် ရဲရင့်ခြင်းမဟုတ်၊ မိုက်မဲခြင်းသာ ဖြစ်သည်။

မားဂရက်၊ ဘီ၊ ဂျွန်စတုံး

ရီးဒါးဒိုင်ဂျက်စ် မဂ္ဂဇင်း "What is Crurage" ဆောင်းပါးမှ။

www.burmeseclassic.com

www.burmeseclassic.com



# သားမိုက်ကောင်ကြီးတိုက်ခိုက်မှုကြောင့် ကလေးဒဏ်ရာရ

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးမြောက်ဘက် ပိုဒ်မက္ကီရှိ အရပ်မိသားစု ခြံဝင်း အတွင်း (၂) နှစ်သား ယောက်ျားကလေးတစ်ဦး တစ်ဘီးတပ် လက်တွန်းလှည်းကလေး နှင့် ကစားနေစဉ် သားမိုက်ကြီးတစ်ကောင် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သတင်းစာတွင်ဖော်ပြလိုက်သည်။


ပိုဒ်မက္ကီရှိအရပ်တွင် (၁၀) ဧက ကျယ်သောခြံတွင် မစ္စဂါလီမိသားစု နေထိုင်ကြသည်။ (၁၀၀-၄-၁၃) နေ့တွင် မစ္စဂါလီသည် ၎င်း၏သား ဇက်မောမာဂါလီ (၂) နှစ်ကို တစ်ဘီးတပ် လက်တွန်းလှည်းကလေးနှင့် အိမ်နောက်ဖက် ခြံဝင်းထဲ ကစားနေစေသည်။ သူမသည် အိမ်တွင်း၌ အိမ်မှုကိစ္စ များဆောင်ရွက်နေသည်။ ထိုစဉ် ကြီးမားသော သားမိုက်ကောင်ကြီးတစ်ကောင် ခြံဝန်းထဲခုန်ဝင်လာပြီး ကလေးငယ်ကို အတင်းပွေ့ယူ တိုက်ခိုက်တော့သည်။ ကလေး၏ ကြောက်လန့်တကြားအော်သံကို မိခင်ကြား သိရခြင်း ကြောင့် အိမ်နောက်ဘက်ကို ပြေးအထွက်တွင် သားမိုက်ကောင်က ကလေး၏ မျက်နှာကို ကုတ်ခြစ်ဖဲ့ရွဲ့နေသည်။ မိခင်က အတင်းမောင်းနှင်ထုတ်တော့မှ သားမိုက်ကောင်ကြီး ထွက်ပြေးသွားသည်။ ကလေး၏ မျက်နှာတွင် သေလောက်သော ဒဏ်ရာများရသဖြင့် ဆေးရုံပို့ခဲ့ရသည်။ ဩစတြေးလျနိုင်ငံတွင် သားမိုက်ကောင်အလွန်ပေါများပြီး ၎င်း သတ္တဝါတို့ ဖျက်ဆီးသဖြင့် အသံလွှင့်တိုင်များ၊ လေယာဉ်ကွင်း လမ်းဘေးအချက်ပြ မီးသီးများ ပျက်စီးမှုများသဖြင့် အစိုးရ သားမိုက်ကောင် ကောင်ရေ လျှော့ချရန် စီစဉ်နေရသည်။

ညီမြင့်လွင်

Ref-Intraet News

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



(တစ်)

ဒီကိစ္စမှာ ဦးပဏ္ဍိရွှေ လွန်တယ်။ လွန်တာမှ တော်ရုံမဟုတ်ဘူး။ အရမ်းလွန်တာ။

"အသက် (၇၀) ထဲရောက်ကာမှ ဘာစိတ်တွေမွှေးနေတာလဲ"

တချို့က ကဲ့ရဲ့ပြစ်တင်စကားဆိုတယ်။

"ဦးပဏ္ဍိရွှေက ပုထုစဉ်၊ အတွေ့ကို ဘယ်လိုပုထုစဉ်မှ မရှောင်နိုင်ဘူး"

တချို့က ဦးပဏ္ဍိရွှေဘက်က နေတွေးတယ်။ ပြဿနာတစ်ခုဖြစ်တိုင်း သူ့ဘက်ကိုယ့်ဘက် ရှိတတ်တာ သဘာဝပါ။

ဒါပေမယ့် ဒီကိစ္စမှာတော့ ဦးပဏ္ဍိရွှေဘက်က အင်အားနည်းတယ်။

ဟုတ်တော့လည်း ဟုတ်တယ်။ သူကလည်း ဒီအရွယ်ကြီးရောက်မှ ဝက်သက်ပေါက်ရတယ်လို့။ ပြဿနာက ဒီလို..

ပျဉ်းကတိုးကုန်းရွာမှာ မောင်ဖိုးတီးနဲ့ မကြည်တို့ ဇနီးမောင်နှံ



www.burmeseclassic.com



ရဲရင့်ထက် (သံတောက်)

# မှတ်တမ်းဝင်သွားတဲ့ မယားခိုးမှု

ရှိတယ်။

မောင်ဖိုးတီးကတောင်သူ။

အိမ်ထောင်သက် (၁၈)နှစ် အတွင်းမှာ သားသမီး (၇) ယောက်ရရှိခဲ့တယ်။

၁၉၇၃ခု၊ ဧပြီလထဲမှာ လင်မယားနှစ်ယောက် စကားများကြပြီး မကြည်အိမ်ပေါ်က ဆင်းသွားတယ်။

တစ်ရွာတည်းနေတောင်သူ ဦးပဏ္ဍိရွှေအိမ်မှာ သွားနေတယ်။

မကြည်၊ ဦးပဏ္ဍိရွှေထံမှာ တစ်လလောက်နေပြီး လင်ဖြစ်တဲ့ မောင်ဖိုးတီးဆီ ပြန်လာတယ်။

ဒီအထိ ဘာမှပြဿနာ မဖြစ်သေးဘူး။ မကြည်နဲ့ ဦးပဏ္ဍိရွှေ အကြောင်း ဟိုလိုလို သည်လိုလို ပြောသံတွေ ကြားပေမယ့် မောင်ဖိုးတီး ခွင့်လွှတ်ခဲ့တယ်။ ငယ်လင်ငယ်မယားမို့ သည်းခံခဲ့တယ်။

မောင်ဖိုးတီးဆိုတာ ဒီလိုလူ။ လူအေး။ ဒါကို ဦးပဏ္ဍိရွှေက ပမာမခန့်ပြုတယ်။ ပြဿနာမီးစ မွေးတယ်။ ဦးပဏ္ဍိရွှေ မောင်ဖိုးတီးအိမ်အပေါ်အထိ တက်တယ်။

မောင်ဖိုးတီးရှေ့မှောက်မှာ မကြည်ကို ဆွဲခေါ်တယ်။ ခေါ်မရတော့မှ ပြန်သွားတယ်။

ဒီနေရာမှာ မောင်ဖိုးတီးမဟုတ်ဘဲ တခြား လူသာဆို ဦးပဏ္ဍိရွှေ ဓက်ပြတ်ပြီး ခေါင်းနဲ့ ကိုယ်အိုးစားကွဲပြီ။

ဒါပေမယ့် မောင်ဖိုးတီးက ဓားမဆွဲဘူး။ လှံမကိုင်ဘူး။

အိမ်ပေါ်ထိတက်ပြီး စော်ကားမော်ကားပြုတဲ့ ဦးပဏ္ဍိရွှေ မှတ်လောက်အောင်တော့ လုပ်တယ်။

ကျောင်းမှန်း ကန်မှန်းသိအောင် ခေါင်းလောင်းထိုးပြတယ်။

ဦးပဏ္ဍိရွှေကို မယားခိုးမှုနဲ့ တရားစွဲလိုက်တယ်။

ကဲ…ဒီကိစ္စမှာ ဦးပဏ္ဍိရွှေ လွှန်လား၊ မလွန်လား စဉ်းစားသာကြည့်တော့။

## (နှစ်)

ပြောရဦးမယ် မယားခိုးမှု အကြောင်း။ မယားခိုးမှု ဥပဒေမှာ မယားခိုး မှုမြောက်ဖို့ အချက် (၃)ချက်နဲ့ ပြည့်စုံရမယ်။

(၁)လင်ရှိမယား ဖြစ်ကြောင်း သိခြင်း သို့မဟုတ် ယုံကြည် ရန် အကြောင်းရှိခြင်း။

(၂) ယင်းကိုသိလျက် သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိလျက် ထိုမိန်းမနှင့် ကာမစပ်ယှက်ခြင်း။

(၃) ထိုသို့ ကာမစပ်ယှက်သည်ကို လင်ဖြစ်သူက သဘော

www.burmeseclassic.com

www.burmeseclassic.com



မတူခြင်းတို့ဖြစ်တယ်။

ဒီမယားခိုးမှုမှာလည်း အချက် (၃)ချက်နဲ့ ပြည့်စုံကိုက် ညီမှုရှိ မရှိ၊ အဆင့်ဆင့်တရား ရုံးတွေက စဉ်းစားသုံးသပ်ခဲ့ တယ်။

မကြည်ဟာ မောင်ဖိုးတီးရဲ့ မယားဖြစ်တာကို တစ်ရွာတည်း နေသူဖြစ်တဲ့ ဦးပဏ္ဍိရွှေမသိဘဲ နေမှာမဟုတ်။ မောင်ဖိုးတီးနဲ့ မကြည်တို့ တရားဝင်ကွာရှင်းခြင်း မရှိသေးတာလည်း ဦးပဏ္ဍိရွှေ သိနိုင်လောက်တယ်။

နံပါတ် (၂) အချက်နဲ့ ပတ်သက်လို့တော့ ဦးပဏ္ဍိရွှေငြင်း ထားတယ်။

ဒါပေမယ့် မကြည်ကိုယ်တိုင်က ကာမစပ်ယှက်ကြောင်းထွက်ဆိုထားတယ်။

ဦးပဏ္ဍိရွှေ ငြင်းပေမယ့်လည်း ငြင်းဆိုချက်ကို ယုံကြည်နိုင်အောင် သက်သေမပြနိုင်ခဲ့ဘူး။

ပိုဆိုးတာက သူ့ရဲ့အပြုအမူတွေ၊ လှုပ်ရှားမှုတွေ တွေးရင်တောင် သိသာနေတယ်။

နံပါတ် (၃) အချက်ကတော့ အထူးပြောစရာမလိုဘူး။သဘောမတူလို့ မယားခိုးမှုနဲ့ တရားရုံးဦးတိုက် လျှောက်လိုက်ပြီမဟုတ်လား။

အချက်အလက်အားလုံးနဲ့ ပြည့်စုံတဲ့ မယားခိုးမှု၊ ဦးပဏ္ဍိရွှေဘယ်လိုငြင်းမလဲ။

ငြင်းလည်းမောရုံပဲ။

တကယ်လည်း မောခဲ့ပါရဲ့။

ကျိုက်ထိုမြို့ပြည်သူ့တရားရုံးက ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၃၇/ ၇၃ နဲ့ စစ်ဆေးပြီး ဦးပဏ္ဍိရွှေကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ (မယားခိုးမှု) အရ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် တစ်နှစ်အပြစ်ပေးခဲ့ပါတယ်။


ဦးပဏ္ဍိရွှေကလည်း ခေသူတော့မဟုတ်။ မြို့နယ်ရုံးက အမိန့်ကို ပယ်ဖျက်ပေးဖို့ တိုင်းရုံးကို အယူခံတက်တယ်။

တိုင်းပြည်သူ့တရားရုံးက ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၀/ ၇၃ နဲ့ စစ်ဆေးပြီး ဦးပဏ္ဍိရွှေရဲ့အယူခံကို ပလပ်လိုက်ပြန်တယ်။

ကောင်းမွန်တဲ့ တရားစီရင်ရေးရဲ့ မှန်ကန်မှုကို ဒီအမှုမှာ တွေ့ရတယ်။

အောက်ရုံးရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်ရင် အထက်အဆင့်ဆင့် အယူခံတက်ခွင့်ရှိတယ်။ အမှုကြီး/ ငယ် ပြစ်ဒဏ် နည်း/ များ မရွေးဘူး။

တက်လာတဲ့အယူခံနဲ့ ပတ်သက်ပြီး အထက်အဆင့်တရားစီရင်ရေးအဖွဲ့က ပြန်သုံးသပ်



www.burmeseclassic.com

www.burmeseclassic.com





တယ်။

ပြစ်မှု ကျူးလွန်ခြင်း ရှိ/မရှိ။ အောက်ရုံးရဲ့ လုပ်ထုံးလုပ်နည်း မှန်/မမှန်။

ပြစ်မှုနဲ့ ပြစ်ဒဏ်သင့်လျော်မှု တခြင်း ရှိ/မရှိ။

အဲဒါတွေ စိစစ်သုံးသပ်ပြီးမှ အောက်ရုံးရဲ့ အမိန့်ကို အတည်ပြုတယ်၊ ပြင်ဆင်တယ်။

ဦးပဏ္ဍိရွှေ ဒီအခွင့်အရေးကို အရယူတယ်။ တိုင်းအယူခံရုံး‌ တယ်။ ဘာဖြစ်လဲ။ ဗဟိုထိ တက်တယ်။

ဒီလိုနဲ့....

ကျိုက်ထိုမြို့နယ် ဖျဉ်းက တိုးကုန်းရွာလေးမှာ ဖြစ်ပွားခဲ့တဲ့ အသက် (၇၀)အရွယ် ဦးပဏ္ဍိရွှေရဲ့ မယားခိုးမှုဟာ နိုင်ငံတော်ရဲ့ အဆင့်မြင့်ဆုံး ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့မှာ ကြားနာခဲ့ရပြီး ဦးပဏ္ဍိရွှေနှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ဆိုတဲ့ အမှုတွဲနဲ့ မှတ်တမ်းဝင်သွားခဲ့ပါတော့တယ်။

(သုံး)

ဗဟိုအဆင့်မှာလည်း ဦးပဏ္ဍိရွှေရဲ့အယူခံရှုံးတယ်။

ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များဖြစ်တဲ့ ဦးဖိုးလှိုင်နဲ့ ဦးကြည်မြတို့ပါဝင်တဲ့ ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့မှာ ကြားနာပြီး စိစစ်သုံးသပ်ခဲ့တယ်။

တရားလို မောင်ဖိုးတီးဘက်က မယားခိုးမှုကို ပေါ်လွင်အောင်သက်သေပြနိုင်တဲ့အတွက် မူလရုံးနဲ့ အယူခံရုံးတို့က ဦးပဏ္ဍိရွှေအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ- ၄၉၇ အရ ပြစ်မှုထင်ရှားကြောင်း တွေ့ရှိချက်မှာ မှန်ကန်တယ်လို့ သုံးသပ်တယ်။

အယူခံလျှောက်ထားသူ ဦးပဏ္ဍိရွှေဟာ သူတစ်ပါး၏အိမ်ထောင်ရေးကို ကြီးစွာအနှောင့်အယှက်ပြုမှုဖြစ်တယ်။ ကျူးလွန်တဲ့ လူမှုရေးပြစ်မှုနှင့် နှိုင်းစာလျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် တစ်နှစ်ဟာ လျော့နည်းကန့်သင့်မြတ်တယ်လို့လည်း သုံးသပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကြောင်းတွေကြောင့် ဦးပဏ္ဍိရွှေအပေါ် မှုလရုံးနဲ့ အယူခံရုံးတို့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၄၉၇ အရ အလုပ်ကြမ်းနဲ့ထောင်ဒဏ် တစ်နှစ်ကျခံစေရန် ချမှတ်ထားခြင်းကို အတည်ပြုပြီး ပြင်ဆင်မှုကို ပလပ်လိုက်တယ်လို့ အပြီးသတ် အမိန့်ချမှတ်ခဲ့တယ်။

မြို့နယ်တရားရုံးက ချမှတ်တဲ့ ပြစ်ဒဏ်ကို မကျေနပ်လို့ တိုင်းအဆင့်အယူခံတက်တယ်။

တစ်ခါ တိုင်းအယူခံမှာလည်း ရှုံးလို့ ဗဟိုအဆင့်ထိတက်တယ်။

ဗဟိုမှာလည်း ထပ်ရှုံး။

သေချာစဉ်းစားရင် ဦးပဏ္ဍိရွှေအဖြစ်က 'မလှတာရှာလည်းပြဲ' သလို ဖြစ်နေတယ်။

တစ်ရှက်ကနှစ်ရှက်၊ နှစ်ရှက်ကနေ သုံးရှက်။ ဒါပေမယ့် အမြတ်တစ်ခုတော့ ကျန်ခဲ့တယ်။ ဦးပဏ္ဍိရွှေက မကြည်ကို ကာမစပ်ယှက်ခြင်း မပြုကြောင်း ငြင်းပေမယ့် ယုံကြည်လောက်အောင် ဖြေရှင်းတင်ပြခြင်း မပြုနိုင်တဲ့အချက်။ ဒီကိစ္စမျိုးမှာ မျက်မြင်သက်သေပြရန်ခဲယဉ်းတဲ့အချက်။

မကြည်ကို ကာမစပ်ယှက်ကြောင်း မကြည်ကိုယ်တိုင်က ထွက်ဆိုထားပြီး တရားခံရဲ့ အမှုအရာအားဖြင့်လည်း ပေါ်လွင်တယ် ဆိုတဲ့ အချက်ကြောင့် မယားခိုးမှုကျူးလွန်တာ ထင်ရှားတွေ့ရှိတယ်ဆိုတဲ့ တရားစီရင်ထုံးတစ်ခု ရလိုက်တယ်။

တရားစီရင်ရေးအတွက် အမြတ်လို့ပဲ ဆိုချင်တယ်။

(လေး)

မယားခိုးမှုဆိုတာ 'ကာမေသု မိစ္ဆာစာရကံ' ကို ကျူးလွန်ခြင်းပါပဲ။

သံသရာမကောင်း၊ လောကမကောင်းတဲ့ပြစ်မှု။

မယားခိုးမှု ကျူးလွန်သူဟာ ရှင်ဘုရင်ဖြစ်နေလို့ တရားစီရင်ရေးက မျက်ကွယ်ပြုခဲ့တာတောင် ကံအကြောင်း တရားကတော့ လက်ပိုက်ကြည့်မနေခဲ့ဘူး။

ဟံသာဝတီပြည်ကြီး ကောင်းစားစဉ်က ဘုန်းမီးနေလ တောက်ပခဲ့တဲ့ ဘုရင်တစ်ပါး မယားခိုးမှု ကျူးလွန်ခဲ့တယ်။

တိုင်းခန်း လှည့်လည်တုန်း လင်ရှိမယားဆီသည်မကို တွေ့ပြီးသိမ်းပိုက်ခဲ့တယ်။

**မယားခိုးမှု ကျူးလွန်သူဟာ ရှင်ဘုရင်ဖြစ်နေလို့ တရားစီရင်ရေးက မျက်ကွယ်ပြုခဲ့တာတောင် ကံအကြောင်း တရားကတော့ လက်ပိုက်ကြည့်မနေခဲ့ဘူး။**

www.burmeseclassic.com

www.burmeseclassic.com



ဆီသည်မလင် တိုင်းတစ်ပါးကို ထွက်ပြေးသွားရတယ်။

မယားခိုးမှုကျူးလွန်တဲ့ ရှင်ဘုရင်အပေါ် လောကပါလတရားရဲ့ ဒဏ်ခတ်မှုကလည်း ပြင်းထန်ခဲ့တယ်။

လမ်းဘေးက ဆီသည်မကို မိဖုရားမြှောက်တဲ့အတွက် တော်ဝင်မိဖုရားကြီး စိတ်ငြိုငြင်ပြီး ရှင်ဘုရင်ကို ကန့်လန့်တိုက်တယ်။

ရှင်ဘုရင်က တော်ဝင်မိဖုရားကြီးရဲ့အဆောင်အယောင်တွေ ရုတ်သိမ်းရာက တော်ဝင်မိဖုရားကြီး အဆိပ်စားပြီး သေသွားတယ်။ အဲဒီနောက်ပိုင်းမှာ ရှင်ဘုရင်ဟာ ရန်ဆက်ဖြစ်ဖို့ အရွယ် ရောက်လာတဲ့ သားအရင်းကို အပြစ်မရှိဘဲ သတ်ပစ်ခဲ့တယ်။

သားတော်က အသတ်မခံရမီ ရွှေမော်ဓောဘုရား ဖူးခွင့်တောင်းပြီး နောက်ဘဝမှာ ဖခင်ကို အနိုင်ရသူ ဖြစ်ရပါလို၏လို့ ဆုတောင်းပြီးမှ အသတ်ခံသွားတယ်။

သားတော် လူဝင်စားတော့ မဟာရန်သူ၊ အင်းဝဘုရင် မင်းခေါင်ရဲ့သားတော် အဖြစ်နဲ့ အတိတ်ဘဝက အဖေနဲ့သားရဲ့ ရန်ငြိုးရန်စတွေကြောင့် အင်းဝနဲ့ ဟံသာဝတီနှစ်ပြည်ထောင်လုံး စစ်မီးလောင်ခဲ့ကြရတယ်။

မယားခိုးမှုတစ်မှုက အစပြုလိုက်တဲ့ မကောင်းကျိုးရဲ့ ကြောက်စရာ သမိုင်းဖြစ်ရပ်မှန်ပါ။

ကာမေသုလွန်ကျူးတဲ့ သူဌေးသားလေးယောက်ရဲ့ ဒု၊ သ၊ န၊ သော ဇာတ်လမ်းဘယ်ကမ္ဘာမှ ငရဲက လွတ်မှာလဲ။

ဇာတ်နိပါတ်ရဲ့ ရာဇဝင်တွေမှာ မယားခိုးမှု အများအပြားကို သံဝေဂရဖွယ်၊ ဆင်ခြင်ဖွယ် မှတ်သားနာယူခဲ့ ရသလို ယနေ့ ပစ္စုပ္ပန်မှာလည်း မနည်းမနော တွေ့နေ၊ ကြားနေရဆဲပါ။

၁၉၇၃ မှာ ဖြစ်ခဲ့တဲ့ ဦးပဏ္ဍိရွှေရဲ့ မယားခိုးမှု၊ ၂၀၁၃ မှာ နှစ်လေးဆယ်ပြည့်ပါပြီ။

ဦးပဏ္ဍိရွှေလည်း လူ့လောကကနေ ထွက်ခွာသွားခဲ့ပါပြီ။

သူမရှိတော့ပေမယ့် သူ့အမှုကတော့ စီရင်ထုံးတစ်ခုအနေနဲ့ တရားစီရင်ရေးမှာ ကိုးကားပြုနေရဆဲပါ။

မယားခိုးမှုဖြစ်ပြီး အငြင်းပွားမှု တစ်စုံတစ်ရာကြုံတိုင်း၊ နှစ်ပေါင်းများစွာ တိုင်အောင် "ဦးပဏ္ဍိ ရွှေနှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တရားစီရင်ထုံး" ကို ကိုးကားပြုစု လေ့လာနေရဦးမှာ ဖြစ်ပါတယ်။

ဝန်ခံချက်။ ။ ၁၉၇၄ ခုနှစ်၊ ဦးပဏ္ဍိရွှေနှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တရားစီရင်ထုံးအား မှီငြမ်းကိုးကား ရေးဖွဲ့ခြင်း ဖြစ်ပါသည်။

**ရဲရင့်ထက် (သံတောက်)**



www.burmeseclassic.com

www.burmeseclassic.com

**လူကြီးမင်း လုပ်ငန်း ၏ ကောင်းသတင်းများ ပိုမိုကျယ်ပြန့်ဖို့ ဖြစ်ရပ်မှန်မဂ္ဂဇင်း တွင်ကြော်ငြာပါ**

၂၀၁၂ ဇန်နဝါရီလ မှ စ၍ အထူးသက်သာသော ဈေးနှုန်းဖြင့် ကြော်ငြာများလက်ခံနေပါပြီ ၊ နှစ်ပေါင်း ၃၀ ကျော်တစ်ပြည်လုံးသို့ ဖြန့်ချိ၍ ၊ အာဆီယံ နိုင်ငံများအထိပါ လစဉ်တင်ပို့သောမဂ္ဂဇင်းဖြစ်ပါသည် ၊ ပါဝင်ကြော်ငြာရန် ဖိတ်ခေါ်ပါသည် ။
ကြော်ငြာကိုယ်စားလှယ်တော်များလည်း ဆက်သွယ်နိုင်ပါပြီ ၊

| | | |
|---|---|---|
| နောက်ကျောဖုံး | ၄ ရောင် | ၁၀၀,၀၀၀/- |
| နောက်ကျောဖုံး ( အတွင်း ) | ၁ ရောင် | ၃၅၀၀၀/- |
| နောက်ကျောဖုံး ( အတွင်း ) | ၄ ရောင် | ၈၀၀၀၀/- |
| ရှေ့မျက်နှာဖုံး ( အတွင်း ) | ၁ ရောင် | ၃၅၀၀၀/- |
| ရှေ့မျက်နှာဖုံး ( အတွင်း ) | ၄ ရောင် | ၈၀၀၀၀/- |
| အတွင်းတစ်မျက်နှာ | ၁ ရောင် | ၂၀၀၀၀/- |
| အတွင်းမျက်နှာဝက် | ၁ ရောင် | ၁၀၀၀၀/- |

အမှတ် ၁၈၇ ၊ ဒုတိယထပ် ( ၃၄ လမ်းအထက် )
ကျောက်တံတားမြို့နယ် ၊
ဖုံး ၀၉၅၅၁ ၉၆၃၃၁ ၊ ၀၉၄၃၉ ၂၈၂၆၂၀
True.megazine@gmail.com

www.burmeseclassic.com

www.burmeseclassic.com





သျှင်ရဲထွန်း (ဧကောင်စွန်း)

# အရှေ့ရှာခရီး (၁)
# နည်းစနစ်တကျ ခရီးသွားခြင်း နည်းစနစ်တကျ အလုပ်လုပ် ကြပါ

သင်သည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေပါသလား။ ဒါမှမဟုတ် အလုပ်သွားလုပ်ဖို့ အစီအစဉ်ရှိနေပါသလား။ သင်ဟာ ထိုင်းနိုင်ငံကို တရားဝင်ပဲသွားသွား တရားမဝင်ပဲသွားသွား ဟိုရောက်ရင် သင့်ရဲ့ရပိုင်ခွင့်တွေနဲ့ လိုက်နာရမယ့် တာဝန်တွေကို တော့ သင်သိထားဖို့ လိုပါတယ်။ ဒီဆောင်းပါးလေးကို ဖြစ်ရပ်မှန်လေးနဲ့ ဇာတ်လမ်းလေး တစ်ပုဒ်အသွင် ဖန်တီးထားတာမို့ သင်ဖတ်ကြည့်ရင် ဒီဆောင်းပါးက သင့်ကို အလုပ်ရှင်က အခမ္ဘ စေခိုင်းမှု မခံရအောင်၊ ကူညီနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ဒါမှ သင်ဟာ ထိုင်းနိုင်ငံအတွင်းမှာ လူမှောင်ခိုပွဲစားတွေရဲ့ ရန်

www.burmeseclassic.com

www.burmeseclassic.com



က အန္တရာယ်ကင်းရှင်းစွာနဲ့ သွားလာနေထိုင် လုပ်ကိုင်နိုင်ပြီး အလုပ်ကိုယ်စားလှယ် ပွဲစားတွေနဲ့ အခမ္ဘမှုတွေကို ရှောင်ရှားနိုင်ပါမယ်။ ဘယ်လိုဆက်သွယ် အကူအညီတောင်းခံရမယ်ဆိုတာကိုလည်း အကြံပေးသွားမှာပါ။

လက်ရှိအချိန်မှာ သင်ဟာ မတရားပြုမှုနဲ့ ရင်ဆိုင်နေရတာတောင် သင်နောက်မကျသေးပါဘူး။ ကြောက်ဖို့လည်း မလိုပါဘူး။ ဒါပေမယ့် သင်အမြဲ တမ်းသတိရှိဖို့တော့ လိုမှာပါ။ ဒါကြောင့်သင်ဟာ ထိုင်းနိုင်ငံကို အလုပ်သွားလုပ်မယ့် (သို့မဟုတ်) အလုပ်လုပ်နေတဲ့ တရားဝင် (သို့) တရားမဝင် ရွှေ့ပြောင်းအလုပ်သမားတစ်ယောက် အနေနဲ့ စနစ်တကျ သွားလာလုပ်ကိုင်နိုင်ဖို့ သိထားသင့်တာတွေကို သိထားမှ သင့်ကိုယ်သင် စောင့်ရှောက် ကာကွယ်နိုင်မှာပါ။

**ကမ်းနဖူးက အဆန်းအထူးများ**

နေ့စဉ်လိုလို အိမ်နီးချင်းနိုင်ငံကို လူငယ်တွေဟာ ၎င်းတို့အတွက် ဝင်ငွေရရန်နဲ့ ငွေတချို့ကို မိသားစုဆီကို ပြန်ပို့ပေးမယ်ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ တရားဝင်ရော တရားမဝင်ပါ နယ်စပ်ကို ဖြတ်ကျော်ပြီး တစ်ဖက်နိုင်ငံကို သွားရောက် လုပ်ကိုင်နေကြပါတယ်။ ဘယ်လိုပဲသွားသွားတချို့ဟာ မိမိသဘောမတူ မလုပ်ကိုင်လိုတဲ့ အလုပ်ကို လုပ်ကိုင်ရန် လိမ်လည် စေခိုင်းခံရခြင်း၊ မူလသဘောတူထားတဲ့ လုပ်အားခအတိုင်း မပေးချေခြင်းစတဲ့ အလုပ်ရှင်တွေရဲ့ မတရားချိုးဖောက်မှုကို ခံနေကြရပါတယ်။ ဒါကြောင့် ကမ်းနဖူးက အဆန်းအထူးလေးတွေနဲ့အတူ လမ်းညွှန်ချက်အချို့ကိုပါ တင်ပြပေးလိုက်ပါတယ်။



**ကတိပေးမိတ်ဆက်ပြီး လိမ်ညာခေါ်ယူခြင်းခံရတာတယ်**

လူကုန်ကူးသူတချို့ဟာ မိမိကိုယ် သူများအထင်ကြီးအောင် နေထိုင်ပြီး မဟာရဝခမန်းပြောကာ စိတ်ဝင်စားအောင် မြူဆွယ်ပြီး လိမ်ညာကတတ်တယ်။ ယခင်က သိကျွမ်းဖူးတယ်ဆိုပြီး ယုံမလွယ်ပါနဲ့။ ယခုတင်ပြမယ့် အဖြစ်ကလေးက လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က အဖြစ်အပျက်ကလေး တစ်ခုပါ။ ချောစုဟာ မိဘတွေနဲ့အတူ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်လယ် ဆယ်ကေလောက်ကို လက်ရည်တစ်ပြင်တည်း ကူညီလုပ်ကိုင်ပေးနေသူ၊ သူမဟာ ရွာရဲ့ အကောင်းဆုံးလက်ရွေးစင်ကောက်စိုက်သမလေးပါ။

သူနဲ့အတူ ကောက်စိုက်ဖက်သူငယ်ချင်း ခင်နှင်းဟာ သူ့လောက် မလှတဲ့အပြင် တစ်ချိန်က သူ့ထက်ဆင်းရဲသူ။ အခုတော့ ခင်နှင်းဟာ ရွှေတွဲလွဲ ငွေတွဲလွဲနဲ့ ရွာကိုပြန်လာပြီး ခြံဝယ်၊ တိုက်ဆောက်နေပါပြီ။ ခင်နှင်းဟာ မောင်မောင်ဆိုတဲ့ သူနဲ့ဆက်သွယ်ပြီး တစ်ဖက်နိုင်ငံကို သွားပြီးအလုပ်လုပ်တယ်။ ဒီသတင်းဟာ ချောစုနဲ့ရွာက အပျိုလေးတွေကိုအားကျစေတယ်။ ဒါကြောင့် သူတို့ဟာ မိသားစုဘဝကို မြှင့်တင်လိုတဲ့ စိတ်စေတနာကောင်းတွေနဲ့ လုပ်ငန်းအခြေအနေကို လှော့လာဖို့ ခင်နှင်းဆီသွားလည်ကြပါတယ်။

ချောစုတို့ အမျိုးတစ်သိုက်ဟာ တစ်ဖက်နိုင်ငံမှာ အလုပ်လုပ်တဲ့ အကြောင်းကို မစားရဝခမန်း ပြောပြနေတဲ့ ခင်နှင်းရဲ့ စကားရေယာဉ်ကြောမှာ နှစ်သက်ခုံမင်စွာ နစ်မြောနေကြပါတော့တယ်။ ခင်နှင်းရဲ့ အခြေအနေကို အားကျပြီး တောင်သူလယ်လုပ် မားမခုတ်ဘဝကို စိတ်ကုန်ပြီး လေထဲမှာတိုက်အိမ်ဆောက်ကြောင်းက ချောစုနဲ့ အတူ မိန်းကလေးသုံးဦးဟာ ခင်နှင်းကို တောင်းတောင်းပန်ပန်နဲ့ အကူအညီ တောင်းကြပြီး တစ်ဖက်နိုင်ငံကို လိုက်ခဲ့ကြပါတော့တယ်။ (သတိပေးချက်) တစ်စုံတစ်ယောက်က သင့်ကို သက်သာလွယ်ကူပြီး အလုပ်ကောင်းကောင်းရမည်ဟု ကတိပေးပြောကာ မိတ်ဖွဲ့လာပါက ထိုသူ/ထိုသူမသည် သင့်ကိုလိမ်ညာခြင်းသာ ဖြစ်နိုင်ကာ သင့်အား လုပ်ခနည်းနည်း (သို့မဟုတ်) လုံးဝမပေးဘဲ အတင်းအကျပ်လုပ်ခိုင်းရှေ့ရှိသော လူမှောင်ခိုဂိုဏ်းများ၊ ပြည့်တန်ဆာ ဂိုဏ်းများမှ လူများဖြစ်နိုင်ပြီး နောက်ပိုင်းတွင် သင့်ကို မည်သူ့ထံကမှ အကူအညီမရအောင် ပိတ်ဆို့တားဆီးထားပေမည်။

**သင်လည်းဒီလိုဖြစ်ရပ်မျိုး ကြုံတွေ့နိုင်ပါတယ်**

သူခိုးဆိုတာ သူခိုးပါလို့ ဝန်မခံတတ်သလို လူမှောင်ခိုပွဲစားဆိုတာလည်း ဂျိုမပါပါဘူး။ ဝင်ငွေ ကောင်းကောင်းရမယ်ဆိုတာ တစ်ခုတည်းနဲ့ အဖြစ်မှန်ကို ဝေဖန်ပိုင်းခြားဖို့ မေ့မနေပါနဲ့။ ထိုင်းနိုင်ငံကိုရောက်ပြီး အဆင်မပြေသူတွေ ရှိသလို၊ အဆင်ပြေသူတွေလည်း ရှိပါတယ်။ သူတို့ပြောသလို အချိန်တိုအတွင်းမှာ တိုက်ဆောက် ကားစီးနိုင်မယ့်ဆိုတဲ့ စကားဟာ ဟာဒယရှင်သွေးလိုပဲ သဘောထားလိုက်ပါ။

ဒီလိုနဲ့ချောစုတို့ကို ခင်နှင်းက မဲဆောက်မြို့က ကိုမောင်မောင်အိမ်ကိုပို့ပေးတယ်။ အဲဒီမှာ သူတို့လိုပဲ အလုပ်လုပ်ဖို့ ရောက်နေတဲ့ မိန်းကလေးနှစ်ဦးလည်း ရှိပါနေတယ်။ ကိုယ်မရောက်ဖူးတဲ့အရပ်ဒေသမို့ မျက်စိသူငယ်နားသူငယ်ဖြစ်နေတဲ့ ချောစုတို့အဖို့ခင်နှင်းကိုပဲ ဆရာတင်ရမှာပါပဲ။ အခုတော့ အလုပ်ရှာပေးမယ့် ကိုမောင်မောင်ကိုပဲ အားကိုးမိတာအမှန်ပါ။

**(သတိပေးချက်)** တစ်စုံ တစ်ယောက်က သင့်အား အလုပ်ရှင်တစ်ယောက် (သို့မဟုတ်)အလုပ်ပွဲစားတစ်ဦးနှင့် မိတ်ဆက်ပေး

www.burmeseclassic.com

www.burmeseclassic.com



မည်ဟု ပြောလာပါက သူ/သူမသည် ပွဲစားခငွေရရှိသူ ဖြစ်နိုင်သည်။ ပွဲစားခကို သင်၏လုပ်အားခထဲမှ ဖြတ်တောက်ပြီး သင်က ပြန်လည်ပေးဆပ်ရပါလိမ့်မည်။ သင်သည် လုပ်အားခငွေများကို ကာလ ရှည်ကြာ (သို့) နှစ်အတော်ကြာအောင် လုပ်အားခငွေ နည်းနည်းဖြင့် (သို့)လုံးဝ မပေးဘဲ စေခိုင်းခံရမှုမျိုးလည်း ဖြစ်နိုင်သည်။


**ဘာသာစကားကို ကြိုတင်လေ့လာထားပါ**

တစ်နေတော့ အလုပ်ရှင်နဲ့ တွေ့ဖို့ သူတို့ကို အလုပ်ရှင်သူဌေးမဆိုတဲ့ ထိုင်းအမျိုးသမီးကြီး တစ်ယောက်ရဲ့ အိမ်ကို ကိုမောင်မောင်ခေါ်သွားပါတယ်။ ဟိုရောက်တော့ သူတို့အချင်း ချင်းထိုင်းဘာသာစကားနဲ့ ပြောဆိုနေကြပါတယ်။ ဘာတွေ ပြောနေမှန်းတော့ သူတို့မသိ ပြောဆိုပြီးတော့ "နင်တို့ဒီမှာအလုပ်ရ ပြီး ဒီမှာပဲ နေရမယ်" လို့ ပြောပြီး ကိုမောင်မောင် ပြန်သွားပါတယ်။ သူဌေးမဟာသူတို့မှာပါတဲ့ ငွေနဲ့ ဟန်းဖုန်း ရွှေလက်လက်ဝတ်စားတွေကို ချွတ်စေပြီး ခေတ္တဟုဆိုကာ သိမ်းဆည်းပြီး အပေါ်ထပ်မှာ နေရာချထားပေးလိုက်ပါတယ်။ အိမ်ထဲမှာ သူတို့လို မိန်းကလေးအချို့ရှိနေတယ်။ တချို့လည်း ခြံဝင်းထဲက အဆောင်တွင်နေပြီး အလုပ်ဆင်းကြသည်ဟု သိရသည်။ သူတို့ကို အပေါ်ထပ်ကိုပို့ပြီး အပေါ်ထပ်က သံဘာဂျာတံခါးကို သော့ခပ်လိုက်တဲ့အတွက် ငါတို့ မှားများမှားပြီလားဟု တွေးကာ ကြောက်စိတ်တွေ ဝင်လာမိလေသည်။

**(သတိပေးချက်)** သင် တစ်ဖက်နိုင်ငံကို အလုပ်သွားလုပ်ဖို့ ဆန္ဒရှိလျှင် ထိုနိုင်ငံ၏ဘာသာစကားကို နားလည်အောင် ကြိုတင်လေ့လာထားသင့်သည်။ သို့မှသာ အန္တရာယ်ကို ကြိုတင် သိရှိနိုင်ပြီး လုပ်ငန်းခွင်တွင် လည်း သင်အဆင်ပြေလိမ့်မည်။ တချို့သောအလုပ်ရှင်များသည် သူတို့အကြွေးတင်နေသော အလုပ်သမားများကို ထောင်ချထားသကဲ့သို့ ထိန်းချုပ်ထားတတ်သည်။

**အိမ်ကိုပြန်တတ်ဖို့လိုသည်**

နောက်တစ်နေ့မှာ သူဌေးမက သူတို့ကို မောင်မောင်က ရောင်းပြီး လုပ်အားခငွေကို ထုတ်ယူသွားပြီဖြစ်ကြောင်း၊ ထိုငွေကြေးသည်အထိ အလုပ်လုပ်ပြီး ဆပ်ရမည်။ ငွေမကြေဘဲ ထွက်ပြေးပါက မိလျှင် အသတ်ခံရမည် ဖြစ်ကြောင်း၊ လုပ်ရ



www.burmeseclassic.com



မည့်အလုပ်က လူစည့်သည်တွေကို ဧည့်ခံပေးရမည်ဖြစ်ကြောင်း မြန်မာလိုရှင်းပြပါသည်။ (ယခုအခါ ထိုင်းနိုင်ငံသားများ သည် မြန်မာလို ပြောတတ်သူများလာသည်- စာရေးသူ) သူတို့အခု ရောက်နေတဲ့ နေရာဟာ ပြည့်တန်ဆာ လုပ်ငန်းတစ်ခုမှန်း သိရတဲ့အတွက် ယူကြုံးမရဝမ်းနည်း ငိုကြွေးမိတယ်။ အပြင်းအထန်ငြင်းဆန်ပေမယ့် မရပါဘူး။ သူတို့ကို အခန်းထဲမှာ သော့ခတ်ပိတ်လှောင်ထားတာမို့ သူတို့ မှာ ပြေးစရာမြေလည်းမရှိ၊ ပိုက်ဆံလည်းမရှိ၊ အဆက်အသွယ်လည်းမရ၊ ခင်နှင်းကား ပျောက်ခြင်းမလှ ပျောက်နေလေသည်။

(သတိပေးချက်) ထွက်ပြေးခြင်းသည် မလွတ်မြောက်ပါက သင့်အတွက် အန္တရာယ်ရှိနိုင်တယ်။ ကိုယ့်ကိုအကူအညီပေးတဲ့မိတ်ဆွေတွေ၊ အသိအကျွမ်းသူငယ်ချင်းတွေ အနီးအနားမှာရှိပြီး သင်နှင့်ဆက်သွယ်ရလွယ်ကူဖို့လိုသည်။ အနည်းဆုံး ဖုန်းနံပါတ်ကိုတော့ အလွတ်ကျက်ထားပါ။ နောက်ဆုံး ကိုယ့်အလုပ်ခွင်က ကိုယ့်အိမ် ကိုယ့်နိုင်ငံကို ပြန်နိုင်မယ့်လမ်းကြောင်းကို ကြိုတင် လေ့လာစုံစမ်းထားဖို့ မမေ့ပါနဲ့။

**တံလျှပ်ကို ရေထင်ရှေ့သမင် အလိုက်မှားမိ**

ထိုင်နေရင်အကောင်းသား အိမ်မှာ ထမင်းကြမ်းကို ယပ်ခပ်ပြီး အေးအေးလူလူ စားပြီး နေနိုင်ရဲ့နဲ့ တံလျှပ်ကိုရေထင်၊ ရှေ့သမင်အလိုက်မှားတဲ့ အဖြစ်ကြောင့် ကယ်မဲ့သူဝေးပြီး ခလုတ်ထိမှ အမိတနေလို့လည်း အပို၊ အမျိုးမျိုးသော ဖိအားပေးနှိပ်စက်မှုတွေကို မခံနိုင်လို့ အတူလာတဲ့ မိန်းကလေးတွေဟာ ပေါက်တဲ့နဖူး မသူးတော့ပြီဆိုပြီး လက်ရှိဘဝ ရပ်တည်နေနိုင်ဖို့ အလုပ်ခွင်ထဲ ရောက်ကုန်ကြပါပြီ။ ချောစုတစ်ယောက်သာ ချော့လည်းမရ၊ ခြောက်လည်းမရဘဲ ပေတေနေတာမို့ နောက်ဆုံးမှ အလုအထောင်း အရိုက်အနှက်ခံကာ တိုက်ပိတ် ခံနေရပါတယ်။

ဒီနေ့လည်း သူဌေးမက ချောစုကို မက်လုံးပေးပြီး စည်းရုံးနေပါတယ်။ လုပ်ငန်းရှင်သူဌေးတစ်ဦးနဲ့ တစ်လတာ ပေါင်းသင်းရမှာ ဖြစ်ကြောင်း၊ သူဌေးက အိမ်တစ်လုံးငှားပြီး အစစတာဝန်ယူမှာ ဖြစ်ကြောင်း၊ တစ်လပြည့်က ပြန်ပို့ပေးမည် ဖြစ်ကြောင်း၊ တစ်လပြည့်ကာနဲ့ အကြေးတစ်ဝက် ကျော်တဲ့ အပြင် ဘတ်နှစ်သောင်း လက်ငင်းခံစားခွင့် ပေးမှာ ဖြစ်ကြောင်း ဒီတစ်လအတွင်း မိဘတွေဆီ ငါးသိန်းလောက် ပြန်ပို့ပေးနိုင်မယ် ဖြစ်ကြောင်း ပြောပေမယ့် ငြင်းဆန်မိတဲ့အတွက် ရိုက်နှက်ခြင်းခံခဲ့ရပြီး အခန်းထဲမှာ လှောင်ပိတ်ထားကာ ထမင်းပင် မကျွေးတော့။

(သတိပေးချက်) သင်၏ အခွင့်အရေးဖြစ်သောလုပ်ငန်းခွင်မှ အပြင်ထွက်ခွင့်ပိတ်ခြင်း၊ ချိန်းခြောက်ခြင်း၊ စော်ကားမော်ကား ပြုလုပ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊လုပ်အားခကို မပေးခြင်းကဲ့သို့သော ပြင်းထန်သည့် ချိုးဖောက်မှုများ ဖြစ်ပေါ်လာသည့်အခါ အလုပ်ရှင်၏ ကြိုတင်အစီအစဉ်ဖြင့် အနိုင်ကျင့်ချိုးဖောက်ရန် ပြုခြင်းများကဲ့သို့သော အဖြစ်အပျက်များကို သို့

www.burmeseclassic.com

www.burmeseclassic.com





ကုန်ကူးခြင်း အမျိုးအစားဟု သတ် မှတ်ခေါ်ဆိုပြီး သင်၏ မကျေနပ်မှုများကို တိုင်ကြားပိုင်ခွင့်ရှိသည်။ ထိုင်းအာဏာပိုင်များကလည်း သင့်ကိုယ်စား အရေးယူဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ ရွှေ့ပြောင်းအလုပ်သမားများကို အကူအညီပေးနေသော အဖွဲ့အစည်းများကလည်း သင့်ကို အကူအညီပေးနိုင်ပါသည်။ ဤဖြစ်ရပ်များသည် ထိုင်းနိုင်ငံတွင် နေစဉ်နှင့် အမျှ ဖြစ်ပျက်နေပြီး သင်ကိုယ်တိုင်သည်လည်း ထိုကဲ့သို့ ဖြစ်ရပ်မျိုးနှင့် ကြုံတွေ့ရနိုင်ပါသည်။

ကိုယ်ပိုင်ဥစ္စာဤကံသာ

အခြေအနေအရ ချောစုအကို့ လွှက်မြောက်ရာလမ်းကိုမမြင်၊ အားကိုးရာမဲ့ကာ ကံကြမ္မာက သူ့ကိုမျက်နှာသာမပေးတော့ ဟု ထင်သည်။ သူမအဖို့ ရွေးချယ်စရာ နှစ်လမ်းသာရှိသည်။ ဒါက တော့ လက်ခံမလား၊ အသေခံမလားပဲ ဖြစ်သည်။ သို့သော် သူ့အတွက် အားကိုးရာတစ်ခုရှိသေးသည်။ ထိုအားကိုးရာအား ဘုရား တရား သံဃာသာ ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓါနုဿတိကို အကြိမ်ကြိမ် ပွားကာ သဗ္ဗာဝါဝေနေယျကို မေတ္တာပို့ခြင်းဖြင့် အချိန်ကို ကုန်လွန်စေခဲ့သည်။

တစ်နေ့ ချောစုအခန်းထဲကို မိန်းကလေးတစ်ယောက် ဝင်လာကာ ဒဲနို့ဘူးတွေလာပို့သည်။ သူလည်း ချောစုဘဝနဲ့ ထပ်တူ ဖြစ်ကြောင်း၊ အကြွေးကျေအောင် လုပ်ဆပ်ခဲ့ရကြောင်း၊ ချောစုကို ရိုက်နှက်နေသောကြောင့် စိတ်မကောင်းတဲ့အတွက် သူဌေးမကို ချောစုကို ဝိုင်းဖျောင်းဖျပေးပါမယ့်လို့ ညာပြီးဝင်လာတာဖြစ်ကြောင်း၊ အမှန်မှာ ချောစုကို ကူကူညီချင်လို့ဖြစ်ကြောင်း၊ သူ့ကို ယုံကြည်ဖို့ပြောသည်။ ကံကြမ္မာက သူ့ဘက်ကို အလေးသာလာပြီဟု တွေးမိကာ ချောစုအားတက်သွားသည်။ မိန်းကလေးက မနက်ဖြန်ဆိုသူ ဧည့်သည်နဲ့ ချင်းမိုင်ကို လိုက်သွားရမှာမို့ သူမရှိကြောင်း အခု သူပြောတာကို ဂရုတစိုက် နားထောင်မှတ်သားပြီး ပြောတဲ့အတိုင်း လုပ်ဖို့မှာကြားပြောပြလေသည်။ ၎င်းအချက်များမှာ-

-လောလောဆယ် ဆယ် အလုပ်ကို လက်ခံမယ်လို့ ကတိပေးလိုက်ပါ။

- ဒဏ်ရာတွေကို ဆေးကုပေးဖို့ တစ်ပတ်လောက် အနားယူခွင့်ပြုဖို့ တောင်းဆိုပါ။

- ယုံကြည်အောင် ဟန်မပျက် နေထိုင်ပါ။

-အခွင့်သာရင် အပြင်ထွက်ဖို့ ကြိုးစားပါ။ အဝတ်အစားတွေ

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပါ။

-ကိုယ့်မှာငွေရှိရင် ထုတ်မသုံးပါနဲ့။ မရှိပဲဟန်ဆောင်ပြီး မုန့်ဖိုးတောင်းပါ။

-လမ်းထိပ်ရောက်ရင် ယာဉ်တစ်ခုခုကိုစီးပြီး ကမ်းနဖူးရောက်အောင် သွားပါ။ ကမ်းနဖူးရောက်ရင် မြန်မာဘက်ကမ်း ကိုရောက်အောင် ကူးပါ။ သက်ဆိုင်ရာကို အကူအညီတောင်းပါ။ ဒါမှမဟုတ် ကိုယ့်စရိတ်နဲ့ ကိုယ်ပြန်ပါ။

-လမ်းစရိတ် ပေးလိုက်မယ်။ ဒီငွေကို ကိုယ်နဲ့မကွာအမြဲဆောင်ထားပါ။ အပြင်ထွက်ခွင့် ရလို့ရှိရင် ပါသွားပါစေ။

ဟုပြောပြီး ဘတ်ငွေတစ်ထောင်တန် သုံးရွက်ကို သူ့လက်ထဲကို ထိုးထည့်ပေးလိုက် သည်။ ဒီငွေနဲ့ မြန်မာပြည်ပြန်ဖို့ လုံလောက်တယ်ဟု ဆိုကာ နှုတ်ဆက်ပြီး ထိုမိန်းကလေး ပြန်သွားတဲ့အခါ ချောစုဝမ်းသာလွန်းလို့ သူမကို မေတ္တာပို့ပြီး လက်အုပ်ချီကာ ရှိခိုးမိလေသည်။

**(သတိပေးချက်)** သင်အမှန်တကယ် အကူအညီလိုအပ်ပြီး အာဏာပိုင်များကို ချဉ်းကပ်အကူအညီတောင်းရန် ကြောက်ရွံ့နေလျှင် အထက်ဖော်ပြပါအဖွဲ့အစည်း တစ်ခုခုသို့ အဖမ်းခံရမည် (သို့မဟုတ်) ပြန်ပို့ခံရမည်ကို စိုးရိမ်ကြောက်လန့်ခြင်း မရှိဘဲ ဆက်သွယ်လိုက်ပါ။ အသက်အရွယ်မရွေး တရားဝင်လုပ်သည်ဖြစ်စေ၊ တရားမဝင်လာရောက် လုပ်ကိုင်သည်ဖြစ်စေ ရွှေ့ပြောင်းအလုပ်သမား တစ်ယောက်သည် အကူအညီအထောက်အပံ့ရရေးအတွက် တိုင်ကြားတောင်းဆိုပိုင်ခွင့် သင့်မှာရှိပါသည်။

**ထွက်တော်မူနန်းကခွာတယ်**

အလုပ်လုပ်ဖို့ သဘောတူလိုက်သည့်အတွက် သူဌေးမကျေနပ်သွားပါတယ်။ ဒါကြောင့် ဆေးကုသပေးပြီး အထိုက်အလျောက် လွတ်လပ်ခွင့်ပါရသွားတယ်။ လေးငါးခြောက်ရက်တိုင် ထွက်ပြေးဖို့အခြေအနေ မပေးသေး၊ ဒီနေ့တော့ အိမ်ကြီးမှာ အားလုံး အပြင်သွားနေတဲ့အတွက် ထမင်းချက်အဒေါ်ကြီးနဲ့ လူသစ်တွေသာ ရှိသည်။ မကြာမီ သူဌေးမ ရောက်လာပြီး မနက်ဖြန် မဟာချိုင်ကို ညှော့သည်နဲ့ လိုက်သွားရမည်ဟု ပြောသည်။ သူ အရဲစွန့်ပြီး အခွင့်အရေးတစ်ရပ်ကို ရဲရဲတင်းတင်း ဆုပ်ကိုင်လိုက်သည်။ အပြင်တွင် မုန့်ဝယ်စားမည်ဟု သူဌေးမကို သူပြောတော့ သူဌေးက ငွေနှစ်ဆယ် ထုတ်ပေးပြီး ရှောရှောရှူရှူပင် ခွင့်ပြုသည့်အတွက် ခြံဝင်းထဲက ထွက်ခဲ့သည်။ လမ်းထိပ်ရောက်တော့ အသင့်တွေ့တဲ့ ဆိုင်ကယ်တစ်စီးပေါ် တက်ပြီး မဲဆောက်ဈေးကို ထွက်ခဲ့သည်။

**ရပ်ကြည့်နေရတဲ့ ရွှေမြန်မာတွေ**

ကမ်းနဖူးကို မောင်းပို့ခိုင်းရသော်လည်း နားမလည်သဖြင့် သူမဲဆောက်ဈေးအထိသာ ပို့ခိုင်းပြီး ယောင်ပေပေနဲ့ ကားဂိတ်မှာ ရပ်နေသည်။ မဲဆောက်ဈေးကားစည်ကားလှသည်။ ကား တွေလူတွေ ဆိုင်ကယ်တွေနဲ့ ပြည့်ကျပ်ညှပ်နေသည်။ မွေးပါတိတ်ဆိုင်၊ ခင်လွန်းအထည်ဆိုင်၊ ရွှေဒဂါးရွှေဆိုင် စသဖြင့် မြန်မာစာလုံးနှင့် ရေးထားသော ဆိုင်ဘုတ်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ရွှေဆိုင်၊ ကုန်စုံဆိုင်၊ စတိုးဆိုင် စားသောက်ဆိုင်တွေကလည်း မြန်မာပြည် ရောက်နေသည့် အလား ဈေးဝယ်သူ ဈေးရောင်းသူ သွားလာသူတွေဟာလည်း မြန်မာလူမျိုးများ အများအပြား ကိုတွေ့ရသည်။ ချောစုကားဂိတ်မှာ ယောင်ချာချာနဲ့ ကားစောင့်နေတုန်း နောက်က သူ့ဇက်ပိုးကို လူတစ်ယောက်က ရိုက်ချလိုက်တာကြောင့် ရှေ့ကို ဟပ်ထိုးလဲကျသွားပြီး မော့ကြည့်လိုက်တော့ မောင်မောင်ဖြစ်နေသည်။ ချောစုပြန်မရောက်၍ သူ့ဒွေးမက မောင်မောင်ကို ဖုန်းဆက်အကြောင်းကြားပြီး ရှာခိုင်းတဲ့အတွက် ကားဂိတ်မှာ ကြိုစောင့်နေတုန်းတွေ့ကြခြင်း ဖြစ်လေသည်။

မောင်မောင်က သူ့ကိုအတင်းဆွဲခေါ်သည်။ သူက ငြင်းဆန်သည့်အတွက် ပါးကို ဘယ်ပြန်ညာပြန် ရိုက်သည်။ သူက ပတ်ဝန်းကျင်ကို အော်ဟစ် အကူအညီတောင်းသော်လည်း ဘယ်သူ့ဆီမှ အကူအညီမရ။ ကိုရွှေမြန်မာတွေ ကိုယ်နဲ့မဆိုင်သလို ရပ်၍သာကြည့်နေသည်။ မကူညီရဲကြတာလည်း အကြောင်းရှိသည်။ ထိုင်းနိုင်ငံမှာ သူတစ်ပါး ပစ္စည်းခိုးရင် (နယ်စပ်မှာ) အသတ်ခံရတယ်။ ချောစုသည် သူခိုးလည်း ဖြစ်နိုင်၍ ဒီလိုနေရာမှာ တော်ရုံမျိုးချစ်စိတ်နဲ့ ဝင်မကူညီရဲကြ၊ မောင်မောင်လို လူမိုက်တွေဟာ လူဆိုးဂိုဏ်းတွေ လမ်းသရဲဂိုဏ်းတွေနဲ့ အပေးအယူ အချိတ်အဆက်ရှိတဲ့အတွက် ကူညီမိရင် ကိုယ့်အတွက် အန္တရာယ်ကို ဖိတ်ခေါ်သလိုပါပဲ။

အော်ဟစ်
အကူအညီ
တောင်းသော်လည်း
ဘယ်သူ့ဆီမှ
အကူအညီမရ။
ကိုရွှေမြန်မာတွေ
ကိုယ်နဲ့မဆိုင်သလို
ရပ်၍သာ
ကြည့်နေသည်။
မကူညီရဲကြတာလည်း
အကြောင်းရှိသည်။

**ရန်စွယ်ကြားကလှုဥမ္မာ**

မောင်မောင်က ချောစုကို တွန်းထိုးရိုက်နှက်ဆွဲခေါ်နေတဲ့ အချိန်မှာ တစ်စုံတစ်ဦးက နောက်က တွန်းထုတ်လိုက်တဲ့အတွက် မောင်မောင်လဲကျသွားသည်။ တွန်းလိုက်သူဟာ နုနယ်လှပတဲ့ မိန်းကလေးတစ်ဦး ဖြစ်တယ်။ မိန်းကလေးက မောင်မောင်ကို မနှစ်မျိုပာန်နဲ့ လက်ညှိုးထိုးပြီး မတရားမလုပ်ဖို့ ပြောတယ်။ မောင်မောင်က မိန်းကလေးကို လက်သီးနဲ့ ထိုးဖို့ ပြင်တယ်။ သူမကလည်း မခေ မောင်မောင်ကို ပါးဝင်ရိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ချောစုကို ထွက်ပြေးခိုင်းတယ်။ တစ်ခါ မောင်မောင်က ချောစုလက်ကို အတင်းပြန်ဆွဲတယ်။ မိန်းကလေးကလည်း ချောစုကို ပြန်ဆွဲထားတယ်။ ဒီလိုနဲ့ ရှန်းရင်းဆန်ခတ် ဖြစ်နေတုန်း သူတို့များကို ကားတစ်စီး ရောက်လာပြီး ထိုင်းလူမျိုး တစ်ဦးကားပေါ်က ဆင်းလာတဲ့အတွက် ရန်ပွဲကို ရပ်လိုက်ကြပါတယ်။

ထိုင်းအမျိုးသားက ထိုင်းဘာသာစကားနဲ့ မေးမြန်းတယ်။ မောင်မောင်က ထိုင်းဘာသာစကားနဲ့ သူခိုးလို့ ချောစုဘို စွပ်စွဲတယ်။ မိန်းကလေးကလည်း ထိုင်းစကားနဲ့ ရှင်းပြတယ်။ ချောစုကား ကြောက်လွန်းလို့ ငိုနေရုံမှတပါး ဘာမှမတတ်နိုင်။ ထိုသူက ရဲစခန်းတွင် ပြဿနာကို ရှင်းရန်ပြောပြီး မှန်းဆက်ဟန်ပြင်စဥ်မှာပင် မောင်မောင်တချိုးထဲ လစ်ပြေးလေသည်။ ထိုသူကပင် သူ၏ကားနှင့် တဲတားထိပ်သို့ လိုက်ပို့ပေးလေသည်။ အခုတော့ ချောစုတစ်ယောက် မြန်မာ့မြေ မြန်မာ့ရေ မြန်မာ့လေကို အန္တရာယ်ကင်းစွာ သောက်သုံးရှူရှိုက် ခြေချခွင့်ရသွားပေပြီ။ ထိုင်းနိုင်ငံသားများထဲ တွင် သူတစ်ပါးကိုနှိပ်စက်၊ မတရားခေါင်းပုံဖြတ် တတ်သူတွေ ရှိသလို အားနည်းသူဘက်က ရပ်တည်ပြီး နိုင်ငံကြီးသား ပီသစွာ စိတ်ကောင်းစေတနာကောင်းနဲ့ ကူညီတတ်သူတွေ အများအပြား ရှိပါတယ်။ ကိုယ့်လူမျိုးအချင်းချင်း မကူညီတဲ့အပြင် နှိပ်စက်ညှဥ်းပန်း ဖျက်စီးဖို့ကြိုးစားတဲ့ မောင်မောင်ရဲ့လုပ်ရပ်ကတော့ သူတစ်ပါးနိုင်ငံသားတွေ ကြားမှာ ရှက်ဖွယ်လိလိ။

**နိုင်ငံကျော်ဖြတ်ပြီး ပြစ်မှု ကျူးလွန်ရင် အရေးယူလို့ရတယ်**

ချောစုကိုကူညီလိုက်သူလေးကို လှဥမ္မာလေးလို့ ဆိုပါစို့။ မြဝတီကနေ မဲဆောက်မှာ ဈေးလာဝယ်ရင်း မိန်းမသားချင်း ကိုယ်ချင်းစာစိတ်နဲ့ မတရားမှုကို လက်ပိုက်ကြည့်မနေနိုင်လို့ ဝင်ကူညီမိတာပါ။ အဖြစ်မှန်ကို သိရတော့ အိမ်ကိုခေါ်လာပြီး စောင့်ရှောက်ထားတယ်။ လေးငါးရက်နေတော့ ချောစုကို ပြန်ပို့ဖို့ ကားလက်မှတ်ဝယ်ဖို့အလာ ကားဂိတ်မှာ မောင်မောင်ကိုတွေ့လိုက်တယ်။ မောင်မောင်ဟာ လူကုန်ကူးခံရမယ့် သူတွေကို စုဆောင်းပြီး သူတို့ မြန်မာပြည်ကို အမြန်ပြန်ခဲ့တယ်။ လှဥမ္မာဟာ သက်ဆိုင်ရာ အဖွဲ့အစည်းတွေကို လူပုံသဏ္ဌာန်၊ အင်္ကျီအရောင်၊ ကားနံပါတ်တွေကို ပြောကာ တိုင်ကြားတဲ့အတွက် သက်ဆိုင်ရာက မောင်မောင်စီးလာတဲ့ ကားကို အလယ်ဗဟိုမှာ ရပ်တန့်စစ်ဆေးပြီး ဖမ်းဆီးလိုက်ပါတယ်။ ဒီတစ်ချီတော့ မောင်မောင်ပြေးလို့ မလွတ်တော့ပါဘူး။ မြဝတီတရားရုံးက သူ့ကို တရားစွဲပြီး ထောင်ချလိုက်ပါတယ်။

သူဟာ တစ်ဖက်နိုင်ငံမှာ ပြစ်မှု ကျူးလွန်တာမို့ ဒီဘက်နဲ့ မဆိုင်ဘူး။ သူ့ကိုဒီဘက်က ဘာမှမလုပ်နိုင်ဘူးဆိုပြီး ပြစ်မှုတွေကို ရဲရဲတင်းတင်း ကျူးလွန်နေသူ။ ဒါပေမယ့် ခုတော့ သူထင်သလို မဖြစ်ဘဲ အရေးယူဖမ်းဆီးခြင်းခံလိုက်ရတာက တစ်ဖက်နိုင်ငံကနေပြီး ပြစ်မှုကျူးလွန်နေကြသူတွေကို သက်သေပြလိုက်တာပါပဲ။

ကလေးသူငယ်နှင့် လူမှောင်

www.burmeseclassic.com

www.burmeseclassic.com



ခိုကုန်ကူးခြင်း၊ လုပ်အား ခေါင်းပုံဖြတ်ခြင်းကို ကာကွယ်ရန် ပိုမိုလုံခြုံစိတ်ချရသော ရွှေ့ပြောင်းခြင်းကို မြှင့်တင်ရန်အတွက် မြန်မာနိုင်ငံအပါအဝင် မဟာမဲခေါင်ဒေသတွင်း နိုင်ငံများမှ စီမံကိန်းချမှတ်ကာ လုပ်ငန်းစီမံချက်များဖြင့် ပူးပေါင်းဆောင်ရွက် နေပါသည်။ ဤစီမံချက်အရ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများအတွက် ရည်ရွယ်ထုတ်ဝေသော စနစ်တကျခရီးသွား စနစ်တကျ အလုပ်လုပ်ဟူသော စာအုပ်မှ အချက်အလက်တချို့ကို ကောက်နုတ်၍ ရေးသားပါသည်။

ဆက်လက်တင်ပြပါဦးမည်

သျှင်ရဲထွန်း (တောင်ငူနှင်း)

## အစိုးရမဟုတ်သော အဖွဲ့အစည်းများ

| အဖွဲ့အစည်းအမည် | ဖုန်းနံပါတ် | ဆက်သွယ်ရန် ဘာသာစကား | တည်နေရာ |
| --- | --- | --- | --- |
| အလုပ်သမားရပိုင်ခွင့် တိုးတက်ရေးကွန်ရက် (LPN) | ၀၃၄၄၃၄၂၆၇ | ဗမာ-ထိုင်း | ထိုင်းနိုင်ငံအလယ်ပိုင်း |
| မြန်မာနိုင်ငံ ဒီမိုကရေစီ ရရှိရေးထိုင်းလှုပ်ရှား ကော်မတီ (TACDB) | ၀၂၂၁၆၄၆၄၃ | ဗမာ-ထိုင်း | ဘန်ကောက်အခြေစိုက် |
| ကလေးသူငယ်ဖွံ့ဖြိုး တိုးတက်ရေး ဖောင်ဒေးရှင်း (FCD) | ၀၂၄-၃၅၅၂၈၀ | ဗမာ- ထိုင်း- လာအို | ထိုင်းနိုင်ငံအလယ်ပိုင်း |
| လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေး ဖောင်ဒေးရှင်း (MRDF) | ၀၃၄-၄၁၄၀၈၇ | ဗမာ- မွန်-ထိုင်း | ထိုင်းနိုင်ငံအလယ်ပိုင်း |
| မဟာချိုင် | ၀၈၆၇၅၆၈၈၃၅ | အင်္ဂလိပ် | |
| လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (HRDF) | ၀၅၃၂၂၃၀၇၇ | ဗမာ- ရှမ်း | ထိုင်းနိုင်ငံမြောက်ပိုင်း |
| ချင်းမိုင် | ၀၈၁၅၉၅၇၅၇၈ | ထိုင်း- အင်္ဂလိပ် | |
| မြန်မာအလုပ်သမား သမဂ္ဂအဖွဲ့ချုပ် | ၀၈၁၆၄၂၂၉၆ | ဗမာ-မွန်-ကရင်- ထိုင်း | နိုင်ငံအစုံ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





စာပုဒ်(၁)

လူ့လောကဌ် အသွင်မတူ အိမ်သူမဖြစ်ဟု ဆိုရိုးစကားရှိခဲ့ဖူးပါသည်။ စင်စစ် အမျိုးသမီးနှင့်အမျိုးသား နှစ်ကိုယ်တူ ချစ်ခဲ့ကြလို့ လက်တွဲတွဲ၊ မိဘ ပေးစားလို့ ထိမ်းမြားခဲ့ရသည်ပဲ ဆိုဆို၊ အိမ်ထောင်ကျခဲ့ကြသူတိုင်းမှာ ထိုစကားက မမှန်ပါချေ။ အထူးသဖြင့် ဥပမာအဖြစ် တင်ပြရမည်ဆိုငြားအံ့၊ မောင်အောင်ကျော်ငွေနှင့် မကျည်းတန်တို့ လင်မယား၏ ဖြစ်အင်ကို ရေးပြလိုပါသည်။

ခက်သည်က လင်နှင့်မယား ကြင်သူသက်ထားအဖြစ် ရောက်ခဲ့ကြသည်ဆိုပါစို့၊ ယောက်ျားက ဝံပုလွေကျင့်ကြံ လိုခဲ့သော် ဇနီးမယားက သားသမင် အဖြစ်သို့ အလိုအလျောက် ရောက်သွားတတ်ပေသည်။ အကယ်၍ လင်ယောက်ျားက သိုးငယ်အလား ပြုကျင့်မှားသော် ကြင်သူသံက်ထားဇနီးမယားမှာ၊ ကျားရဲပမာ ကျင့်ကြံလာလိမ့်မည်သာတည်း။ အိမ်ထောင်သည်ဘဝ၊ ဖြစ်စဉ်ကာလ အစပထမဌ်မှ အသွင်တူကြလိမ့်မည်ဟူသော ယုံကြည်

www.burmeseclassic.com



သိဏ်းသန်းအောင်(မြင်းခြံ)

# "ဒီလိုလူစား ရှာမှရှား"

မှုဖြင့် နှစ်ကိုယ်တူဘဝကို ထူထောင်ခဲ့ကြသည်လေ။ အချိန်ကာလတွေ ကြာမြင့်လာမှပင် ကိုယ့်ဗီဇ စိတ်ဆန္ဒတွေ ပေါ်ပေါက်လာကာ၊ တစ်ဦးနှင့်တစ်ဦး ထူညီတိုက်ဆိုင်မှုတွေ ကွဲလွဲလာခဲ့ရတော့သည်။

ဇနီးမယားဖြစ်သည့် မိန်းမကလည်း အခက်သားပင်၊ မိမိအပေါ် ရိုးရိုးသားသား ကြင်ကြင်နာနာ ပေါင်းသင်းတတ်သည့် လင်သားဆိုလျှင်၊ အနိုင်လိုချင်ကြသည်လေ။ ငါယောကျ်ားဝဲ ငါလုပ်ချင်တာလုပ်မည်၊ အိမ်ထောင်ကျကာမှ ငယ်စဉ်က အမူအကျင့်ကိုတော့ မဖျောက်နိုင်ဟုဆိုကာ၊ အပေါင်းအသင်းအပေါ် ကောင်းသမျှ ကိုယ့်သားမယားအပေါ်ကျ နှိပ်စက်တတ်သည့် လင်ယောကျ်ားများဆိုလျှင် သခင်ထင်တတ်ကြသည်ပင် မဟုတ်လား။

ခုကြည့်လေ မကျည်းတန်ဆို အောင်ကျော်ငွေလို လူစားမျိုးကို သည်းခံခွင့်လွှတ်ရင်း ပေါင်းသင်းလာခဲ့သည်မှာ သားသမီး (၂) ယောက်ပင် လူလားမြောက်ခဲ့ပေါ့။ ဆိုရလျှင် သူတို့နှစ်ဦး၏ မိဘများမှာ ရွာတွင် အလတ်တန်းစား တောင်သူကြီးများပင် ဖြစ်ကြသည်။ အောင်ကျော်ငွေ၏ မိဘများက တစ်ဦးတည်းသော သားမို့၊ ငယ်စဉ်ကပင် အလိုလိုက်ခဲ့သဖြင့် အောင်ကျော်ငွေက ဆိုးချင်ပေချင်သည်။ သို့အတွက် အိမ်ထောင်ချပေးလိုက်လျှင် ခြေငြိမ်သွားလေမည်လားဟု တွေးလျက် တစ်ရွာတည်းနေ ဦးဘငွေး၏ သမီးဖြစ်သူ မကျည်းတန်နှင့် ပေးစားခဲ့သည်။ မိဘနှစ်ပါးသာ ဆုံးပါးသွားခဲ့သည်။ အောင်ကျော်ငွေက အသွင်မပြောင်း၊ လောင်းကစားနှင့် အရက် အပျော်ကက်ခြင်းဖြင့် မိဘများထားခဲ့သော အမွေအနှစ်တွေ တက်တက်စင်အောင် ပြောင်တလင်းခါ၍ လက်ဗလာချည်းသက်သက်အဖြစ်သို့ ရောက်ခဲ့လေတော့သည်။

မိန်းမသား တစ်ယောက်အနေဖြင့်၊ အိမ်ထောင်ပြုသည်ဆိုခြင်း၏ အဓိကအချက်မှာ မိမိဘဝအတွက် အားကိုးအားထားပြုခြင်းပင်ဖြစ်သည်။ ခုတော့ မကျည်းတန်မှာ မိဘများ၏ အမွေအနှစ်ဖြစ်သော မြေဧကများအား ကိုယ်တိုင်လုပ်ကိုင်၍ သားသမီးနှင့် စားဝတ်နေရေးအတွက်၊ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်စားသောက်နေရသည်။

www.burmeseclassic.com


www.burmeseclassic.com



မိခင်မှာ သူမ ငယ်စဉ်ကပင် ဆုံးပါးသွားသောကြောင့် ဖခင် ဦးဘဌေး လက်အောက်၌ ကြီးပြင်းလာရသူဖြစ်သည်။ ဖခင် ဦးဘဌေးမှာလည်း အသက်အရွယ်ကြီးပြင်းလာပြီမို့ ဩဇာပါဝါတို့က ကျဆင်းကုန်ပြီ၊ သားမက်လုပ်သူကို နဂိုကတည်းက သဘောမကျသော်လည်း သမီးဖြစ်သူ မကျည်းတန်က ချစ်လှပါသည်ဆို၍ ပေးစားခဲ့ရခြင်းဖြစ်သည်။ ခုတော့ မကျည်းတန်မှာ ဖခင်စကား နားဝယ်ခါးခဲ့လေသောကြောင့် လင်ဆိုးမယားတဖါးဖါးဘဝဖြင့် ကျင်လည်ခဲ့ရသည်မှာ ကြာခဲ့ချေပြီပဲလေ။

အောင်ကျော်ငွေက လောင်းကစားဝိုင်းထိုင်ရာတွင် အမျိုးအမည်သတ်မှတ်ချက်မရှိ၊ ဂျင်ဝိုင်းတွေ့လျှင် ထိုးသည်။ ဖဲဝိုင်းတွေ့လျှင် ဖဲဝင်ရိုက်သည်၊ ကြက် ဝိုင်းဆိုလျှင် ကြက်တိုက်သည်။ အလောင်းအစားပါရမီ ထူးချွန်သူပါတည်း။ ခုဆိုလျှင် ရွာသာအေးတော တိုက်ထဲရှိ ဂျင်ဝိုင်းသို့ သူရောက်နေချေပြီလေ၊ ဂျင်ဝိုင်းက နွားထိုးကြီးမြို့နယ် နှင့် မလှိုင်မြို့နယ် အစပ်တွင် ဖြစ်သဖြင့် နယ်စုံမှ လောင်းကစားသမားများဖြင့် စည်ကားလှသည်။ ငွေထုတ်ကို ပိုက်လာကြသည့် ဒုစိုက်သမားတွေက ဒုနဲ့ဒေးရယ်လေ။ လောင်းကစားသမားတွေကလည်း မနည်းမနော၊ ပါလာကြသည့် ငွေတွေကလည်းပေါပေါမို့ လောဘသမားတွေအတွက် မက်မောစရာတွေပါပဲလား။ သို့တစေ အောင်ကျော်ငွေကား ကံမလိုက်ထိုးလိုက်သည့် ပေါက်ကောင်မှ လွဲ၍ ကျန်သုံးကောင်က တစ်လှည့်စီပေါ်လာသည်။ လောင်းကစားဆိုသည်က နိုင်လျှင်နိုင်၊ ရှုံးလျှင်ရှုံး ဘောလုံးပွဲလို ကျားပွဲလို သရေပွဲမရှိ။

လောင်းကစားပွဲတွင် နိုင်သူတွေက ပျော်မဆုံး မော်မဆုံး တဖြုံးဖြုံးနှင့် ဝယ်ခြမ်းကြ၊ စားကြ သောက်ကြနှင့် ရှိတတ်ကြသလို၊ ရှုံးသူတွေကလည်း ဘေးထိုင် ဘိုင်ကျ၊ မရှင်မပြဖြစ်တတ်ကြသည်။ သည်ပွဲတွင် သူတို့၌ ပါလာသမျှ ငွေရောပစ္စည်းများပါ လက်မဲ့ဖြစ်ခဲ့ရတော့သည်။ သိန်းလင်းတွင်ပါလာသော သူ့သား၏ ဆိုင်ကယ်နှင့် ဖိုးထူး၏ လက်ဝတ်လက်စားတွေအားလုံး ဂျင်ဒိုင်လုပ်သူ



www.burmeseclassic.com



**ဘုရားပွဲတော်ကို အကြောင်းပြုလျက် မောင်းထု ကြော်ငြာရန်မလိုဘဲ၊ ရပ်ဝေးရပ်နီး ဒေသနယ် အသီးသီးမှ လောင်းကစားသမားတို့ မဖိတ်ခေါ်ဘဲ စုဝေး ရောက်လာတတ်ကြသည်။**

ထံ ရောက်ကုန်ကြတော့သည်။

"ငါ ... ဘာဆက်လုပ်ရရင် ကောင်းမလဲ ... စဉ်းစားစမ်း ... စဉ်းစားစမ်း"

'လူမိုက်နဲ့ငွေ အတူမနေ' ဆိုသလို မကျည်းတန်ရှာဖွေသမျှ လောင်းကစားဖြင့် ဖြုန်းတီးခဲ့သော အောင်ကျော်ငွေမှာ ပိုက်ဆံရရေး အဖြေရှာနေရတော့သည်။ ထွက်လာသည့်အဖြေကတော့ ဗလာနတ္ထိသာဖြစ်ပါလေ၏။ ဂျင်ဝိုင်းတွင် အနိုင်ရသူတွေမျက်နှာက မှိုရသလို၊ ပြုံးပျော်နေကြသူတွေကိုကြည့်၍ မုဒိတာ မပွားနိုင် ငေးငိုင်ကြည့်နေရင်း၊ အကြံကုန် ဂဠုန်ဆားချက်၊ ဒေါသထွက်နေတော့သည်သာ၊ စိတ်ထဲမှာလည်း မကျေမချမ်းဖြင့် ...

"အေး ... နိုင်တဲ့သူတွေဆိုတော့ ပျော်ကြပေမပေါ့ကွာ၊ တစ်နေ့ကျရင် ငါလည်းမင်းတို့လို ပျော်ပြလိုက်ဦးမယ်" ဟု ရေရွတ်ရင်း သူ့ရှေ့မှ အရက်ခွက်ကို ကောက်ယူ မော့သောက်လိုက်လေသည်။

**စာပိုဒ်(၂)**

ဘာယာကုန်းဆိုသည့်ရွာက မြင်းခြံနှင့် နွားထိုးကြီး သွားရာလမ်းမကြီး၏ဘေး ကုန်းမြင့်လေးပေါ်တွင်ရှိသည်။ ရွာ၏ဘေးပတ်လည်တွင် သစ်ပင်တို့က အုပ်အုပ်ဆိုင်းဆိုင်းနှင့်မို့ စိမ်းစိမ်းစိုစိုရှိသလို ယာစိုက်ခင်းတွေကလည်း မြေကောင်းမြေသန့်တွေမို့ ကောက်ပဲသီးနှံတို့ကလည်း နှစ်စဉ် ထွက်မှထွက်၊ ပေါမှ ပေါပါဘိခြင်း။

ထိုလယ်ယာမြေကောင်းတွေထဲမှ မြေကအချို့ကို အောင်ကျော်ငွေတို့ မိဘများ ပိုင်ဆိုင်ထားခဲ့ကြပါသည်။ သို့သည့်တိုင် အောင်ကျော်ငွေက လက်ကြောတင်းအောင် မလုပ်သဖြင့် လူငှားဖြင့်သာ လုပ်ကိုင်ထားရခြင်းဖြစ်ပါသည်။ မိဘများ အနေဖြင့် သားလေးတစ်ယောက်တည်းမို့ အလိုလိုက်ခဲ့သဖြင့် အောင်ကျော်ငွေမှာ ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ လောင်းကစား အပျော်အပါးဖြင့်သာ အချိန်ကုန်လေ့ရှိခဲ့သည်လေ၊ လာမည့် လပိုင်းအတွင်း နွားထိုးကြီးမြို့၏ အထင်ကရဖြစ်သော ရှေးဟောင်းဘုရားကြီးဖြစ်သည့် ရှင်ပင်သာဒွန်းဦး ဘုရားပွဲရှိနေသည်။ ထို

www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွဲအား အောင်ကျော်ငွေက အားခဲထားသည်။ ဘုရားပွဲတော်ဈေးတွင် ဈေးထွက်ရန် မဟုတ်သလို၊ ဘုရားအရေး၊ တရားအရေး၊ သံဃာသူမြတ်တို့အရေးတို့ကို အလေးပေးဆောင်ရွက်ရန်လည်း မဟုတ်၊ စင်စစ် ထိုဘုရားပွဲတော်ကို အကြောင်းပြုလျက် မောင်းထုကြော်ငြာရန်မလိုဘဲ၊ ရပ်ဝေးရပ်နီး ဒေသနယ် အသီးသီးမှ လောင်းကစားသမားတို့ မဖိတ်ခေါ်ဘဲ စုဝေး ရောက်လာတတ်ကြသည်လေ။

ပွဲကြီးပွဲကောင်းမို့ ရှိသမျှပစ္စည်းများအား ရောင်းချပေါင်နှံ၍ ငွေထုပ်ပိုက်ကာ ရောက်လာတတ်ကြစမြဲပင်၊ လောင်းကစားဝိုင်းက ပွဲတော်နှင့် ခပ်လှမ်းလှမ်းရှိ လျှိုမြောင်တောအုပ်တို့အကြားရှိနေသည်မို့ မြို့နယ်ဒေသအသီးသီးမှ လောင်းကစားသမားများ ရောက်လာတတ်ကြသည်။ အလောင်းအစား ကစားကြသည်မို့ အရှုံးနှင့်အနိုင်ကို အပြိုင်ကစားကြခြင်းပင်ဖြစ်သည်။ နိုင်လျှင်တော့ ပြုံးပျော်မြူးတူးကြရင်း၊ ဘုရားပွဲတော်ဈေးအတွင်းသို့ ဝင်ရောက်နွှဲကြသူတွေရှိသလို ရှုံးသူတွေကျ မှိုင်၊ စိတ်ယိုင်မှုအား အရက်ဖြင့်ကုစားကြခါ လောင်းကစားဝိုင်းမှတပ်ဆုတ်လာကြသူတွေလည်း ဒုနှင့်ဒေးရယ်လေ။ ခုတော့ ထိုလောင်းကစားဝိုင်း ရောက်ခဲ့ကြသော အောင်ကျော်ငွေတို့သုံးယောက် ဗိုက်မှောက်ရသည့်ကိန်းနှင့်ပင် ကြုံခဲ့ရပြန်သည်။ ထုံးစံအတိုင်း အပွကြီးပွနေကြသည့် အပေါင်းအသင်းတို့ထံမှ ဟင်းစားတောင်း၍ ပွဲတော်ဈေးအတွင်းရှိ ချောင်ကျကျအရက်ဆိုင်တွင် ဝင်ထိုင်ခဲ့ကြတော့သည်။

အောင်ကျော်ငွေတို့အဖွဲ့ လောင်းကစားဝိုင်းသွားလျှင် ရှုံးသည့်ပွဲက နည်းပါးလှသည်။ သည်ပွဲက ဘုရားပွဲတော်ရက်မို့ အပြန်တွင် မကျည်းတန်နှင့် သားသမီးများအတွက် အင်္ကျီအဝတ်အစားများ ဝယ်သွားမည်ဟု ရည်ရွယ်ထားခဲ့သည်ကတော့ အမှန်ပင်ဖြစ်သည်။ သို့ပေမယ့် ယခုတော့ အပြန်မျက်နှာပန်း မလှပါလေတော့၊ သူ့ကိုယ်သူ မကျေမနပ်ဖြစ်နေမိသည်။ တစ်ယောက်မကောင်း၍ တစ်ယောက်ပြောင်းကာ ထိုးကောင်ပြင်လောင်းသော်လည်း သည်ပွဲကျမှ သေလိုက်သည့် ကြွေသီး၊ သန်းလင်းကလည်းမဟန်၊ ဖိုးထူးကျလည်းတလွဲမို့ ခဲလေ သမျှ အရှုံးဖြင့်သာ တပ်ခေါက် ပြန်ခဲ့ရသည့်အတွက် သုံးယောက်သားအရက်ကို သောက်ရင်း တောက်ချက်ပြင်းပြင်း ခေါက်ရင်း မကျေမချမ်းနှင့် ဒေါသတွေ ဖြစ်နေကြတော့သည်။ မျက်နှာများတွင်လည်း ဇောချွေးလား အရက်ချွေးလားမသိ စီးကျလာသည့် ချွေးများအား သုတ်ပင် မသုတ်နိုင်ပါလေတော့။ အော် သူတို့က ဤပွဲတွင် အရှုံးကြီး ရှုံးသူတွေပဲကိုး။

"တောက် … ဒီပွဲကျမှ လွဲလိုက်တဲ့ပေါက်ကောင်တွေ … ဖားက ရေငုပ်သွားပြီး မြွေကတွင်းထဲ အောင်းနေသလား အောက်မေ့ရတယ် … နာချက်ကတော့ ပြောမပြောချင်ပါဘူးကွာ"

ဖိုးထူးက သူ၏ နှာသံနဲ့နဲ့ဖြင့်ပြောရင်း သူ့နဖူးပေါ်က ချွေးများကို ခါးကပုဆိုးဖြင့်သုတ်လိုက်သည်။ သိန်းလင်းကလည်း သောက်ပြီးအရက်ခွက်ကို ပြန်ချ

www.burmeseclassic.com



၍ အမြည်းတစ်ဖတ် ကောက်မြည်းရင်း …

"အေး … ငါကမှ ဒုက္ခ ဒီပွဲမှာ သေချာပေါက်ထင်ပြီး … ချေးလာခဲ့တဲ့ အကြွေးတွေ ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ဘူး … သေသာ သေလိုက်ချင်တော့တယ်ကွာ ‥ လခွီးမှပဲ"

သူတို့သောက်နေကြသည်က ချိတ်ပိတ် ဘီအီးရယ်လေ၊ သုံးယောက်နှစ်ပုလင်းကို ပြောင်တလင်းခါနေပေါ့၊ စိတ်ညစ်နေကြတော့လည်း အရက်က တော်တော်နှင့် မမူးကြသေး၊ သုံးယောက်လုံးက အရက်မူးမှ အိမ်ပြန် တတ်ကြသူတွေဆိုတော့လည်း ဆက်သောက်ရန် ဟန်ပြင်နေကြသည်။

"အံမာ … အံမာ …မင်းတို့သုံးယောက်က ဒီမှာလာပြီး နပ်နေကြတာကိုး … ဘယ့်နှဲ့လဲကွ အခြေအနေက"

ညွန့်မောင်က မေးရင်းမြန်းရင်း သူတို့စားပွဲတွင် ဝင်ထိုင်လိုက်ပါလေ၏။ စင်စင် ညွန့်မောင်က သူတို့နှင့်ပုလင်းတူဖူးဆို့ပင်ဖြစ်သည်။

**လောင်းကစားဝိုင်းတွေ ရှိနေသေးသရွေ့ ဒုစရိုက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာမည်ကတော့ အသေအချာပင်၊ ကျေးရွာများတွင် အလွယ်ဆုံး ဒုစရိုက်သတင်းမှာ နွားခိုးမှုပင် ဖြစ်သည်။**

"အခြေအနေတွေ ဘာကွေ မေးမနေစမ်းပါနဲ့ကွာ … တို့ကို ဒီလိုချောင်ကျတဲ့ဆိုင်မှာ လာတွေ့နေရင် မင်းသဘောပေါက်"

"အေး … ဟေး … ဟေး လက်စသတ်တော့ သူတော်အချင်းချင်း သတင်းလွှေ့လွှေ့ လာတွေ့နေကြတာပဲကိုး … တရားကျစရာတောင် ကောင်းနေတာပဲပေါ့ … ဟား … ဟား"

ရွာသာအေးသား ညွန့်မောင်ဆိုသည်က တစိမ်းမဟုတ် လိုင်းကွဲလုပ်ဖော်ကိုင်ဖက်တွေပဲ ဖြစ်သည်။ သည်တော့ နောက်ထပ် အရက်တစ်လုံးမှာလိုက်သည်။

နောက်တော့ သူတို့ငွေရှာဖွေရေးအတွက် မျက်နှာစုံညီ အစည်းအဝေးတစ်ခု ထိုင်ဖြစ်လိုက်ကြတော့သည်။

### စာပိုဒ် (၃)

ဘုရားပွဲအပြီး နောက်ရက်များတွင် ကျေးရွာတချို့၌ နွားခိုးမှုသတင်းတွေ ကြားလာရသည်။ လောင်းကစားဝိုင်းတွေ ရှိနေသေးသရွေ့ ဒုစရိုက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



မည်ကတော့ အသေအချာပင်၊ ကျေးရွာများတွင် အလွယ်ဆုံး ဒုစရိုက်သတင်းမှာ နွားခိုးမှုပင် ဖြစ်သည်။ ဆိုးဝါးသည့် အချက်မှာ နွားသူခိုးတွေက နွားကို နွားလိုသဘောမထားဘဲ အသားလိုသဘောထားကြခြင်းပင်ဖြစ်သည်၊ သည်အတိုင်းဆိုလျှင် တောင်သူတွေအတွက် ခိုင်းနွားကောင်းတွေ နစ်နာဆုံးရှုံးမှုဖြင့် ရင်ဆိုင်နေကြရဦးမည်သာ၊ ရိုးသားနွမ်းပါးသည့် တောင်သူများအဖို့ ထိုသတင်းဆိုးကြောင့် အိပ်ကောင်းခြင်း မအိပ်နိုင်ကြ၊ အလှည့်ကျ ညအိပ်စောင့်အိပ်နေကြရတော့သည်။

သည်လိုသတင်းတွေကြားသည်နှင့် မကျည်းတန်မှာ သူတို့နွားတစ်ရှဉ်းအတွက် ရတက်မွေရတော့သည်။ စဉ်းစားကြည့်လေ၊ လင်သားဖြစ်သူ လူပေလူတေ အောင်ကျော်ငွေက အိမ်၏ မိသားစုအရေးအတွက် ထည့်မစဉ်းစားခဲ့၊ ကြက် ဝက်၊ မြွေ၊ ဖား လောင်းကစား ဝိုင်းတွေမှာပဲ ပျော်မွေ့နေသည်လေ၊ မကျည်းတန်တို့ မိသားစု သုံးဦးကတော့ မနက်မိုးလင်းသည်နှင့် ယာခင်းကို ဆင်းကြရသည်။ အကြီးကောင်ဖိုးအောင်က အဖေ့သွေးပါသည်ပဲထင်၊ အိမ်ကအလုပ်ဆို ကောင်းကောင်း မလုပ်ချင်၊ အပေါင်းအသင်းတွေနှင့် ကစားဖက်နေတတ်သည်၊ သို့အတွက် မိခင်လုပ်သူ မကျည်းတန်က ချော့မော့ ခိုင်းရသည်။ အငယ် မိကျော့ကမူ မိန်းကလေးဆိုသော်ငြား၊ ယောကျ်ားလေးတစ်ယောက်ပမာ ဒေါင်းတိမောင်းတိဖြင့် ပင်ပင်ပန်းပန်း လုပ်ကိုင်တတ် သူမို့မကျည်းတန်အတွက် အကူညီ ရသေးတော့သည်။ သို့သော်လည်း မိဘတို့ ဖြစ်တတ်သည့် သဘောထားအတိုင်း အကြီးကောင် ဖိုးအောင်ကိုသာ အချစ်ပိုသည်။ မိကျော့ ကိုတော့ အချစ်ပေါ့၍ အပြစ် မြင်တတ်သည်မှာ မမှတာဟုပင် ဆိုရလေမည်လား မပြောတတ် ပါလေတော့။

နွားခိုးသတင်းက တဖြည်းဖြည်းနှင့် သူတို့ရွာနားသို့ ချည်းကပ်လာသည်နှင့်အမျှ ကင်းသမားများ နိုးနိုးကြားကြားဖြင့် စောင့်အိပ်ကြရသည်။ စင်စစ် ရွာသား ကင်းသမားတွေချည်း အားကိုး၍မဖြစ်၊ ကိုယ့်နွားအတွက် ကိုယ့်မှာသာ တာဝန်ရှိသည်ပဲ မဟုတ်ပါလား၊ သားဖြစ်သူ ဖိုးအောင်က နေသာသလို နေတတ်သော်လည်း မိကျော့ က နွားတင်းကုပ်မှာ ကင်းစောင့်အိပ်ရသတဲ့လေ၊ နေ့ပိုင်းတွင် ယာတောကိုဆင်း၊ ညရောက်တော့ နွားကင်းစောင့်ရသော မိကျော့မှာ ပင်ပန်းမှုဒဏ် ကြောင့် ခုနစ်စဉ်ကြယ်အမြီး ထောင်၍ သန်းခေါင်အချိန် ရောက်လောက်တွင် မေ့ခနဲ အိပ်ပျော်သွားတော့သည်။ မနက်မိုးလင်း၍ မကျည်းတန် အိပ်ရာထတော့ အိမ်ကနွားတစ်ရှဉ်း တိုင်တွင် မရှိပါလေတော့၊ နွားခိုးနောက်သို့ ကောက်ကောက် ပါသွားချေပြီတည်း။

နွားခိုးဆိုသည့် အမျိုးအစားကလည်း မကျည်းတန်တို့လို ယောကျ်ားသား ရင့်မာကြီးတွေ မရှိသည့် အိမ်မျိုးကိုမှ မျက်စိကျတတ်ကြသည်ပင် မဟုတ်ပါလား၊ နောက်ပြီး သူတို့အိမ်က ရွာခြံစည်းရိုးနှင့် နီးကပ်နေခြင်းကြောင့် နွားခိုးက အလွယ်တကူ ဝင်ရောက် ဆွဲယူသွားခြင်း ဖြစ်ပေလိမ့်မည်။ မကျည်းတန်က ဖခင်ဦးဘဋ္ဌေးကို နှိုး၍

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စက်လက်ဖြင့် ပြောပြလိုက်သည်။ ဦးဘဌေးကတော့ ဘာတတ်နိုင်ပါ မည်နည်း။ နောက်ဆုံးတော့ ရွာလူကြီးကိုသာ သွားရောက်သတင်းပို့လိုက်ကြရသည်။ ရွာလူကြီးက ထိုသတင်းကိုသိတော့ ရွာသားအချို့ကိုဆင့်ခေါ်၍ နွားခြေရာခံလိုက်ရန် အမြန်စီစဉ်လိုက်ကြတော့သည်။ နွားခိုးနောက် ခြေရာခံလိုက်သွားကြတော့မှ ဦးဘဌေးက ဝေဖန်သုံးသပ်လေသည်။

"နွားခိုးဆို ဆန်ဖိုးတဲ့ သမီးရဲ့ နွားပြန်ရတာ မရတာတော့ မသိဘူး၊ နင်ဆန်ရှာပြီး ထမင်းချက်ဖို့သာ ပြင်ပေတော့"

ဖခင်ဦးဘဌေးက မကျည်းတန်အား ဂရုဏာမျက်လုံးများဖြင့်ကြည့်ရင်း ပြောလိုက်သည်။ ဆိုလိုသည်က နွားပျောက်ရှာလျှင် လိုက်ရှာသည့် အဖွဲ့မှ လူများကို နွားပိုင်ရှင်က ထမင်းကျွေးရသည့် အလေ့အထကို ပြောလိုက်ခြင်း ဖြစ်ပေသည်။ မကျည်းတန်အနေနဲ့ကလည်း သူတို့ကိုသာ အားကိုးအားထားပြုနေရသည်လေ၊ လင်ဖြစ်သူ အောင်ကျော်ငွေက ခုချိန်ဆိုလျှင် ဘယ်လောင်းကစားဝိုင်း ရောက်နေချေသည်လဲမသိ၊ အော် မရှိတာထက် မသိတာပိုခက်လှသည်ပင် မဟုတ်ပါလား။ ညနေစောင်းတော့ နွားလိုက်ရှာသူတွေနဲ့အတူ အောင်ကျော်ငွေပါ ရောက်လာတော့သည်။ သူ့ကြည့်ရသည်မှာ ဆက်ရက်မင်း စည်းစိမ်အပြည့်နှင့်ဖြစ်သည်။ အိမ်ရောက်လာတော့ အာလေးရှာလေးသံဖြင့် မေးသည်။

"ဟ ... အိမ်ကနွားတွေ အခိုးခံရလို့ဆို"

"ဟုတ်တယ် ... မနေ့ညက ဝင်ဆွဲသွားကြတာလေ ... အိမ်မှာ အားကိုးအားထားယောကျ်ားသားမရှိတော့ အစော်ကားခံလိုက်ရတာပေါ့"

မကျည်းတန်က မျက်စောင်းတစ်ချက် သူ့ဘက်ပြစ်လွှတ်လိုက်ရင်း ခပ်ထေ့ထေ့လေသံဖြင့် ပြန်ပြောလိုက်သည်။

"မင်းက ငါ့ကိုအပြစ်ပြောနေတာလား ... ငါကအချောက်တိုက် အလေလွင့်နေတာမဟုတ်ဘူးကွ ... မိသားစုစားဝတ်နေရေး ချောင်လည်အောင် ပိုက်ဆံရှာနေတာကွ"

"အလိုတော် ... ရှင်ဂျင်ဝိုင်း ဖဲဝိုင်းသွားနေတာ ကျုပ်တို့မိသားစု အတွက်ရှာပေးနေတာကိုး ... အံ့ပါရဲ့ ကျေးဇူးရှင်ကြီးရယ်"

"အေး ... ငါပိုက်ဆံ မပေးနိုင်တဲ့ အချိန်ဆိုတော့ ပြောထားဦးပေါ့ကွာ ... ခုကိစ္စကလည်း နင်တို့ပေါ့ဆလို့ ဖြစ်ရတာပဲလေ"

အောင်ကျော်ငွေက သူ့အားအပြစ်ပြောမည့်စကားကို ထန်းရွက်နှင့်ကာပြောလိုက်ပဲ ခြင်းပင်ဖြစ်သည်။

"ဖြစ်ပြီးသွားတာတွေကို တစ်ယောက်နဲ့တစ်ယောက် အပြစ်ပြောမနေကြစမ်းပါနဲ့ကွာ ... ဒီနွားတစ်ရှဉ်းက ငါနဲ့အတူ ဖက်ရုန်းလာခဲ့ရတဲ့ ကျေးဇူးရှင်တွေ ငါက အဆုံးအရှုံးမခံနိုင်ဘူး မင်းကအပေါင်းအသင်းများပါတယ် လိုက်စုံစမ်းပြီး ငါ့နွားတွေကို ပြန်ရအောင် ယူချင်တယ်၊ ငွေနဲ့ရွေးရလည်း ရွေးရပစေပေါ့"

ဦးဘဌေးက သူ့နွားတစ်ရှဉ်းကို နှမြောတသပုံ ရလေသည်လေ၊ မျက်စိ မျက်နှာတွေ

www.burmeseclassic.com

www.burmeseclassic.com



မကောင်း၊ မြင်ရသူတို့က ဦးဘ ဌေးကို ကြည့်၍ သနားနေကြ သည်။

"ပြန်ရဖို့ဆိုတာ သိပ်တော့ မလွယ်နိုင်ဘူး"

"အို လွယ်တာမလွယ်တာ ရှင်ကြိုးစားရှာတဲ့အပေါ်မှာပဲ မူတည် တာပါ ... ပြန်ရ တော့လည်း အမြတ်ပဲပေါ့ အဖေ က သူ့နွားတွေအပေါ် သံယော ဇဉ်ကြီးနေရှာတာကလား ... ဒီတစ်ခုတော့ ရှင်တာဝန်ယူရှာ ပေးဖါဦး ကိုအောင်ဌေးရယ်နော်"

အလုပ်မလုပ်သည့် အဖေကို မိခင်ဖြစ်သူက ခယ ပြောနေ သည်ကို မိကျော့ကြားလိုက်ရ တော့ ထိုင်နေရာမှ ထသွား တော့သည်၊ အကြီးကောင်ဖိုး အောင်ကတော့ ယောင်တောင် တောင်၊ သူနှင့်မဆိုင်သလိုလုပ် ၍ ငြိမ်နေလိုက်၏။

"အေးပါကွာ ... နွားတစ် ရှဉ်းဆိုတော့ ပြန်ရွေးယူမယ်ဆို ရင် ငွေအတော်ပေးရမှာ ကျုပ် ကဘာယ်လောက်နဲ့ ပြန်ရွေးပေး ရမလဲဆိုတာ သိထားမှကောင်း မှာ ငွေနဲ့ပြန်ရွေးမယ်ဆိုရင် တောင် အတော်လေး လိုက်စုံ

ဒီနွားတစ်ရှဉ်းက
ငါနဲ့အတူ
ဖက်ရှန်းလာခဲ့ရတဲ့
ကျေးဇူးရှင်တွေ
ငါက အဆုံးအရှုံး
မခံနိုင်ဘူး

စမ်းရဦးမယ်"

ဦးဘဌေး သားမက်ကိုကြည့် ၍ မျက်နှာတစ်ချက် မဲ့သွား တော့၏၊ ပြီးလေမှ ...

"ဒီမယ် မောင်ကျော် ... ငါ့နွားတွေကို မင်းလည်းအမြင် သားပဲ၊ ခုခေတ်တန်ရာတန် ကြေးအရ ပေးရမယ့်ငွေကို ငါပေးမှာပေါ့ကွ ... ငါ့မှာ စုဆောင်းထားတဲ့ ပစ္စည်းတွေ ရှိ ပါသေးတယ် ... မင်းသာပြန်ရ အောင် လိုက်စုံစမ်းပါ"

အောင်ကျော်ဌေးက ဘာမှ ပြန်မပြောတော့ဘဲ စဉ်းစားနေ သလို ယောက္ခမအား စူးစိုက် ကြည့်နေရာမှ လှည့်ထွက်သွား တော့သည်။ သူ့မှာ လုပ်စရာ လုပ်ငန်းက ရှိနေချေပြီပဲ မဟုတ် ပါလား။

### စာပုဒ်(၄)

"ရော့ ... ဒီစာကိုယူပြီး ငါ့အိမ်ကိုသွား ... မင်းကိုဆိုသူ တို့မသိပါဘူး ... ငါလွှတ် လိုက်တယ်လို့ပြောပြီး ... ပေးလိုက်တဲ့ငွေကို ယူပြီး ပြန်လာ ခဲ့ ... ဟုတ်ပြီလား"

အောင်ကျော်ဌေးက စာရွက်

www.burmeseclassic.com

www.burmeseclassic.com



သည့်ဆိုင်တွင် အရက်တစ်လုံး ထောင်ပေးရင်း လူတွေ၏ လှုပ်ရှားမှု အခြေအနေကို စောင့်ကြည့်ခိုင်းထားသည်။ အခြေအနေမကောင်းလျှင် ဖိုးထူးက လာရောက် သတင်းပို့မည်ဖြစ်သည်။ စင်စစ် ဖိုးထူးက ကျန်းမာရေးကောင်းသူမဟုတ်၊ သို့သော်ငြားလည်း ပြင်ပက ပြဿနာမဖြစ်၊ အတွင်းက စဖြစ်လာတော့သည်။ အကြောင်းမှာဂျင်ထိုး ရင်းကျူရှာသားနှင့် ဆားခါးသားတို့ အငြင်းပွားရာမှ ရန်ထဖြစ်ကြတော့သည်။ နောက်ဆုံးဝယ်ဒုတ်တစ်ပြတ် ဓားတစ်ပြတ်ဖြစ်လာသောကြောင့် လူတွေရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်ကြတော့သည်။ အမှားနှင့်အမှန် ဝေဖန်ချိန်မရ၊ ဦးရာလူက ချတော့သည်။



ဂျင်ထိုးလာကြသူတွေက သီလယူကြမည့် သူတွေမဟုတ်သဖြင့် လာကတည်းက လက်နက်ပုန်းတွေ ဆောင်လာကြသည်လေ၊ ထိန်းသိမ်းနိုင်သည့် ဩဇာအာဏာရှိသူတွေ မရှိသဖြင့် ကိုယ်လွတ်ရုန်းသူတွေကရုန်းကုန်ကြသည်။ ထိုထဲတွင် အောင်ကျော်ငွေတို့လည်း အပါအဝင်ဖြစ်သည်။ ပြေးလိုက်ကြရသည်မှာ နောက်ကျသည့် ခြေထောက် သစ္စာဖောက်ဟုသာ သဘောပိုက်ခါ ခြေကုန်သုတ်ခဲ့ရတော့သည်။ ကံမကောင်းချင်တော့ ငွေတွေက လက်ထဲအကုန်ပါမလာတော့၊ ဆွဲမိဆွဲရာမို့ အနည်းအကျဉ်းသာ ပါတော့သည်၊ သည်ကြားထဲ ဖိုးထူးက ဒုက္ခိတဖြစ်နေသဖြင့် စောင့်ခေါ်နေရသေးသည်လေ၊ ကိုယ့်နယ်မြေ ကိုယ့်ဒေသမဟုတ်တော့လည်း ခက်ခက်ခဲခဲဖြင့် အိမ်ပြန်ရောက်ခဲ့ကြရသည်သာ။

ကိုယ့်အိမ်ကန္တား ကိုယ်ပြန်ခိုး၍ တန်ဖိုးဖြတ် တောင်းဆိုခဲ့သော ငွေတွေအားလုံး ကြက်ပျောက်ငှက်ပျောက်ဆိုဘိသို့ ဆုံးရှုံးနစ်နာခဲ့ရခြင်းမှာ … လူမိုက်နှင့်ငွေ အတူမနေဟုပင် ဆိုရလေမည်လား၊ သို့တည်းမဟုတ် ပါနီထဲကရေ ပါနီထဲ ရောက်သွားခြင်းပေလားဆိုသည်ကို …

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ခုန်ဆင်းသွားကြလေတော့သည်။

ရွာအတွင်းရောက်သည်နှင့် သူတို့ဦးတည်ရာ နေအိမ်တစ်အိမ်ဆီသို့ ခြေသံဖော့နင်းရင်း၊ ခပ်သုတ်သုတ်ပင် လျှောက်သွားကြသည်။ အိမ်ကြီးတစ်အိမ်သို့ ရောက်ကြသည်နှင့် နောက်ဖေးဘက်သို့ လှည့်ဝင်လိုက်ကြပြန်၏။ ဘာမှ မကြာလိုက် အိမ်နောက်ဖေး တံခါး ပေါက်ပွင့်သွားတော့သည်။ ထိုတံခါးမှပင် လူတစ်စု အိမ်အတွင်း ဝင်ရောက် လိုက်ကြပြန်၏။ အိမ်အတွင်း၌ ခေါင်းရင်းဘက်တွင် တစ်ယောက်အိပ်ကုတင်တစ်လုံး ပေါ်ဝယ် လူတစ်ယောက် အိပ်နေလျက် သူ့အနီးဝယ် တန်းလျားခုံတစ်ခုပေါ်မှ လူတစ်ဦး အိပ်နေသည်ကို ဓာတ်မီးရောင်ဖြင့် တွေ့လိုက်ကြပြန်သည်။ ခေါင်းဆောင်လုပ်သူက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်နှင့် သူ့လူနှစ်ယောက်က တစ်နေရာစီ ချဉ်းကပ်နေရာယူလိုက်ကြ၏။

အိပ်ပျော် နေကြသူများမှာ သူတို့၏ လှုပ်ရှားသံကြောင့် လန့်နိုးသွားကြသည်၊ သို့ပေမယ့် ထိုလူနှစ်ဦး တုပ်တုပ်မျှ မလှုပ်ရဲကြ၊ အဘယ်ကြောင့်ဆိုလျှင် ဓားဖျားများက သူတို့ရင်ဝသို့ ထောက်ထားလေသောကြောင့် ဖြစ်ပေသည်။ ဆိုရလျှင် သူတို့ထံမှ အသံထွက်မလာခဲ့ကြပါလေတော့။

"အသံမထွက်ကြနဲ့နော် … ငြိမ်ငြိမ်လေးနေတာက အန္တရာယ်ဘာမှ မဖြစ်ဘူး၊ စကားများရင် ဓားဖျားမှာ အသက်ပါသွားမယ်…"

ထိုနှစ်ဦးအား ထိန်းထားလိုက်စဉ် ကျန်လူနှစ်ယောက်က အခန်းတစ်ခုအတွင်းသို့ ဝင်သွားကြသည်၊ အခန်းတွင်းမှာကား မိန်းမသားနှစ်ယောက်က အိပ်နေရာမှ နိုးလာကြတော့သည်။ လူဆိုးတစ်ယောက်က ခုတင်ဘေးရှိ ဘက်ထရီမီးချောင်းအား ထွန်းလိုက်လေသည်။ ထိုအခါမှ သဲကွဲစွာ မြင်ရတော့၏။ အမျိုးသမီးတွေ မြင်လိုက်ကြသည်က မျက်နှာတွင် အိုးမည်းသုတ်ထားပြီး အဝတ်တွေဖြင့် စည်းထားသော လူတစ်စုဘို့သာ ဖြစ်ပေလေ၏၊ အခြေအနေနှင့် အချိန်

အခါအရ သူတို့အိမ်အား ဓားပြဝင်တိုက်နေခြင်းဆိုသည်ကို သိလိုက်ကြရတော့သည်၊ အားလုံးကို ထိန်းချုပ်ထားလိုက်ပြီဆိုသည်ကိုလည်း သဘောပေါက်နားလည်သွားကြပေပြီ၊ သို့အတွက် ငြိမ်သက်နေလိုက်ကြရတော့သည်ပဲလေ။

"ဒီမှာအဖိုးကြီး ကျုပ်တို့က ညကြီးမင်းကြီးအချိန်မှာ အလည်လာနေတာမဟုတ်ဘူး … ဓားပြတိုက်နေတာဆိုတာ သဘောပေါက်ထားပါ …"

"ဟုတ် .. ဟုတ် .. ဟုတ်ကဲ့သိပါတယ် … ကြောက်လည်းကြောက်ပါတယ် … လူကိုတော့ ချမ်းသာပေးကြပါဗျာ"

"ဒီအိမ်က လူတွေကို ကျုပ်တို့က ထိန်းချုပ်ထားတယ်ဆိုတာ သိတယ် မဟုတ်လား … ပြန်ခုခံမယ်ကြံရင်တော့ … သေပြီသာမှတ်"

ခေါင်းဆောင်ဟု ထင်ရသူက ဩဇာပါဝါလေသံ မာမာဖြင့်ပြောလိုက်သဖြင့် အိမ်သားအားလုံးမှာ မလှုပ်မယှက် ငြိမ်သက်နေကြရတော့သည်။ ဓဦး

www.burmeseclassic.com



စာပိုဒ်(၅)

ရာသီအရ ဟောမန်ဆောင်းကာလ၏ မဟူရောင်လွှမ်းသည့် လကွယ်နေ့ည၊ နေရာက အိပ်မောကျနေသည့် သာယာကုန်းကျေးရွာအစ၊ နာရီအချိန်က သက်ကြီးခေါင်းချ တိတ်ဆိတ်ငြိမ်သက်နေသည့် အခါသမယ၊ ချမ်းအေးခြင်းတို့ စိုးမိုးနေသဖြင့် တစ်ရွာလုံးလိုလို အိပ်မောကျနေချေပြီ။ အမှောင်ကြီးစိုးသည့် ညဥ့်ကာလမို့ လူသွားလူလာ ကင်းမဲ့နေသည်။ သို့ပေမယ့် မငြိမ်မသက်နှင့် လက်တို့ လှုပ်ရှားနေသည့် လူတစ်စုက ဆောင်းကာလ၏ မည်းမှောင်နေသည့် ညဥ့်ကာလဝယ် ရွာခြေဆီသို့ တစ်ဖြည်းဖြည်း ချဉ်းကပ်လာနေကြသည်။ အမှောင်ထုက ထိုလူစုကို အာပေးအားမြှောက်ပြုနေသယောင်ယောင်။

သူတို့ကို မြင်တွေ့ဖို့က လကွယ်ညမို့ မလွယ်ရေးချ မလွယ်၊ ညဥ့်အမှောင်အောက်ဝယ် ကိုယ်ယောင်ဖျောက်သည့် ညိုညစ်ညစ် အဝတ်အစားများဖြင့် ဖုံးလွှမ်းကာကွယ် ထားကြသောကြောင့်ပင်ဖြစ်သည်။ ရှေ့ဆုံးလူမှ ဦးဆောင်၍ ရွာခြံစည်းရိုးနားသို့ ချဉ်းကပ်လာကြသည်မှ တစ်နေရာအရောက်တွင် လုပ်ငန်းကျွမ်းကျင်သူ တစ်ဦးက လှေ့လာရှာဖွေထားဟန်ဖြင့် ရွာစည်းရိုးအနီးရှိ မန်ကျီးပင်ကြီးအောက်သို့ ပြေးဝင်လာကြသည်။ ပထမတစ်ယောက်ကစလျက် မန်ကျီးပင်ပေါ်သို့ တက်လိုက်လေသည်။ နောက်တော့ တစ်ယောက်ပြီးတစ်ယောက်ဖြင့် လူလေးယောက် မန်ကျီးပင်ပေါ်သို့ ရောက်သွားကြတော့သည်။ ရွာအတွင်း၌ကား ငြိမ်သက်တိတ်ဆိတ်နေချေသည်လေ ခဏအကြာမှာပင် မန်ကျီးပင်ထက်မှ အသီးများ ပြုတ်ကျဘိသလား ဘုတ်ခနဲ … ဘုတ်ခနဲဖြင့် ရွာ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ခုန်ဆင်းသွားကြလေတော့သည်။

ရွာအတွင်းရောက်သည်နှင့် သူတို့ဦးတည်ရာ နေအိမ်တစ်အိမ်ဆီသို့ ခြေသံဖော့နင်းရင်း၊ ခပ်သုတ်သုတ်ပင် လျှောက်သွားကြသည်။ အိမ်ကြီးတစ်အိမ်သို့ ရောက်ကြသည်နှင့် နောက်ဖေးဘက်သို့ လှည့်ဝင်လိုက်ကြပြန်၏။ ဘာမှ မကြာလိုက် အိမ်နောက်ဖေး တံခါးပေါက်ပွင့်သွားတော့သည်။ ထိုတံခါးမှပင် လူတစ်စု အိမ်အတွင်း ဝင်ရောက် လိုက်ကြပြန်၏။ အိမ်အတွင်း၌ ခေါင်းရင်းဘက်တွင် တစ်ယောက်အိပ်ကုတင်တစ်လုံး ပေါ်ဝယ် လူတစ်ယောက် အိပ်နေလျက် သူ့အနီးဝယ် တန်းလျားခုံတစ်ခုပေါ်မှ လူတစ်ဦး အိပ်နေသည်ကို ဓာတ်မီးရောင်ဖြင့် တွေ့လိုက်ကြပြန်သည်။ ခေါင်းဆောင်လုပ်သူက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်နှင့် သူ့လူနှစ်ယောက်က တစ်နေရာစီ ချဉ်းကပ်နေရာယူလိုက်ကြ၏။

အိပ်ပျော် နေကြသူများမှာ သူတို့၏ လှုပ်ရှားသံကြောင့် လန့်နိုးသွားကြသည်၊ သို့ပေမယ့် ထိုလူနှစ်ဦး တုပ်တုပ်မျှ မလှုပ်ရဲကြ၊ အဘယ်ကြောင့်ဆိုလျှင် ဓားဖျားများက သူတို့ရင်ဝသို့ ထောက်ထားလေသောကြောင့် ဖြစ်ပေသည်။ ဆိုရလျှင် သူတို့ ထံမှ အသံထွက်မလာခဲ့ကြပါလေတော့။

"အသံမထွက်ကြနဲ့နော် … ငြိမ်ငြိမ်လေးနေတာက အန္တရာယ်ဘာမှ မဖြစ်ဘူး၊ စကားများရင် ဓားဖျားမှာ အသက်ပါသွားမယ်…"

ထိုနှစ်ဦးအား ထိန်းထားလိုက်စဉ် ကျန်လူနှစ်ယောက်က အခန်းတစ်ခုအတွင်းသို့ ဝင်သွားကြသည်၊ အခန်းတွင်းမှာကား မိန်းမသားနှစ်ယောက်က အိပ်နေရာမှ နိုးလာကြတော့သည်။ လူဆိုးတစ်ယောက်က ခုတင်ဘေးရှိ ဘက်ထရီမီးချောင်းအား ထွန်းလိုက်လေသည်။ ထိုအခါမှ သဲကွဲစွာ မြင်ရတော့၏။အမျိုးသမီးတွေ မြင်လိုက်ကြသည်က မျက်နှာတွင် အိုးမည်းသုတ်ထားပြီး အဝတ်တွေဖြင့် စည်းထားသော လူတစ်စုတို့သာ ဖြစ်ပါလေ၏၊ အခြေအနေနှင့် အချိန်အခါအရ သူတို့အိမ်အား ဓားပြဝင်တိုက်နေခြင်းဆိုသည်ကို သိလိုက်ကြရတော့သည်၊ အားလုံးကို ထိန်းချုပ်ထားလိုက်ပြီဆိုသည်ကိုလည်း သဘောပေါက်နားလည်သွားကြပေပြီ၊ သို့အတွက် ငြိမ်သက်နေလိုက်ကြရတော့သည်ပဲလေ။

"ဒီမှာအဖိုးကြီး ကျုပ်တို့က ညကြီးမင်းကြီးအချိန်မှာ အလည်လာနေတာမဟုတ်ဘူး … ဓားပြတိုက်နေတာဆိုတာ သဘောပေါက်ထားပါ …"

"ဟုတ် .. ဟုတ် .. ဟုတ်ကဲ့သိပါတယ် … ကြောက်လည်းကြောက်ပါတယ် … လူကိုတော့ ချမ်းသာပေးကြပါဗျာ"

"ဒီအိမ်က လူတွေကို ကျုပ်တို့က ထိန်းချုပ်ထားတယ်ဆိုတာ သိတယ် မဟုတ်လား … ပြန်ခုခံမယ်ကြံရင်တော့ … သေပြီသာမှတ်"

ခေါင်းဆောင်ဟု ထင်ရသူက ဩဇာပါဝါလေသံ မာမာဖြင့်ပြောလိုက်သဖြင့် အိမ်သားအားလုံးမှာ မလှုပ်မယှက် ငြိမ်သက်နေကြရတော့သည်။ ဓဦး

www.burmeseclassic.com



စားကြည့်လေ စားပြဲတွေက လေးယောက်၊ နောက်ပြီးသူတို့က လက်နက်ကိုယ်စီနှင့် ဖြစ်သည်၊ တစ်ယောက်၏ လက်ထဲမှာ သေနတ်တစ်လက်နှင့် ချိန်ထားသည်က အထင်းသား။

"ကဲ ... အချိန်သိပ်မရှိ ဘူး ... ရှိတဲ့ပစ္စည်းအကုန် ထုတ်"

"ကျုပ်တို့မှာ ... ခင်ဗျား တို့ ထင်သလို ဘာပစ္စည်းမှ မရှိပါဘူးဗျာ ... မယုံရင်ရှာကြည့်ကြပါ ..."

အဖိုးကြီးအသံက တုန်တုန်ရီရီဖြင့် ထွက်ပေါ်လာသည်။ အခန်းအတွင်းမှ အမျိုးသမီးကြီးကလည်း ဝင်ပြောလိုက်ပြန်သည်။

"ချမ်းသာပေးကြပါရှင် ... အဖေပြောတာအမှန်ပါ ... ကျွန်မတို့က ရှင်တို့ထင်သလို မဟုတ်ကြပါဘူးရှင် ..."

"ဟေ့ ... ဘာမှပြောမနေနဲ့ ... တို့မှာ အချိန်သိပ်မရှိဘူး ... ခင်ဗျားတို့မှာ သိမ်းဆည်းထားတဲ့ ရတနာပစ္စည်းတွေ ဘယ်လောက်ရှိသလဲဆိုတာ ... သတင်းရပြီးသား ... မြန်မြန် ထုတ်ပေးရင် သက်သာမယ်နော် ... ဒါပဲ"

"အဟုတ်ပြောတာပါရှင် ... ကျွန်မတို့မှာ ခုလောလော ဆယ် ... နွားတွေကို သူခိုးတွေဆီက ပြန်ရွေး ..."

အမျိုးသမီးအသံမှာ ဆုံးခန်းတိုင်မရောက်တော့ ဖြန်းခနဲ ရိုက်ချက်နှင့်အတူ သူမခေါင်းမှာ တစ်ဖက်သို့ လည်ဆင်းသွားတော့၏။

"ကျုပ်သမီးတော့ မရိုက်ကြပါနဲ့ဗျာ ... တောင်းပန်ပါတယ် ... ဟောဟို ဘုရားစင်အောက်က သေတ္တာထဲမှာ ... ခင်ဗျားတို့လိုချင်တဲ့ ပစ္စည်းတွေရှိပါတယ် ... ယူသွားကြပါ ... သမီးလေးတော့ ချမ်းသာပေးကြပါဗျာ ... ရော့ရော့ သေတ္တာသော့ ..."

အဖိုးကြီးက သူ့ခေါင်းအုံးအောက်မှ သော့တစ်တွဲထုတ်ပေးသဖြင့်၊ တစ်ဦးက လှမ်းယူခါ ဘုရားစင်အောက်ရှိ သံသေတ္တာအားဖွင့်လျက် အတွင်းမှပစ္စည်းများကို ရှာဖွေယူလိုက်၏။ သူ့လက်ထဲဝယ် ရတနာထည့်ထားသော သံဘူး လေးတစ်လုံးပါလာသည်။ သံဘူးလေးအတွင်းမှ

စားပြဲတွေက လေးယောက်၊ နောက်ပြီးသူတို့က လက်နက်ကိုယ်စီနှင့် ဖြစ်သည်၊ တစ်ယောက်၏ လက်ထဲမှာ သေနတ်တစ်လက်

www.burmeseclassic.com

www.burmeseclassic.com



# ဒီလိုလူစား ရှားမှရှား

ပန္နည်းများကို ထုတ်ကြည့်လိုက်၏။ ထိုလူမျက်နှာမှာ ရုတ်ချည်းဆိုသလို ပြုံးယောင်သန်းသွားတော့သည်။

"ဟော့ ... ဟုတ်တယ်ကွ ... ဒီမှာ ရတနာတွေရ ပြီ ... တို့တော့ပွပြီပေါ့ ... ဟား ... ဟား ... ဟား"

ထိုလူ၏ အားပါးတရပြော လိုက်သည့် အသံကြောင့် ကျန်လူများ၏ မျက်စိများက သူ့ထံ စုရပ်အဖြစ် ရောက်သွားကြတော့သည်။ ထိုခဏမှာပင်ဖြစ်သည်။ တကယ့်ကို တိုတောင်းလှသည့် စက္ကန့်ပိုင်း အချိန်လေးမှာပင် ဖြစ်ပါလေ၏။ အသက် ၁၆ နှစ်အရွယ် သမီးငယ်က သူတို့ အိမ်ယာခေါင်းရင်း၌ ချိတ်ထားသော ဓားရှည်အား နုတ်ယူလိုက်ပါလေ၏။ မြန်လိုက်ဘိဖြစ်ခြင်း၊ ကောင်မလေး၏ ငှက်ကြီးတောင် ဓားက ရတနာ သေတ္တာလေးကို ကိုင်ထားသော လူဆိုး၏ လက်အားလျှပ်တစ်ပျက် ခုတ်ချလိုက်လေတော့သည်။

"အား ... အမယ်လေး သေပါပြီ"

နာကြင်မှု ဝေဒနာက သူ၏ အော်သံကို ထွက်ပေါ်လာခဲ့စေပါသည်။ အော်သံနှင့် အတူ သံသေတ္တာလေးမှာ လွတ်ကျသွားတော့၏၊ ထွက်ကျလာသော ရတနာများက ကြမ်းပြင်ပေါ်ဝယ် ပြန့်ကျဲသွားတော့သည်၊ သေတ္တာလေးနှင့် အတူ နောက်တစ်ခု ပြုတ်ကျလာသည်က၊ ထိုလူဆိုး၏ ညာဘက်လက်မောင်း တစ်ဖက်ပင် ဖြစ်ပါလေ၏။ နာကျင်မှုဝေဒနာအား ခံစားလိုက်ရသောကြောင့် မချိမဆံ့အော်ငြီးသံကြီးက ထွက်ပေါ်လာတော့သည်။ အမျိုးသမီးတွေပဲ ဟုအထင်သေးအမြင်သေးတွေးဆချက်က အမှားကြီးမှားသွားပါပကောလား။ ထိုအဖြစ်ကို မြင်လိုက်ရသဖြင့် သေနတ်ကိုင်လူဆိုးက ပြောင်းဝကို ဓားကိုင်ထားသည့် အမျိုးသမီးငယ် ရင်ဝဆီသို့ထိုးချိန်လိုက်လေတော့၏၊ ထိုစဉ် လက်ပြတ်သွားသော လူဆိုးက အော်ဟစ်တားမြစ်လိုက်သေးသည်။

"ဟော့ကောင်ညွန့်မောင် ... မလုပ်နဲ့ ... မလုပ်နဲ့ ..."

သွေးစက်လက်ဖြင့် လက်မောင်းမှ ဒဏ်ရာကို ဆုပ်ကိုင်ထားရာမှ သေနတ်ကို ပုတ်ထုတ်လိုက်သည်၊ သေနတ်ပြောင်းဝက ပစ်မှတ်ဆီမရောက်ဘဲ လွဲသွားချိန်မှာပင် မောင်းပြုတ်သွားလေတော့သည်။

'ဒိုင်း' ခနဲ သေနတ်သံက ရွာထဲတွင် အိပ်မောကျနေသူများအား ပုတ်နှိုးလိုက်သို့

www.burmeseclassic.com



ဖြစ်သွားရလေတော့သည်။

စာပိုဒ် (၆)

မှခင်းဇာတ်လမ်းဟုဆို သော်ငြား စာဖတ်သူတို့ကို သံဝေဂတရားရရှိနိုင်သည့် အဖြစ်အပျက်များကိုသာ ရွေးချယ်ရေးသားတင်ပြတတ်သော စာရေးသူအားမြင်းခြံအကျဉ်းစခန်းမှ မိတ်ဆွေထောင်မှူး ဦးဆန်းထွန်းကထောင်ကျ ဓားပြတရားခံတစ်ယောက်နှင့် တွေ့ဆုံပေးခဲ့ပါသည်၊ တရားခံ၏ ညာလက်တစ်ဖက်မှာ လက်ဖျံနေရာမှပြတ်တောက်နေသည်ကိုလည်းတွေ့လိုက်ရပါသည်။ တရားခံက သူ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ဇာတ်လမ်းကို ပြန်လည်ပြောပြခဲ့ခြင်းပင် ဖြစ်ပါသည်။ စာရေးသူအနေဖြင့် ထိုတရားခံ ပြောပြခဲ့သည့် ဇာတ်လမ်းကို ဘဝင်မကျသလို ခံစားလိုက်ရပါလေသည်။

"မင်း ဓားပြတိုက်တဲ့ အဖြစ်က တစ်ပိုင်း ... စောစောကပြောပြခဲ့တဲ့ အောင်ကျော်ငွေနဲ့ မကျဉ်းတန်တို့ရဲ့ ဇာတ်ကြောင်းက တစ်ပိုင်းဆိုတော့ ဘယ်လိုဆက်စပ်ပြီး ဘယ်လိုထူးခြားမှုမှ မရှိပါကလား ရှင်းစမ်းပါဦး"

စာရေးသူက မကျေမနပ်ဖြင့် ဇာတ်လမ်းပြန်ပြောပြသူ ဓားပြတရားခံကို အားမနာတမ်း မေးကြည့်လိုက်မိပါသည်၊ တစ်ချိန်လုံးအရယ်အပြုံးကင်းမဲ့စွာ ဖြစ်နေသော သူ့မျက်နှာမှာ မရဲတရဲ ဖြင့်အပြုံးတစ်ချက်ဝင့်ကာ ... ဆွေးမြေ့နာကြည်းခြင်း၊ နောင်တတရားနှင့် သံဝေဂရခြင်းဟူသော အကြောင်းတရားများ၊ ရောယှက်ခံစားရသော မျက်နှာမျိုးဖြင့် ဆက်ပြောပြပြန်ပါသည်။

"ထူးခြားရဲ့ ဘယ်ကမလဲ ဆရာ ... ကျွန်တော့်အဖြစ်ကို ယုံချင်မှ ယုံကြမှာဆရာရဲ့ ... ပုံပြင်လို့တောင် ထင်ချင် ထင်နေကြမှာကတော့ အသေအချာပေါ့ ... ဒီလိုလေ ... ဇာတ်လမ်းထဲကအတိုင်း ကျွန်တော် ဓားပြတိုက်ခဲ့တဲ့ အိမ်က ကျွန်တော့်မိသားစုနေထိုင်တဲ့ ... ကျွန်တော့်ယောက္ခမကြီး ဦးဘဌေးရဲ့ အိမ်လေဆရာရဲ့ ... ကျွန်တော့်လက်ကိုဓားနဲ့ခုတ်ချလိုက်တာက ... ကျွန်တော့် သမီးငယ် ကျော့ကျော့မွန်ပါဆရာ ... မိကျော့ပေါ့ .. သူက ... ကျွန်တော့်ကို သံဝေဂနဲ့ နောင်တရအောင် ... တရားပြပေးလိုက်တာပါပဲ ဆရာရယ်..."

သည်တော့မှ စာရေးသူက ဖြတ်ခနဲ မော့ကြည့်လိုက်သည်၊ နှုတ်မှလည်း ထူးခြားအံ့ဩမှုခံစားခြင်းဖြင့် စိတ်မကောင်းစွာဖြင့် ..."

"ဒါဆို မင်းက .. ဟို.. ဟို .."

"ဟုတ်ပါတယ်ဆရာ .. ကျွန်တော့်နာမည် အောင်ကျော်ငွေပဲပေါ့ဆရာ ... မိဘထားခဲ့တဲ့အမွေအနှစ်တွေကို အလဟဿ လောင်းကစားမှုတွေနဲ့ ဖြုန်းတီးပြီး ဇနီးနဲ့ သားသမီးတွေ့အပေါ်မှာ လင်ယောကျ်ားနဲ့ ဖခင်တို့ရဲ့ ဝတ္တရားတွေ ပျက်ကွက်ခဲ့တဲ့ လူ့အနွံတစ်ယောက်လို့ပဲ ဆိုပါတော့ဆရာ"

"ကျွန်တဲ့ မင်းရဲ့လူတွေကို တော့ ဖမ်းမမိလိုက်ဘူးလား"

"ဘာနေမလဲဆရာရယ် .. ရာဇဝတ်ဘေးဆိုတာက ပြေးပေမဲ့ လွတ်ရိုးထုံးစံမှ မရှိတာ ... သိန်းလင်းနဲ့ ညွန့်အောင်တို့က ရဲ

www.burmeseclassic.com

www.burmeseclassic.com



ဘက်စခန်းကို ပါသွားကြပြီး ဖိုးထူးကတော့ ကျန်းမာရေး မကောင်းလို့ ညောင်ဦးဆေးရုံကို အပို့ခံလိုက်ရတယ်လေ … ကျွန်တော်ထောင်ကျနေတဲ့ တစ်ချိန်လုံး မကျည်းတန်နဲ့ သားသမီးတွေက ထောင်ဝင်စာတောင် လာမတွေ့ကြဘူးဆရာ ‥ ကျွန်တော့်အပေါ်ကို စိတ်နာသွားကြတယ်ထင်ပါရဲ့ ‥ ကျွန်တော်ထောင်ထဲမှာ ရောက်နေတုန်း ယောက္ခမကြီးလည်း ဆုံးပါးသွားလေတော့ … မကျည်းတန်နဲ့ သားသမီးတွေ ‥ ဆင်းဆင်းရဲရဲလုပ်ကိုင်စားသောက်နေရတယ်ထင်ပါရဲ့ … ဒါတွေအားလုံးဟာ ကျွန်တော့်အမှားနဲ့ မိုက်ပစ်တွေချည်းပါ … ကျွန်တော့်လိုလောင်းကစားမက်လို့ ဘဝပျက်ခဲ့ရတဲ့ အဖြစ်ကို ဆရာရေးမယ်ဆိုရင် စာဖတ်သူတွေကို သင်ခန်းစာ ရနိုင်လိမ့်မယ်ထင်ပါတယ်ဆရာ"

ပြောရင်းအောင်ကျော်ငွေ၏ အသံက တိမ်ဝင်သွားတော့သည်။ စာရေးသူအားကြည့်ရင်း ပြောနေသော သူ့မျက်နှာ ‥ ညှိုးရော် သေးငယ်သွားတော့ကာ အောက်သို့ ထိုးစိုက်ကျသွားတော့သည်။ စာရေးသူ အနေဖြင့် သူပြောပြသည့် ဖြစ်ရပ်မှန်အား ဇာတ်ရည်လည် ခံစားမိသွားသဖြင့် စိတ်မချမ်းမသာ ဖြစ်လိုက်ခြင်းရယ်လေ …။

ဘဝသံဝေဂနှင့် နောင်တကြီးစွာရသွားသော အောင်ကျော်ငွေကိုကြည့်ရင်း "ဒီလိုလူစား ရှာမှရှား" ဟုသာ ကောက်ချက်ချလိုက်မိပါတော့သည်။

**သိထားသန်းအောင်**

## အလွဲသုံးစားပြုခြင်းဟူသည်

မောင်ဖြူသည် ငွေပါသောအိတ်တစ်အိတ် မောင်မည်းကျကျန်ရစ်သည်ကို မြင်၏။ ထိုငွေအိတ်ကို မောင်မည်းသို့ပြန်ပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကောက်ယူ၏။ သို့ရာတွင် နောင်အခါ၌ မောင်မည်းသို့ ပြန်မပေးဘဲ မောင်ဖြူသည် ထိုငွေကို မိမိ အသုံးပြုမှုအတွက် သုံးထား၏။ ကောက်ရသောငွေပင်ဖြစ်လင့်ကစား မောင်ဖြူသည် ထိုငွေကို မိမိအသုံးပြုမှုအတွက် သုံးခဲ့သဖြင့် အလွဲသုံးစားမှု ကျူးလွန်ရာရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ကျော်ဖြိုးလွင်

# လုပ်ရတာပျော်မခင်ဇေ

တကယ်တော့ ကိုတင်အောင်နှင့် မခင်ဇေတို့ ဇနီးမောင်နှံမှာ နတ်ဖက်သည့် ဖူးစာမျိုး မဟုတ်။ ဂျင်ပုံ ဂျင်ပုံချင်း ပေါင်းစပ်ထားသော အိမ်ထောင်ရေးဟု ဆိုနိုင်သည်။ ကိုတင်အောင်က သားတစ်ယောက်အဖေ မုဆိုးဖို။ သူ့တွင် ဆွေမျိုးရင်းချာဆို၍ သားတစ်ယောက်သာ ရှိသည်။ သူ့အမျိုး တစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲဆိုသူများကလည်း ကိုတင်အောင်တို့ထက် ပိုမိုချမ်းသာကြသဖြင့် ကိုတင်အောင်ကို အိမ်ကပ်မခံချင်ကြ။ တစ်ချို့ဆိုလျှင် ဝတ်ကျေတန်းကျေပင် မဆက်ဆံချင်ကြ။

ကိုတင်အောင်ကလည်း မာနက ခပ်ကြီးကြီးမို့ ငယ်ငယ်ရွယ်ရွယ်နှင့် မိတဆိုးလေး တာတူးကို အနီးဖြင့် ထွေးပွေ့ကာ အလုပ်ဆင်းရရှာသည်။ သူက လက်သမားဆရာ။ ထိုလောကအခေါ်မှာတော့ 'လူနု'။ လူကြမ်းနှင့်လူနု နှစ်မျိုးရှိရာတွင် လူကြမ်းက တူးဟယ်၊ ဆွဲဟယ်၊ ထမ်းဟယ်၊ မ,ဟယ်နှင့် အလုပ်ကြမ်းကို လုပ်ရသည်။ ပညာခန်းမလို။ သူ့အလုပ်က ဆရာဖြစ်သူက ထမ်းဆိုထမ်းရုံ၊ ထုဆိုထုရုံမျှ။ လက်ခကလည်း ဆရာလုပ်သူလက်သမားနှင့် ကြိုတင်ပြောဆိုထားသည့်နေ့တွက်ခကိုသာ ရသည်။ လက်လုပ်လုပ်စား။

'လူနု'က ထိုသို့မဟုတ်။ အဆောက်အဦ(ဝါ) လုပ်ငန်းတစ်ခုခုကို အစမှနေ အဆုံးအထိ တာဝန်ယူဆောက်လုပ်ရန် အလုပ်အပ်မည့်အိမ်ရှင် (ဝါ) အလုပ်ရှင်ထံမှ တိုက်ရိုက်ငွေလက်ခံပြီး လူကြမ်းအလုပ်သမားများကို ကိုယ်တိုင် ငှားရမ်းကာ လုပ်ကိုင်ပေးသူ (တစ်နည်းအားဖြင့်) ကန်ထရိုက် လုပ်ကိုင်သူ ဖြစ်သည်။ အကယ်၍ ကန်ထရိုက်မလုပ်ရသည့်အခါများတွင် တစ်ခြားသူတို့ ကန်ထရိုက်ရထားသော လုပ်ငန်းများတွင် အလုပ်အစမှ အဆုံးတိုင် ပုတ်ပြတ်ကြေးတောင်းခံကာ ဝင်လုပ်လျှင်လည်း လုပ်တတ်၏။ နေ့စားအဖြစ်ကား ဝင်မလုပ်။ ပညာရှင်များ ဖြစ်ကြ၏။

ကိုတင်အောင်သည် ဇနီးဖြစ်သူ ဆုံးပါးချိန်မှစ၍ ခြောက်လအရွယ်ကလေး သေးသေးကွေးကွေးကလေးကို မချီတက်ချီဖြင့် ချီလာပြီး အလုပ်ဆင်းတက်သည်။ နယ်မြို့ကလေးဖြစ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်လို မြို့ကြီးပြကြီးများကဲ့သို့ ကြီးကျယ်သော ဆောက်လုပ်ရေးလုပ်ငန်းများ မရှိ။ မြို့နှင့်လျော်ညီစွာ ပျဉ်ထောင်သွပ်မိုးအိမ်မျှကိုသာ အများအားဖြင့်ဆောက်လုပ်တတ်ကြသည်။ လူနည်းစုဖြစ်သော မြို့မျက်နှာဖုံးကြေးရတတ်တစ်ချို့သာလျှင်တိုက်အိမ်ဆောက်ကြသည်။ ထို့ကြောင့် ပျဉ်ထောင်အိမ်ကိုကောင်းစွာ ဆောက်တတ်သောလူနုလက်သမားဆရာ ကိုတင်အောင်အတွက်တော့ ဤမြို့ဤရွာမှာ အလုပ်က မရှား။

◆◆◆◆◆

> **မီးဖွားပြီး သုံးညမြောက်တွင် အိမ်ထဲသို့ ဝင်လာသော ဆံပင်ဖားလျား ချထားသည့် နာနာဘာဝရုပ်ကို အမှန်လား၊ အိပ်မက်လားမှန်း ခွဲခြားမသိတော့ဘဲ**

မခင်ဝေမှာကား ယခင် အိမ်ထောင်လက်ထက်ကပင် ပန်းရံလုပ်ငန်းတွင် မဆလာဇန်း၊ အုတ်နီခဲတို့ကို ခေါင်းရွက်သယ်ပို့ပေးရသည့်အလုပ်ကြမ်းသမအလုပ်ကို လုပ်ကိုင်ဖူးသူ ဖြစ်သည်။ ထိုအလုပ်မရှိလျှင်ကား ကိုယ့်အိမ်မှာပင် သီးစုံဟင်းချက်၍ရောင်း၏။ ကိုယ့်အိမ်ဟုဆိုရာ၌ မခင်ဝေတွင် ယခင်အိမ်ထောင်တုန်းက ကိုယ်ပိုင်အိမ်မရှိ။ အိမ်ငှားနေရသည်။ ငှားသည်ကမှ တော်ရုံတန်ရုံမျှ ဈေးဖြင့် ရသည့်အိမ်ခပ်စုတ်စုတ်ကို ဘဝတူပန်းရံလင်မယားနှင့် စပ်တူငှားပြီး တစ်ယောက်တစ်ခြမ်းခွဲ နေကြခြင်းဖြစ်သည်။ ထိုအိမ်မှာပင် ငှားနေရင်း သမီးကလေး ပုံပုံကို မွေးဖွားသည်။

မလုံမခြုံ အိမ်တွင်ပင် မီးဖွားခဲ့ရပြီး မီးတွင်းကာလမှာပင် မီးနေစောင့်ပေးမည့်သူ မရှိရှာသဖြင့်သူမသည် မီးဖွားပြီး သုံးညမြောက်တွင် အိမ်ထဲသို့ ဝင်လာသော ဆံပင်ဖားလျားချထားသည့် နာနာဘာဝရုပ်ကို အမှန်လား၊ အိပ်မက်လားမှန်း ခွဲခြားမသိတော့ဘဲ မြင်တွေ့ခဲ့ရသည်။ ထိုစဉ်က သူမသည် ထိတ်လန့်စွာ ဟစ်အော်ပြီး သတိလစ်သွားသဖြင့် တစ်ဖက်ခြမ်းတွင် နေထိုင်သူ မအေးမိုက ညလုံးပေါက်လာရောက်စောင့်ရှောက်ပေးခဲ့ရဖူး၏။

ပုံပုံ တစ်နှစ်ခွဲခန့်အရွယ်တွင် ခင်ပွန်းဖြစ်သူ ဆုံးရှာသည်။ မခင်ဝေသည် ပန်းရံလုပ်ငန်းရှိလျှင် အလုပ်ကြမ်းလာလုပ်လိုက်၊ အလုပ်မရှိလျှင် သီးစုံဟင်းချက်ရောင်းလိုက်၊ အိမ်တစ်ခြမ်းငှားခ

www.burmeseclassic.com



ငွေကို မှန်မှန်မပေးနိုင်သဖြင့် အိမ်ရှင်လင်မယားထံ ပြေးကာ တောင်းပန်လိုက်ဖြင့် လုံးခြာလည်နေခဲ့သည်။

ပုံပုံ ငါးနှစ်အရွယ်သို့ ရောက်ချိန်တွင်ကား ခြောက်လသားကလေးကို ချီပြီး အလုပ်ဆင်းတတ်သော ကိုတင်အောင်နှင့် တိုက်အိမ်ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုတွင် ဆုံတွေ့ကြသည်။ နောက်ပိုင်းတွင်ကား နှစ်ဦးနှစ်ဖက်သော အသိုင်းအဝိုင်း အပေါင်းအဖော်များက ဝိုင်းဝန်းစီစဉ်ပေးမှုဖြင့် တစ်အိုးတစ်အိမ် ထူထောင်ခဲ့ကြခြင်း ဖြစ်သည်။

ကိုတင်အောင်အနေဖြင့် မခင်ဝေကို ချစ်လွန်းသည်ကားမဟုတ်။ သို့သော် သူ့သားအတွက် 'မိထွေး'မဟုတ်သော 'ကိုယ်စားမိခင်' ဖြစ်လာစေလိုသော စေတနာဖြင့် သူကိုယ်တိုင်က မခင်ဝေအပေါ် ချစ်ခင်၏။ ယုယ၏။ မကိုချစ်လျှင် ဥကို ချစ်ဆိုသကဲ့သို့ မခင်ဝေဖက်မှ ပါလာသော ပုံပုံကိုလည်း သမီးရင်းပမာ ချစ်၏။ ယခင် အိမ်ထောင်နှင့်အတူ နေခဲ့သော အိမ်သို့ ခေါ်ယူလာပြီး သားအမိနှစ်ဦးကို လိုလေသေးမရှိ ထားနိုင်အောင် ကြိုးပမ်း၏။ ပုံပုံအတွက် အဝတ်အစားသစ်များ ဝယ်ပေးပြီး သန့်ပြန့်စွာ နေစေသည်။ သူများသားသမီးနည်းတူ စားကောင်းသောက်ဖွယ်ဆိုတာတွေကိုလည်း ဝယ်ကျွေး၏။ ကျောင်းများ ပြန်ဖွင့်လျှင် ကျောင်းအပ်ပေးနိုင်ရေးအတွက် လွယ်အိတ်၊ သင်ပုန်းများ ဝယ်ထားနှင့်ပြီး ဖြစ်သည်။

အသက် ငါးနှစ်သာရှိသေးသော ပုံပုံသည်လည်း ကိုတင်အောင်၏ မေတ္တာစေတနာကို နားလည်၏။ နဂိုကပင် မိသားစုငတ်နေခဲ့ရသော အထီးကျန်မလေးဖြစ်၍ မိသားစုမေတ္တာကို ရလျှင် ရချင်း ပျော်မဆုံးမော်မဆုံး ဖြစ်နေသည်။ မခင်ဝေသည် စားဝတ်နေရေးအတွက် အလုပ်ကြမ်းကိုလုပ်ရင်း ဘဝပါ ကြမ်းခဲ့သည်မို့ ချစ်သမီးအပေါ်တွင် မေတ္တာတွေ၊ စေတနာတွေကို ထုတ်ဖော်ဖွင့်ဟနေဖို့ အချိန်မရခဲ့။ ထို့ကြောင့်ပင် ပုံပုံသည် မိခင်၏ မေတ္တာဆိုတာကို နားမလည်ခဲ့။

ယခုတော့ အဝတ်အစားသစ်တွေ ဝယ်ပေးမည့် ဖခင်နှင့် ချီပိုးယုယ ထိန်းကျောင်းပေးရမည့် ချစ်စရာကောင်းသော မောင်လေးတစ်ယောက် ရရှိခဲ့ပြီမို့ မောင်လေးကိုချီကာ အိမ်နီးချင်းများထံ သွားတတ်သည်။ ယခု သူမနေထိုင်ရာ အရပ်မှာသည်း ယခင်ကလို ဆင်းရဲသားရပ်ကွက်မှ အိမ်စုတ်ကလေး မဟုတ်ဘဲ ခြံကျယ်ဝင်းကျယ်များဖြင့် နေထိုင်ကြသော သူတို့၏ ရပ်ကွက်ရှိ သန့်ပြန့်သော အိမ်ကလေးပေမို့ ကိုယ့်အိမ်ကို အဝေးမှကြည့်ရင်း ဂုဏ်ယူရသည်မှာ အမော။

ထို့ထက်ပိုပြီး ဝမ်းသာရသည်က ယခင်ကဆို ပုံပုံသည် ဆင်းရဲသား ရပ်ကွက်ထဲမှာ ကိုယ့်ထက်နည်းနည်းပိုသာသူတို့၏ ခိုင်းဖတ်ဖြစ်ခဲ့ရဖူးသည်။ ထမင်းကြမ်းကလေးတစ်တုံး ကျွေးပြီး ဟိုခိုင်းဒီခိုင်း ခိုင်းသူ ရှိသည်။ ငှက်ပျောသီးတစ်လုံးပေးပြီး တစ်နေကုန် နှိပ်ခိုင်းသူလည်း ရှိသည်။ အကျီဟောင်းတစ်ထည် နှစ်ထည်ထုတ်ပေးပြီး ကလေးနှင့် မတန်အောင် သန့်ရှင်းရေး လုပ်ငန်းတွေ လုပ်ခိုင်းသူလည်း ရှိသည်။ ပုံပုံသည် နေ့တစ္စကြိ

www.burmeseclassic.com



ခဲ့ရဖူးသော ထိုအဖြစ်များကိုမမေ့။

ယခုတော့ ကိုယ်ပိုင်အိမ်နှင့် ကိုယ်ပိုင်မုန့်နှင့် အဝတ်သစ်နှင့် နေနိုင်သော ပုံပုံဖြစ်လာခဲ့ပြီ။ ပုံပုံကို အိမ်နီးချင်းတို့ကလည်း ကောင်းစွာ လက်ခံဆီးကြိုကြ၏။

'ဟိုဖက်အိမ်က ကိုတင်အောင်ရဲ့ သားနဲ့သမီးကိုး' ဟု ပြောကြလျှင် ပုံပုံအလွန်ပျော်လေသည်။

◆◆◆◆◆

မခင်ဝေသည် ငယ်ရွယ်စဉ်ကပင် အလုပ်ကြမ်းလုပ်ခဲ့ရခြင်း၊ ကိုယ်လေးလက်ဝန်ရှိနေစဉ်မှာပင် အုတ်ခဲများ၊ မဆလာဗန်းများကို ရွက်သယ်ပေးသော အလုပ်၌ ဝင်လုပ်ခဲ့ရခြင်းအပြင် မီးတွင်းမှာပင် ကြီးစွာ ထိတ်လန့်ခဲ့ရခြင်းတို့ကြောင့် တစ်ခါတလေတွင် စိတ်နှင့် ကိုယ်နှင့် မကပ်ဘဲ ဖြစ်နေတတ်သည်။ သို့သော် ပြောပလောက်အောင်ကား မဟုတ်။ သာမန်လူတစ်ယောက်ဖြစ်လေ့ဖြစ်ထရှိသည့် ငေးငိုင်မှု၊ တွေဝေမှုမျိုးသာ ဖြစ်သည်။

ကိုတင်အောင်သည် ထိုအသေးအမွှားကိစ္စကို လုံးဝသတိမထားခဲ့မိ။ မခင်ဝေ၏ စိတ်အခြေအနေမှာ ဆိုးဝါးတော့ မဆိုးဝါး။ ထင်းချောင်းကို မီးပြောင်းကဲ့သို့ ပါးစပ်မှာတော့ကာ မီးမှုတ်မိခြင်း၊ ဝါးခြမ်းပြားကို ဓားလုပ်ပြီးကိုင်ကာ သားငါးဟင်းသီးဟင်းရွက်များကို လှီးတာမျိုးမျှသာ ဖြစ်သည်။

ကိုတင်အောင်ကတော့ နဂိုကပင် လူအေးမို့ မခင်ဝေကို အရိပ်တကြည့်ကြည့် မနေတတ်သလို အပြစ်အနာအဆာ ရှာကြံ၍လည်း မနေတတ်သဖြင့် မခင်ဝေ၏ ထူးခြားအပြုအမူကို သတိမထားမိ။

◆◆◆◆◆

နွေရာသီသည် အလွန် ပူအိုက်၏။ ကိုတင်အောင်၏ ခြံတွင် တူးထားသော လက်ယက်တွင်းသည် သောက်ရေမျှသာ ရရှိနိုင်တော့သဖြင့် မခင်ဝေမှာ ရွာထိပ်ရှိ ချိုးရေကန်မှ ရေသွားခပ်ရ၏။ အမှန်အားဖြင့်မူ ရေခပ်ခြင်း၊ ဈေးဝယ်ခြင်း၊ သီးစုံဟင်းချက်ရောင်းခြင်းတို့သည် မခင်ဝေကဲ့သို့ အလုပ်ကြမ်းမျိုးစုံကို ဇာပ်လာသော သူတစ်ယောက်အတွက် ပြောပလောက်အောင် ပင်ပန်းခြင်းမျိုး မဟုတ်ချေ။

သို့သော် ယခုတစ်လောတွင် မခင်ဝေသည် သူမ၏ သမီးကို မကျေမနပ် ဖြစ်နေရ၏။ မကျေနပ်ရခြင်းအကြောင်းကား ပုံပုံသည် သူမ၏ လင်ပါသားတာတူးကို မျက်စေ့အောက်မှ အပျောက်မခံနိုင်အောင် ချစ်နေခြင်းကြောင့် ဖြစ်သည်။

ရာသီဥတုက ပူ၊ လူက မောရသည့်အထဲ သမီးဖြစ်သူက သွေးမတော်သားမစပ်ကလေးကို ချီပိုးယုယအဖြစ်သည်းနေသည်ကို မြင်လိုက်ရသောအခါ ဒေါသသည် ပွက်ပွက်ဆူမျှ ပူလောင်ထလေတော့၏။

"ဟဲ့ ဟာမ၊ နင့်ဟာနင် သွား မဆော့ဘူးလား၊ ထားခဲ့ အဲဒီ သေနာကျကလေးကို"

ရုန့်ရင်းကြမ်းတမ်းသော စကားဖြင့် မာန်မဲသော်လည်း ပုံပုံမှာ မောင်လေးအပေါ် အချစ်မပျက်။ ချီထားရာမှ မချ။

"သမီးက မောင်လေးကိုပါ ခေါ်ပြီး ဟိုဘက်အိမ်မှာ သွားဆော့မယ်နော် မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"သေချင်းဆိုးမ၊ နင်က တစ်မှောင့်၊ ပေးစမ်း အဲဒီကလေး၊ သွား နင် ဟိုဘက်သွားဆော့"

မခင်ဝေသည် ပြောလည်း ပြော၊ လူလည်း အနားသို့ရောက်လာပြီး တာတူးကို ပုံပုံလက်ထဲမှ ဆွဲလုသည်။ ပုံပုံသည် ကြောက်လန့်ပြီး လွှတ်ပေးလိုက်မိ၏။ မခင်ဝေလက်ထဲသို့ ရောက်သည်နှင့် တာတူးမှာ ကြောက်လန့်တကြား အော်ငိုသည်။ မခင်ဝေကလည်း ငိုရကောင်းလားဟု အသားကုန် ရိုက်၏။ ရိုက်လေငိုလေ၊ ငိုလေ ရိုက်လေနှင့် အသံတိတ်သွားမှ မခင်ဝေ အရိုက်ရပ်သည်။ သူမသည် ငိုသံမထွက်နိုင်တော့သော တာတူးအားကိုတင်အောင် ထိုင်နေကျ ပက်လက်ကုလားထိုင်ပေါ်တွင် ခပ်ကြမ်းကြမ်း ပစ်ချခဲ့ပြီးမှ အိမ်ထဲသို့ ခြေသံပြင်းပြင်းနှင့် ဝင်သွား၏။

**ငိုရကောင်းလားဟု အသားကုန် ရိုက်၏။ ရိုက်လေ ငိုလေ၊ ငိုလေ ရိုက်လေနှင့် အသံတိတ်သွားမှ မခင်ဝေ အရိုက်ရပ်သည်။**

ပုံပုံက အမေ့လက်မှ လွတ်သည်နှင့် မောင်လေးကို ပြေး၍ ချီသည်။

"ဟင်"

တာတူးတစ်ကိုယ်လုံး အရိုးအစင်း အညိုအမည်းများ စွဲနေပြီး တုတ်တုတ်မျှ မလှုပ်တော့ချေ။

"မောင်လေး၊ မောင်လေး"

တိုးတိုးလေး ခေါ်ကြည့်သော်လည်း သတိမလည်တော့ဘဲ ခေါင်းငိုက်စိုက် ကျနေ၏။ ပုံပုံမှာ ငိုနေရင်းမှ မောင်လေးကို ဆက်ခေါ်နေမိသည်။

"ဟဲ့ သွားဆို မသွားသေးဘူးလား၊ ဟိုကောင့်ကို ထားခဲ့"

မခင်ဝေက ဟင်းသီးဟင်းရွက်များ ခုတ်ရင်း ပြင်ဆင်နေရာမှ ရိပ်ခနဲ လှမ်းမြင်၍ သမီးကို လှမ်းမာန်သည်။

"မောင်လေးကို ခေါ်လို့ မရတော့ဘူး မေမေရဲ့၊ အီးဟီး"

"ဘာ"

မခင်ဝေ ပုံပုံထံသို့ ခပ်သုတ်သုတ် လျှောက်လာသည်။ တာတူးကို ခပ်ကြမ်းကြမ်းလေး ဆွဲယူကြည့်လိုက်တော့ အသက်မရှိတော့မှန်း သိလိုက်ရ၏။

"ဟင် သေနာကျလေး သေနေပြီ၊ ဟဲ့ ကောင်မ၊ နင် သွားစမ်း၊ ဒီကောင်လေးကို ဟင်းချက်ရမယ်"

မခင်ဝေမှာ သွေးပျက်သွားပြီး အသိဉာဏ် ကင်းကွာသွားကာ တာတူးကို မီးဖိုချောင်သို့

www.burmeseclassic.com



> **“ဟင်း သေနာကျလေး သေနေပြီ၊ ဟဲ့ကောင်မ၊ နင် သွားစမ်း။ ဒီကောင်လေးကို ဟင်းချက်ရမယ်”**

ဆွဲငင်ယူသွားတော့သည်။

ပုံပုံကား မောင်လေး၏ အဖြစ်ကိုလည်း မကြည့်ရက်၊ အိမ်တွင်လည်း မနေရဲတော့ဘဲ ထွက်ပြေးသွားပြီး ကိုတင်အောင် အိမ်ပြန်နေကျလမ်းရှိ ညောင်ပင်အောက်တွင် ထိုင်ကာ ဟီးချ၍ ငိုနေမိတော့၏။

“မောင်လေးရယ်၊ မောင်လေးရဲ့၊ အီး…ဟီးဟီး”

ကိုတင်အောင်ကား ခါတိုင်းကဲ့သို့ အိမ်ပြန် မိုးမချုပ်ချေ။ ပုတ်ပြတ်လက်ခံထားသော အလုပ်တစ်ခုကို လက်စသတ်ပေးခဲ့ပြီး အလုပ်သစ်တစ်ခု လက်ခံရန် အတွက် ဦးကျော်၏ အိမ်ဖက်သို့ လှည့်ဝင်ရသည်။ အလုပ်ကိစ္စ ပြောဆိုအပြီး ဦးကျော်အိမ်မှပင် တန်းပြန်လာသဖြင့် ခါတိုင်း ပြန်နေကျလမ်းတွင် ပုံပုံ ထိုင်ငို နေသည်ကို မသိခဲ့။

အိမ်ပြန်ရောက်သည်နှင့် ဇနီးဖြစ်သူ ပင်မန်းစွာ ခပ်ထားရသော ရေကို မချိုးရက်၍ ရွာထိပ်ရှိ ချိုးရေကန်တွင် သွားချိုးလိုက်ပြီးမှ ဇနီးသည် ခူးခပ်ထားသော ထမင်းပွဲတွင် အသင့် ထိုင်လိုက်၏။

ပုံပုံ ငိုနေသည်မှာ ကြာပြီဖြစ်သဖြင့် လမ်းသွားလမ်းလာများ၊ အနီးအနားအိမ်များမှ လူများက မေးကြသော်လည်း ပုံပုံက မဖြေ။ ထိုစဉ်တွင် ဦးကျော်မှာလည်း ကိစ္စတစ်ခုဖြင့် ထိုနေရာမှ ဖြတ်ပြီး အသွားတွင် ပုံပုံငိုနေသည်ကို တွေ့သဖြင့်

“ဒီကလေးက ကိုတင်အောင် ကလေးမဟုတ်လား”ဟု မေးသည်။ ဟုတ်သည်ဟု အနားမှ လူများ ဝိုင်းပြောကြလျှင် ဦးကျော်က

“သမီးအဖေ ဦးတို့အိမ်က ပြန်သွားတာ ကြာပြီ။ ခုဆို အိမ်မှာ ရှိမယ်။ အိမ်ပြန်ကွယ်နော်”

ချော့မော့၍ပြောမှ “အဖေရှိရင် ပြန်မယ်၊ အမေ့ကို ကြောက်တယ်”ဟု ပြောငို ငိုနေပြန်သည်။ ဦးကျော်ကပင် ရှေ့ဆက်မသွားတော့ဘဲ ပုံပုံကို ချီပြီး ကိုတင်အောင်တို့ အိမ်သို့ လာခဲ့၏။

ကိုတင်အောင်ကား အလုပ်မှ အပြန် ဆာလည်းဆာနေသည်နှင့် ထမင်းစားရန် လက်ဆေးခွက်ထဲတွင် လက်ဆေးလိုက်စဉ် ဦးကျော်က သူ့အမည်ကို ခေါ်ပြီး အိမ်ထဲ ဝင်လာသဖြင့် လှည့်

www.burmeseclassic.com



ကြည့်ပြီး

"အော် ဦးကျော်ပါလား၊ လာဗျာ ထမင်း ဝင်စားဦး"

ဟု ထမင်းစား ဖိတ်လိုက်သည်။ ဦးကျော်က စကားမဆိုဘဲ ချီထားသော ပုံပုံကိုသာ ကြမ်းပြင်ပေါ်သို့ ချပေးလိုက်သည်။ ပုံပုံသည် ကိုတင်အောင်အား အားကိုးတကြီး ပြေးဖက်လိုက်ပြီးမှ "ဖေဖေ"ဟု ကျယ်လောင်စူးရှစွာ ခေါ်လိုက်သည်။

"ဟင် သမီး၊ ဘာဖြစ်လို့လဲ၊ သမီးရဲ့ မောင်လေးကော"

ကိုတင်အောင်မှာ သမီးကိုမြင်မှ သားကို သတိရသဖြင့် မေးမိသည်။ ပုံပုံမှာ ထမင်းပွဲပြင်ဆင်ထားသော စားပွဲပေါ်မှ ငရုတ်သီး နိုင်းချင်းဖြင့် ချက်ထားသော ဟင်းခွက်ကို လက်ညှိုးထိုးပြပြီး

"ဖေဖေ၊ မစားနဲ့ ဟိုဟာ မောင်လေးအသား"

"ဘာ"

ကိုတင်အောင်နှင့် ဦးကျော်တို့ အထိတ်တလန့်ဖြင့် ဟင်းခွက်ကို ကြည့်မိကြသည်။

"ဟင်၊ မင်း...မင်း"

ကိုတင်အောင်က သားဖော ဖြင့် မခင်ဝေကို ဒေါသတကြီး ကြည့်၍ ပြောလိုက်စဉ် ဦးကျော်က အခြစ်မှန်ကို ရိပ်စားမိပြီမို့ မဖြစ်သင့်တာတွေ ထပ်မဖြစ်ရန် ကြားမှ ဖြန်ဖြေတားဆီးရသည်။

"မောင်တင်အောင် သတိထား၊ စိတ်ကိုထိန်း"

မခင်ဝေ၏ မျက်နှာကား ရေခဲတုံးတမျှ အေးစက်လျက်ရှိပြီး မျက်စိအစုံမှာ နဂို နထက် ပိုမိုပြူးလာ သယောင်ရှိကာ မျက်စိသူငယ်အိမ်များသည် ပေါက်ထားသော ဂျင်ကဲ့သို့ မှတ်နေအောင် လည်လျက် ရှိကြသည်တကား။

◆◆◆◆◆

မခင်ဝေ ကျူးလွန်ခဲ့သော ပြစ်မှုကို အပိုင်ရဲစခန်းမှ အမှုဖွင့်အရေးယူပြီးနောက် ဟင်းအိုး၊ ဟင်းခွက်၊ မခင်ဝေ အသုံးပြုခဲ့သော ဓားမ၊ စဉ်းတီတုံးတို့ကိုပါ သက်သေခံ ပစ္စည်းများအဖြစ် သိမ်းဆည်းခဲ့သည်။

ထို့နောက် ကလေး၏ အဝတ်အစားအမှတ်တရပစ္စည်းလေးများကို ကလေးကိုယ်စား သင်္ဂြိုဟ်ရန် ပြင်ဆင်ရ၏။

ဤမြို့တွင်သာမက တစ်နိုင်ငံလုံးမှာပါ ဤအဖြစ်မျိုး ကြုံဖူးကြားဖူးကြမည်မဟုတ်၍ နေ့ချင်း ညချင်းဆိုသလိုပင် ဟိုးလေးတကျော် သတင်းပျံ့နှံ့သွားရသည်။ လူအများသည် ဖြစ်ရပ်ဆန်းကို ကြားရ၍ သတင်းလာမေးကြသဖြင့် သချိုင်းသည် အလွန်ပင် စည်ကားနေ၏။

ပုံပုံခများကား ငိုလိုက်ရသည်မှာ မျက်နှာတစ်ခုလုံး မို့အစ်၍ပင် နေသည်။ ကိုတင်အောင်ခမျာ သူကိုယ်တိုင် ဝမ်းနည်းကြေကွဲနေရသည့်အကြားမှ ပုံပုံကို ချော့မော့ပြီး ထမင်းခွံ့ကျွေးရှာ၏။ ပုံပုံအား ကိုတင်အောင် အနေဖြင့် ဆက်လက် မစောင့်ရှောက်လိုပါက သူတို့၏ သမီးအဖြစ် မွေးစားခွင့်ပြုပါရန် တောင်းခံသူ ဆယ်ဦးခန့် ရှိသည်။

ကိုတင်အောင်က "သားမရှိတဲ့နောက်မှာ ဒီသမီးကိုပဲ အရင်းအချာလို ပြုစုစောင့်ရှောက်သွားပါမယ်၊ ဒီအိမ်အပါအဝင် ကျွန်တော် ရှာဖွေလို့ ရသမျှတွေကိုလည်း သူ့အတွက်ပဲ အမွေအနှစ်ထားရစ်ပါမယ်၊ နောက်အိမ်ထောင်လည်း မပြုတော့ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး''ဟု ကြေကွဲစွာ ပြောရှာသည်။

◆◆◆◆◆

မခင်ဝေမှာ အခင်းဖြစ်ပွားပြီးကတည်းက စကား နည်းသွား၏။ မျက်လုံးအစုံမှာလည်း တဖြည်းဖြည်းနှင့် တည်ငြိမ်လာသည်။ မသိသူများအတွက်မူ လူကောင်းပကတိဟုပင် ထင်ရ၏။ သူမအား ခရိုင်တရားရုံး တွင် စစ်ဆေးမည်ဖြစ်၍ သင်္ဘောဖြင့် ခေါ်ယူမည် ဖြစ်သည်။ အမျိုးသမီးရဲတပ်ဖွဲ့ဝင် နှစ်ဦးတို့က စောင့်ရှောက်ပြီး သင်္ဘောဖြင့် လိုက်ပါလာကြ၏။

သင်္ဘောတစ်ညအိပ်ကာ နောက်တစ်နေ့ နံနက်တွင် မခင်ဝေကို ရဲစခန်းမှ သင်္ဘောဆိပ်အထိ ခေါ်လာရာ လမ်းတစ်လျှောက်လုံးတွင် လူအများ ကြိတ်ကြိတ်တိုး စည်ကားလျက် ရှိကြသည်။

ကိုတင်အောင်လည်း သက်သေခံ ထွက်ဆိုရမည်ဖြစ်၍ ရဲတပ်ဖွဲ့ဝင်အချို့နှင့်အတူ သမီးငယ် ပုံပုံကို လက်ဆွဲကာ သင်္ဘောဆိပ်သို့ လာခဲ့၏။ သင်္ဘောပေါ်သို့ ကြိုတင်ရောက်နှင့်နေသော မခင်ဝေသည် အမျိုးသမီး ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ယှဉ်တွဲရပ်လျက် သူမအား လာရောက်ကြည့်ရှုကြသော ပရိသတ်ကို တအံ့တသြ ငေးကြည့်နေမိရာမှ ခင်ပွန်းနှင့် သမီးကို လူတောထဲတွင် တွေ့လိုက်ရသဖြင့်

''သမီး''ဟု ကြေကွဲစွာ ခေါ်ရှာသည်။ ပုံပုံသည် နဂိုကပင် မိခင်ကို ကြောက်ရှာသူဖြစ်ရာ ယခုကဲ့သို့ ခေါ်သံကို ကြားရသောအခါ ကြောက်လန့်ပြီး ကိုတင်အောင်နောက်သို့ ပြေးပုန်းလိုက်သည်။

''ဖေဖေ ... အိမ်ပြန်ကြမယ်။ သမီး ကြောက်တယ်''

မြို့နယ်ရဲတပ်ဖွဲ့မှူးက ပုံပုံကို သနားသဖြင့် သူ၏ ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ခေါ်၍

''ကိုတင်အောင်တို့ သားအဖကို ဒီနေ့သင်္ဘောနဲ့ ခေါ်လို့ဖြစ်မှာ မဟုတ်ဘူး။ မင်း ဒီမှာပဲ ကျန်ခဲ့ပြီး မနက်ဖြန်ကျမှ မော်တော်နဲ့ ခေါ်ဖို့စီစဉ်တော့'' ဟု ပြောလိုက်သည်။

ကိုတင်အောင်လည်း ပုံပုံကို ချီပြီး ရဲတပ်ဖွဲ့ဝင်နှင့်အတူ လူအုပ်ထဲမှ ထွက်ခွာသွားသည်ကို မခင်ဝေက ရီဝေငေးမောစွာ ကြည့်ပြီး

''ကိုတင်အောင်၊ ရှင့်သား ဘာမှ မဖြစ်ပါဘူး၊ အိမ်မှာ ရှိပါတယ် သမီးရယ်၊ သမီးမောင်လေး ဘာမှ မဖြစ်ဘူး၊ အိမ်မှာ ရှိပါတယ်''

ဟု ငိုသံဖြင့် ပြောလေရာ ကြားကြရသူတို့မှာ မခင်ဝေကို သနား၍ပင် သွားကြရ၏။ မျက်ရည်မခိုင်သူတို့ မျက်ရည်ကျကြသည်။

''သမီး ပုံပုံ၊ မေမေ့ကို မုန်းသွားပြီလားဟင်''

မခင်ဝေ၏ ငိုသံပါသော စကားကြောင့် ပုံပုံကို ချီပြီး လူအုပ်နှင့် ဝေးရာသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်နေသော ကိုတင်အောင်၏ မျက်ဝန်းမှ မျက်ရည်များ စိမ့်ထွက်လာပြီး နှုတ်ဖျားမှ မပွင့်တပွင့် စကားသံ ထွက်ပေါ်လာသည်။

''လုပ်ရက်တယ် မခင်ဝေရယ်''တဲ့။

ကျော်မြိုးလွင်

www.burmeseclassic.com

www.burmeseclassic.com



# အယ်ဒီတာ ပြန်ကြားလွှာ

(၁) ဖြစ်ရပ်မှန်သည် အနယ်နယ် အရပ်ရပ်မှ စာဖတ်သူတို့၏ ဆန္ဒနှင့်ကိုက်ညီမည့် ကဏ္ဍသစ်နှင့် အစီအစဉ်များကို တိုးချဲ့ဖော်ပြလျက်ရှိပါသည်။

(၂) တိုးချဲ့ကဏ္ဍသစ်အဖြစ် ဖြစ်ရပ်မှန်မဂ္ဂဇင်းတွင် ရေးသားဖော်ပြ လှူကြိုက်များခဲ့ဖူးသည့် စာရေးဆရာ ကလောင်ရှင်တို့၏ စာများကို ပြန်လည်ဆန်းသစ်မှု အဖြစ် ရံဖန်ရံခါ ဖော်ပြထားပါသည်။

(၃) ဤသို့ ပြန်လည်ဆန်းသစ်မှုကဏ္ဍတွင် ဖော်ပြထားသော စာများအတွက် ဥဏ်ပူဇော်ခကို အိမ်တိုင်ရာရောက် ပို့ပေးမည် ဖြစ်သော်လည်း လက်လှမ်းမမီသော ဆရာများအတွက် ဥဏ်ပူဇော်ခကို ကိုယ်တိုင်သော်လည်းကောင်း သက်ဆိုင်သူမှသော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော် လည်းကောင်း မဂ္ဂဇင်းတိုက်တွင် ထုတ်ယူနိုင်ပါသည်။

(၄) နယ်မှ စာရေးဆရာ ကလောင်ရှင်များအနေနှင့် ဥဏ်ပူဇော်ခကို ကိုယ်တိုင် မထုတ်နိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူစေလိုပါသည်။

(၅) ဖြစ်ရပ်မှန်သို့ စာမူများပို့ပေးနေသော အနယ်နယ် အရပ်ရပ်မှ စာရေးဆရာ ကလောင်ရှင်များကို ကျေးဇူးတင်ရှိပါကြောင်း ပြန်ကြားရင်း ဖြစ်ရပ်မှန်မဂ္ဂဇင်း အတွက် ပို့ထားသော စာမူများကို အခြား တိုက်များသို့ မိတ္တူပွားရှဲမပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာ

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

သူ့ကိုဘယ်သူမှ သနားကြမှာမဟုတ်ဘူး။ တချို့က လှောင်ရယ်တောင် ရယ်နေကြတယ်။

အဲဒါဘာကြောင့်လဲဆိုတော့ သူကျူးလွန်ခဲ့တဲ့ ပြစ်မှုကြောင့်

သူကျူးလွန်တဲ့ အပြစ်က ၃၇၆ မုဒိမ်းမှု။

ဘာယာစုဖူးမိကျောင်းသွားခိုင်းကတည်းက မုဒိမ်းမှုဆိုတာ အားလုံးသိလိုက်ကြတယ်။

ထောင်ထဲမှာ အလေးထားခံရဆုံးက ၅(ည)၊လူရိုက်တာ က ၃၀၂၊ မုန်းတီးရွံရှာဆုံးက ၃၇၆ လေ။

ကျုပ်ကတော့ သနားရမလား၊ ရွံ့ရှာရမလားဆိုတာတောင် မစဉ်းစားနိုင်ဘူး။

လူသစ်ဘိုးတော်အတွက် ရင်လေးနေမိတယ်။

ပုံစံခန်းတစ်းစီးမွေးလုံးနီ ဘီလူးဆိုင်းတီးဖို့ ဟန်ရေးပြင်နေပုံက ကြောက်စရာကြီး။

"လာခဲ့စမ်းတဏှာရူးကြီး၊ ဒီလောကတောင် (...) သောင်းကျန်းတဲ့ ပုံစံခန်း အကြောင်း ပြရသေးတာပေါ့"

ခဏနေတော့ လူသစ်ခါးကုန်းပြီး ဝင်လာတယ်။ မွေးလုံးနီပြေးပြီးပင့်ကန်လိုက်တယ်။ ဘုန်းခနဲ အသံနဲ့အတူ လူသစ်ဘိုးတော် လွင့်သွားဘယ်။ ဒီနောက်တော့...

**ညှို့ငှက်မနှင့်ညလူတို့ လက်ထပ်ပွဲ**

"ခပ်..."

"ချိုး..."

"ခပ်..."

"ချိုး...."

ဒီနေ့ကျုပ်တို့ ရေချိုးထွက်ရတဲ့နေ့။

အလျား ၁၀ ပေ၊ အနံ ၆ပေလောက်ရှိတဲ့ အုတ်ကန်ဘေးမှာ

ခဏနေတော့

လူသစ်ခါးကုန်းပြီး

ဝင်လာတယ်။

www.burmeseclassic.com





"ယောက်ျားထောင်ထဲမှာ မိန်းမလို မသင်္ကာစရာ တစ်ယောက် တွေ့ရတယ်လို့ ဘာယာချုပ်ဟာန်အေးလေးက တာဝန်မှူးကိုသတင်းပို့တယ်။

တာဝန်မှူး မျက်လုံးပြူးသွားတယ်။ အမဆို ခြင်မတောင်သန်းခွင့် မရှိတဲ့ ယောက်ျားထောင်ထဲ မိန်းမ ရောက်ရတယ်လို့။

ရဲမေခေါ်ပြီး စစ်ကြည့်တော့ ဟုတ်နေတယ်။ ယောက်ျားလျာလေး အသက် ၁၇ လောက်ပဲ ရှိဦးမယ်။

ဆံပင်ကလည်း ယောက်ျားကေ၊ ဝတ်တာကလည်း ဇွပ်ကျယ်၊ အင်္ကျီလက်ရှည်၊ ပုဆိုးနဲ့ ပုဆိုးနဲ့ စကားပြောတော့လည်း ယောက်ျားလိုပဲ။ အသံကလေး သေးသေးစူးစူးပေမယ့် ဘယ်သူမှ မိန်းမလို့မထင်ဘူး။

ဘာယာချုပ်က ချေးပုံထမ်းခိုင်းမလို့၊ သေးသေးသွယ်သွယ်လေးမို့ သနားတာနဲ့ ရေအဖွဲ့ထဲ ထည့်လိုက်တာ၊ ရေဆွဲရင်း ရေလောင်းရေချိုးခွင့်ရလို့ အင်္ကျီချွတ် အလုပ်လုပ်ကြတဲ့အထဲမှာ သူတစ်ယောက်ထဲ အင်္ကျီနဲ့၊ ချွတ်ခိုင်းတော့လည်း မချွတ်ဘူး။

အဲဒီကနေ မသင်္ကာဖြစ်တာ အချုပ်အဆက်ကလည်း မိန်းမနဲ့ တူတဲ့အတွက် တာဝန်မှူးဆီ သတင်းပို့လိုက်တာ။

သူ့ကိုပွဲတော်ရဲကင်းက မှောင်ရိပ်ခိုနဲ့ ဆွဲလာတာ၊ အမည်ကိုဆွေ၊အဖေနာမည် ဦးဘယ်သူ၊ နေရပ်ဘယ်က ဒီလိုပြောတယ်။

ထောင်ရောက်လို့ ဝန်ထမ်းက မေးတော့လည်း အဲဒီအတိုင်းပဲ။

တစ်ခုရှိတာက ထောင်ထဲကို မထည့်မီ လူတိုင်းရဲ့ခန္ဓာကိုယ်ကိုရှာဖွေလေ့ရှိတယ်။ အန္တရာယ်ရှိတဲ့ ပစ္စည်းတစ်စုံတစ်ရာ ပါသွားမှာစိုးလို့။

အဲဒီနေ့ကျမှ တစ်ညလုံး ပင်ပန်းနေတဲ့ ဝန်ထမ်းက ရှာဖွေရေးမလုပ်ဘဲ ထောင်ထဲထည့်လိုက်တာ။

ကောင်မလေး ကံကောင်းသွားတာ တစ်ချက်က သူ့ပုံစံခန်းထဲ အသွင်းခံရတော့ သူ့ရှေ့မှာ အယောက် ၂၀ ရောက်နေပြီ။ တန်းစီးမွေးလုံးနီနဲ့ သူ့လက်ထောက်လည်း ပင်ပန်းလှပြီ။ ပုံစံ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသွားတွားသွားရင်း အုတ်လှေကားထိ ရောက်လာတယ်။ ဒူး၊ တံတောင်နဲ့ ဝမ်းဗိုက်တွေကိုအားပြုပြီး လာရတာကြောင့် ဒူးနဲ့တံတောင်ဆစ်တွေမှာ ပွန်းပဲ့ပြီးသွေးစို့နေတာ တွေ့ရတယ်။

လူသစ်ဟာ ပင်ပန်းပြီး မောဟိုက်နေပုံလည်း ရတယ်။

အသက်ကလည်း ၆၀ ကျော် ၇၀ နီးပါး ခေါင်းဖြူနေပြီ။

ဘုရားကျောင်းကန် သွားရမယ့်အရွယ်က ထောင်ထဲရောက်လာတယ်။

သူ့ကိုဘယ်သူမှ သနားကြမှာမဟုတ်ဘူး။ တချို့က လှောင်ရယ်တောင် ရယ်နေကြတယ်။

အဲဒါဘာကြောင့်လဲဆိုတော့ သူကျူးလွန်ခဲ့တဲ့ ပြစ်မှုကြောင့်

သူကျူးလွန်တဲ့ အပြစ်က ၃၇၆ မုဒိမ်းမှု။

ဘာယာစုဖူးမိကျောင်းသွားခိုင်းကတည်းက မုဒိမ်းမှုဆိုတာ အားလုံးသိလိုက်ကြတယ်။

ထောင်ထဲမှာ အလေးထားခံရဆုံးက ၅(ည)၊လူရှိန်တာ က ၃၀၂၊ မုန်းတီးရွံ့ရှာဆုံးက ၃၇၆ လေ။

ကျုပ်ကတော့ သနားရမ

**မုဒိမ်းမှုဆိုတာ အားလုံး သိလိုက်ကြတယ်။ ထောင်ထဲမှာ အလေးထားခံ ရဆုံးက ၅(ည)၊ လူရှိန်တာက ၃၀၂၊ မုန်းတီးရွံ့ရှာဆုံးက ၃၇၆ လေ။**

လား၊ ရွံရှာရမလားဆိုတာတောင် မစဉ်းစားနိုင်ဘူး။

လူသစ်ဘိုးတော်အတွက် ရင်လေးနေမိတယ်။

ပုံစံခန်းတစ်းစီးမွေးလုံးနီ ဘီလူးဆိုင်းတီးဖို့ ဟန်ရေးပြင်နေပုံက ကြောက်စရာကြီး။

"လာခဲ့စမ်းတဏှာရူးကြီး၊ ဒီလောကတောင် (...) သောင်းကျန်းတဲ့ ပုံစံခန်း အကြောင်း ပြရသေးတာပေါ့"

ခဏနေတော့ လူသစ်ခေါင်းကုန်းပြီး ဝင်လာတယ်။ မွေးလုံးနီပြေးပြီးပင့်ကန်လိုက်တယ်။ ဘုန်းခနဲ အသံနဲ့အတူ လူသစ်ဘိုးတော် လွင့်သွားတယ်။ ဒီနောက်တော့...

ညဉ့်ငှက်မနှင့်ညလူတို့ လက်ထပ်ပွဲ

"ခပ်..."

"ချီး..."

"ခပ်..."

"ချီး...."

ဒီနေ့ကျုပ်တို့ ရေချိုးထွက်ရတဲ့နေ့။

အလျား ၁၀ ပေ၊ အနံ ၆ပေလောက်ရှိတဲ့ အုတ်ကန်လေးမှာ

www.burmeseclassic.com

www.burmeseclassic.com



**တရားရုံးထွက်ရင်း တွေ့ကြ၊ ကြိုက်ကြ ထောင်တွင်း စာပေးစာယူ လုပ်ကြရင်း လက်ထပ်ဖြစ်သွားတဲ့ သူတွေထောင် ပဲခူးထောင်မှာ ရှိခဲ့ဖူးတယ်။**

လူ ၂၅/၃၀ လောက် ရပ်နေတယ်။ ကိုယ်စီကိုယ်ငှ ပလတ်စတစ်ရေခွက်တွေ ကိုင်ထားတယ်။

ရေချိုးဘာယာက 'ခပ်'လို့ အော်လိုက်တာနဲ့ ရေကိုခပ်၊ 'ချိုး'လို့ အော်မှ ရေကိုချိုး၊ ချိုးလို့ မအော်မီခပ်ပြီးသားရေကို ချိုးချလိုက်ရင်တော့ နာပြီမှတ်။ ဒါဟာ ထောင်တွင်းစည်းကမ်းဖောက်ဖျက်မှုပဲ။

ဘာယာရဲ့ လက်သီးတွေ တံတောင်တွေ ရင်ဘတ်နဲ့အရှိက်ဆီ တစ်ဖုန်းဖုန်းဝင်လာမယ်။ ပုံစံရပ်ရင် တောင့်သာခံပေရော့။ ဘာယာကတော့ သူကျေနပ်တဲ့အထိ ထိုးနေမှာပဲ။

ပဲခူးထောင်ထဲမှာ ရေတွင်းတစ်တွင်းပဲရှိတယ်။ သောက်ရေ သုံးရေ၊ အိမ်သာရေ အားလုံးဒီရေတွင်းကပဲ။

မနက်စောစော ထောင်စစ်ပြီးတာနဲ့ ရေဘာယာနဲ့ သူ့အဖွဲ့သားတွေကို အခန်းတွေကနေ ထုတ်တယ်။

သူတို့အဖွဲ့က ရေတွင်းက ရေငင်တယ်။ အုတ်ကန် (၂) ကန်ထဲ ဖြည့်ပေးတယ်။ မိန်းမထောင်ကိုလည်း ရေပေးတယ်။

မိန်းမထောင်နဲ့ ပင်မထောင်ကို အုတ်တံတိုင်း အမြင့်ကြီးနဲ့ ခြားထားတယ်။

အုတ်တံတိုင်းမှာ ရေပိုက်ဝင်သာရုံကျပ်လုံးလောက် အပေါက်တစ်ပေါက်ဖောက်ထားတယ်။

အပေါက်မှာ ပိုက်သွင်းပြီး ရေအဖွဲ့က ရေထည့်ပေးတယ်။

ရေပေးတဲ့ပိုက်ပေမယ့် ရည်းစားစာပေးတဲ့ပိုက်အဖြစ်လည်း သုံးကြတယ်။

ပိုက်ထိပ်ဝထဲမှာ စာထည့် ပြီး မိန်းမထောင်ဘက်စာပို့တယ်။ မိန်းမထောင်က စာလည်း အဲဒီပိုက်နဲ့ပဲ ဝင်လာတယ်။

စာပေးစာယူ နောက်တစ်နည်းလည်း ရှိသေးတယ်။ ကျောက်ခဲကို စာပတ်၊ အုတ်တံတိုင်း ကျော်ပစ်ပြီးပေးတဲ့နည်း၊ အဲဒီနည်းလည်း သုံးကြတယ်။

တရားရုံးထွက်ရင်း တွေ့ကြ၊ ကြိုက်ကြ ထောင်တွင်း စာပေးစာယူလုပ်ကြရင်း လက်ထပ်ဖြစ်သွားတဲ့ သူတွေတောင် ပဲခူးထောင်မှာ ရှိခဲ့ဖူးတယ်။

ညဥ့်ငှက်မလေးနဲ့ ညမင်း

www.burmeseclassic.com

www.burmeseclassic.com



သားလေးတို့ရဲ့ ချစ်ဇာတ်လမ်း ပဲခူးထောင်ကြီးမှာ မဟုတ်ဘူး။

ရုံးထုတ်ရက်တစ်နေ့၊ တရားသူကြီးရှေ့မှာ သူတို့နှစ်ယောက် လက်ထပ်လိုက်ကြတယ်။

မင်္ဂလာဦးညကတော့ အုတ်တံတိုင်းကြီး ခြားလို့ပေါ့။

ကောင်မလေးက အရင်လွတ်သွားတယ်။ သူ့ယောကျ်ားဆီ ထောင်ဝင်စာလာလာတွေ့တယ်။ နောက်ပိုင်း ညမင်းသားက ခိုးမှုနဲ့ ထောင်တစ်နှစ်ကျပြီး အင်းစိန်ပါသွားတယ်။

ကျုပ်ထောင်က လွတ်တော့ သူတို့နှစ်ယောက် အကြောင်းစုံစမ်းကြည့်သေးတယ်။ သတင်းမရဘူး။

ချစ်ခြင်းမေတ္တာနဲ့ အရာရာကို ကျော်ဖြတ်နိုင်ပါစေလို့ပဲ ဆုတောင်းမိပါတယ်။

ညဥ့်ငှက်မလေးနဲ့ ညမင်းသားတို့ရဲ့ ချစ်ခရီး သာယာဖြောင့်ဖြူးဖို့ လူ့သတ်တရားခံ ကျုပ်က ဆုချွေနေတဲ့အဖြစ်။

ရယ်စရာတော့ ကောင်းတယ်။

ဒါပေမယ့် ဒါကထောင်။

ကျုပ်တို့ထောင်သားတွေမှာလည်း မေတ္တာတရားနဲ့ပါ။

**ယောကျ်ားထောင်ထဲ မိန်းမချုပ်မိခြင်း**

ထောင်ဆိုတာ မနှစ်မြို့စရာနေရာပါ။

အမှန်လည်း ကိုယ်စိတ်နှစ်ပါး ဆင်းရဲဒုက္ခတွေနဲ့ ပြည့်သိပ်နေတဲ့ အနိဋ္ဌာရုံနေရာပါပဲ။


ဒါပေမယ့် ဒီလိုနေရာမှာပဲ ဘဝအမောပြေစေတဲ့ ဖြစ်ရပ်တွေလည်း ကြုံတွေ့ကြရတယ်။

အဲဒီဖြစ်ရပ်တွေထဲက တစ်ခုကို ကျုပ်ပဲခူးထောင်မှာနေစဉ် ကြုံခဲ့ရတယ်။

မှတ်မှတ်ရရ ရွှေမောဓော ဘုရားပွဲတော် ကျင်းပနေတဲ့ကာလ။

ပွဲတော်ကာလဟာ ထောင်ဝန်ထမ်းတွေ အိပ်ရေးပျက်တဲ့ကာလလည်း ဖြစ်တယ်။


ပွဲတော်လုံခြုံရေး ရဲကင်းက တစ်ညကို ၃/၄ခေါက်တ ရားခံတွေလာလာပို့တယ်။ မှောင်ရိပ်ခိုခါးပိုက်နှိုက်၊ မူးယစ်ရမ်းကား၊ အစုံပါပဲ။ ပွဲတော်လာ ပြည်သူများ လုံခြုံရေးအတွက် ဖမ်းသင့်တယ်ထင်တဲ့သူ မှန်သမျှကို ဖမ်းပြီးရဲကင်းယာယီ အချုပ်ခန်းမှာထည့်တယ်။ (၁၀) ယောက်လောက်ရပြီဆိုရင် ထောင်ကိုလာပို့တယ်။ ရဲကင်းကပို့ပြီး ပြန်သွား ထောင်ဝန်ထမ်းက တစ်ဦးချင်းစစ်ဆေးပြီး အဆောင်၊ အခန်းတွေထဲပို့၊ လူတောင် မကုန်သေးဘူး။ ရဲကင်းက နောက်ထပ်လာပို့၊ ဒီလိုနဲ့ မိုးလင်းသွားတယ်။ တာဝန်မှူးနဲ့ ဝန်ထမ်းတွေ တစ်ညလုံး မအိပ်ကြရဘူး။ အဲဒီနေ့ကလည်း ထုံးစံအတိုင်းညလုံး



www.burmeseclassic.com

www.burmeseclassic.com





ပေါက်ပဲ။ ပြဿနာက နောက်တစ်နေ့ နံနက်မှာ စတယ်။

"ယောက်ျားထောင်ထဲမှာ မိန်းမလို မသက်ာစရာ တစ်ယောက် တွေ့ရတယ်လို့ ဘာယာချုပ်ဟန်အေးလေးက တာဝန်မှူးကိုသတင်းပို့တယ်။

တာဝန်မှူး မျက်လုံးပြူးသွားတယ်။ အမဆို ခြင်မတောင်သန်းခွင့်မရှိတဲ့ ယောက်ျားထောင်ထဲ မိန်းမ ရောက်ရတယ်လို့။

ရဲမေခေါ်ပြီး စစ်ကြည့်တော့ ဟုတ်နေတယ်။ ယောက်ျားလျာလေး အသက် ၁၇ လောက်ပဲ ရှိဦးမယ်။

ဆံပင်ကလည်း ယောက်ျားကေ၊ ဝတ်တာကလည်း ရှပ်ကျယ်၊ အင်္ကျီလက်ရှည်၊ ပုဆိုးနဲ့ ပုဆိုးနဲ့ စကားပြောတော့လည်း ယောက်ျားလိုပဲ။ အသံကလေး သေးသေးစူးစူးပေမယ့် ဘယ်သူမှ မိန်းမလို့မထင်ဘူး။

ဘာယာချုပ်က ချေးပုံထမ်းခိုင်းမလို့၊ သေးသေးသွယ်သွယ်လေးမို့ သနားတာနဲ့ ရေအဖွဲ့ထဲ ထည့်လိုက်တာ၊ ရေဆွဲရင်း ရေလောင်းရေချိုးခွင့်ရလို့ အင်္ကျီချွတ် အလုပ်လုပ်ကြတဲ့အထဲမှာ သူတစ်ယောက်ထဲ အင်္ကျီနဲ့၊ ချွတ်ခိုင်းတော့လည်း မချွတ်ဘူး။

အဲဒီကနေ မသင်္ကာဖြစ်တာ အချိုးအဆက်ကလည်း မိန်းမနဲ့တူတဲ့အတွက် တာဝန်မှူးဆီ သတင်းပို့လိုက်တာ။

သူ့ကိုပွဲတော်ရဲကင်းက မှောင်ရိပ်ခိုနဲ့ ဆွဲလာတာ၊ အမည်ကိုမေး့အဖေနာမည် ဦးဘယ်သူ၊ နေရပ်ဘယ်က ဒီလိုပြောတယ်။

ထောင်ရောက်လို့ ဝန်ထမ်းက မေးတော့လည်း အဲဒီအတိုင်းပဲ။

တစ်ခုရှိတာက ထောင်ထဲကို မထည့်မီ လူတိုင်းရဲ့ခန္ဓာကိုယ်ကိုရှာဖွေလေ့ရှိတယ်။ အန္တရာယ်ရှိတဲ့ပစ္စည်းတစ်စုံတစ်ရာ ပါသွားမှာစိုးလို့။

အဲဒီနေ့ကျမှ တစ်ညလုံး ပင်ပန်းနေတဲ့ ဝန်ထမ်းက ရှာဖွေရေးမလုပ်ဘဲ ထောင်ထဲထည့်လိုက်တာ။

ကောင်မလေး ကံကောင်းသွားတာ တစ်ချက်က သူပုံစံခန်းထဲ အသွင်းခံရတော့ သူ့ရှေ့မှာ အယောက် ၂၀ရောက်နေပြီ။ တန်းစီးမွေးလုံးနိုနဲ့ သူ့လက်ထောက်လည်း ပင်ပန်းလှပြီ။ ပုံစံ

www.burmeseclassic.com



မပေးနိုင်တော့ဘူး။

တစ်ညလုံး အခန်းထဲမှာသူခိုးတွေ ခါးပိုက်နှိုက်တွေ ခေါင်းတွေနဲ့ အတူ အိပ်ခဲ့ရတာ။

မိန်းမမှန်း သိလို့ကတော့ ပြဿနာမှ တကယ့်ပြဿနာ ပြဿနာ အကြီးကြီးပဲ။

**ရဲကြောက်တဲ့တရားခံ**

ကျုပ်ကို ခင်တဲ့ ရဲတစ်ယောက်က ပြောဖူးတယ်။ ရဲမှာ ဘာပြဿနာဖြစ်ဖြစ် ရှင်းလို့ရတယ်တဲ့။ ကျားလာရင် အသားကျွေး၊ ဆင်လာရင် ကြံပေးရုံပဲတဲ့။ အဲ တရားခံပြေးရင်တော့ ဘယ်သူမှ ကယ်လို့ မရဘူး။ အချုပ်ထဲဝင်ရုံပဲတဲ့။

ရှိသေးတယ် နောက်တစ်ခု။ ရဲတစ်ရာပြုတ်ရင် ကိုးဆယ် က တရားခံကြောင့်တဲ့။

ဟုတ်တော့လည်း ဟုတ်တယ်။

ဆေးရုံကြီးအချုပ်က တရားခံထွက်ပြေးမှုဖြစ်တယ်။ အချုပ်အိမ်သာခန်း အမိုးကိုဖောက်ပြေးတာ၊ မူးယစ်ဆေးဝါး တရားခံ။

သိပ်မကြာဘူး။ ကျုပ်တို့ကိုစောင့်တဲ့ရဲလေးယောက်၊ ကျုပ်

**တစ်ညလုံး အခန်းထဲမှာ သူခိုးတွေ ခါးပိုက်နှိုက်တွေ ခေါင်းတွေနဲ့အတူ အိပ်ခဲ့ရတာ။ မိန်းမမှန်း သိလို့ကတော့ ပြဿနာမှ တကယ့်ပြဿနာ**

တို့နဲ့ ဘဝတူလာဖြစ်တယ်။ ပုံစံခန်းထဲ ရောက်လာတယ်။

အရင်က သူတို့ရှေ့မှာ တန်းစီးမွေးလုံးနီပုံစံနဲ့ နေရတယ်။

အခုတန်းစီးမွေးလုံးနီရှေ့မှာ သူတို့ပုံစံရပ်နေရပြီ။

တရားကျဖို့ သိပ် ?ာင်းတယ်။

နောက်တစ်ခါ ဖြစ်တာက တရားခံမှားလွှတ်တာ။

မူးယစ်ဆေးဝါးမှု တရားခံ ကုလားညီနောင်၊ နာမည်ကလည်း ဆင်တူ၊ အဖေနာမည်တူ၊ အမှုတူ၊ နေရပ်တူ၊ ရုပ်ကလည်း အတူတူပဲ။

တရားရုံးက အစ်ကိုကို စွဲချက်မတင်မီ လွှတ်လိုက်တယ်။ ရဲက အစ်ကိုကို မလွှတ်ဘဲ ညီကို မှားလွှတ်လိုက်တာ။

နောက်တစ်ရက် ရုံးထွက်ဖို့ တရားခံနာမည်ခေါ်မှ သိတယ်။ ကံကောင်းချင်တော့ ညီကလည်း အစ်ကိုကို့တွေ့ဖို့ ရောက်လာတယ်။

ဒီတော့မှ ညီကို အချုပ်ထဲ ပြန်ထည့်၊ အစ်ကိုကို လွှတ်လုပ်လိုက်ရတယ်။

တိုးတိုးတိတ်တိတ်နဲ့ ပြီးသွား

www.burmeseclassic.com

www.burmeseclassic.com





လို့ပေါ့။ အထက်အဆင့်ဆင့်က သာသိရင် တာဝန်ကျရဲတွေ နိုင်ငံတော် ထမင်းနဲ့ နှစ်ပါးသွားရမှာ မြင်ယောင်သေးတယ်။

**ထောင်ထဲရောက် ပီယဆေး ပိုင်ရှင်**

ပဲခူးထောင်မှာ တွေ့ခဲ့ရတဲ့ ပီယဆေးပိုင်ရှင် ဦးလုံးရဲ့ အဖြစ်ကလည်း ရယ်ရခက် ငိုရခက်ပါ။

ကျုပ်တို့ ပုံစံခန်းကို သူရောက်လာတာက ရိုက်မှုနဲ့။

အသက်က ၅၀ လောက်၊ ခေါင်းလည်း နည်းနည်းဖြူနေပြီ။ သူ့ခမြာစကားအရတော့ မိန်းမတော်တော် စွံတယ်ဆိုပဲ။

သူ့မှာ ပီယဆေးရှိတယ်တဲ့။ ပီယဆေးအသုံးပြုပြီးပြောရင် ဘယ်မိန်းမဆို သူ့ကိုကြွေသတဲ့။

အမှုဖြစ်တာကလည်း ဦးနဲ့ သမီးရဲ့ ချစ်ဇာတ်လမ်းကြောင့် ဦးလုံးမှာ မယားကြီး ရှိပြီးသား။

သမီးရဲ့အစ်ကိုတွေက ဦးကို လာပြီး ရန်ပြုတယ်။ ဦးက ပြန်လည်ခုခံရာကနေ အမှုဖြစ်ရတာတဲ့။

ကျုပ်က "ပီယဆေး ဘယ်မှာလဲ"လို့ မေးတော့ အိမ်မှာ ဝှက်သိမ်းထားခဲ့တယ်တဲ့။

ရုံးချိန်း နှစ်ချိန်းလောက်မှာ ဦးလုံးအာမခံရပြီး ထောင်က ထွက်သွားတယ်။

တစ်ပတ်လောက်ပဲ ကြာတယ်။ ထောင်ထဲပြန်ရောက်လာတယ်။ ဒီတစ်ခါ လူသတ်မှုနဲ့။

မယားကြီးနဲ့ စကားများပြီး အုတ်ခဲကျိုးနဲ့ ပစ်လိုက်တာ၊ ဦးဆက်ကွဲပြီး သေသွားလို့တဲ့။

"ဘာဖြစ်လို့ စကားများကြတာလဲ"

ကျုပ်မေးကြည့်တော့ သူပြန်ဖြေတယ်။

"ဝှက်ထားခဲ့တဲ့ ပီယဆေးကို တွေ့ပြီး သူကအလုပ်ဖြစ်နေတယ်လေ" တဲ့။

ဩော် ဦးလုံး ဦးလုံး…

သူ့ကျတော့ အငယ်နဲ့ အနှောင်းနဲ့၊ မြာစွံတာကိုပဲ ဂုဏ်ယူနေတယ်။

မိန်းမကျတော့ ရက်ရက်စက်စက် အသက်သေတဲ့အထိ လုပ်ရက်တယ်။

မှတ်သားလောက်ပါပေရဲ့။

**ဝဲဂေါ်လီနဲ့ ဘာမီတွန်**

ဝဲနဲ့ထောင်သား၊ လင်မယားဘဲ။

ထောင်ထဲနေဖူးရင် ဝဲပေါက်ဖူးရမယ်။

ဝဲမပေါက်ဖူးရင် ထောင်ထွက်အမည်မခံနဲ့။

ထောင်သား ၁၀၀ ရှိရင် ဝဲပေါက်တဲ့သူ ၁၅၀ ရှိတယ်။ ပိုတဲ့ ၅၀က ဝန်ထမ်းတွေ ။ အဲဒီလောက်ဆိုးတဲ့ဝဲ။

အပြင်လောကမှာ သန့် (၄) သန့် ရှိပေမယ့် ထောင်ထဲမှာ ဘာသန့်မှမရှိဘူး။ စားလည်း ဒီနေရာ၊ အိပ်လည်း ဒီနေရာ၊ အမှောင်ခန်းထဲမှာ ရေကို ချက်

www.burmeseclassic.com



ချင်နဲ့ချိုးရတယ်။ ဘယ်လိုလုပ်တစ်ကိုရေ သန့်ချင်လို့ရမလဲ။ သောက်ရေသန့်မရှိဘူး။ မိလ္လာစနစ်ကလည်း အရမ်းညံ့။ ထောင်သားတွေမှ ဝဲမပေါက် ရင်ဘယ်သူပေါက်မလဲ။

ထောင်ကပေးတဲ့ ဆေးလိမ်းတော့လည်း ပိုးကိုအားဆေးကျွေးတဲ့အတိုင်း၊ ဝဲကပိုပိုပြီး ကြွလာပွားလာတယ်။

ကျုပ်တို့ကို နှစ်ပတ်တစ်ကြိမ် ကျန်းမာရေး လာစစ်ပေးတယ်။ ဆရာဝန် ဒါမှမဟုတ်ကျန်းမာရေးမှူးလာတယ်။

ထောင်မှာ အဖြစ်အများဆုံးရောဂါက ဝဲ။ ဒုတိယလိုက်ကာက ခွဲစိတ်ဒဏ်ရာတွေ မရှိသေးစကား ထောင်ထဲမှာ ဂေါ်လီထည့်ကြတာလည်း ဖက်ရှင်တစ်ခုလို ဖြစ်နေပြီ။ ငယ်ပါအရေပြားကို မြိနေအောင် သွေးထားတဲ့ ဆယ်ပြားစေ့နဲ့ခွဲ၊ ဖန်ဂေါ်လီလုံးလေးတွေ ထည့် ကြတာ။ တချို့ ၄-၅ လုံး။ အရက်ပျံအနာကျက်ဆေး ကောင်းကောင်း မသုံးနိုင်တော့ ခွဲထားတဲ့ အနာရောင်ရမ်းပြီး ပြဲသနာ တက်ကုန်ကြတယ်။ တက်ကာမှတက်ရော၊ ထည့်နေကြတုန်းပဲ။ ဖန်ခွက်လက်ကိုင်ကိုင်းကိုဂေါ်လီဖြစ်အောင် သွေးခတောင် ၅၀ ကနေ ၁၀၀ တက်သွားတယ်။

ဘယ်သူဘာရောဂါ ဖြစ်ဖြစ်ဆေးပေးတဲ့သူကတော့ ဘာမီတွန်တစ်ပြားပါပဲ။ အချို့က နှစ်ခါပြန်တန်းစီပြီး ဘာမီတွန် နှစ်ပြားရအောင် လုပ်တယ်။

ဘာမီတွန် နှစ်ပြားကို ဆေးလိပ်တစ်လိပ်နဲ့ ဒိုင်ခံလဲနေတဲ့သူရှိတယ်။

မူးယစ်ဆေးသုံးစွဲမှုနဲ့ ရောက်လာတဲ့ ကောင်တွေ၊ မူးယစ်ဆေးအစား ဘာမီတွန်စားကြတာ။ တချို့ ၁၅ ပြား၊ တချို့က အပြား ၂၀တဲ့။ အံ့သြစရာပဲ။

ကျုပ်တို့အိမ်နားက ဒေါ်ကြည်ကြီး ဘာမီတွန် ၃ ပြားစားပြီး ၃ ရက်လောက် မထ နိုင်ခဲ့ဘူး။

ဒီကောင်တွေကို ကြည့်ပြီး ကျုပ်စိုးရိမ်မိတယ်။ လန့်လည်းလန့်တယ်။

ကျုပ်ကသာ လန့်နေရတာ။ ဒီကောင်တွေကတော့ ဘာမီတွန်နဲ့ တွေ့ပြီး နတ်သမီးလေးတွေနဲ့ ငြိမ့်လို့။

**ထောင်ညီမျှခြင်း ငရဲဘုံ**

ကျုပ်ထောင်ကို ပြန်မရောက်တာ အနှစ်နှစ်ဆယ် ကျော်သွားပြီ။

ကျုပ်တို့လွတ်ပြီး သိပ်မကြာခင်မှာပဲ ထောင်ကို အကျဉ်းဦးစီးဌာနက လွှဲပြောင်းတာဝန်ယူလိုက်တယ်လို့ ကြားရတယ်။

ထောင်အုတ်နံရံကြီးတွေကို ကျုပ်မမြင်ချင်ဘူး။ ထောင်ထဲမှာနေခဲ့ရတဲ့ရက်တွေဟာ ကျုပ်အတွက် ငရဲဘုံကိုဖြတ်သန်း နေရတဲ့နေ့တွေပါပဲ။

အဲဒီကာလကို အိပ်မက်ဆိုးကြီးတစ်ခုလို့ပဲ ကျုပ်ယူဆတယ်။

လူနဲ့တိရစ္ဆာန်ကြားက အဆင့်တစ်ဆင့် အဖြစ် ပြုမူနေထိုင်ခဲ့ရတဲ့ ထောင်တစ်ခေါက်ဟာ ကျုပ်အတွက်တော့ မသာဆယ်ခေါက်သွားရသလိုပဲ ထင်မှတ်မိပါတယ်။

မောင်မှိုင်းညို(ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





(၁)

**မှုလတန်းအရွယ်**

ကျွန်ုပ်သည် ကိုလိုနီခေတ်၌ မူလတန်းကျောင်းသားအထိ ပညာသင်ကြားခဲ့ရသည်။ ၁၃၀၀ ပြည့် အရေးတော်ပုံနှင့် ကိုးခဲ့ရသည်။ ဗိုလ်အောင်ကျော် အရေးအခင်းနှင့် ကြုံ၍ ကျောင်းသားသပိတ်စခန်းဝင်ခဲ့ရသည်။ ကိုလိုနီ ကျွန်ခေတ်ဖြစ်သော်လည်း ထိုက်သင့်သော ဒီမိုကရေစီနယ်ချဲ့က ပေးခဲ့သည်။ ငိုင်းရင်းသားချင်း ပို၍ကွဲရန် ပို၍ပြဲရန် ရည်ရွယ်ဟန်တူပါသည်။

ဥပမာ - ကျွန်ုပ်တို့အား ကျောင်းသားကြီးများက သင်ပေးသည့်အတိုင်း သပိတ်စခန်းတွင်း (ဘမော်၊ ဘမော်၊ အို့ အို့။ ဘဦး၊ ဘဦး ရှူး ရှူး။ ငစော၊ ငစော သေပါစေ) ဟူ၍ အော်ဆဲသော်လည်း မည်သည့်ပုလိပ်ကမျှ လာ၍ မတားပါ။ မဖမ်းပါ။

ဒါတွင်မက ညနေပိုင်းတွင် ဖျာလိပ်ခေါင်းကြီးအား ဒေါက်တာဘမော်၏အဝတ်အစားများ ဆင်

www.burmeseclassic.com



တောင်တွင်းကြီး ဦးတင်လှိုင် (BA, BL, BJS)

# တရားဥပဒေနှင့်လောကပါလ သစ္စာတရား

# မြည်တွင်းမြိမ်းချမ်းရေးပန်း ပွင့်လန်းပါစေ

တူအောင် ချုပ်ပေးပြီး ဘမော်မသာချသည်ဟုဆိုကာ တောင်တွင်းကြီးသချိုင်းသို့ ကျောင်းသားများ ပို့ဆောင်ပြီး ကြေညာကြသည်။ ယင်းကိစ္စကို တောင်တွင်းကြီးမြို့သို့ ဒေါက်တာဘမော်ကိုယ်တိုင် နှယ်လှည့်စည်းရုံးခဲ့စဉ်က မိန့်ခွန်းပြောရာတွင် "မင်းတို့ကျောင်းသားတွေ ငါ့ကို ယတြာချေပေးသည့်အတွက် ငါကတော့ အသက် ရာကျော်ရှည်မှာပဲ။ ကျေးဇူးတင်တယ်ကွာ" ဟု ပြုံးပြုံးရွှင်ရွှင်ဖြင့် ကျောင်းသားများကို မိန့်ခွန်းပြောသွားပါသည်။ ကိုလိုနီခေတ်နှင့် ကိုလိုနီဒီမိုကရေစီအား ထင်ယောင်မြင်ယောင်မိသေးပါသည်။

ထို့နောက် ၁၉၄၁ ခုနှစ်ခန့်တွင် ဥရောပဒ္ဓ မဟာမိတ်တို့သည် ဟစ်တလာခေါင်းဆောင်သည့် ဂျာမန်တပ်မတော်အား အရှုံးကြီး ရှုံးနေချိန် လူဦးရေတိုးတက်များပြားလာခြင်းကို စစ်တိုက်နည်းဖြင့် ဖြေရှင်းလိုသည့် ဂျပန်ဘုရင်နှင့် စစ်အစိုးရသည် "အရှေ့အာရှတိုက်သားများ သာတူညီမျှ ကောင်းစားရေး" ဟု ဟစ်ကြွေး၍ တမီးထလောင်ပါသည်။

ဤသည်ကို ဗြိတိသျှ ကိုလိုနီတို့က မြန်မာနိုင်ငံသားများအား ခြောက်လှန့်သည့်သဘောဖြင့် မြို့တိုင်း မြို့တိုင်းရှိ လက်နက်ကိုင်ပုလိပ်တပ်ဖွဲ့အား နံနက်တိုင်း မြို့ကို လှည့်ပတ်၍ စစ်အင်အား ပြနိုင်းသည်။ ကျွန်ုပ်တို့မှာ မူလတန်းကျောင်းသားအရွယ် ဗြိတိသျှအစိုးရအား မုန်းတီးသည့် စိတ်ဖြင့် ကျောင်းသားကြီးတွေ သင်ပေးသည့်အတိုင်း ...

"စစ်တပ်တွေရယ်၊ ပုလိပ်တပ်တွေရယ် ××× ဘယ်လို သုံးသုံးကွယ် ××× ဒို့ရဲဘော်တစ်စုမှာ ကွယ် သွေးစည်းလို့ ××× ယှဉ်တိုက်မယ် ××× ခိုက်မယ်×××"

"အင်းစိန်ထောင်ကြီး ချဲ့ချဲ့၊ သာယာဝတီထောင်ကြီးချဲ့ချဲ့ အမေက မွေး၊ ထောင်က ကျွေးပေါ့။ လွတ်ရေးမခက်ပါ။ ရှေ့ လွတ်လပ်ရေးရမှာ"

ဟူသော သီချင်းများကို

www.burmeseclassic.com

www.burmeseclassic.com



အသက် (၁၀) နှစ်အရွယ် ကျွန်ုပ်က အင်အားပြနေသော စစ်ပုလိပ်တွေဘေးမှ အော်ဆိုနေရာ ကျွန်ုပ်၏ အဘွားက ကျွန်ုပ်၏ပေါင်ကို လိမ်ဆွဲပြီး "ပါးစပ်ပိတ်စမ်း။ တော်ကြာ ပစ်သွားလိမ့်မယ်။ နင်တို့ သခင်တွေ၊ ခေါင်းဆောင်တွေ ဘာရှိလို့တုံး။ ခုဖိနပ်မြီးတိုနှင့် ပင်နီအင်္ကျီစုတ်ပဲ ရှိတာ" ဟု ပြောပြောဆိုဆို ကျွန်ုပ်၏လက်အား ဆောင့်ဆွဲခေါ်လာပြီး နောက်တစ်နေ့ နံနက် နတ်မောက်ရထားဖြင့် မိဘရပ်ထံသို့ ပြန်ပို့လိုက်ပါတော့သည်။

(၂)

### နတ်မောက်သပိတ်စခန်း

ကျွန်ုပ်မှာ တောင်တွင်းကြီးကျောင်းမှ နိုင်ငံရေးပိုး ကူးစက်လာပါသည်။ နတ်မောက်ရောက်သောအခါ နတ်မောက်ကျောင်းသား သပိတ်ခေါင်းဆောင် ကိုကျော်(ဗိုလ်ဘုန်းကျော်) (ဂျပန်ခေတ်၊ စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရံတော်တပ်မှူး) နှင့် သွားရောက်တွေ့ဆုံပါသည်။ သပိတ်စခန်းတွင် ဆန္ဒပြခွင့် ပြုပါသည်။ ကျွန်ုပ်မှာ အလိုလို မူလတန်းကျောင်းသားသပိတ်ခေါင်းဆောင်ဖြစ်သွားပါသည်။ (၁၀) နာရီခန့်ရှိသောအခါ အလွန်ဆာလောင်မွတ်သိပ်လာပါသည်။ သို့အတွက် ကျောင်းပေါက်ဝတွင် ခင်းထားသော ဖျာကြမ်းပေါ်တွင် သပိတ်ကျောင်းသားများအားလုံး ပိုးလိုးပက်လက် လှန်ကုန်ကြပါသည်။

### မျိုးချစ်စိတ်ရှိသော ထောင်မှူးကြီးကတော်

ထိုအခြင်းအရာကို ကြို့တင်မြင်ထားသော ထောင်မှူးကြီးကတော် ဒေါ်မမကြီး (ရုပ်ရှင်မင်းသမီး ဒေါ်စောမူ၏အမေ) သည် ထမင်းပူပူနွေးနွေး၊ တောင်းကြီးများနှင့် သယ်လာပြီး ငှက်ပျောရွက်များ ခင်းပေးကာ ငါးသေတ္တာနှင့် ကြက်သွန်နီသုပ်၊ ရှောက်ရည်ဆမ်းထားသော ဟင်း၊ ပဲဟင်းတစ်ခွက်နှင့် ချကျွေးရာ ငယ်ငယ်ရွယ်ရွယ် အလွန်ဆာလောင်နေချိန်ဖြစ်ပါ၍ ထမင်းထည့်လာသော တောင်းကြီးများမှ အကျန်ထမင်းကိုပင် ခွာစားနေကြပါသည်။

ထိုအချိန်တွင် မူလတန်းဆရာ ကိုအောင်ဖုန်းခေါင်းဆောင်၍ သပိတ်တားနေသော ကျွန်တော်တို့ မူလတန်းကျောင်းသားများအား လူစုခွဲသည့်အနေဖြင့် အစိုးရဝန်ထမ်း၊ သားသမီး၊ ကျောင်းသားများနှင့် ရင်ဝများသို့ တက်နင်းပါသည်။ ထမင်းစားပြီးစဖြစ်၍ မသက်သာကြပါ။ ကျောင်းသားများကို ရင်ဝ တက်နင်းသော မူလတန်းဆရာ ကိုအောင်ဖုန်းအား သပိတ်ခေါင်းဆောင် ကိုကျော်က ဆွဲထိုးပါသည်။ သူတစ်ပြန် ငါတစ်ပြန် ထိုးကြိတ်ပွဲဖြစ်ရာသို့ ပုလိပ်များရောက်လာပြီး ကျောင်းသားခေါင်းဆောင်ကိုကျော်အား လက်ထိတ်ခတ်လိုက်ပါသည်။ ထိုအခါ ထောင်မှူးကြီးကတော်က "ကျွန်မကို လက်ထိတ်ခတ်ပါ။ မောင်ကျော်မှာ အပြစ်မရှိပါ" ဟု ထိုစဉ်က နတ်မောက်မြို့တွင် အုပ်ချုပ်သော ပုလိပ်တပ်ဖွဲ့အကြီးဆုံး ရဲအုပ်။ (ထိုစဉ်ကအခေါ် တိုက်ပိုင် ရဲမှူး)ဦးလူထွားအား ပြောပါသည်။ ဦးလူထွားက အားလုံးကို လွှတ်ပေးလိုက်ပါသည်။ ထိုအခြင်းအရာကား ကိုလိုနီခေတ်က အဖြစ်အပျက်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



> ခါးတွင် ချိတ်ထားသော ပစ္စတိုကို ဆွဲထုတ်၍ "ဗျို့ ကိုအောင်ဖုန်း ခင်ဗျား မေ့သွားပြီလားဗျ။ သပိတ်တားနေတဲ့ ဒီကလေးတွေကို ရင်ဝတက်နင်းတာ မှတ်မိသေးလား"

**နိုင်ငံရေးသံသရာ**

မြန်မာနိုင်ငံတော်သို့ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် ဂျပန်တပ်မတော်များနှင့်အတူ ဝင်ရောက်လာချိန် ကျွန်တော်တို့မြို့တွင် အဓိုးရရုံးဌာနများ ပြန်လည်မဖွင့်သေးပါ။ နတ်မောက်မြို့အထွက် ဓကွေးကားလမ်းဘေးရှိ စစ်ကားအပျက်များပေါ်တွင် ကျွန်တော်တို့လူငယ်များ ကစားနေစဉ် မကွေးဘက်မှ ဂျပန်စစ်သား၊ တပ်ခွဲတစ်ခွဲနှင့်အတူ နတ်မောက်ကျောင်းသားခေါင်းဆောင် ကိုကျော်တို့က ရှေ့ဆုံးမှ အမိုးလှန်ထားသော ဖို့ဒ်အမျိုးအစား ဆလွန်းကားဖြင့် ချီတက်လာပါသည်။

ကျွန်တော်တို့ကို တွေ့သွားသောအခါ ကျောင်းသားသခင်များက ကားပေါ်တင်ခေါ်၍ မြို့ထဲသို့ ဝင်လာပါသည်။ ကျွန်တော်တို့ မိဘအိမ်ရှေ့တွင် ထိုးရပ်လိုက်ပါသည်။ အကြောင်းမှာ ကျွန်တော်တို့အိမ်နှင့် ကပ်လျက်ကုလားလက်ဖက်ရည်ဆိုင်တွင် ဘီလပ်ရည်များ သောက်ကြပါသည်။ ကျွန်ုပ်၏မိဘများက ဝမ်းသာအားရ ကြိုဆိုလိုက်ပါသည်။

ထိုအချိန်တွင် မမျှော်လင့်ဘဲ မူလတန်းကျောင်းဆရာ ကိုအောင်ဖုန်းတစ်ယောက် ကုလားလက်ဖက်ရည်ဆိုင်အတွင်း လက်ဖက်ရည်ထိုင်သောက်နေသည်ကို ကျောင်းသားခေါင်းဆောင် ကိုကျော်က မြင်တွေ့သွားပြီး ခါးတွင် ချိတ်ထားသော ပစ္စတိုကို ဆွဲထုတ်၍ "ဗျို့ ကိုအောင်ဖုန်း ခင်ဗျားမေ့သွားပြီလားဗျ။ သပိတ်တားနေတဲ့ ဒီကလေးတွေကို ရင်ဝတက်နင်းတာ မှတ်မိသေးလား" ဟု ကျွန်တော်တို့အား ညွှန်ပြပြီး မေးပြောပြောပါသည်။ ပါလာတဲ့ ဂျပန်တွေကို "ခင်ဗျားဟာ အင်္ဂလိပ်စပိုင်ဟု ကျွန်ုပ်တစ်ခွန်းတည်း ပြောလိုက်ရင် ခင်ဗျား ဘာဖြစ်သွားမလဲ" ဟု ပြောဆိုနေစဉ် ကျွန်ုပ်၏မိခင်မှ ဝင်ရောက်ဖျန်ဖြေပေးမှ ပြီးသွားပါသည်။

ဤကဲ့သို့ မြန်မာနိုင်ငံ၏ နိုင်ငံရေးသည် ဘကစ်ပြန် ကျားတစ်ပြန် သံသရာလည်နေကြသဖြင့် ကျွန်ုပ်သည် ကျွန်ုပ်၏ မျိုးဆက်များအား လက်ဆင့်ကိုင် တပ်ဖွဲ့ဖြစ်သော တပ်မတော်သို့

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်အမှုထမ်းရန် အမြဲတမ်း တိုက်တွန်းပါသည်။ ထို့ကြောင့် ဖော်ပြပါဇာတ်လမ်းမှာ ဇနီး ဖြစ်သူ၏ မောင်ဝမ်းကွဲတော်သူအား ဘွဲ့ရပြီးလျှင် တပ်မတော် ဗိုလ်သင်တန်းသို့ ဖြေဆိုခိုင်းလိုက်ပါသည်။ ဗိုလ်အောင် တစ်ယောက် တပ်မ(၇၇)လက်အောက်မှ ခြေမြန်တပ်ရင်း (၁၀၅)တွင် တပ်စုမှူးအဖြစ် ဗိုလ်သင်တန်း တက်ပြီး အမှုထမ်းရပါတော့သည်။

### ဗမာတပ်မတော်သေနတ်ကိုင် တပ်ရင်း (၁)

ဗိုလ်အောင်မိခင်မှာ ကျွန်ုပ်ယောက္ခမကြီး၏ ညီမဝမ်းကွဲတော်စပ်ပါသည်။ အောင်လံမြို့ဇာတိဖြစ်ပါသည်။ ခင်ပွန်းမှာ ဗမာတပ်မတော် သေနတ်ကိုင် တပ်ရင်း (၁) အရာခံဗိုလ်၊ ဗိုလ်သိန်း (အမည်ပြောင်းထားပါသည်) ဖြစ်ပါသည်။

၁၉၄၉ ခုနှစ် ဗမာ့ တပ်မတော် သေနတ်ကိုင် တပ်ရင်း (၁) မှာ သရက်မြို့ ဘော်စတယ် ခေါ်ကလေး အကျဉ်းထောင်ဟောင်း နေရာတွင် တပ်စခန်းချထားပါသည်။ ယခု အမှတ် (၄၄) ခြေလျင်တပ်ရင်း နေရာဖြစ်ပါသည်။ တပ်ရင်းမှူးမှာ ဗိုလ်မှူး စိန်တင် (ဗ.ပ.က လက်နက်ချ) ဖြစ်ပါသည်။ ဗိုလ်သိန်းသည် အမှတ် (၁) ဗမာ့ တပ်မတော် သေနတ်ကိုင် တပ်ရင်း တစ်ရင်းလုံး တောခို သွားသောအခါ လိုက်ပါသွားခဲ့ပါသည်။ သို့သော် ဇနီးမယားနှင့် သားသမီးများကို အောင်လံမြို့ သရက်တော ရပ်ကွက်တွင် ထားခဲ့ပါသည်။ ဗိုလ်သိန်းနှင့်ဇနီး ဒေါ်ကြင်ပိုင်တို့တွင် အကြီးဆုံး သမီး တင်တင်ရီ၊ အလတ်သမီး ခင်ခင်ကြည်နှင့် သားအငယ်ဆုံး ဗိုလ်အောင်တို့ ပေါင်း (၃)ဦးသာ ရှိ ပါသည်။ ဒေါ်လေးမှာ ရိုးရိုးကုပ်ကုပ် စီးပွားရေးကိုသာ ရှာကြံစားသောက် တတ်သူဖြစ်ပြီး မည်သည့်နိုင်ငံ ရေးကိုမှလည်း နားမလည်။ ကလေးတွေ၏ စားဝတ်နေရေး၊ ပညာရေးကလည်း ရှိသဖြင့် ခင်ပွန်းဖြစ်သူ ဗိုလ်သိန်းတောခို ရာနောက်သို့ လုံးဝလိုက်ပါခြင်း မပြုသည်သာမက ဆိုရှယ်လစ်လည်း နားမလည်၊ ကွန်မြူနစ်လည်း နားမလည်၊ မည်သူက မည်သို့ပြောစေကာမူ မိမိ၏ ခင်ပွန်း ဗိုလ်သိန်းအကြောင်း ကောင်းသည်၊ ဆိုးသည် ဘာမျှမပြော။ နေ့စာညစာများကို မှန်မှန် စားသောက်နိုင်ရန်အတွက် စီးပွားရှာဖွေနေရသူတစ်ယောက် ဖြစ်ပါသည်။ သို့အတွက် အောင်လံမြို့ ဈေးကြီး အတွင်းတွင် အထည်ရုံတန်း၌ သမီးအကြီးက အထည် ရောင်းသည်။ သမီးငယ်က စက်ချုပ်သည်။ ဒေါ်လေးက ထမင်းဟင်း ချက်ပြုတ်ပြီး သမီးများ ဈေးရောင်းသည့်နေရာသို့ နေ့စဉ် ထမင်းလာပို့ရသည်။

ထိုစဉ်က ကျွန်ုပ်သည် သရက်မြို့ ခရိုင်ရာဇဝတ် တရားသူကြီး၏လက်အောက် သရက်မြို့နယ်တရားသူကြီးနှင့် အချိန်ပြည့် ရာဘက်ရာဇဝတ်တရားသူကြီး တစ်ယောက်အဖြစ် ခန့်ထားခြင်း ခံရသဖြင့် အောင်လံမြို့ရှိ ဇနီး၏ ဆွေမျိုးများက အခမဲ့ပေးထားသော တိုက်အိမ်တစ်လုံးရှိရာ ဓေယျဝတီရပ်ကွက်တွင်နေပြီး ရုံးတက်ပါသည်။ မနက် (၈)နာရီခွဲ သမဝါယမပိုင် မော်တော်ဖြင့် ရုံးတက်ပါသည်။ ကမ်းနားသို့ ဆင်းတိုင်း ဈေးကြီးအတွင်းသို့ ဖြတ်သွား ဖြတ်ပြန်လေ့ရှိရာ

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် စောနေလျှင် ဒေါ်လေးတို့ အထည်ဆိုင်သို့ဝင်၍ စကားစမြည်ပြောလေ့ရှိပါသည်။

တစ်နေ့သော မနက် (၈) နာရီခန့် ကမ်းနားဆိပ် မော်တော်သို့အသွား အထည်ရုံတန်းတွင် ဒေါ်လေးဒေါ်ကြွင်ပိုင်က ...

"တူမောင်ရေ ... မနက်မနက် (၈)နာရီလောက် ဒေါ်လေးတို့အိမ် မလာနိုင်ဘူးလား။ မင်းမှာ အရေးကြီးကိစ္စရှိနေသလား"

ဟု မေးသဖြင့် ကျွန်ုပ်က

"ဒေါ်လေး ဘာကိစ္စများလဲဟင်။ မနက်ဖြန်ခါ စနေနေ့။ နေ့ဝက်ရုံးတက်ရပါတယ်။ ဒါပေမဲ့ ကျွန်တော်က တရားသူကြီးပဲ။ မတက်ရင်လည်း ဖြစ်ပါတယ်။ ကိစ္စကိုသာပြောပါ"

ဟု အလောတကြီး မေးလိုက်ပါသည်။

"ခ·လ·ရ (၄၄) တပ်ရင်းမှူးက အကြောင်းကြားစာ လာတယ်။ တောခိုနေတဲ့ မင်းဦးလေးသိန်း ငြိမ်းချမ်းရေးဆွေးနွေးပွဲလာရင်း နိုင်ငံတော်အစိုးရ ခွင့်ပြုချက်အရ သားမယားများကို လာတွေ့မှာတဲ့။ အဲဒါ မင်း ရှိတော့ ကောင်းတာပေါ့။ တို့ မိသားစုက ဘာမှမပြောတတ်ဘူး။ လာမယ်မဟုတ်လား"ဟုမေးသဖြင့် ...

"ဟာ ... လာမှာပေါ့။ ဦးလေးသိန်းကိုလည်း တွေ့ချင်နေတာ အတော်ပဲ။ ဆက်ဆက်လာခဲ့မယ်နော်"

ဟု ပြောပြီး မော်တော်ထွက်ရန်အချိန် နီးနေသဖြင့် ကျွန်ုပ်သည် ကမ်းနားလမ်းသို့ အပြေးဆင်းခဲ့ပါတော့သည်။

## ကိုယ်ရံတော်တပ်မှူးကြီး ဗိုလ်သိန်း

၁၉၆၃ ခုနှစ် ဇွန်လ (၁၁) ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီသည် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်သော သဘောထားတစ်ရပ်ကို တိုင်းပြည်သို့ ထုတ်ပြန်ကြေညာလိုက်ပါသည်။ အဓိကအားဖြင့် အချက်ကြီး (၆)ချက်ကို ကြေညာသွားပါသည်။ (ပြည့်စုံစွာ သိလိုပါက သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ၊ ပထမတွဲတွင် ဖတ်ရှုစေလိုပါသည်။) အဆိုပါကြေညာချက်အရ ဇူလိုင်လတွင် အဝေးရောက် (ဗ·က·ပ) များကို ရဲဘော်အောင်ကြီး ခေါင်းဆောင်၍ ရန်ကုန်သို့ ရောက်လာခဲ့ကြပါသည်။ ယင်းအဖွဲ့တွင် သခင်သန်းထွန်း၏ ဗဟိုဌာနချုပ်လုံခြုံရေးတပ်ဖွဲ့၊ တပ်မှူး (သို့မဟုတ်) ဥက္ကဋ္ဌကြီး၏ ကိုယ်ရံတော်တပ်မှူးကြီး ဗိုလ်သိန်း (ဦးလေးသိန်း)လည်း လိုက်ပါလာခဲ့ခြင်း ဖြစ်ပါသည်။ တော်လှန်ရေးအစိုးရက ဆွေးနွေးပွဲမစမီ နှစ်ရှည်လများ ကွဲကွာနေခဲ့ရသော ဆွေမျိုးများနှင့် ပြန်လည်တွေ့ဆုံခွင့်ပေးသဖြင့် ဦးလေးသိန်းကို အောင်လံမြို့သို့ တပ်မတော်မှ မော်တော်ယာဉ်ဖြင့် လိုက်ပါပို့ဆောင်ခြင်း ဖြစ်ပါသည်။ ထိုစဉ်က ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ လာရောက်ကြသော တောခိုခေါင်းဆောင်တိုင်းအား နိုင်ငံတော်အစိုးရက သားမယား၊ ဆွေမျိုးများနှင့် တွေ့ဆုံခွင့်ပြုပါသည်။ လုံခြုံစွာ လိုက်လံပို့ဆောင်ပါသည်။

## ပြန်လည်တွေ့ဆုံကြရာဝယ်

၁၉၆၃ ခုနှစ် ဇူလိုင်လ နေ့တစ်နေ့ မနက် (၈) နာရီခန့် ကျွန်ုပ်သည် မိမိနေထိုင်ရာ အောင်လံမြို့၊ ဧယာဝတီရပ်ကွက်

www.burmeseclassic.com

www.burmeseclassic.com



မြောက်ပိုင်းမှ စက်ဘီးစီးနင်းပြီး ဒေါ်လေးတို့နေထိုင်ရာ သရက်တောရပ်ကွက်သို့ တဖြည်းဖြည်း ချင်းနင်းလာခဲ့ပါသည်။ ဒေါ်လေးတို့အိမ်မှာ သရက်တောရပ်ကွက် ဧရာဝတီမြစ်၊ အရှေ့ဘက်ကမ်းပါးပေါ်တွင် တည်ဆောက်ထားသော (၂)ထပ်ပျဉ်ထောင် ပျဉ်ခင်း၊ သွပ်မိုးအိမ်လေး ဖြစ်ပါသည်။ ဧရာဝတီမြစ်ကို အပေါ်မှ စီး၍ မြင်နေရသဖြင့် ထက်အောက်စုန်ဆန်နေသော လှေလေးများ၊ မော်တော်များ၊ သင်္ဘောများကို မြင်နေရပါသည်။

ကျွန်ုပ် စက်ဘီးပေါ်မှ ဆင်းလိုက်သောအခါ မိမိခင်ပွန်းအား ကြိုဆိုရန် ပြင်ဆင်နေသော ဒေါ်လေးက ...

"ဟယ် ... ငါ့တူတကယ်လာတယ်နော်။ အမလေး ဝမ်းသာလိုက်တာ။ သမီးတို့ရေ ... ငါ့တူထိုင်ဖို့ ပက်လက် ကုလားထိုင် ချပေးလိုက်။ ကော်ဖီပူပူလေး ဖျော်တိုက်လိုက်။ ပြင်ထားတဲ့ ဆီချက် ခေါက်ဆွဲလေးလည်း ထည့်ပေးလိုက်ပါ" ဟု ပျာပျာသလဲ ပြောနေသဖြင့် ကျွန်ုပ်က ပျော်စေ ပျက်စေသောသဘော

**တောခို**
**ခေါင်းဆောင်ကိုင်းအား**
**နိုင်ငံတော်အစိုးရက**
**သားမယား၊**
**ဆွေမျိုးများနှင့်**
**တွေ့ဆုံခွင့်ပြုပါသည်။**
**လုံခြုံစွာ လိုက်လံ**
**ပို့ဆောင်ပါသည်။**

ဖြင့် ...

"ဒေါ်လေး သိမ်ဝမ်းသာပြီး ရင်တွေခုန်နေသလားဟင်။ ဦးလေးသိန်းနဲ့ တွေ့ရင် ဘာတွေပြောကြမှာလဲဟင်။ ဒေါ်လေးတို့ အပျိုလူပျိုဘဝကန်တော့အုပ်တင် တုန်းကလိုများ ရင်တုန်နေသလားလို့" ကျီစယ်လိုက်ရာ ...

"အမလေး ... ငါ့တူရယ် အသက် (၅၀) ကျော်ကုန်ပြီ။ သူ့ကို ဘာမှပြောစရာမရှိဘူး။ သူကသာ ပြောချင်ရင် ပြောဖို့ပဲ။ ဒေါ်လေးကတော့ ဘာမှပြောစရာ မရှိဘူး။ ဘာမှနားမလည်တော့၊ ဟိုတုန်းကလည်း သူလုပ်သမျှကို ဘာမှဝင်မပြောခဲ့ဖူးတူမောင်ရယ်"

ဟု မျက်လွှာချပြီး လေအေးအေးလေးဖြင့် ပြောနေပါသည်။ ထိုသို့ပြောနေသံ ကြားရသဖြင့် ပိုပြီး ဒေါ်လေးအား သနားမိပါသည်။ ထို့ကြောင့် ...

"ဒေါ်လေး စိတ်မဆိုးနဲ့နော်။ ကျွန်တော်က ဒေါ်လေး စိတ်မကောင်းမှာစိုးလို့ ရယ်စရာပြောနေတာပါ။ တတ်နိုင်သမျှ ကျွန်တော်လည်း ဦးလေးကို ဝင်ပြောသင့်တာတော့ ပြောရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးကသာ ကျွန်တော့် ဘယ်သူဘယ်ဝါဆိုတာမိတ်ဆက်ပေးပါနော်"

ဟုပြောပြီး ကော်ဖီသောက်နေလိုက်ပါသည်။

ကျွန်ုပ်ရောက်ပြီး နာရီဝက်ခန့်အကြာ ဒေါ်လေးအိမ်ရှေ့သို့ တပ်မတော်မှ ဒေါ့ဂျစ်တစ်စီး ရပ်သံ ကြားလိုက်ရပါသည်။ ကျွန်ုပ် အိမ်ပေါက်ဝသို့ ကြည့်လိုက်သောအခါ တပ်မတော်အရာရှိ (၂) ဦးနှင့်အတူ စစ်ယူနီဖောင်းဝတ်၊ တောစီးစစ်ဖိနပ်၊ တောတွင်းဆောင်း စစ်ဦးထုပ်ကို ဆောင်းလျက် ပိန်ပိန်ပါးပါး၊ အသား ညိုညို၊ ထောင်ထောင်မောင်းမောင်း လူတစ်ယောက် ဝင်လာပါသည်။

ထိုပုဂ္ဂိုလ်မှာ ဦးလေးသိန်း (ဗိုလ်သိန်း) ဖြစ်ပါသည်။ ဒေါ်လေးက မပြုံးမရယ် တည်ငြိမ်သောမျက်နှာပေးဖြင့် ...

"လာ ... လာ ... ကိုသိန်း ဧည့်ခန်းမှာပဲ ရှင့်တူတော်မောင်နှင့်အတူ ထိုင်စကားလေးဘာလေးလည်းပြော။ အဲဒါ ကျွန်မ အစ်ကိုကြီးကိုကြင်ရဲ့ သမက်တော့။ တူမ မြင့်မြင့်မူ ယောက်ျားလေ။ သရက်မြို့မှာ တရားသူကြီးလုပ်နေတယ်"

ဟု စတင်၍ မိတ်ဆက်ပေးလိုက်သဖြင့် ဦးလေးသိန်းက လက်ကမ်းပေးပြီး ...

"အစ်ကိုကြင်က မင်းဇနီးမွေးပြီး ငယ်ငယ်ကဆုံးသွားတာ။ ငါတို့ကို တွေ့ရတာ ဝမ်းသာတယ်"

ဟု ပြောပြီး နေအိမ်တစ်အိမ်လုံးကို အကဲခတ်၍ ကြည့်နေသည်။ ခေတ္တမျှ နှုတ်ဆိတ်သွားသည်။ ပြီးတော့ ပါလာသည့် တပ်မတော်အရာရှိများအား နေရာထိုင်ခင်းပေးပြီး ဖျော်ထားသော ကော်ဖီခရားကို မ၍ ပါလာသည့် ဧည့်သည်များကို တိုက်ပါသည်။ ဒေါ်လေးနှင့် သမီးမတင်တင်ရီ၊ မခင်ခင်ကြည်တို့မှာ မနီးမဝေးတွင် ထိုင်နေကြပါသည်။ သို့ရာတွင် သမီးများမှာ မျက်နှာမကောင်းကြပါ။ မျက်ရည်များ လည်နေကြပါသည်။ သူတို့အဖေကို သူတို့ အခွင့်ရလျှင် အရေးဆိုကြပေတော့မည်ဟု ကျွန်ုပ် အတတ်သိနေပါသည်။

ဦးလေးသိန်းသည် ကော်ဖီများ၊ မုန့်များ စားသောက်ပြီးနောက် လက်သုတ်နေစဉ် ဒေါ်လေးအား စိုက်ကြည့်ပြီး ...

"ငါ မရှိတုန်း နင်တို့တစ်အိမ်လုံးဘာလုပ်စားနေကြသလဲ။ ကံကြီးပိုင်းက အမျိုးတွေကကော ထောက်ပံ့သေးသလား" ဟု ကောက်ကာ ငင်ကာ မေးလိုက်ရာ သမီးအငယ် ခင်ခင်ကြည်သည် အသံထွက်၍ ရှိုက်လိုက်ပြီး ...

"မေးရက်တယ် အဖေရယ်။ သမီးတို့သားအမိမှာ မရှိတာ ရှိတာလေးတွေ ရောင်းချပြီး အထည်ဆိုင်လေးဖွင့်ရောင်းစားနေရပါတယ် ... ဟီး ...ဟီး"

ဟု အသည်းလှိုက် အူလှိုက် ငိုချလိုက်ပါသည်။ ထိုစဉ် သမီးအကြီး တင်တင်ရီက ...

"အဖေကတော့ သိပ်ကောင်းတာပေါ့နော်။ ပါတီအတွက်၊ ဥက္ကဋ္ဌကြီးအတွက် အသက်ပေးပြီး အဆင်းရဲခံ၊ သမီးတို့မိသားစုမှာ ငွေရင်းငွေနှီးက လောက်လောက်ငှငှ မရှိတော့ မုဆိုးမသမီးတွေကျနေတာပဲ သိမ်ငယ်၊ မျက်နှာငယ်ရပါတယ်။ ဟိုက အကြွေးယူ၊ ဒီက အကြွေးယူ။ မနက်စာ၊ ညစာ အလျဉ်မီ

www.burmeseclassic.com

www.burmeseclassic.com



အောင် သမီးတွေရော၊ အမေရော ပင်ပန်းလိုက်တာ အဖေရယ်။ ယားတာတောင် မကုတ်အားပါဘူး"

ဟု ပြောချလိုက်ပြီး မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာပါတော့သည်။

ဒေါ်လေးက ဘာမှမပြော။ တည်တည်ငြိမ်ငြိမ်။ ဦးလေးသိန်းကို စိုက်ကြည့်နေပြီး အံကို ကြိတ်ထားသည်။ ရန်လည်း မလုပ်၊ တိုးရှိုးတောင်းပန်ခြင်းလည်း မပြု။ အကဲခတ်ရသည်မှာ ဖွင့် မပြောသော်လည်း ဒေါ်လေး စိတ်ထဲတွင် "ရှင်ကောင်းမယ်ထင်တာကို လုပ်ပေါ့။ ကျွန်မကတော့ မတားပေါင်။ ကိုယ်ဖြစ်ကိုယ်ခံ" ဟု ပြောမည့်ပုံသဏ္ဍာန် ဖြစ်ပါသည်။ သမီးခင်ခင်ကြည်မှာ တအားငိုချလိုက်ပြီး တက်သွားသဖြင့် ဒေါ်လေးက ...

"တူမောင် လုပ်ပါဦး ... လုပ်ပါဦး" ဟု ဆိုသဖြင့် နေရာမှထပြေးပြီး ကြက်ခြေနီသင်တန်းတက်စဉ်က သင်ခဲ့သော ရှေးဦးသူနာပြုနည်းဖြင့် ခြေဖဝါးကို နှိပ်ပေးခြင်း၊ ညှပ်ရိုးကို နှိပ်ပေးခြင်းဖြင့် သတိရလာပါသည်။ ခင်ခင်

**"အဖေရယ် လက်နက်ချလိုက်ပါတော့။ သမီးတို့နဲ့အတူ ပြန်နေကြပါစို့။ သမီးတို့ လုပ်ကျွေးပါ့မယ်။ အဖေမရှိတဲ့ သမီးတွေကို ဘယ်သူမှ မရှိသေကြဘူး။ အဖေတို့ တော်လှန်ရေးကြီးက ဘယ်တော့ အောင်မှာလဲဟင်။**

ကြည် သတိရလာသောအခါ ဦးလေးသိန်း၏ ခြေနှစ်ဖက်ကို ဖက်ထားလိုက်ပြီး ...

"အဖေရယ် လက်နက်ချလိုက်ပါတော့။ သမီးတို့နဲ့အတူ ပြန်နေကြပါစို့။ သမီးတို့ လုပ်ကျွေးပါ့မယ်။ အဖေ မရှိတဲ့သမီးတွေကို ဘယ်သူမှမရိုသေကြဘူး။ အဖေတို့တော်လှန်ရေးကြီးက ဘယ်တော့အောင်မှာလဲဟင်။ အမေလည်း အသက်ကြီးလှပြီ။ သမီးတို့ သားအမိမှာ အဖေအတွက် ဘုရားမှာ ဆုတောင်းရတာ နေ့တိုင်းပါပဲ။ အဖေ့ဘဝကလည်း တစ်နေ့ ရွှေ၊ တစ်နေ့ ငွေဆိုတာလည်း သတိထားပါဦး အဖေရယ်"

ဟုပြောလိုက် သူ့ခေါင်းနှင့် ခြေထောက်များကို တိုက်လိုက်လုပ်နေသည်ကို မြင်ရသော ကျွန်ုပ်မှာ စိတ်မသက်သာတော့။ ကျွန်ုပ်ကိုယ်တိုင်လည်း မျက်ရည်များ စို့လာသဖြင့် ...

"ဦးလေးသိန်း ကျွန်တော့်ကို စိတ်ဆိုးချင်လည်း ဆိုးဗျာ။ ဦးလေးတို့ပါတီ တောခိုစတုန်းက လက်နက်ကိုင်ဦးရေ (၂) သောင်းကျော်ကျော်ရှိပါတယ်။

www.burmeseclassic.com



> **တောခိုစဉ်တုန်းက လက်နက်ကိုင်ဦးရေ (၂) သောင်း ကျော်ကျော် ရှိပါတယ်။ ဒီတုန်းက အစိုးရမှာလည်း တပ်မတော် အင်အားက နည်းနေပြီး တပ်ဖွဲ့ဝင် (၂)သောင်းလောက်ပဲ ရှိပါတယ်။**

ဒီတုန်းက အစိုးရမှာလည်း တပ်မတော် အင်အားက နည်းနေပြီး တပ်ဖွဲ့ဝင် (၂) သောင်းလောက်ပဲ ရှိပါတယ်။ ခုတော့ ဦးလေးသိန်းတို့ ပါတီမှာ လက်နက်ကိုင်(၂၅၀) လောက်ပဲ ကျန်တော့တယ်။ တော်လှန်ရေး အစိုးရမှာ လက်နက်ကိုင်တပ် အင်အား (၄) သိန်း ကျော်သွားပြီ။ ဦးလေး သိန်းတို့ကို ဝိုင်းထားတဲ့ တပ်မ (၇၇) တစ်ခုတည်းမှာ အင်အား တစ်သောင်းတိတိ ရှိတယ်။ ဦးလေး သိန်း စဉ်းစားပါနော်။ တောထဲ မပြန်ပါနှင့်တော့။ တူတော်မောင် တောင်းပန်ပါရဲ့စေ။ အမှားပါရင် ကန်တော့ပါတယ်"

ဟု ပြောပြောဆိုဆို ထိုင်၍ ကန်တော့လိုက်ပါသည်။

ထိုကဲ့သို့ ကျွန်ုပ်က ထပ်ဆင့်၍ နားချလိုက်သောအခါ ခြေထောက်ကိုဖက်ထားသော သမီး ခင်ခင်ကြည်၏ခေါင်းကို ပွတ်သပ်ပေးပြီး ဟိုးအဝေးဆီသို့ ငေးကြည့်နေပါသည်။ ဧရာဝတီမြစ်အတွင်း ပြေးဆွဲနေသော မော်တော်များ၊ လှေကလေးများကိုလည်းကောင်း၊ ဧရာဝတီမြစ်ကမ်း အနောက်ဘက်မှ အရှေ့အနောက်သွယ်တန်းနေသည့် ညို့ညို့မှိုင်းမှိုင်း ဖိုးခေါင်တောင်တန်းကြီးကိုလည်းကောင်း စကားမပြော အဖြေမပေး ငေး၍မျှော်ကြည့်နေလိုက်ပါသည်။ အနီးတွင်ရှိသော တပ်မတော်အရာရှိ (၂) ဦးမှာ မျက်နှာပူသည် ထင်ပါသည်။ အိမ်အပြင်သို့ထွက်ခွာသွားကြပါသည်။

တစ်အောင့်လောက်ကြာသောအခါ ဦးလေးသိန်းသည် သမီးခင်ခင်ကြည်အား မျက်ရည်သုတ်ပေးလိုက်ပြီး ဟင်း ဟု သက်ပြင်းရှည်ကြီးချလိုက်ကာ "အဖေ စဉ်းစားပါရစေဦး သမီးတို့ရယ်" ဟူသော စကား တစ်ခွန်းတည်းကို ပြောဆိုလိုက် ပါသည်။ ထို့နောက် လက်ကိုင်ပဝါကိုထုတ်ကာ မျက်ရည်များကို သုတ်လိုက်ပါသည်။ ဩော် … သူလည်းလေ လောကီသားပေပဲ ဟု ကျွန်ုပ်စိတ်ထဲက ရွတ်ဆိုလိုက်မိပါတော့သည်။

### တပ်မတော်အရာရှိလေး တစ်ဦး

ဦးလေးသိန်းသည် မျက်ရည်များ သုတ်ပြီး တစ်အိမ်လုံး

www.burmeseclassic.com

www.burmeseclassic.com



အား အိမ်ထောင်ပရိဘောဂမှအစ ပန်းကန်စင်၊ ရေအိုးစင်များကို အကဲခတ်ကြည့်နေရာ ဧည့်ခန်း နံရံပေါ်တွင် ပန်းပေါ်၌ ရွှေလိုင်း (၂)လိုင်းတပ် ကက်ဦးထုပ် ဆောင်း၍ ရိုက်ထားသည့် ပို့စကပ်ဆိုက် မှန်ဘောင်သွင်းထားသော ဓာတ်ပုံလေးတစ်ပုံကို မြင်လိုက်သော အခါ ...

"ကြင်ပိုင် ... အဲဒီစစ်ဗိုလ်လေးက ဘယ်သူလဲဟင်"

ဟု မေးလိုက်သောအခါ ..

"အဲဒါ တော့်သား အောင်အောင်လေ။ ရှင် တောခိုသွားတုန်းက မတ်တတ်ပြေးခါစ ကျွန်ခဲ့တဲ့ သားအငယ်ဆုံးလေးပေါ့"

ဟုပြောလိုက်ပါသည်။

ကျွန်ုပ်က လက်မြန် ခြေမြန် ထ၍ နံရံပေါ်မှ ဓာတ်ပုံကို ယူ၍ ဦးလေးသိန်းလက်ထဲသို့ ထည့်ပေးလိုက်ပါသည်။ ဓာတ်ပုံကို သေသေချာချာ မျက်တောင်မခတ်ဘဲ ကြည့်နေပြီး ယုယုယယ ဖုန်မှုန့်များကို သုတ်နေရာ ကျွန်ုပ်ကပင် "ဦးလေးသိန်း ယူသွားချင်လို့လား။ ပေး ... ကျွန်တော် တိုက်ချွတ်ပေးမယ်" ဟု ပြောပြီး ဓာတ်ပုံကို မှန်ဘောင်မှ ချွတ်၍ ဦးလေးသိန်းအား ပေးလိုက်ပါသည်။ ဦးလေးသိန်းသည် သားဖြစ်သူ တပ်မတော် အရာရှိလေး ဗိုလ်အောင်အောင်၏ ဓာတ်ပုံကို အမြတ်တနိုး ကိုင်တွယ်ကြည့်ရှုနေပြီး လက်ဝဲဘက် အိတ်ကပ်အတွင်းမှ ဒိုင်ယာရီ စာအုပ်ကလေးကို ထုတ်လိုက်ပြီး စာအုပ်ကြား ညှပ်လိုက်ပါသည်။ ပြီးတော့ အိတ်ထဲသို့ ညင်သာစွာ ထည့်လိုက်ပါသည်။

ဦးလေးသိန်းသည် ကြာကြာနေလျှင် သမီးများ၏ မျက်ရည်တွင် သူ၏အသည်းနှလုံး အရည်ပျော်ကျသွားမည်ကို ရိပ်မိဟန်တူပါသည်။ ချွတ်ထားသော ဦးထုပ် ကောက်ဆောင်းလိုက်ကာ ...

"ကဲ ... ကဲ ... သွားတော့မယ် ကြင်ပိုင်။ သားဗိုလ်အောင် ဘယ်တပ်မှာ တာဝန်ကျသလဲ။ ခု ဘယ်ရောက်နေသလဲ" ဟုထပ်မေးလိုက်သဖြင့် ....

"တပ်မ (၇၇) လက်အောက်က ခြေမြန်တပ်ရင်း (၁၀၅) မှာ တာဝန်ကျတယ်။ ခု ဘယ်ရောက်နေလဲတော့ ကျွန်မ မသိဘူး"

ဟု ဒေါ်လေးက ဖြေလိုက်ပါသည်။ ထိုအခါ ဦးလေးသိန်း ပါးစပ်က ...

"တပ်မ (၇၇)၊ တပ်မ (၇၇)တဲ့။ တပ်မ (၇၇) တဲ့"

ဟု ထပ်ကာ ထပ်ကာ ရေရွတ်နေပြီး အိမ်ရှေ့ရှိ လိုက်ပို့သော စစ်တပ်မှ ဒေါ့ဂျစ်ကားပေါ်သို့ တက်လိုက်ပြီး ထွက်ခွာသွားပါတော့သည်။ ကားမထွက်ခင် မချိပြုံးပြုံးကာ လက်ပြ၍သွားပါသည်။ သမီးများမှာ အော်ဟစ်ငိုယိုလိုက်ကြပါသည်။ အိမ်နီးနားချင်းများက အားနာ၍ထင်ပါသည်။ နေအိမ်များပေါ်မှ ချောင်းကြည့်နေကြပါသည်။

## ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်သွားခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ၁၉၆၃ ခုနှစ် ဇွန်လ (၁၁) ရက်နေ့တွင် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းအားလုံးသို့ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ သဘောထားကြီးမားစွာ ဖိတ်ခေါ်ခဲ့ပါသည်။ သို့ရာတွင် အဆိုပါ အဖွဲ့အစည်းများသည် ရိုးသားမှု

www.burmeseclassic.com

www.burmeseclassic.com



ယခု
ဖော်ပြနေသော
ဖြစ်ရပ်မှန်ဇာတ်လမ်းမှ
အဓိကဇာတ်ကောင်
ဗိုလ်သိန်းမှာ
ကွန်မြူနစ်ပါတီ
ဌာနချုပ် လုံခြုံရေး
တပ်ဖွဲ့၏ တပ်မှူး
ဖြစ်သကဲ့သို့
ဥက္ကဋ္ဌကြီး
သခင်သန်းထွန်း၏
ကိုယ်ရံတော်နှင့်
လုံခြုံရေး
တာဝန်ခံ ဖြစ်ရာ

မရှိပါသဖြင့် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကျောခိုင်း၍ တောတွင်းသို့ ပြန်သွားကြပါသည်။

◆◆◆◆◆

ယခု ဖော်ပြနေသော ဖြစ်ရပ်မှန်ဇာတ်လမ်းမှ အဓိကဇာတ်ကောင် ဗိုလ်သိန်းမှာ ကွန်မြူနစ်ပါတီဌာနချုပ် လုံခြုံရေးတပ်ဖွဲ့၏ တပ်မှူးဖြစ်သကဲ့သို့ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း၏ ကိုယ်ရံတော်နှင့် လုံခြုံရေးတာဝန်ခံ ဖြစ်ရာ တောတွင်းသို့ ပြန်သွားခဲ့ပါတော့သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ တစ်နေ့သော ရုံးပိတ်ရက်တစ်ရက်တွင် ကျွန်ုပ်၏ နေအိမ်သို့ ဒေါ်လေးဒေါ်ကြင်ပိုင် ရောက်လာပြီး …

"တူမောင်ရေ … မင်းဦးလေးသိန်းတို့ ဗကပတွေနဲ့ အစိုးရငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်သွားပြီဆို ဟုတ်လား။ သမီးတွေက ပြောနေတယ်"

ဟု အလောတကြီး မေးလာပါသည်။

"ဟုတ်တယ် ဒေါ်လေး။ သတင်းစာထဲမှာ ဓာတ်ပုံနဲ့ကို ပါလာပြီ"

ဟုလိုရင်းတိုရှင်း ဖြေလိုက်ပါသည်။ ထိုအခါ ဒေါ်လေး မျက်နှာသည် ပြိုတော့မည့် မိုးကဲ့သို့ ညိုလာပြီး …

"ငါ့တူရယ် ဒီလိုဆို မင်းဦးလေးသိန်းတို့ တောထဲ ပြန်သွားကြပြီပေါ့နော်။ ဘယ်နေရာ၊ ဘယ်ဒေသလောက်ကိုများ ပြန်သွားကြသတဲ့လဲ တူမောင်ရယ်"

ဟု ထပ်ဆင့်မေးပြန်ပါသည်။

"ကျွန်တော် ထင်တာပြောရရင်တော့ ပေါင်းတလည် ပေါက်ခေါင်းဘက်ကို သွားကြမယ် ထင်ပါတယ်။ ပြီးတော့မှ ပဲခူးရိုးမကို တက်ကြမယ်ထင်ပါတယ်။ သူတို့ကို အစိုးရတပ်တွေက ချက်ချင်းတော့ လိုက်မတိုက်သေးပါဘူးလို့ တော်လှန်ရေးအစိုးရက ကတိပေးထားပြီးသားပါ။ ဦးလေးသိန်းအတွက် ဒေါ်လေး စိတ်ပူနေသလား ဟင်"

ဟု မေးလိုက်သောအခါ…

"အင်း … ကိုသိန်း အတွက်တော့ သိပ်မပူပါဘူး

www.burmeseclassic.com



တူမောင်ရယ်။ သားလေး ဗိုလ်အောင်အတွက် ပူတာပါ။ မတော်တိုက်ရင်းခိုက်ရင်း သူတို့ သားအဖချင်းတွေ့လိုက်ကြရင် ဒေါ်လေးတော့ တွေးကို မတွေးရဲဘူး တူမောင်ရယ်။ လင်ဆိုတာကတော့ လက်ဖက်တစ်ရိုး၊ ကွမ်းတစ်ရိုးနဲ့ တော်ရတဲ့ ဆွေမျိုးပေါ့။ သားဆိုတာကတော့ ကိုးလလွယ် ဆယ်လမွေးရတဲ့ ငါ့သွေးအစစ်ပါကွယ်။ အမယ်လေးလေး သားလေးများ တစ်ခုခု ဖြစ်သွားရင် ဒေါ်လေးတော့ ရင်ကွဲရချည်ရဲ့" ဟု ပြောပြောဆိုဆို ငိုချလိုက်ပါသည်။ ထိုစဉ် ကျွန်ုပ်၏ဇနီးက ထမင်းချက်ရာက ပြေးထွက်လာပြီး ...

"ဒေါ်လေး... ဗိုလ်အောင်အတွက် သိပ်စိတ်မပူပါနဲ့လား။ သူတို့တပ်က တိုက်ရည်ခိုက်ရည် အတွေ့အကြုံ အရင့်ဆုံးတပ်မ (၇၇)လို့ ပြောသံကြားတယ်။ ပြီးတော့ လက်နက်ကလည်းကောင်း၊ လူအင်အားကလည်းများ၊ ကျွန်မမောင်လေး ဗိုလ်အောင်တို့က အောင်ပွဲခံမှာပါ။ ဦးလေးသိန်းအတွက်တော့ ဒေါ်လေး ပူချင်ရင်ပူပါ"

ဟု ဖြေသိမ့်လိုက်ပါသည်။ ဒေါ်လေးသည် မျက်ရည်များ သုတ်နေပါသည်။ ကျွန်ုပ်ကပင် စ၍ ...


"ဦးလေးသိန်း လာတုန်းက ဒေါ်လေး မျက်ရည်မကျပါဘူး။ ခု ဘာသတင်းများ ကြားလို့လဲ" ဟုမေးလိုက်ရာမှ ...

"ဒေါ်လေးတို့ အထည်ရုံတန်းထဲမှာ ရန်ကုန်ကလာပြီး အထည်ဖောက်သည်ပေးတဲ့ ကောင်လေးက ပြောတယ်။ ဗကပဌာနချုပ်နောက်ကို တပ်မ (၇၇) လိုက်နေပြီတဲ့။ သားလေးက တပ်မ (၇၇) လက်အောက်က ခြေမြန်တပ်ရင်း (၁၀၅) ဆိုတော့ သားလေးတို့တပ်က လိုက်နေတာ။ သူ့အဖေနောက်ကို လိုက်နေတာ ပါလားဆိုပြီး ဒေါ်လေး သိပ်စိတ် ပူနေတာပါကွယ်" ဟု ပြောပြီး ပြန်ရန် ထီးကောက်ကိုင်လိုက်စဉ် ရေဒီယိုမှ အဆိုတော်ဒေါ်ကြည်အောင်၏...

"×××မိဘများရဲ့မေတ္တာ
××× သားသမီးများရဲ့အပေါ်မှာ
××× သီတာရေစင် ဒီရေအလား
ပမာ ×××" ဟူသော အသံကို ကြားလိုက်သောအခါ ဒေါ်လေးသည် ခေတ္တမျှငိုင်ပြီး နားထောင်လိုက်ပါသည်။ သီချင်းဆုံးသွားသောအခါကျမှ ဒေါ်လေးသည် ထီးကို ဖွင့်ဆောင်းပြီး ထွက်သွားပါတော့သည်။

**ပြည်သာယာစစ်ဆင်ရေး**

ပြည်ထောင်စု မြန်မာနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေး အစိုးရနှင့် တောတွင်း လက်နက်ကိုင်အဖွဲ့အစည်းများ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်သွားသောအခါ နိုင်ငံတော်အစိုးရသည် သစ္စာရှိရှိ ကတိတည်စွာ သောင်းကျန်းသူများအား ဘေးမသီ ရန်မခစေဘဲ လိုရာအရပ်သို့ လိုက်လံပို့ဆောင်ပေးပြီး ချက်ချင်းပြင်းထန်သော ထိုးစစ်များကို မဆင်နွှဲခဲ့ပါ။ သတ်မှတ်ထားသည့်ရက်ပိုင်းအထိ စောင့်ဆိုင်းနေခဲ့ပါသည်။ အပစ်အခတ် ရပ်ထားပေးခဲ့ပါသည်။ ရက်ချိန်းစေ့သောအခါတွင် စစ်ဆင်ရေးများကို ပြန်လည်စတင်လိုက်ပါသည်။ ထိုးစစ်များကို စတင်လိုက်ပါပြီ။ ပထမဆုံး ပြည်သာယာစစ်ဆင်ရေးဖြင့် ဗကပ ဗဟိုဌာနချုပ်ကို ထိုးစစ်ဆင်လိုက်ပါပြီ။

၁၉၆၈ ခုနှစ်၊ ဧပြီလ (၁၆) ရက်နေ့ မနက် (၅) နာရီ မိနစ် (၂၀) အချိန် ဖြစ်ပါသည်။ ဗမာပြည် ကွန်မြူနစ်ပါတီသည် ပဲခူးရိုးမ၊ တောင်ညိုချောင်းဖျား အနီးတွင် စခန်းချပြီး နားနေချိန် ညက တစ်ညလုံး ဌာနချုပ်ရှိ ခေါင်းဆောင်များ အပါအဝင် လူကုန်လက်ကုန် အော်ဟစ်ပျော်ပါး အောင်ပွဲခံခဲ့ကြသဖြင့် အိပ်မောကျနေချိန် ဖြစ်ပါသည်။ တပ်မ (၇၇) လက်အောက်ခံ ခြေမြန်တပ်ရင်း (၁၀၅) သည် ပန်းစိုက်ချောင်းအတွင်းမှ ဖြတ်တက်လာပြီး ဗဟိုစခန်းကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ရာ ဗဟိုကော်မတီဝင် ဗိုလ်ဇေယျနှင့် သောင်းကျန်းသူ ရဲဘော်တစ်ယောက် ကျဆုံးခဲ့ရပြီး ခေါင်းဆောင်ကြီး သခင်သန်းထွန်းနှင့်အဖွဲ့သည် လက်လွတ်ထွက်ပြေး လွတ်မြောက်သွားပါသည်။ အဆိုပါ ဗကပ ဌာနချုပ်အား ဝင်ရောက် တိုက်ခိုက်သော တပ်မ (၇၇) လက်အောက်ခံ ခြေမြန်တပ်ရင်း (၁၀၅) ၏ တပ်စုမှူးမှာ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်ဇနီး၏ မောင်ဝမ်းကွဲတော်စပ်သူ၊ ဒေါ်လေးဒေါ်ကြင်ပိုင်၏သား၊ ဦးလေးသိန်း၏သား ဗိုလ်အောင် ဖြစ်နေပါသည်။

ညက တစ်ညလုံး
ဌာနချုပ်ရှိ
ခေါင်းဆောင်များ
အပါအဝင်
လူကုန် လက်ကုန်
အော်ဟစ်ပျော်ပါး
အောင်ပွဲခံခဲ့ကြသဖြင့်
အိပ်မောကျနေချိန်

ဗိုလ်အောင်ကတော့ မသိရှာပါ။ အထက်အမိန့်အတိုင်း လိုက်လံတိုက်ခိုက်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**တေဇစစ်ဆင်ရေး**

အချိန်ကာလကား ၁၉၆၈ ခုနှစ် စက်တင်ဘာလ (၁၉) ရက်နေ့ဖြစ်ပြီး နေရာကား ပဲခူးရိုးမ မြရာပင်ကြောတောတွင်း တစ်နေရာ ဖြစ်ပါသည်။ အရုဏ်ဦးသည် ခါတိုင်းနေ့များနှင့်မတူ။ ကြည်လင်တောက်ပနေ၏။ အရှေ့ဘက်မြရာပင်ကြောထိပ်ရှိ မိုးထိလုမတတ် သစ်ပင်ကြီးများနှင့် ဝါးရုံပင်ကြီးများ၏ အကြိုအကြားမှ နေရောင်ခြည်များ ဖျာထွက်နေသည်မှာ မီးမောင်းကြီးများ ထိုးထားသကဲ့သို့ ဝင်းပနေပါသည်။

မနက် (၉) နာရီခန့်အချိန်ရောက်ပါပြီ။ ဗကပ ဗဟိုကော်မတီ လူကြီးများသည် ပါတီတွင်း သုတ်သင်ရေး၊ ထိုးစစ်ကို ထိုးစစ်ဖြင့် ရိုက်ချိုးရန် စသည်ဖြင့် တိုင်ပင်ဆွေးနွေးနေကြပါသည်။ တပ်မ (၇၇) လက်အောက်ခံ ခြေမြန်တပ်ရင်း (၁၀၅) မှ ဓာပ်ခွဲတစ်ခွဲသည် ရုတ်တရက် စခန်း၏ မြောက်ဘက်နှင့်အနောက်ဘက်မှ ဝိုင်းဝန်း၍ တိုက်ခိုက်လိုက်ပါသည်။ ယခုအကြိမ်မှာ ဗကပဌာနချုပ် ဒုတိယအကြိမ် ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်ရုံသာမက အငိုက်မိသွားသဖြင့် ရိက္ခာနှင့် လက်နက်များ အများအပြားဆုံးရှုံးရသည့်အပြင် အလွန်အားထားရသော ကြိုးမဲ့ကြေးနန်းစက်ကြီး၊ အသံဖမ်းစက်ကြီးများပါ ဆုံးရှုံးခဲ့ရပါသည်။ သခင်သန်းထွန်းနှင့် ဗဟိုကော်မတီဝင် လူကြီးများ လွတ်မြောက်ရေးအတွက် ဗဟိုကင်းတပ်ဖွဲ့က အလူးအလဲ အသေခံ၍ ကာပစ်ပစ်ပေးနေရပါသည်။ သောင်းကျန်းသူများ တစ်ယောက်ပြီး တစ်ယောက် ကျဆုံးကုန်သည်။ အသေအလဲ ခုခံ၍ပေးနေရသည်။ သို့မဟုတ်ပါက ခေါင်းဆောင်ကြီး သခင်သန်းထွန်း ဇိဝိန်ကြွေသွားနိုင်ပါသည်။

**ကံကြမ္မာဖန်လာပုံက ဆန်း**

ဗကပဌာနချုပ်သည် အလစ်ဝင်ရောက် အတိုက်ခံရခြင်း ဖြစ်၍ အကျအဆုံးများသည်။ အဆုံးအရှုံးများသည်။ ဗဟိုကော်မတီ လူကြီးများ လွတ်မြောက်ရေးအတွက် အတင်းလိုက်တိုက်နေသော တပ်မ (၇၇) ၏ ခြေမြန်တပ်ရင်း (၁၀၅) မှ ရဲဘော်များ မတက်နိုင်အောင် အလွန်ကြီးမားသော ညောင်ပင်အိုကြီးကို အကာအကွယ်ယူ၍ ဘရင်းစက်သေနတ်ကလေးဖြင့် အတွဲလိုက် ခုခံပစ်ခတ်နေပါသည်။ သောင်းကျန်းသူ ဘယ်နှယောက်မှန်းတော့ မသိ။ သို့အတွက် ဗိုလ်အောင်အနီးတွင် ဂျီဖိုးသေနတ်ဖြင့် ပစ်နေသော တပ်ကြပ်က ...

"ဗိုလ်ကြီးတွက်ပြေးတဲ့ ဗဟိုကော်မီတီလူကြီးတွေနောက်ကို လိုက်ဖို့က ဟိုညောင်ပင်နောက်ကပစ်နေတဲ့ စက်သေနတ်ကလေး အသံတိတ်သွားဖို့ လိုတယ်။ ဒါမှ ရဲဘော်တွေ တက်နိုင်မှာ။ ဒီတစ်လမ်းပဲ ရှိတယ်"

ဟု ပြောသဖြင့် ...

"ခင်ဗျားကြိုက်သလို ပြောလေ။ လုပ်ကြတာပေါ့" ဟု ဗိုလ်အောင်က အဖြေပေးလိုက်သောအခါ "ဒါဖြင့် ကာဘိုင်ကျွန်တော့်ကိုပေး ဗိုလ်ကြီးက ဟောဒီ ဂျီဖိုးနဲ့ ဟိုညောင်ပင်က စက်ကလေးသမား ခေါင်းမထောင်နိုင်အောင် အတွဲလိုက် မပြတ်ဆွဲပေး။ ကျွန်တော်က မျက်ကွယ်ယူပြီး စက်ကလေးသမားကို (၄၅) ဒီဂရီမြင့်ရာညီ

www.burmeseclassic.com

www.burmeseclassic.com



အထိ ပန်းပြီး တက်သွားမယ်။ ပြီးရင် ဖြိုလိုက်မယ်''

ဟုပြောပြီး တပ်ကြပ်သည် တောချုံများကို အကာအကွယ်ယူ၍ ဘေးမှ ပန်းတက်သွားသည်။ ဗိုလ်အောင်ကလည်း တရစပ်ပစ်နေသော ညောင်ပင်အိုကြီးဘေးမှ စက်ကလေးဆီသို့ ဂျီဖိုးသေနတ်ကို မြေကြီးတွင် သေချာဒေါက်ထောက်ကာ အတွဲလိုက် ပစ်လိုက်ပါသည်။

ဂျီဖိုးသေနတ်ပေါက်ကွဲသံမှာ တစ်တောလုံး ဟိန်းသွားပါသည်။ ရန်သူများအနေဖြင့် အသံကြားရုံဖြင့် သွေးပျက်လောက်ပါသည်။ ညောင်ပင်အိုကြီး၏နံဘေးမှ စက်ကလေးသေနတ်အခြမ်းအား အဆက်မပြတ် ပြင်းပြင်းထန်ထန် လာ၍ထိသောအခါ ညောင်ပင်အိုကြီး၏အနောက်ဘက်ခြမ်း တစ်ခြမ်းလုံးလောက် နီးပါး စုတ်ပြတ်သတ်ကုန်သည်။ စက်ကလေးလည်း အသံတိတ်သွားသည်။ ခေါင်းမပြူဝံတော့။ ဗိုလ်အောင်က တပ်ထားသောကျည်ဘောက်တစ်ခုလုံးကုန်သည်အထိ ဆွဲပစ်လိုက်ပြီး နောက်ကျည်ဘောက် အသစ်ထပ်၍တပ်ရန်

## ပြည်တွင်း ဖြစ်ရပ်မှန်

ခေတ္တအပစ်ရပ် လိုက်သည်။ ထိုသို့နားနေစဉ် ''ဖောင်း'' ဟူသော တစ်ချက်တည်းသော အရာဝတ္ထုတစ်ခုခုကို ထိမှန်လိုက်သည့် ကာဘိုင်သေနတ်သံကို ကြားလိုက်ရပြီး ညောင်ပင်အိုကြီးရှေ့သို့ စက်သေနတ်ကလေး ပိုက်လျက် သောင်းကျန်းသူ ကစ်ယောက် လဲကျသွားသည်ကို မြင်လိုက်ရသည်။ အကွာအဝေးမှာ ကိုက်တစ်ရာမပြည့်တပြည့် ဖြစ်သဖြင့် စကားပြောသံကိုပင် ကြားနိုင်ပါသည်။

ဗိုလ်အောင်သည် ကျည်ဘောက် အသစ်တပ်လိုက်ပြီး အသင့်အနေအထား ဂျီဖိုးကို ပိုက်လျက်က ဘာရယ်တော့ မရည်ရွယ်မိ။ ပါးစပ်က …

''မသေသေးရင် ထပ်မပစ်ပါနဲ့။ အရေးကြီးတဲ့စကားတွေ သူ့ဆီက မေးရဦးမယ်။ သတင်းတွေရနိုင်တယ်''

ဟု လှမ်းအော်လိုက်ပါသည်။ လဲကျနေသော သောင်းကျန်းသူအနီးသို့ တပ်ကြပ်နှင့် ဗိုလ်အောင်တို့ သေနတ်များ ချိန်ရွယ်လျက် ရောက်ရှိသွားကြပါသည်။ ဗိုလ်အောင်က သေနတ်ဖြင့် ချိန်ထားရင်း …

''ခင်ဗျားနာမည် ဘယ်သူလို့ ခေါ်သလဲ။ ဘာအဆင့်လဲ။ ပြောပါ''

ဟုမေးသည်။ လဲကျနေသော သောင်းကျန်းသူမှာ စစ်စိမ်းရောင်အကျီကို ဝတ်လျက် အသက်က (၅၀) ကျော်ကျော် လောက်ရှိမည်။ ရရှိထားသော ဒဏ်ရာမှာ ညာဘက်လက်မောင်း နောက်ကျောဘက်မှ ကျည်ဆန်ဝင်သွားပြီး ဝဲဘက်ရင်အုံမှ ထွက်သွားသည်။ ကြာကြာခံပုံမပေါ်။ အသက်ကို ပြင်းပြင်းရှူပြီး မျက်စိကို စုံမှိတ်ထားပါသည်။

လဲကျနေသော သောင်းကျန်းသူ၏အိတ်အပ်အတွင်းမှ အရေးကြီးသော စာရွက်စာတမ်းများကို ရလိုရငြား နှိုက်ယူလိုက်သည်။ ဝဲဘက်အိတ်ကပ်ထဲက ဒိုင်ယာရီအဟောင်းတစ်အုပ်၊ ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ယင်းစာအုပ်ကလေးအတွင်းမှ ကက်ဆောင်းလျက် တပ်မတော်အရာရှိလေးတစ်ဦး၏ဓာတ်ပုံ၊ သေသေချာချာကြည့်လိုက်ပြီး တပ်ကြပ်သည် အံ့ဩသောလေသံဖြင့် ...

"ဟာ ... ဒီမယ် ဗိုလ်ကြီးဓာတ်ပုံပါလား"

ဟု ပြောပြောဆိုဆို ဗိုလ်အောင်အား လှမ်းပေးလိုက်ပါသည်။

ဗိုလ်အောင်သည် ဓာတ်ပုံကို ယူလိုက်ပြီး ချိန်ထားသောလက်ထဲက သေနတ်ကို အောက်သို့ချလိုက်ပြီး ဒူးတုတ်ထိုင်ကာ လဲကျနေသော သောင်းကျန်းသူအား စိုက်ကြည့်လိုက်ပါသည်။ တပ်ကြပ်၏အော်ပြောသံကြားလိုက်ရသော လဲကျနေသူသည် အနည်းငယ် ခေါင်းမော့လိုက်ပြီး

"သား ... သား ... လူလေးဗိုလ်အောင်။ မေမေ ဗိုလ်သိန်းလေ"

ဟု နောက်ဆုံးစကားလုံးကို ဗလုံးဗထွေး ပြောပြီး ဦးခေါင်းနောက်သို့လန်ကျသွားကာ အသက်ထွက်သွားပါတော့သည်။ ဗိုလ်အောင်သည် အမြန်ပွေ့ထူလိုက်

"ဘယ်လိုဖြစ်တာလဲ ... ဗိုလ်ကြီးရယ်။ တကယ်တော့ ကျွန်တော် ပစ်လိုက်တာ ဗိုလ်ကြီးရဲ့ ဖခင်ပါလားနော်။ ဗိုလ်ကြီး ပစ်တာ မဟုတ်ပါဘူး။ စိတ်မကောင်း မဖြစ်ပါနှင့်နော်"

ပါသည်။ တပ်ကြပ်ကလည်း မနေသာသဖြင့် ကူညီ၍ထူမပေးသည်။ သို့သော် ဗိုလ်သိန်းကား အသက်မရှိတော့ပါ။

အသက် မရှိတော့သော ဖခင်သောင်းကျန်းသူ၏အလောင်းကို ပွေ့ထူလျက် ဗိုလ်အောင် ဘာလုပ်ရမည်ကို မသိ။ မျက်ရည်တွေသာ တွင်တွင်စီးကျနေသဖြင့် သက်သာလိုသက်သာငြား တပ်ကြပ်က ...

"ဘယ်လိုဖြစ်တာလဲ ... ဗိုလ်ကြီးရယ်။ တကယ်တော့ ကျွန်တော် ပစ်လိုက်တာ ဗိုလ်ကြီးရဲ့ ဖခင်ပါလားနော်။ ဗိုလ်ကြီး ပစ်တာမဟုတ်ပါဘူး။ စိတ မကောင်းမဖြစ်ပါနှင့်နော်"

ဟု နှစ်သိမ့်နေရှာပါသည်။

သေနတ်သံများ စဲပါပြီ။ တွက်စစ်လိုက်တော့ သောင်းကျန်းသူများဘက်မှ ယောက်ျား၊ မိန်းမ စုစုပေါင်း (၁၃) ယောက် ကျကျန်ရစ်သည်။ သို့အတွက် တပ်ခွဲမှူး ဗိုလ်မှူးသည် မိမိတပ်ခွဲအား တန်းစီလူစစ်သည်။ တပ်ကြပ်နှင့် ဗိုလ်အောင်တို့ လိုနေသေးသည်။ လိုက်လံရှာဖွေ ... သောင်ပင်အိုကြ ... အောက်တွင်

www.burmeseclassic.com



**တပည့်တော်သည် ဘဝဆက်တိုင်း ဆက်တိုင်း သားအဖချင်း စစ်ခင်းရတဲ့ဘဝမျိုး ဘယ်တော့မှ မရောက်ရပါစေသား။ အထက်အမိန့်နှင့် တာဝန်ကို ထမ်းဆောင်တဲ့ သားကိုလည်း ကျဆုံးသွားတဲ့ ဖေဖေ သားကို ရောက်ရာဘဝမှနေ၍ ခွင့်လွှတ်နိုင်ပါစေ**

ဗိုလ်အောင်က ကျဆုံးနေသော သောင်းကျန်းသူတစ်ဦးအား မွေ့ထူထားလျက် တပ်ကြပ်ဖြစ်သူက လုံခြုံရေးတာဝန်ယူလျက် တွေ့ရပြီး ဗိုလ်မှူးအားဖြစ်ကြောင်းရယ်ကုန်စင် အစီရင်ခံလိုက်ပါသည်။

စစ်စည်းကမ်းနှင့် အထက်အမိန့်ကို အမြဲနာခံသော ဗိုလ်အောင်အား တပ်ခွဲမှူး ဗိုလ်မှူးက နဂိုကတည်းက ခင်မင်ရင်းနှီးသဖြင့် ...

"ဒီမယ် ... ဗိုလ်အောင် ဘာမှ စိတ်မကောင်းမရှိပါနှင့်။ ကျဆုံးခဲ့တဲ့ အလောင်းတွေကို ကျွန်တော်တို့ ကောင်းကောင်း သင်္ဂြိုဟ်ဖို့ အမိန့်ပေးပြီးပြီ။ ဗိုလ်အောင်လည်း အထက်အမိန့်အရ နာခံလုပ်ကိုင်ရတာပဲ။ တာဝန်ကျေပါတယ်။ ကံကြမ္မာ ဖန်လာပုံကတော့ ဆန်းတယ်ပေါ့ဗျာ။ အချိန်မရှိဘူး။ သွားကြစို့"

ဟုဆို၍ ဗိုလ်မှူးက ထွက်သွားသောအခါ ဗိုလ်အောင်သည် ဦးထုပ်ချွတ်လိုက်ကာ ဖခင် ဗိုလ်သိန်းအား နောက်ဆုံးကြည့်ခြင်းဖြင့် တစ်ချက်စိုက်ကြည့်လိုက်သည်။ ပြီးတော့ ဦးသုံးကြိမ်ချလိုက်သည်။ ပြီးတော့ နှုတ်မှ အသံထွက်၍ ...

"ဘုရားတပည့်တော် ပြုသမျှ ကောင်းမှုကုသိုလ်များကြောင့် တပည့်တော်သည် ဘဝဆက်တိုင်း ဆက်တိုင်း သားအဖချင်း စစ်ခင်းရတဲ့ဘဝမျိုး ဘယ်တော့မှ မရောက်ရပါစေသား။ အထက်အမိန့်နှင့် တာဝန်ကို ထမ်းဆောင်တဲ့သားကိုလည်း ကျဆုံးသွားတဲ့ ဖေဖေ သားကို ရောက်ရာဘဝမှနေ၍ ခွင့်လွှတ်နိုင်ပါစေသား"

ဟု ပြောဆိုပြီး မျက်ရည်များကို သုတ်ကာ ရဲဘော်များနောက်သို့ အမီလိုက်ပါလာခဲ့ပါတော့သည်။

**ရဲဘော်များအနားပေးခြင်း**

၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် ဗကပဌာနချုပ်သည် တပ်မ (၇၇) နောက်မှ လိုက်တိုက်သဖြင့် ပြေးရင်း လွှားရင်း မိမိတို့အချင်းချင်း လုပ်ကြံသတ်ဖြတ်လိုက်သဖြင့် ဗကပဥက္ကဋ္ဌကြီး သခင်သန်းထွန်း ကျဆုံးသွားခဲ့ပါသည်။ ထို့နောက် တပ်မ (၇၇) ကိုလည်း ခေတ္တအနားပေးလိုက်သဖြင့် ဗိုလ်

www.burmeseclassic.com



အောင်တစ်ယောက် ခွင့် (၁၀) ရက် ရခဲ့ပါသည်။

တစ်နေ့သော ညနေ ရုံးဆင်းချိန်တွင် ကျွန်ုပ် အားကစားလုပ်နေစဉ် ကျွန်ုပ်နေထိုင်ရာ အောင်လံမြို့၊ ဧယျာဝတီမြောက်ပိုင်း နေအိမ်သို့ ဗိုလ်အောင် စက်ဘီးဖြင့် ရောက်လာသည်။ အရပ်ဝတ်ဖြင့် ဖြစ်ပါသည်။ အိမ်ထဲဝင်လာရင်း …

"အစ်ကို နေကောင်းလား။ အစ်မ ဘယ်သွားလဲ။ ကလေးတွေကော" ဟု ဆက်တိုက်မေးပြီး ကျွန်ုပ်၏လက်ကို ဆွဲ၍ အိမ်ရှေ့ဆက်တီတွင် အထိုင်ခိုင်းလိုက်ပါသည်။ အရေးကြီးသော အမှုအရာဖြစ်နေ၍ …

"ဗိုလ်အောင် ဘာဖြစ်လာသလဲ။ ဖြည်းဖြည်းသက်သာထိုင်စမ်းကွာ။ စကားပြောရအောင်။ ငါက စပြောမယ်။ မင်း ခွင့် ဘယ်နှရက်ရသလဲ။ ဘယ်တော့ ရန်ကုန်ပြန်မှာလဲ"

ဟု မေးလိုက်ရာ …

"အစ်ကိုရာ ခွင့် (၁၀) ရက်ရတယ်။ ခွင့်စေ့ရင် ပြန်မယ်။ အစ်ကို့ကို မေးစရာရှိလို့။ ပြီးတော့ သိပ်အရေးကြီးလို့ လာတာဗျာ"

ဟု ပျာပျာသလဲပြောနေသည်။

ကျွန်ုပ်က …

"ဆိုကွာ … မင်းဖားသားကြီး တိုက်ပွဲကျတာရယ်၊ မင်းဓာတ်ပုံသူ့ဆီမှာတွေ့တာရယ်၊ မင်းကို အထက်က ဘာများအရေးယူသေးလဲ"

ဟု မေးလိုက်ရပါသည်။ ထိုအခါ ဗိုလ်အောင်က …

"အဲဒီကိစ္စပေါ့ အစ်ကိုရာ။ ဘာမှတော့ အရေးမယူသေးပါဘူး။ ဒါပေမဲ့ ခွင့်ပြန်ဝင်ရင်တော့ ရန်ကုန်မှာ ဗိုလ်မှူးချုပ်နဲ့ တွေ့ရမယ်လို့ တပ်ရင်းမှူးက မှာလိုက်တယ်။ အဲဒါ ကျွန်တော့်ကိုများ ဥပဒေအရ သောင်းကျန်းသူနှင့် အဆက်အသွယ်လုပ်တယ်ဆိုပြီး ပုဒ်မ-၁၇(၁)အရ အရေးယူနိုင်သလားလို့ လာမေးတာပါ"

ဟု ပြောပြီး မျက်နှာငယ်သွားပါသည်။

ကျွန်ုပ်က သူ့စကားဆုံးသွားသောအခါ …

"ဟား … ဟား … ဟား … ဗိုလ်အောင် မင်းကို ဘယ်မတောက်တခေါက်ရှေ့နေကများ ပြောလွှတ်လိုက်တုန်း။ ပုဒ်မ-၁၇(၁) ဆို မပြည့်စုံဘူး။ အစ်ကို ပြောပြမယ်။ [illegible]က စာသားတွေကိုပါ ပြောရတယ်။ အေးလေ … မင်းက သိမှမသိတာ။ အပြစ်မဆိုပါဘူး။ ပြောလိုက်တဲ့ရှေ့နေကိုသာ အပြစ်တင်ချင်တာပဲ"



www.burmeseclassic.com



ဟု ဆိုပြီး အောက်ပါ အတိုင်း ရှင်းပြလိုက်ပါသည်။

မတရားအသင်း အက်ဥပဒေ ပုဒ်မ-၁၇(၁)

မည်သူမဆို -

(က) မတရားသင်းဝင်ဖြစ်ခြင်း၊

(ခ) အဆိုပါ မတရားသင်း၏ အစည်းအဝေးကို တက်ခြင်း၊

(ဂ) အဆိုပါအသင်းအတွက် ရန်ပုံငွေ လှူဒါန်းခြင်း၊

(ဃ) အဆိုပါအသင်းအတွက် ရန်ပုံငွေရရှိရန် စည်းရုံးဟောပြောခြင်း၊

(င) အဆိုပါအသင်း၏ လှုပ်ရှားမှုများတွင် တစ်နည်းမဟုတ်တစ်နည်းဖြင့် ပါဝင်ကူညီခြင်း

စသည်များကို ကျူးလွန်လျှင် ထိုသူကို ထောင်ဒဏ် (၂) နှစ်ထက်မနည်း (၃) နှစ်ထက် မပိုသော အပြစ်ဒဏ်ကို ချမှတ်ရမည့်အပြင် ဒဏ်ငွေကိုလည်း တပ်ရိုက်နိုင်သည်။

အထက်ပါအတိုင်း ဗိုလ်အောင်အား ရှင်းပြလိုက်ရာ ဗိုလ်အောင်၏မျက်နှာမှာ ဝင်းပသွားပါသည်။ ထို့နောက် ဗိုလ်အောင်က ...

"အစ်ကိုပြောသလိုဆိုရင် ကျွန်တော်တော့ ရန်ကုန်ကို သွားပြီး ဗိုလ်မှူးချုပ် --- နှင့် ရဲရဲကြီး သွားတွေ့လိုက်မယ်နော်"

ဟု ပြောပြီး ပြန်သွားပါတော့သည်။

**ဥပဒေနှင့်လောကပါလသစ္စာ**

ကျွန်ုပ်သည်လည်း မကြာမီ ရန်ကုန်သို့ အပြောင်းခံရသဖြင့် ရန်ကုန်မြို့ အမှတ် (၁)၊ အမှတ် (၂) နယ်မြေသို့ ပြောင်းရွှေ့၍ အမှုထမ်းခဲ့ရပါသည်။ အမှတ် (၁) နယ်မြေဆိုသည်မှာ အင်းစိန်၊ မင်္ဂလာဒုံ၊ ကြို့ကုန်း၊ ထောက်ကြံ့မြို့များပါဝင်ပါသည်။ ထို့ကြောင့် နေ့တစ်နေ့တွင် မင်္ဂလာဒုံ လေယာဉ်ကွင်းမှဖြတ်၍ မိမိ၏နေအိမ်သို့အပြန် မော်တော်ကားချင်းရှောင်ရာမှ ဗိုလ်အောင်ကို တွေ့လိုက်ရပါသည်။

ကျွန်ုပ်ကို မြင်သဖြင့် ကားရပ်ပေးခိုင်းပြီး ဗိုလ်အောင် ဆင်းလာပါသည်။ မြင်လျှင်မြင်ချင်း အစ်ကိုတစ်ယောက်အနေဖြင့် အရိုအသေပေးလိုက်ကာ ...

"အစ်ကိုပြောတာ အားလုံးမှန်ပါတယ်။ ကျွန်တော် ရာထူးတက်ပါတယ်။ ခုတော့ ခြေလျှင်တပ်ကနေပြီး ထောက်ပို့တပ်ကို ပြောင်းရတယ်။ ဒါကြောင့် ကျွန်တော် မင်္ဂလာဒုံမှာပဲ နေရပါတယ်။ အစ်မကိုလည်း ပြောပြလိုက်ပါ"

ဟု ပြောဆိုနှုတ်ဆက်ကာ ထွက်သွားပါတော့သည်။

**တောင်တွင်းကြီး**
**ဦးတင်လှိုင်**
**(BA,BL, BJS)**

www.burmeseclassic.com

www.burmeseclassic.com





တောင်တွင်းကြီးဦးတင်လှိုင် (BA,BL, BJS)

၁၉၃၄-၂၀၁၃


ဖြစ်ရပ်မှန် မဂ္ဂဇင်းတွင် လောကပါလသစ္စာတရား ခေါင်းစီးဖြင့် ဥပဒေပညာပေး စာပေများ၊ ဘဝအတွေ့အကြုံများကို ဖြစ်ရပ်မှန်မဂ္ဂဇင်းတွင် လစဉ်ပင်တိုင်ရေးသားခဲ့သူ တောင်တွင်းကြီး ဦးတင်လှိုင် ကွယ်လွန်သွားခြင်းအတွက် ဖြစ်ရပ်မှန် အယ်ဒီတာအဖွဲ့မှ ဝမ်းနည်းကြောင်း မှတ်တမ်းတင်ပါသည်။

အယ်ဒီတာအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com





ရွှေတိဂုံဘုရား ခြေတော်ရင်းရှိ
အာဇာနည်ကုန်းကို အကြမ်းဖက်ဖေါက်ခွဲခဲ့သူ၏
ကြိုးတိုက်အတွင်းမှ နောက်ဆုံးအချိန်များ

www.burmeseclassic.com

www.burmeseclassic.com

# သစ္စာကိုဆန်၍

ဇေယျာမင်းသျှင်

*ယခင်လ မှ အဆက်*

၃။

"ပင်လယ်ရေ အရောင်တွေကို ကျွန်တော် သေသေချာချာ ရေကြည့်ထားတာ အရောင် ၅ မျိုးတွေ့ရတယ်။ အဝါ၊ အနီ၊ အစိမ်း၊ အပြာ၊ အနက်။ သိပ်အံ့ဩဖို့ကောင်းတာပဲ။ ပြီးတော့ ပင်လယ်ရေဆိုတာ တကယ့်ကို ငန်တာကိုး။ ခါးတူးနေတာပဲ"

ရဲဘော် 'စီ' က ပြောပြီး နောက် ရယ်နေသည်။

'စီ' ကိုကြည့်ပြီး သူလည်း ဘယ်လိုမှ မရယ်ဘဲ မနေနိုင်။ ရယ်မိရပြန်သည်။ ကျွန်းနိုင်ငံကလေးတွင် နေနေလင့်ကစား ပင်လယ်နှင့်မနီးသည့် ကုန်းတွင်းပိုင်းဒေသတွေမှာသာ ကြီးပြင်းခဲ့ရသူ ရဲဘော် 'စီ' အဖို့ ပင်လယ်ဟူသည် တကယ့်ထူးထွေခန်းပြားကမ္ဘာသစ်ကြီးဖြစ်နေတော့သည်။

အထူးသဖြင့် သူတို့ဇာတိ

www.burmeseclassic.com

www.burmeseclassic.com



ဓေယျာမင်းသျှင်

# သစ္စာကိုဆန်၍

မြေနှင့် မိုင်ပေါင်းထောင်ချီဝေးသည့်မြန်မာ့ကမ်းရိုးတမ်းပင်လယ်ပြင်၏အလှက သူ့ကို ဖမ်းစားနိုင်လွန်းသည်။

လဆုတ်လသည် ဖွက်ခါစဖြစ်၏။

အရှေ့ဘက် မိုးကုပ် စက်ဝိုင်းခုံးခုံးကြီးအပေါ်မှာ လကရွှန်းရွှန်းမြမြကြီး သာ၍နေသည်။ တိမ်မျှင် တစ်စ မရှိ။ လရောင်သည် ပင်လယ်ရေပြာပြာအပေါ် စီးမိုးသွန်ကျလျက်ရှိရာ ကြည့်လေရာရာ တဝင်းဝင်း တလက်လက် တောက်ပနေ၏။ ဟင်းလင်းပွင့် ပင်လယ်ပြင်ကျယ်ကြီးဘက်မှာ မိုးကုပ်စက်ဝိုင်းကို မမြင်ရ။ ပင်လယ်ရေပြာပြာနှင့် ကောင်းကင်ပြာသာ ရောထွေးယှက်တင် မှိုင်းမှုန်လျက်ရှိသည်။ ဘယ်ဟာက ကောင်းကင်၊ ဘယ်ဟာ ရေပြင် ခွဲခြားမရ။ ကြယ်တွေကို မြင်ရသောနေရာသည်သာ ကောင်းကင်ဟု မှတ်ယူရတော့မယ်။

ပင်လယ်အော်သံတွေကို ကြား၏။

ပင်လယ်အော်သံဆိုသည်မှာ ပင်လယ်ပြင်မှ တလိမ့်လိမ့် ဘစ်ရှိန်ထိုး ကမ်းခြေရေတိမ်ပိုင်းဆီကို ပြေးလာနေကြသည့် လှိုင်းလုံးကြီးများ၏ ဘဝုန်းဝုန်း လှိုင်းရိုက်သံတွေဖြစ်ကြောင်း စီကို ပြောပြရသေးသည်။ စီက ပီတိကလေးငယ်ပမာ အံ့သြနေပြန်၏။

"ပင်လယ်ရေသက်သက်ကတော့ အရောင်မရှိတဲ့ရေပါပဲ။ အစိမ်း၊ အပြာ၊ အနက် ပြောင်းသွားတာက ရေအတိမ်အနက်နဲ့ဆိုင်တယ်။ ပြီးတော့ ရေပြင်ပေါ်ကို ထိုးကျလာနေတဲ့ နေရောင်ခြည် အနုအရင့်၊ နေရောင်ခြည်က တည့်တည့်ကျနေသလား။ ဘယ်လောက်အထိ စောင်းပြီးထိုးနေတာလဲစတာတွေနဲ့လည်း ဆိုင်တယ်။ အဲ ... ဒါပေမဲ့ အခုမင်းမြင်နေရတဲ့ ရေအရောင်ပြောင်းတာကတော့ ရွှံ့နွံ့တွေအနည်ထိုင်သွားလို့ အရောင်ပြောင်းသွားတာ။ များသောအားဖြင့် ကမ်းဦးရေတိမ်ပိုင်းတွေမှာ ဒီလိုအရောင်မျိုး တွေ့ရတတ်တယ်"

လေက တော်တော်ကလေး ထန်လာသည်။

ပင်လယ်မျက်နှာပြင် လည်း လှိုင်းအိကလေးတွေ လှုပ်လှုပ်လှုပ်း တလိမ့်လိမ့်ဖြင့် မသက်မငြိမ်။

www.burmeseclassic.com



"ရေထဲမှာရှိနေတတ်တဲ့ ငါးအုပ်ကြီးတွေကလည်း အရောင်ပြောင်းစေတတ်သေးတယ်။ ငါးအုပ်ကြီးတွေကြောင့် ပင်လယ်ရေပြင်မှာ အမည်းကွက်ကြီးတွေ တိမ်ရိပ်ကြီးဖုံးထားသလို ပေါ်နေတတ်တယ်"

စီကဖြင့်အဆုံးမဲ့ တစ်မျှော်တစ်ခေါ်၊ ပင်လယ်ကို တမြတ်တနိုးကြည့်ရင်း ပျော်နေသည်။ မျက်စိက ကျင့်သားရသွားသဖြင့်လည်း မှောင်ထဲတွင် ကောင်းစွာမြင်နိုင်လာသည်။ ကောင်းကင်မှ ကြယ်တို့၏အရောင်နှင့် ပင်လယ်ရေပြင်ပေါ်က ရောင်ပြန်တို့ကြောင့်လည်း ဖြစ်နိုင်သည်။

ညအခါ လူသူကင်းဝေးသည့်ပင်လယ်ပြင်၌ ကောင်းကင်တစ်ခွင်တစ်ပြင်ကို လျှောက်ကြည့်ပြီး ပြက်ပြက်ထင်ထင် မြင်နေရသည့် ကြယ်များကို စိတ်ထဲမှာ စွဲနေအောင် မှတ်သားနေရခြင်းသည် စိတ်ဝင်စားဖွယ်ဖြစ်သည်။

"မြန်မာနိုင်ငံရဲ့ ပင်လယ်ကမ်းခြေဟာ မိုင် (၁၇၆၀) ကျော်ရှိတယ်။ ကမ်းဦးရေတိမ်ပိုင်းဟာ စတုရန်းမိုင်ပေါင်း (၈၂၂၀၀) ကျော်တယ်။ အေး ... လက်ရှိ ငါတို့ ရေငုပ်သင်္ဘောတည်ရှိနေတဲ့ နေရာက သတ်ကွင်း Killing Point ကို အတိုဆုံးရောက်စေနိုင်မယ့် လမ်းကြောင်းနဲ့ အနီးဆုံးပဲ။ ဆုတ်လမ်းနဲ့ အပြန်ခရီးဆုံမှတ်ကိုလည်း ဒီလမ်းကြောင်းအတိုင်း အခြေခံပြီး ကိုယ့်ဘာသာကိုယ် ရောက်အောင်လာကြရမှာ။ သတ်ကွင်းမှာ ပစ်မှတ်သေချာပြီဆိုတာနဲ့ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ့်ဝန်ကိုယ်ထမ်း။ ဒီမှာ ပြန်ဆုံကြရတော့မှပဲ တစ်ယောက်နဲ့တစ်ယောက် တွေ့ကြရတော့မယ်။

စီက ကြယ်တွေကို ငေးနေဆဲ။

"နည်းပညာတွေ အရမ်းတိုးတက်လာတဲ့ ဒီခေတ်မှာ နက္ခတ္တဗေဒကို အသုံးချစရာ အခွင့်အလမ်းမှ ရှိပါဦးတော့ မလားလို့ ထင်ချင်စရာပေါ့။ သိပ္ပံပန္နည်းကိရိယာတွေက သိပ်ပြည့်စုံ၊ သိပ်တိကျ၊ လုပ်ရကိုင်ရလည်း သိပ်လွယ်လာတာကိုး။ ဒါပေမဲ့ အဲဒါတွေက အမြဲတမ်းကိုယ်နဲ့မကွာပါမလာနိုင်ဘူး။ ပြီးတော့ ချွတ်ယွင်းပျက်စီးတတ်တယ်။ နက္ခ

"မြန်မာနိုင်ငံရဲ့ ပင်လယ် ကမ်းခြေဟာ မိုင် (၁၇၆၀) ကျော် ရှိတယ်။ ကမ်းဦး ရေတိမ်ပိုင်းဟာ စတုရန်းမိုင်ပေါင်း (၈၂၂၀၀) ကျော်တယ်။ အေး ... လက်ရှိ ငါတို့ရေငုပ်သင်္ဘော တည်ရှိနေတဲ့ နေရာက

www.burmeseclassic.com

www.burmeseclassic.com



**မစ်ရှင်၏ ဆိုးစလိုက်ပြီ ဆိုသည်နှင့် သူတို့နှင့် သူတို့နောက်က ကျွပ်ကဲရေးဓနစ်တွေ၊ အမိန့်ပေးအဖွဲ့တွေက လုံးဝဥဿုံ အဆက်အသွယ် ပြတ်တောက်သွားတော့မည်။ ထိုသည့်စစ်ဆင်ရေး ကာလ သေရေးရှင်ရေးအချိန်တွေ တစ်လျှောက်လုံးမှာ မစ်ရှင်သည် သူ့အဆုံးအဖြတ် ဖြင့်သာ အသက်ဝင်လှုပ်ရှားရတော့မည်။**

ဗွာဗေဒဆိုတာက ဘယ်တော့မှ မချွတ်ယွင်း မပျက်စီးနိုင်တဲ့ လမ်းပြတွေပဲ။ အဲ … တို့မကျွမ်းကျင်တဲ့ နယ်မြေစိမ်းထဲမှာ အချိန်မရွေး သေဘေးကျလာနိုင်တဲ့ စိုတို့အလုပ်မျိုးတွေအတွက် အခြေခံနက္ခတ္တပညာလောက်တော့ သိကိုသိထားရမယ်။ အထူးသဖြင့် ကိုယ့်အားကိုယ်ကိုးပြီး ဆုံမှတ်ကို အချိန်တိုအတွင်း ရောက်နိုင်ဖို့၊ ညအချိန် တိတ်တဆိတ်လှုပ်ရှားပြီး ဦးတည်ရာကို အမြန်ဆုံးရွေ့လျားနိုင်ဖို့ သိသင့်သမျှ သိထားဖို့လိုတယ်"

ကောင်းကင်ပြင်ကို လက်ညှိုးညွှန်၍ သူ ရှင်းပြနေသည်များကို ခေါင်းကလေးတညိတ်ညိတ်ဖြင့် စိတ်ဝင်တစား နားခံမှတ်သားနေသည့် ရဲဘော်စီသည် အထက်တန်းကျောင်းသားကလေးတစ်ဦး၏ မျက်နှာအနေမျိုးဖြင့် သန့်စင်လွန်းနေသည်။

သည်အခြေအနေမျိုးမှာ မြင်ရသူအဖို့ စီကို အမျိုးသားလုံခြုံရေးဌာနခွဲနှင့် စွမ်းအင်ဖွံ့ဖြိုးရေးဌာနခွဲတို့ ပူးပေါင်းလေ့ကျင့် မွေးထုတ်ပေးထားသည့် အဆင့်မြင့် ဖောက်ခွဲရေးနည်းပညာသုံး ဗုံးကျွမ်းကျင်သူတစ်ဦးဟု ယောင်မှား၍ပင် ထင်ရက်လေမည် မဟုတ်။ ပြီးလျှင် အမ်အက်(စ်)ကျီ (၉၀) ရိုင်ဖယ်သုံး လက်ဖြောင့်သေနတ်သမားတစ်ဦးဟုလည်း မြင်ကြည့်မိကြမည်မဟုတ်။

မည်သို့ပင်ဖြစ်စေ စီက တကယ့်လက်မရွံ့တစ်ဦးသာ ဖြစ်သည်။

"တီ … တီ … တီ၊ ဗွီတူးမှ ဗွီဝမ်း … ဗွီတူးမှ ဗွီဝမ်း၊ သားရဲတွင်းထဲကို လာပါ"

အက်စ်ယူ (၃၀၀) ရေအောက်သုံး အသံလွှင့်အသံဖမ်း စက်ကလေးက မြည်လာသည်။ ရဲဘော်ကေ၏ အသံ။ သူက ချက်ချင်း တုံ့ပြန်လိုက်သည်။

"ဗွီဝမ်းမှ ဗွီတူး … အိုကေ"

သူနှင့် ရဲဘော်စီတို့ သံလှေကားအတိုင်း သင်္ဘောဝမ်းထဲသို့ ဆင်းလာခဲ့ကြသည်။ သိပ္ပံပညာရှင်တစ်ဦး၏ ခေတ်မီကွန်ပျူတာနည်းပညာသုံး အဆင့်မြင့် ဓာတ်ခွဲခန်းတစ်ခုပမာ ရှင်းသန့်ပြောင်လက်နေသည့် အခန်းအတွင်း၌ ရဲဘော်ကေက သူတို့ကို စောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်မစ်ရှင်အတွက် သူတို့အပိုင်စားရထားသည့် သားရဲတွင်းကလေးဟု ဆိုနိုင်သည့် အခန်းကလေးသည် အရာရာ စနစ်တကျ။ ပြီးလျှင် တိကျရှင်းလင်း သေသပ်စွာ ရှိနေ၏။

"ညွှန်ကြားချက်ရပြီ။ ရ ရက်နဲ့၊ န နာရီကိုလည်း သတ်မှတ်ပေးလိုက်ပြီ။ ပစ်မှတ်ရဲ့ခရီးစဉ်စဖို့ရက်နဲ့ အစီအစဉ်ကလည်း သေချာသွားပြီ"

ရဲဘော်ကေက သူ့ကို အလောတကြီး ပြော၏။

သည်မစ်ရှင်မှာ သူက ခေါင်းဆောင်။ အဓိကအဆုံးအဖြတ်များကို ချမှတ်ရမည့်သူ။ သူတို့၏ သားရဲတွင်းမှ ထွက်ခဲ့ကြပြီး မစ်ရှင်၏ခရီးစလိုက်ပြီ ဆိုသည်နှင့် သူတို့နှင့် သူတို့နောက်က ကွပ်ကဲရေးစနစ်တွေ၊ အမိန့်ပေးအဖွဲ့တွေက လုံးဝဥသုံ အဆက်အသွယ် ပြတ်တောက်သွားတော့မည်။ ထိုသည့် စစ်ဆင်ရေးကာလ သေရေးရှင်ရေးအချိန်တွေ တစ်လျှောက်လုံးမှာ မစ်ရှင်သည် သူ့အဆုံးအဖြတ်ဖြင့်သာ အသက်ဝင်လှုပ်ရှားရတော့မည်။

သို့နှင့်တိုင် ...

သူတို့တစ်ဦးချင်းစီမှာ အတိအကျ သတ်မှတ်ခွဲဝေပေးထားသည့် ကိုယ်စီတာဝန်တွေ ရှိသည်။ ကိုယ့်တာဝန်၊ ကိုယ့်အလုပ်အတွက် ကိုယ့်ဘာသာ လွတ်လပ်စွာ စီမံခန့်ခွဲခွင့်လည်း ရှိနေပြန်သည်။

တကယ်တမ်းက သူ၊ ရဲဘော် ကေနှင့် ဂို့သည် သားရဲတွင်းကလေးထဲကို ကိုယ်စီ ကိုယ်စီ ရောက်လာခဲ့ကြပြီးမှသာ တစ်ဦးမျက်နှာ တစ်ဦး တွေ့ဖူးကြရခြင်း ဖြစ်၏။ နယ်မြေဒေသတစ်ခုစီ၊ တပ်ဖွဲ့တစ်ဖွဲ့စီ၊ ကိုယ်ရည်ကိုယ်သွေးနှင့် ကျွမ်းကျင်ရာ နယ်ပယ်မတူသည့် အနေအထားတစ်ခုစီ။ သည်မစ်ရှင်အတွက် သီးသန့်ရွေးချယ်စုဖွဲ့ထားသည့် စပါယ်ရှယ် အစုကလေး။ မစ်ရှင်ပြီးဆုံးခဲ့လျှင်လည်း နောင် မည်သို့မျှ ကြုံကြိုက်ခွင့် မရနိုင်။ ကံကြုံလွန်း၍ ဆုံရသူတွေ။ အနက်ရောင်သုံးမြှောင့်ထဲက တသီးတခြားအတွင်း ထောင့်ကလေးတွေဖြစ်၏။

"ဒါဆို"

သူစကားပင် မဆုံးလိုက်ရ။ ရဲဘော်ကေက ဖြတ်၍ ပြောလိုက်၏။

"ဒီကနေ့က ရအနုတ် (၃) ရက်"

"ဒါ တို့ Black Trangle တွေ စလှုပ်ရှားရမယ့်ရက်ပဲ။ နောက်ထပ်အချိန် ဘယ်လောက် ရဦးမလဲ 'ကေ' "

"တစ်နာရီတိတိ"

"ကောင်းပြီ။ နောက် (၁၀) မိနစ်မှာ စထွက်မယ်။ သဘောကပ္ပတိန်ကို အကြောင်းကြားလိုက်ပါ။ နောက် မိနစ် (၃၀)မှာ တို့ ရွေးထားတဲ့စမှတ်ကို ရောက်အောင် မောင်းတော့လို့။ ပြီးတော့ ညွှန်ကြားချက်ကို လက်ခံရကြောင်းလည်း အတည်ပြုလိုက်"

"အိုကေ ...ရဲဘော်ကြီး"

ရဲဘော်ကေက စက်ရုပ်တစ်ရုပ်လို သူ့ကွန်ပျူတာတွေနှင့်သူ အလုပ်ရှုပ်နေပြန်တော့သည်။

၄။

"တောက် ... တောက်"

"တောက် ... တောက် တောက်"

"တောက်"

မကြားယောင်ဆောင်ထား

www.burmeseclassic.com

www.burmeseclassic.com



သော်မှ မရ။

ရဲဘော်ကေဆီမှ ဆက်သွယ်လာနေသည့် အသံတွေက သူ့ရင်နှလုံးကို တဒုန်းဒုန်း ပြေးဆောင့်နေသည်။

စိတ်ကို ဖွတ်တင်းလျက် မည်သို့ပင် မသိကျိုးကျွံပြုပြု။

နားစည်ထဲကို အတင်းဖောက်ထွင်းဝင်လာနေသည့် သံတိုင်ခေါက်သံတွေကို ရှောင်တိမ်း၍ မရ။

တကယ်က သူမမြင်နိုင်သည့် မြင်ကွင်းနှင့် သတင်းတွေကို အသိပေးနေခြင်းသက်သက်မျှ မဟုတ်။ သေမင်း၏စစ်ငင်စစ်မြှူသံတွေအကြောင်း ပြောပြနေခြင်းလည်းဖြစ်နေသည်ပင်။

"ဘာဖြစ်နေလဲ၊ ဘာဖြစ်နေလဲ။ အခန်းထဲမှာ ရှိနေသေးရင် အကြောင်းပြန်ပါ။ ဘာဖြစ်နေလဲ"

ပူလောင်ပြင်းပြသည့် စိုးရိမ်ထိတ်လန့်သံ။

သူတစ်ပါးအတွက် စိုးရိမ်ပူပန်ပေးနေဖော်ရသေးလျှင် သူကိုယ်တိုင်ဖြင့် ဘေးအန္တရာယ်တစ်စုံတစ်ရာ မသက်ရောက်လေသေးမှန်း၊ လုံခြုံနေသေးမှန်း သေချာသည်။ ရဲဘော်ကေတစ်ယောက်ဖြင့် အန္တရာယ်ကင်းနေသေးသည်။ ကိုယ့်အဖြစ်ထက် သူ့အတွက်ကို စိတ်ပေါ့လိုက်ရသေး၏။ ဟင် ..."

ဤသို့ဆိုလျှင် ...

ချောက်ချောက်ချားချား စိတ်တွေက လှိုင်းတွေ တရိပ်ရိပ် လိမ့်တက်လာနေသလို လှိုက်၍ လာပြန်သည်။ အန္တရာယ်သည် သူ့တစ်ဦးတည်းဆီသို့သာ ဦးတည်ချဉ်းကပ်လာနေခြင်းသာတကား။

သေချာသည်။ ဘယ်တော့လဲ၊ ဘယ်အချိန်လဲ။ သေမင်းသည် ဘယ်နည်းဘယ်ပုံ သူ့ကို ခုန်အုပ်ဝါးမျိုလိုက်တော့မည်လဲ။

"ရဲဘော်ကြီး ... ရဲဘော်ကြီး ... အခန်းထဲမှာ ရှိနေသေးရင် အကြောင်းပြန်ပါ။ ဘာဖြစ်နေလဲ ... ဘာဖြစ်နေလဲ"

သဲ့သဲ့သာကြားနေရသည့် တတောက်တောက် သင်္ကေတသံတွေက သူ့နှလုံးကို မည်မျှနာကြင်ကြေကွဲအောင် ဖိနှိပ်ကြိတ်ချေနိုင်စွမ်းရှိသည်ကို ဘာသာစောင့်ကြည့်နေရသည့်အဖြစ်ကဖြင့် အံ့သြဖို့ကောင်းလွန်းသည်။ လေထဲမှာ ခဏသာပေါ်ပြီး ခဏနှင့် ပျောက်သွားသည့် အသံကလေးတွေပဲ။ ဘာကြောင့် ဒီလောက် တုန်လှုပ်နေရမှာလဲ။ ကိုယ့်ကိုယ်ကိုယ်၊ ကိုယ့်အဖြစ်ကို ဘာသာစိတ်တိုချင်ချင် ဖြစ်လာမိ၏။ "လာမယ့်ဘေးပြေးတွေ့"၊ "ရဲသူနိုင်စတမ်း"၊ "Who dares win" တဲ့။ စစ်သွေးတွေ ဆူဝေလာပြန်သည်။

ကိုယ်ကို မတ်ခနဲ ပြင်ထိုင်လိုက်သည်။

ရဲဘော်ကေနှင့် ဆက်သွယ်ဖို့ သံတိုင်ဘေးဆီ မျက်နှာမူမိပြန်၏။ စိတ်က ဆောင်နေ၍ထင့်။ ဖင်ကို တရွတ်ထိုးရွှေ့ခဲ့မိသည့်တိုင် လေတညှင်းပြေးသလို မြန်သည်။

"ခုအချိန်ထိ အခန်းထဲမှာပဲ ရှိနေသေးတယ် ကေ"

"အို ... ဘုရား ... ဘုရား။ မိုးနတ်မင်းကြီး ကျေးဇူးပဲ။ ရဲဘော်ကြီး ဘာမှမဖြစ်ပါဘူးနော်"

"အင်း ... အခုထိပေါ့"

"ကံကောင်းပါစေ ... ရဲဘော်ကြီး"

"အခြေအနေ ဘာတဲ့လဲ"

"ထောင်ပိုင်ကြီးနဲ့ ညွှန်မှူး

www.burmeseclassic.com

www.burmeseclassic.com



ကြီးတို့တော့ ထောင်တံခါးဝထဲက ရုံးခန်းမှာ ရောက်နေကြပြီတဲ့"

"ဘာလုပ်ကြမှာတဲ့လဲ။ ဘာကြားသလဲ"

"မသိသေးဘူး"

"…"

"ဟော … သူတို့ထောင်ထဲကို ဝင်လာနေကြပြီ။ ဒီမှာလည်း အခန်းထဲကိုဝင်ခိုင်းနေပြီ။ Good Luck ရဲဘော်ကြီး"

အချက်ပြသံတွေက ရုတ်ခြည်း တိတ်ဆိတ်။

ဟုတ်ပါရဲ့။ ထောင်ဝန်ထမ်းတွေ၏ လှုပ်လှုပ်ရှရှ နေရာယူရွေ့လျားသံတွေကို ကြားနေရသည်။ "အလေးပြု" သံ ခပ်အုပ်အုပ်တွေကိုလည်း ကြားသည်။ သူတို့အခန်းရှိရာ အမှတ်(၁)အိပ်ဆောင်ဆီကို ခြေသံတွေက တဖြည်းဖြည်း ရွေ့လာနေသည်။

ဒီအသံက ထောင်ပိုင်ကြီးရဲ့ ခြေသံ။ လူကောင်ကြီးကြီး ဖိုင့်ဖိုင့် သူ့ကိုယ်အလေးချိန်ကို ဆ၍ ဖြည်းဖြည်းမှန်မှန် လျှောက်လာသံ။ သူ့ရှေ့နားမှ တဖျပ်ဖျပ်အသံက ခြေညှပ်ဖိနပ်စီးထားသည့် ညွှန်ကြားရေးမှူး၏ခြေသံ။ မြေပြင်ကို ရှပ်တိုက်လျက် ခပ်ဖွဖွလျှောက်တတ်သည့် အလေ့ရှိသည်။ ဟင် … စစ်ဖိနပ်ခွာသံတွေကဖြင့် များလှပါကလား။ စည်းကမ်းသေဝပ်၊ အမိန့်နာခံ၊ သစ္စာမြဲမြံမည့် ခြေသံတွေမှန်း ကြားရုံနှင့်သိသည်။ တပ်စုတစ်စုစာမျှ ရှိမည် ထင်ပါရဲ့။

စစ်ဖိနပ်ခွာသံ
တွေကဖြင့်
များလှပါကလား။
စည်းကမ်းသေဝပ်၊
အမိန့်နာခံ၊
သစ္စာမြဲမြံမည့်
ခြေသံတွေမှန်း
ကြားရုံနှင့်သိသည်။

"အကျဉ်းသား နိုးနေသလား"

ထောင်ပိုင်ကြီး၏အသံက တိုးညှင်းညင်သာ။ အခန်းစောင့်ရဲဘော်ကို မေးနေသည်လား။

"စောစောကပဲ ထောင်မှူးကြီး လာသွားသေးတယ်ခင်ဗျ။ အကျဉ်းသားကတော့ အစောကြီးကတည်းက နိုးနေတာ။ ညကလည်း မအိပ်ဘူးနဲ့တူတယ်။ တလူးလူးတလိမ့်လိမ့်။ ခုနကလေးတင် သီးသန့်အိမ်ကလေးထဲက သူ့အမှုတွဲနဲ့ အချက်ပြဆက်သွယ်နေကြသေးတာ အကြာကြီးပဲ"

ဝန်ထမ်း၏ဖြေကြားသံ။

ကြားနေရသည့်အသံတွေထဲမှာ ကောင်ကလေးမောင်ဖြူ၏ ခြေသံ၊ စကားသံ၊ ရယ်မောသံတွေကို လွမ်းလွမ်းဆွတ်ဆွတ် ရှာဖွေနေမိသေးသော်လည်း မကြား၊

www.burmeseclassic.com



မတွေ့။

“ဒေါက် … ဒေါက်”

“ဒေါက် … ဒေါက်”

“ဒေါက် … ဒေါက်”

ခြေသံတွေက ကွန်ကရစ်လှေကားအတိုင်း တက်လာနေပြီ။ တစ်ထစ်ပြီးတစ်ထစ်။ (၂၂) ထစ်ဆိုတာ ဘာကြာမှတ်လို့။ ဟော … ဟော။ ထောင်ပိုင်ကြီးရော၊ ညွှန်ကြားရေးမှူးပါ လိုက်ပါလာသည်။ မလွဲနိုင်။ ခြေသံတွေကို သူ ကွဲကွဲပြားပြား ခွဲခြား၍ သိသည်။ တစ်ခုခုတော့ တစ်ခုခုပဲ။ ထူးခြားမှုက ဧကန်ရှိနေသည်။ သည်အချိန်ကြီးမှာ သည်လို လူစုလူဝေးကြီးဖြင့် စုံစုံညီညီ လာကြဖို့အကြောင်း၊ အရေးကြီးကိစ္စက ဘာရှိနေသလဲ။

ခြေသံတွေက နီးနီးလာနေသည်။

ရုတ်တရက် ကြောက်စိတ်တွေက တာရိုးကျိုးသလို ပြိုကျလာပြီး သူ့တစ်ကိုယ်လုံးမှာ တွားတက်နေကြပြီ။ ဘုရားရေ။ သည်တစ်ခါဖြင့် တကယ်သေဖြစ်ပြီထင်သည်။ ဘုရား … ဘုရား ကယ်ပါ။

အာရုံထဲမှာ တောင်ကုန်းအမှတ် (၇၃၂) တုန်းကပုံရိပ်တွေ ထင်လာပြန်သည်။ သူ့သွေးကြောတွေထဲကို ကြောက်လန့်ခြင်းဆိုသည့်အရာတွေကို ရုတ်ခြည်းသင့်စေခဲ့သည့် သေမင်း၏ အဲ့ဖွယ်လှိုု့ဝှက်ချက်ကို လက်ခံလိုက်ရပြီ။ သူ ကြောက်သည်။ လွန်လွန်ကဲကဲ တုန်လှုပ်ကြေကွဲ။ သူ့တစ်ကိုယ်လုံး တုန်၍နေ၏။

> **“ကျွန်တော့်ကို လူသတ်ရတဲ့ အလုပ်ကလွဲရင် ခိုင်းချင်တာ ခိုင်းပါခင်ဗျာ။ ဘာမဆို ကျွန်တော် လုပ်ပါ့မယ်”**

“ကျွန်တော့်ကို လူသတ်ရတဲ့အလုပ်ကလွဲရင် ခိုင်းချင်တာ ခိုင်းပါခင်ဗျာ။ ဘာမဆို ကျွန်တော် လုပ်ပါ့မယ်”

“ဘာလဲကွ။ (၇၃၂) က ပြန်လာပြီးကတည်းက စစ်ပွဲကို ကြောက်သွားတာလား။ မင်းကလည်း စိတ်ဓာတ်ကျလွယ်လိုက်တာကွာ”

“မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် လူသတ်ချင်တဲ့စိတ်ကို မရှိတော့တာပါ။ မတရားတဲ့ အကြမ်းဖက်မှုရော၊ တရားတဲ့ အကြမ်းဖက်မှုဆိုနေတာတွေကိုရော ကျွန်တော် မုန်းပြီ။ အကြမ်းမဖက်မှုကိုပဲ ကျွန်တော် ယုံကြည်တော့တယ်။ အထူးသဖြင့် ညီအစ်ကိုအရင်းခေါက်ခေါက်ကြီးတွေ အချင်းချင်း သတ်နေရ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဒီလူသတ်ပွဲကို ရွံ့နေပြီ''

''ဟ … ဘယ်သူကရော လူသတ်ချင်ပါ့မလဲကွ။ အလုပ်ဆိုတာ လုပ်ဖို့ရာ လိုအပ်လာခဲ့ရင် တစ်ယောက်ယောက်ကတော့ လုပ်ရမှာပဲ မဟုတ်လား''

''ဘာပဲဖြစ်ဖြစ်ပါ။ စစ်ပွဲတွေနဲ့ဝေးရာမှာ ဘာပဲခိုင်းခိုင်း၊ အသက်ပေးဆိုရင်လည်း ပေးဖို့အသင့်ပါပဲခင်ဗျာ''

''ခက်တော့နေပါပြီကွာ။ အရှိန်အဟုန်ကြီးနဲ့ လောင်နေတဲ့ မီးတောက်မီးလျှံကြီးကို ရေနဲ့ပက်ငြိမ်းပစ်လို့ မရတော့ဘူးကွ။ မီးမီးချင်း ပြန်တိုက်။ မီးကိုမီးနဲ့ပဲ ပြန်လောင်ခိုင်း။ လောင်စာကုန်သွားပြီဆိုရင် ငြိမ်းစရာတောင် မလိုပါဘူး။ မီးက သူ့အလိုလို ငြိမ်းသွားမှာပါ ဟကောင်ရ''

'' … ''

''ဒီလိုလုပ် … အထူးမစ်ရှင်တွေကိုပဲ အောင်မြင်အောင်လုပ်ပေး။ ရန်သူ့ပစ်မှတ်တွေကို အပြတ်ရှင်းပစ်နိုင်ခဲ့ရင် မင်းလိုချင်နေတဲ့ ငြိမ်းချမ်းရေးဆိုတာကို ရအောင် ဖန်တီးနိုင်ဖို့ အခွင့်အလမ်းတွေ အများကြီး ရလာလိမ့်မယ်။ ဒိုက်ကွာ … ပြန်လည်ပေါင်းစည်းရေးဆိုတာက ဖြစ်လာနိုင်သေးတယ်''

''ကျွန်တော် လူတွေသတ်နေရတာကို ငြီးငွေ့နေပြီ''

''အတွင်းပဋိပက္ခတွေကို မကျော်ဖြတ်ဘဲ ဘယ်လိုလုပ်ထာဝရငြိမ်းချမ်းရေးဆိုတာကို ရမှာလဲ။ မင်းကို အထူးလျှို့ဝှက်တပ်ဖွဲ့ကို ပို့ဖို့ စီစဉ်ထားပြီးပြီ။ အမျိုးသားလုံခြုံရေးဌာနနဲ့ စွမ်းအင်ဖွံ့ဖြိုးရေးဌာန၊ စစ်ဘက်လက်နက်ထုတ်လုပ်ရေးဌာနတို့ ပူးပေါင်းတည်ထောင်ထားတဲ့ လျှို့ဝှက်တပ်ဖွဲ့တွေရဲ့ လျှို့ဝှက်စီမံကိန်းတွေက ရင်ဆိုင်တိုက်ပွဲကြီးတွေ၊ ရာထောင်သောင်းချီတဲ့ ကျဆုံး ဒဏ်ရာရမှုတွေ၊ မြို့ရွာအိုးအိမ် ပျက်စီးဆုံးရှုံးရမှုတွေကို အစားထိုးနိုင်လိမ့်မယ်။ တို့က Unit Care Project လို့ အမည်ပေးထားတယ်။ အဲဒီလျှို့ဝှက်တပ်ဖွဲ့တွေထဲက နိုင်ငံရပ်ခြားမစ်ရှင်တွေကို ကိုင်တွယ်စီမံရတဲ့ အထူးလျှို့ဝှက်တပ်ဖွဲ့မှာ မင်းကို တာဝန်ပေးဖို့ လူကြီးတွေ ဆုံးဖြတ်ပြီးကြပြီ''

''ဒီလိုပဲ လူတွေ သတ်နေဦးမယ့်အလုပ်မျိုးပဲလား''

''အေး … ပြောခဲ့ပြီးပါပကော။ လိုအပ်ချက်ဆိုတာ ရှိလာခဲ့ရင် အဲဒီလိုအပ်ချက်ကို ကွက်လပ်ဖြည့်ပေးရမယ့်လူဆိုတာ ရှိကိုရှိလာရတတ်တာပဲ။ အဲ … အဲဒီလို လူမျိုးရဲ့ဘဝကို မလွဲမရှောင် မတိမ်းမဖယ်သာရခဲ့မယ်ဆိုရင်တော့ အဲဒါက ကံကြမ္မာရဲ့ တိကျတဲ့ရွေးချယ်မှုပဲ။ မိုးနတ်မင်းကြီးရဲ့ အလိုတော်ပဲ။ ဘယ်သူမှ ငြင်းဆန်ချင်လို့ မရဘူး။ ဒါဟာ ဒီကနေ့ တို့ကြုံနေရတဲ့ လက်ငင်းဘဝနဲ့ ပြဿနာတွေပဲ''

''အဲဒီတပ်ဖွဲ့က''

''နေဦး။ ငါပြောမယ်။ တို့ အမျိုးသားစွမ်းအင်ဖွံ့ဖြိုးရေး ဓာတ်ခွဲခန်းနဲ့ နျူကလီးယားနည်းပညာဌာနက စစ်ဖက်သုံး လက်နက်စနစ်မှာ လက်တွေ့အသုံးဝင်မယ့် အရည်ဗုံးတစ်မျိုးကို ထုတ်လုပ်ဖို့ စမ်းသပ်နေကြတယ်။ ရေနဲ့ ခွဲမရ အောင်တူတဲ့ အရည်တစ်မျိုးကို တီအင်တီနေရာမှာ အစားထိုး တည်ဆောက်ထားတာ စီတီအိုက်(စ်)တဲ့''

''ဟင်''

''တကယ့် စီတီအိုက်(စ်) ဗုံးအစစ်က ပုံမှန်ဗုံးတွေထက်

www.burmeseclassic.com

www.burmeseclassic.com



(၁၀) ဆအထိ ပေါက်ကွဲမှု ပြင်းအားမြင့်တယ်။ စီတီအိုက်(စ်) အရည်တစ်ဂါလန်သုံးရုံနဲ့ မြို့ကြီးတစ်မြို့ကို တစ်စစီ ဖြစ်သွားအောင် ဖောက်ခွဲပစ်နိုင်တယ်။ စနက်တံမလိုကဲ့ ချိန်ကိုက်ဗုံးအမျိုးအစားပဲ။ တကယ့် စီတီအိုက်(စ်)တွေကို ထုတ်လုပ်နိုင်ဖို့ အချိန်နည်းနည်း ထပ်လုရဦးမယ်။ ဒါပေမဲ့ အသေးစား စီတီအိုက်(စ်) ဗုံးတွေကိုတော့ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီ။ စမ်းသပ်ဖောက်ခွဲမှုတွေအရ တေးကောင်းလုံခြုံမှုနဲ့ ပြင်းအားက စိတ်ချရတယ်"

"အဲဒီတော့ ..."

"အဲဒီဗုံးအမျိုးအစားသစ် နဲ့ နည်းပညာကို သုံးပြီး ရန်သူနိုင်ငံက ပစ်မှတ်တွေကို သုတ်သင်ရှင်းလင်းပစ်ရမယ်။ အထူးသဖြင့် ရန်သူနိုင်ငံက ထိပ်ပိုင်းခေါင်းဆောင်တွေကိုပဲ"

"... "

"မင်းတာဝန်ယူရမယ့် လျှို့ဝှက်အဖွဲ့က ပြည်ပနိုင်ငံတစ်နိုင်ငံရဲ့ မြေပေါ်မှာ အကြောင်းအားလျော်စွာ ရောက်နေတဲ့ အဓိကရန်ဘက်နိုင်ငံရဲ့ နံပါတ်တစ်ခေါင်းဆောင်ကို သုတ်သင်ရှင်းလင်းပေးရမှာ"

ထိုတခဏ်ကို မနေ့။

ကြီးမားလှန်းသည့် ပြင်းအားမြင့် လှသတ်စက်ကွင်းကြီးတစ်ခုက သူ့ကို၊ သူ့ဘဝကို လွှပ်မရ ရွေ့မရအောင် ဖမ်းဆုပ်ချုပ်ကိုင် အုပ်စီးသွားမိခဲ့ပြီဖြစ်ကြောင်း သူ ရှင်းရှင်းလင်းလင်း သဘောပေါက်လိုက်သည်။ ငြင်းဆန်စရာစကားအကွန့်အတွေ ကုန်းခဲ့။ လိုအပ်ချက်၊ တာဝန်၊ ရွေးချယ်မှု၊ အမိန့်၊ သစ္စာတရား၊ အဝနိုင်ငံတော်၊ ပြန်လည်ပေါင်းစည်းရေး၊ ထာဝရငြိမ်းချမ်းရေး ... စသည် စသည် စကားလှလှ နံ့အိုင်ကြီးထဲ စုံးစုံးမြုပ်ကျွံနစ်ခဲ့ရပြီ။

ဘုရား ... ဘုရား ... ဘုရား။ သူ့အသိ၊ သတိ၊ ဆင်ခြင်တွေးခေါ်မှု အလုံးစုံ သူ့ကိုယ်မှ ပျောက်လွင့်သွားခဲ့ရသည့် ထိုနေ့။ ချုတ်ကန်းသာစွှေနေကြောက် မှုးမှုးမှုးမှုး ခွတ်တိုးဆင်ခဲ့မိသည့် ဒုစရိုက်ထောင်ချောက်များ။ ယခုဖြင့်မှ သူ့လက်ကျွန်ဒုက္ခိတကိုယ်တောင်ကြီးနှင့် သူ့ဝိညာဉ်ကိုပင် ပေးဆပ်ရဦးတော့မည်။ အဆုံးစွန်သော သစ္စာရှိမှု၊ ဂုဏ်ရောင်ပြောင်သော စွန့်လွှတ်နစ်နာခံမှုတဲ့လား။ ဖွီ ... အလကားဟာတွေ။ သူသည် ချက်ချင်းပင် ရင်ထဲက လိပ်တက်လာသည့်ဒေါသကို မထိန်းချုပ်နိုင်။ လွှတ်ခနဲ ကျိန်ဆဲလိုက်မိတော့သည်။

ခြေသံတစ်သိုက်က သူ့အခန်းတံခါးဝမှာ တုံ့ခနဲ ရပ်သွားကြ၏။

"မစ္စတာဇက်"

ထောင်ပိုင်ကြီး၏အသံကို မှတ်မိလိုက်သည်။ အသံတွင် စာနာနားလည်မှု၊ ကရုဏာစိတ်တွေ စိမ့်ထုံနေသည်ကို သိလိုက်မိလည်း ချောက်ချောက်ချားချား ကြောက်စိတ်တွေကို ထိန်းချုပ်၍ မရ။ သူ့တစ်ကိုယ်လုံးအပေါ် တရှုရှုတွားတက်နေသည့် သေယ်ဇောစိတ်တွေ တနေ့ခင်ငင်နှင့် သူ့ကြိုးတိုက်ခန်းနံရံကို သာ အားကိုးတကြီး အမှီသဟဲပြုရင်း သူ့ကို ဝိုင်းအုံချဉ်းကပ်လာနေကြသည့် မရဏတရား၏ လက်တံတွေကို မြင်မိနိုးနိုး ငုံ့လင့်လျက်။

"မစ္စတာ ... ဇက်"

ထောင်ပိုင်ကြီးက ထပ်၍ အသံပြုပြန်သည်။ သူ့ဘေးမှ

www.burmeseclassic.com

www.burmeseclassic.com



လူစုလူဝေးဆီက အသက်ရှူသံတွေသည် တဖွေးဖွေး တလုံးလုံးဖြင့် သူ့ကို ခြိမ်းခြောက်နေသလိုလို။

"ထ … ထ … ထ"

ဘယ်လိုဖြစ်ပါလိမ့်။

သူ့အသံတွေ။ လည်ချောင်းဝမှာပင် တစ်ဆို့ဖျောက်ကွယ်ကုန်ကြပြီ။ ဘာသံမျှထွက်မလာနိုင်။ ဦးလေးဂျုံအီး၏ ဖားဦးချွန်ချွန်ဖြင့် လက်ပတ်လက်ဖြင်ကြား နှလုံးတည့်တည့်ကို ထိုးစိုက်ထားခြင်းခံရသည့် ဝက်ကလေးအီးပုတ်ခမျာ မချိမဆန့် အသက်ငင်ရင်း တအီအီ ညည်းသံပေးနေခဲ့သလိုမျိုး။ သူ့လည်ချောင်းထဲမှ တအစ်အစ် မပီမသ အသံတွေသာ ထွက်ကျလာနေသည်။

"ကျွန်တော် တစ်ခါက ပြောခဲ့ဖူးတဲ့ မလွှဲမရှောင်သာတဲ့ အခြေအနေဆိုတာမျိုးက ရောက်ခဲ့ပြီဗျာ။ မိတ်ဆွေကြီးရေ … တာဝန်နဲ့ဝတ္တရားရဲ့သဘောကို မိတ်ဆွေကြီး နားလည်နိုင်မှာပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့တာဝန်အရ ဆောင်ရွက်ရမယ့်အလုပ်ကို ခွင့်လွှတ်နားလည်ပေးပါ။ စိတ်မကောင်းပါဘူး ရဲဘော်ကြီး"

ခြေသံတွေက ရှုတ်တရက် လှုပ်ရှားလာကြ။

ဟော … တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်၊ အို … ငါးယောက်၊ ခြောက်ယောက်ဖြင့် ရှိပေလိမ့်မည်။ စစ်ဖိနပ်ချွာသံတွေက ပြိုင်မြင်းတွေ အလုပ်ပြေးရှုရှေးပြေးနေသည်သလို တရှူရှူတည်းညံ။ တချို့က ခပ်ဆဆ၊ ခပ်ဖွဖွ။ တချို့က ခြေသံပြင်းပြင်း။

လာနေကြပြီ။ သေမင်းရဲ့ စစ်သည်တွေလေ။ သူ့အသက်စီဝိန်ကို အားပါးတရ သောက်မျို့ဆော့မည့် မာရ်နတ်မင်းရဲ့အသားစားကြူးခမ်းကြုံသံတွေ။ လာကြစမ်း … လာကြစမ်း။

သတိသည် သူ့စိတ်နှင့် သူ့ကိုယ်မှ ပူးတုံခွာတုံ။

ရပ်တည်မနိုင် တဆတ်ဆတ်တုန်ယင်ချောက်ချား၊ ချွေးသီးချွေးပေါက်ကြီးငယ်တွေ သီးခနဲ ရွဲရွဲစို တုတ်တုတ်ကျလျက်။ ပြူးထွက်နေသည့် မျက်ဝန်းသေတစ်စုံ၌ မျက်ရည်တွေဆိုင်ဖွဲ့။

မိုးဟိန်း၊ ဖိုးလုံး မျိုးလှိုင်၊ ထွန်းထွန်း။ တောင့်တောင့်တင်း



www.burmeseclassic.com



တင်း တပ်သားတစ်သိုက်က သူ့လက်ရုံးလက်မောင်းတွေကို ခပ်တင်းတင်း ထိန်းချုပ်ထားလိုက်ကြ၏။

"မလုပ်နဲ့ … မလုပ်ကြနဲ့။ ငါ့ကို မထိကြနဲ့။ ငါ မသေချင်သေးဘူး။ ငါက ဘာလို့သေရမှာတုံး။ ငါ့ကို မသတ်ပါနဲ့၊ ငါ့ကို မသတ်ကြပါနဲ့။ ငါ့ကို မသတ်နဲ့"

သူ့မိခင်ဘာသာစကားပင် ဖြစ်လိမ့်မည်။ ဗလုံးဗထွေး မပီမသ သူ့အော်သံတွေကို မည်သူမျှ နားမလည်နိုင်ကြ။ ထောင်ဝန်ထမ်း ရဲဘော်တစ်စု၏ လက်ထဲ၌ မေ့လျော့ပျော့ခွေ မသွားသေးမီ နောက်ဆုံး ညည်းသံကိုမူ အားလုံးက အမှတ်ထင်ထင် ကြားလိုက်ကြရသည်။

"ဖြူ … ဖြူ … ဖြူ"

"ကောင်ကလေး ဖြူ … ရေ"

၅။

"ဖြူ"

"ဟုတ်ကဲ့ အဘ။ ဘာလုပ်ချင်လို့လဲ။ နေမကောင်းဖြစ်ချင်ပြန်ပလား"

"အင်း … တစ်ကိုယ်လုံး ကိုက်ခဲနေသလိုပဲ။ ရေနွေးလေး တစ်ခွက်လောက်"

"အား … ရပြီ … ရပြီ။ ဂျူတီဝင်တုန်းက ပါလာတဲ့ လက်ဖက်ရည်ချိုပေါ့ကျလေးကို ပလတ်စတစ်နဲ့ထုတ်ပြီး ရေနွေးထဲမှာ ပြန်နွေးထားတာ တော်တော်ပူနေပြီ။ အတော်ပဲ … ကဲ … သောက်လိုက်တော့နော်"

"ဖြူ သောက်ပြီးပလား"

"အဘ သောက်မှသာ သောက်စမ်းပါ။ ကျွန်တော်က အပြင်မှာ ဘယ်အချိန်သောက်သောက် ရတယ်"

သူ ဘယ်လိုပင်ပြောပြော သည်ကလေးက သူ့အတွက် ရည်စူးထားပြီးသား လက်ဖက်ရည်ကို လျှာဖျားထက်သို့ တစ်စက်တလေပင် တင်မည်မဟုတ်မှန်း အတပ်သိပြီးဖြစ်၍ ကမ်းပေးလာသည့် လက်ဖက်ရည်ခွက်ထဲက အချိုရည်တွေကို သူ စိတ်ကျေနပ်အောင် မော့ချပစ်လိုက်ရသည်။ ချိုချိုဆိမ့်ဆိမ့် မွှေးမွှေး အရသာက သူ့ဇာတိမြေ၊ သူ့အိမ်နှင့် သူ့ဇနီး၊ သူ့သား၊ သူ့သမီးများကို အပြေးအလွှား သတိရစေသည်။

"မလုပ်နဲ့ … မလုပ်ကြနဲ့။ ငါ့ကို မထိကြနဲ့။ ငါ မသေချင်သေးဘူး။ ငါက ဘာလို့သေရမှာတုံး။ ငါ့ကို မသတ်ပါနဲ့၊ ငါ့ကို မသတ်ကြပါနဲ့။ ငါ့ကို မသတ်နဲ့"

www.burmeseclassic.com



"သြော် ... ဒီမှာ ဟောဒီ အကိုက်အခဲပျောက်ဆေးလေးလည်း သောက်ထားလိုက်ရအောင်။ ဟ ... ဟ ... ပါးစပ်ဟ။ ကဲ ... ရော့။ ရေနွေးကလေးနဲ့ မျှောချပစ်လိုက်"

ခါးသက်သက် ဆေးတစ်ပြားကို ကြိတ်မှိတ်၍ မျိုချရပြန်သည်။ ကောင်ကလေးရဲ့စေတနာကိုးလေ။

"ဖြူ"

"အင် ... ဘာလဲ ... အဘ"

"ဒီဆေးက ဘယ်ကရသလဲ"

"သြော် ... ဒါလား။ အိမ်မှာ အလတ်ကောင် ဖျားနေတယ်လေ။ ကျောင်းတောင် မတက်နိုင်ဘူး။ သူ့ကိုတိုက်တဲ့ ဆေးတွေပါလာခဲ့တာ"

"ကလေးက တော်တော် ဖျားနေသလား"

"ကိုယ်ပူချိုသွားပါပြီ"

ရင်ထဲမှာ မကောင်းချင်။

သူ့အနီးအနားမှာပင် တစ်နေ့တာ၏ အချိန်အတော်များများကို နှိစ္စရူဝပြုန်းတီးနေခဲ့ရရှာသည့် သည်ထောင်ဝန်ထမ်းကောင်လေးခမျာ သူ့မိသားစု၊ သူ့သား၊ သူ့သမီးတွေအတွက်ပင် တခုတ်တရ အချိန်မပေးနိုင်ရှာကလား။ ဇီဇာကြောင်လွန်းလှသည့် သူလို ဒုက္ခိတအကျဉ်းသားကြီးတစ်ယောက်က ခမျာကလေး၏ ခင်တွယ်ရာဘဝအနေကလေးကို အမွေအပိုင်စီးထားသလို ဖြစ်နေရသည်။ သည်လိုကြီးကဖြင့် သိပ်တော့လည်း တရားလှသည် မဟုတ်။ သည်ကောင်ကလေး ပေမို့သာ။

"ကလေးတွေ အကုန်ကျောင်းအပ်ပြီးပလား ဖြူ"

"အင်း ... "

သံရှည်ကြီးဖြင့် လေးတွဲနေသည့် ကောင်ကလေးဖြူ၏ အင်းမှာ သောကတွေ စွန်းပေနေမှန်း သူ ရိပ်မိလိုက်ပြီးဖြစ်၏။

ကောင်ကလေးဖြူမှာ သားသမီးလေးယောက်၊ မိသားစုခြောက်ယောက်၏ဘဝတွေကို မလုံမလောက် လစာကလေး၊ ဇနီးသည်၏ အကြော်ဖိုကလေးဖြင့် တည်း၍ ထောက်ကန်ထားရမှန်း သူ သိပြီးဖြစ်၏။ ပြုံလှုပြုံခင် သူ့အိမ်စီးပွားရေးအခြေအနေကို ကောင်ကလေးက သူ့ကို ဘယ်တော့မှ ဖွင့်မပြော။ သောကေ သူတကာတွေ၏ အပြောစကားတွေထဲမှာ တစ်စစီ သူ့ဘာသာကောက်ယူ ဆက်စပ်ကြည့်ခဲ့ရခြင်း ဖြစ်သည်။

"ဖြူ ... နားရက်မယူတာကြာပြီနော်။ အဲ ... တစ်ခါမှကို မရှိသလောက်ဘဲ"

"အင်း"

"တစ်ခါတလေ နားရက်တွေမှာ ကလေးတွေနဲ့ နေပါဦးလား"

"အဲဒါဆို အဘကို ဘယ်သူက လုပ်ကိုင်ပေးကြမှာလဲ"

"ဒီလိုပေါ့ကွာ ... တစ်ရက်တလေပဲ"

"မဖြစ်ပါဘူး။ အဘနဲ့လည်း ကျန်တဲ့ကောင်တွေနဲ့ တည့်ကြမှာ မဟုတ်ပါဘူး"

"ဖြစ်ပါတယ် ဖြူရဲ့။ တစ်ခါတလေ ဒီလိုပဲဖြစ်အောင် နေရမှာပေါ့။ ကလေးတွေခမျာ သနားစရာ။ သူတို့အိပ်ရာထတော့ ဖြူက ဒီကိုရောက်နေ။ ဒီက ဖြူပြန်သွားတဲ့အခါ ကလေးတွေက အိပ်ရာထဲမှာ သိုးနေအောင် အိပ်ပျော်နေကြပြီး ဖြူ မျက်နှာကိုတောင် သူတို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြတော့ရဲ့လား မသိ''

''ဟား ... ဟား ... ဟား ... အဲတာကတော့ ဟုတ်တယ် အဘရေ။ လခထုတ် ရက်မျိုးကြုံလို့ စောစောအိမ်ပြန် ရတဲ့အခါ ချိုချင်ပိုးချင်လွန်းလို့ ချော့မြှူခေါ်တာတောင်မှ သူတို့ အမေ ရင်ခွင်ထဲကနေ ခေါ်မရ ချင်ဘူး။ မုန့်ဖိုးပေးမှ မလိုက်ချင် လိုက်ချင် လိုက်ကြတာရယ်''

''ဪ ... ဖြစ်ရလေ''

လှိုင်းအိကလေးတွေက ရင်မှာ တသိမ့်သိမ့်။ စာနာစိတ်ဖြင့် မျက်ရည်စို့ချင်လာသည်။ သူ့လို မျက်မမြင် ဒုက္ခိတကြီးက သည် ကလေးအပေါ် ကချိုကချောက် ဝေယျာဝစ္စ ကရိကထတွေမှ တစ်ပါး ဘာကလေးတစ်ခုမျှ မတုံ့ ပြန်နိုင်တော့သည့်ဘဝပါတကား။ နာကျင်ရလွန်း၍လည်း မောလှ သည်။

တစ်နေ့က– တာဝန်မှူးမှ တစ်ဆင့် ထောင်ပိုင်ကြီးကို တွေ့ ခွင့်တောင်းဖြစ်ခဲ့သည်။ နေ့ခင်း ပိုင်း၌ အရာရှိကြီးရောက်လာခဲ့ ၏။ ကောင်ကလေးဖြူက ထောင်မကြီးဘက်ဆီ ခဏ သွား နေသည်။

''ကဲ ... ဆို မိတ်ဆွေ ကြီး ဘာအရေးကြီးတဲ့ကိစ္စရှိလဲ''

''ထောင်ပိုင်ကြီးကို ခွင့် တောင်းချင်တာ ရှိလို့ပါ''

''အင်း ... အင်း ... ပြော''

''ထောင်ပိုင်ကြီးတို့ ခွင့်ပြု မယ်ဆိုရင် ကျုပ် နေ့စဉ် ဥပုသ် စောင့်ချင်တယ်''

''ဟင် ... နေ့တိုင်းလား''

''ဟုတ်တယ်။ အခုအထိ တော့ နေ့တိုင်းယူတော့ မလား လို့ စိတ်ပိုင်းဖြတ်ထားတယ်''

''ဆရာဝန်က ကျန်းမာရေး အရ တားမြစ်ခဲ့ရင်တော့ ဖြစ်နိုင် မှာ မဟုတ်လောက်ဘူး''

''ကျုပ် ကျန်းမာပါတယ်။ ပြီးတော့ ကျုပ်က သေဒဏ်ကျ ထားတဲ့ ကြိုးသမားပဲဟာ။ စော စောသေတော့ စောစော အနားရ တာပေါ့။ ကျုပ်အတွက် ဝန်ထုပ် ဝန်ပိုးကြီးဖြစ်နေတာလည်း တစ် မီး ငြိမ်းသွားတာပေါ့''

''အဲဒီလို မပြောပါနဲ့လေ။ ကြိုးသမားလည်း လူပဲဟာ။ ပြီးတော့ ကျွန်တော်တို့ အကျဉ်း ထောင်အနေနဲ့က ကြိုးသမားရဲ့ ကျန်းမာရေးဟာ ကျွန်တော်တို့ရဲ့

> **ကြိုးသမားရဲ့ ကျန်းမာရေးဟာ ကျွန်တော်တို့ရဲ့ အသက်လိုပါပဲ။ အရေးတကြီး ဂရုတစိုက် စောင့်ရှောက်ရတာမျိုးပါ''**

www.burmeseclassic.com

www.burmeseclassic.com





အသက်လိုပါပဲ။ အရေးတကြီး ဂရုတစိုက် စောင့်ရှောက်ရတာမျိုးပါ"

"အဲ ... ကျွန်တော်တင်ပြတဲ့ကိစ္စက"

"ကျန်းမာရေးဘက်က မကန့်ကွက်ရင်တော့ ထောင်အနေနဲ့ ဝင်ရောက်စွက်ဖက်ဖို့ မရှိပါဘူး။ ဘာသာရေးဆိုင်ရာကိစ္စတွေ ဆောင်ရွက်ပိုင်ခွင့်က သက်ဆိုင်ရာ အကျဉ်းသားရဲ့ ကိုယ်ရေးကိုယ်တာကိစ္စသက်သက်ပါ။ ကိုယ်တိုင်ပဲ ဆုံးဖြတ်ရမယ့်ကိစ္စပါ။ တစ်ခုပါပဲ အဲဒီလို ဘာသာရေးကိစ္စတွေ ဆောင်ရွက်ရင်းက ကျန်းမာရေးနဲ့ငြိစွန်းတာမျိုး ဖြစ်လာနိုင်ရင်တော့ တစ်မျိုးစဉ်းစားကြရမှာပေါ့လေ"

"အင်း ... နောက်ပြီး"

"ပြောပါ မိတ်ဆွေကြီး။ ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါ"

"ကျွန်တော် ဥပုသ်စောင့်နေတဲ့နေ့တွေမှာ ကျွန်တော် ခံစားခွင့်ရှိတဲ့ ကျွန်တော့်ရဲ့ညနေစာကို ..."

"ဟုတ်ကဲ့။ ဘယ်လိုစီစဉ်ပေးရမလဲ"

"ကျွန်တော် ရချင်တယ်"

"ဟင် ... ဘာလို့"

"ဩော် ... ဒီလိုပါ။ ကျုပ်စားဖို့ မဟုတ်ပါဘူး။ ကျုပ်ကို စောင့်ရှောက်ပေးနေတဲ့ ဝန်ထမ်းကလေးကို ပေးချင်လို့ပါ၊ ကျုပ်ရဲ့ ချေး၊ သေး သုတ်သင်တာကအစ နေ့နေ့ညည သူ့ပဲ လုပ်ပေးနေရတာဆိုတော့ အဲဒါလောက်ကလေးကိုဖြင့် ကျွန်တော့်ဘက်က ပြန်လုပ်ပေးချင်တာယ်။ လောလောဆယ် ကျုပ် သိပ်အဖြစ်ချင်ဆုံးဆန္ဒက အဲဒါပဲ"

"ဒါလည်း ကာယကံရှင်ရဲ့ ဆန္ဒက အဓိကပါပဲလေ။ အဲဒီညနေစာတွေကိုတော့ ပုံမှန်အတိုင်း ဆိုင်ရာတွေက မိတ်ဆွေကြီးကို အရောက်ပို့ပေးနေကြမှာပါ။ မိတ်ဆွေကြီးကိုယ်တိုင် လက်ခံယူပြီးမှသာ မိတ်ဆွေကြီးပိုင်တဲ့ပစ္စည်းကို မိတ်ဆွေကြီး သဘောကျသလို စီမံပေါ့။ ဟုတ်ပြီလား"

"ကျေးဇူးပါပဲ"

"ရပါတယ် မိတ်ဆွေကြီး။ ဒါတွင်ပဲလား"

"အင်း ... နောက်ကိစ္စတစ်ခုကတော့ ကျုပ်က ထောင်ပိုင်ကြီးကို အကူအညီတောင်းခံတာ သက်သက်ပါ။ တကယ်တမ်း ကျုပ်မှာ အဲဒီလိုတောင်းခံခွင့် မရှိမှန်းလည်း သိပါတယ်။ သိသိကြီးနဲ့ ပြောရတာက ကျုပ်မှာ အဲဒီကိစ္စကို ပြေလည်အောင် ဆောင်ရွက်ပေးဖို့ ဘယ်လိုမှ အခြေအနေမပေးတော့လို့ပါ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရေးကိုယ်တာ အကူအညီ တောင်းတာမျိုးလို့ပဲ သဘော ထားပေးပါ ထောင်ပိုင်ကြီး''

''ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ နားလည်ပါပြီ ... ပြောပါဦး''

''ကျုပ်ရဲ့ ကောင်ကလေး''

''နေဦး ... နေဦး။ မောင်ဖြူကို ပြောနေတာလား။ သူ ဘာဖြစ်လို့လဲ။ ခင်ဗျားတို့နှစ်ယောက် အဆင်မပြေကြပြန်ဘူးလား''

''မဟုတ်ပါဘူး။ ကောင်ကလေးမှာ ကျောင်းနေအရွယ် ကလေးလေးတွေ ရှိနေတယ်လို့ သိထားပါတယ်။ ထောင်ပိုင်ကြီး သိပါသလား''

''အင်း ... အင်း။ ဟုတ်တယ်။ သုံးယောက်တောင် ရှိတယ်''

''အဲဒီ ကလေးတွေကို ကျောင်းအပ်ပေးပြီး လိုအပ်တဲ့ ကျောင်းသုံးပစ္စည်း ကလေးတွေကို ပြည့်စုံအောင် ဝယ်ပေးလိုက်စေချင်ပါတယ် ထောင်ပိုင်ကြီး။ ဒီရက်ပိုင်း ဒီကိစ္စကြီး ခေါင်းထဲဝင်နေလို့ ကျုပ်မှာ အိပ်လို့တောင် မပျော်ဘူး''

''ဖြစ်မှဖြစ်ရလေ။ မိတ်ဆွေကြီးလည်း တယ်သံယောဇဉ်ကြီးတတ်တာပဲကိုး။ စိတ်ချပါ။ ကျွန်တော် အဆင်ပြေဆုံး စီစဉ်ပေးလိုက်ပါ့မယ်''

''ကျေးဇူးတင်လိုက်တာ ထောင်ပိုင်ကြီးရယ်။ ဩော် ... ဒီကိစ္စတွေကို ကောင်ကလေး မောင်ဖြူ မသိပါစေနဲ့နော်။ ကျုပ်ကို ကတိပေးပါ ထောင်ပိုင်ကြီး''

''အိုကေ ... အိုကေ ... မစ္စတာဇက်။ စိတ်ချမ်းချမ်းသာသာ နေပါဗျာ''

အို ... ကျေးဇူးကြီးပေစွ။ ဝမ်းမြောက်မှုတွေ၊ ဝမ်းသာလှိုက်လှဲမှုတွေက ပြောမပြတတ်အောင် ပင်။ သူ လုပ်နိုင်ခဲ့ပြီ။ သူ့ရင်နှလုံး၌ ကိန်းတည်လာသော မေတ္တာအတွေးအကြံတစ်ခုကိုဖြင့် အရာဝင်အောင် သူ လုပ်နိုင်ခဲ့ပြီဖြစ်၏။

သူ့မှာ ခြေမရှိ၊ လက်မရှိ၊ မျက်စိတစ်စုံလည်း နတ္ထိ။

သို့လျှင်ဖြစ်လည်း မေတ္တာဖြင့် ဖွဲ့တည်သော ချစ်ခြင်းတရားတွေ ရှိသည်။ သံယောဇဉ် နှောင်ငင်တွယ်တာမှုတွေ ရှိသည်။ အကျိုးကိုလိုလားသော စေတနာ၊ စေတသိက်တွေ ရှိသည်။

သူ့မှာ ငွေမရှိ။ ရွှေမရှိ။

သူ့မှာ ခြေမရှိ၊
လက်မရှိ၊
မျက်စိတစ်စုံလည်း
နတ္ထိ။
သို့လျှင်ဖြစ်လည်း
မေတ္တာဖြင့်
ဖွဲ့တည်သော
ချစ်ခြင်းတရားတွေ
ရှိသည်။
သံယောဇဉ်
နှောင်ငင်
တွယ်တာမှုတွေ
ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖိုးတန်ရတနာဟူသည်လည်း နတ္ထိ။

သို့တစေ သူ နေ့စဉ်စားသုံး ခွင့်ရနေသည့် ထမင်းနှစ်နပ်တော့ ဖြင့် ရှိသည်။ ထမင်းဖြူ ဟင်း ကောချိုင့်တစ်လုံး၊ အသီးအရွက် အစိမ်းကြော်တစ်ခွက်၊ ငါးကြော် (သို့မဟုတ်) ကြက်သားကြော် သုံးတုံး၊ အော်စွန်း (သို့မဟုတ်) တောင်အော်၊ နိုကိုဥအသုပ်တစ်ပွဲ၊ သံပုရာသီးစိပ်နှစ်ခြမ်း။ သည်လို ထမင်း၊ ဟင်းတွေပါသည့် ပုံမှန် ထမင်းနှစ်နပ်တော့ဖြင့် ရှိနေသေး သည်။

သူ မသေမီ၊ ကြိုးစင်ထက် မှ ကြိုးကွင်းကြီးတွေ သူ့ဆီကို ရောက်မလာသေးမီ နေခွင့်ရ သခိုက် ရက်ကလေးတွေမှာ သူ့ ကိုယ်ပိုင်ထမင်းနှစ်နပ်ထဲက တစ် နပ်ကို ...

ပီတိဖြင့် ရွှန်းစိုရသော နေ့ တစ်နေ့ပင် ဖြစ်၏။

သို့နှင့်တိုင် သူ့ထမင်း၊ ဟင်း တွေကို လက်ခံစားသုံးဖို့၊ သူ့ ရင်သွေးကလေးတွေကို ကျွေးမွေး ဖို့ ကောင်ကလေးဖြူကို မနည်း ကြီး စည်းရုံးတိုက်တွန်းရဦးမည် မှန်း သူ ကြိုတင်တွေးထားပြီး ဖြစ်သည်။

ကောင်ကလေးကလည်း သူ့နှယ်ပင် ခေါင်းမာတတ်သူ ကလေး တစ်ဦးဖြစ်၏။

"ကောင်ကလေးဖြူရေ... ကောင်ကလေး ဖြူရေ ... နောက်နောက်ဘဝတွေရှိခဲ့ရင် အဲဒီ တော့မှပဲ မင်းရဲ့ကျေးဇူးကြွေး တွေကို ဆပ်ဖြစ်တော့မကွယ့်။ ခုတော့ဖြင့် ... သွားပြီ ... သားရေ"

BURMESE CLASSIC .com

မျက်ရည်တို့ ဝိုးဝိုးဝေါက် ဝေါက် ကျလာပြန်သည်။

ရင်ထဲမှာလည်း ဆို့ကြပ် နင့်မော။

"ဟော ... အကျဉ်းသား သတိပြန်ရလာပြီ ထောင်ပိုင်ကြီး"

အသံတွေက ဟိုးအဝေးဆီ က လိုဏ်ခေါင်းရှည်ကြီးအတွင်း ကို အဝေးကြီးဖြတ်ပြေးလာသလို မျိုး သူ့နားစည်ထဲမှာ ချာလည် လှည့်၍ ခုန်ပေါက်နေကြ၏။

အလင်းကဖြင့် မပီပြင် သေး။

ထောင်အုတ်ရိုးကြီးအပြင် က လင်းကြက်တွန်သံတချို့ကို ကြားသည်။ မိုးလင်းတော့မည်။ သို့ဖြစ်၍ ... မကြာမီတွင် ...။

၆။

ရေစစ်ချိန်ဖြစ်ရာ ကမ်းစပ် ၌ ရေမရှိ။

သို့သော် သဲသောင်တွေ လည်း မရှိ။ သင်ပုန်းကျောက် လို သက်နုသဲကျောက်တွေနှင့် ကျောက်စရစ်ခဲတွေချည်းသာ ရှိ သည်။ ပင်လယ်ရေလှိုင်း၏ ကြိမ်ဖန်များစွာ ရိုက်ပုတ်မှု၌ ထုသားပေသားကျနေပြီး ဖြစ် သည့် ကုန်းတန်းကျောက်ဆောင် ကလေးတွေက အစီအရီတန်း လျက် ရှိသည်။

အနိမ့်ပိုင်းမြေပွပွ ကျောက် ဆွယ်ကလေး အရိပ်ကို ခိုလျက် ပက်လက်လှဲနေလိုက်သည်။

သူတို့နောက်ကျောဘက် မှာ နေလုံးကြီး ရှိနေ၏။

သူတို့က အရှေ့ကို ကျော ပေး၍ အနောက်ဘက်သို့ မျက်နှာ မူထားကြခြင်း ဖြစ်သည်။

အရှေ့ဘက်ဆီမှာ မှုန်ပြာရီ တောတန်းကလေးကို ဝိုးတဝါး မြင်နေရ၏။ သူတို့ရှေ့မှာပင်လယ်။

ပင်လယ်ရေကား စိမ်းနုနု တချို့၊ စိမ်းရင့်နက်မှောင် တချို့၊ ခေါင်းဖွေးဖွေးနှင့် ကြက်ခွပ်လှိုင်း လုံးတွေ တလိမ့်လိမ့်။ ရာဇောင်

www.burmeseclassic.com

www.burmeseclassic.com



မကာ။ မိုးကောင်းကင်၌ကား တိမ်ရိပ် တိမ်ငွေ့ သိပ်မရှင်း။ နီရောင် သဲ့သဲ့တောက်သည့် တိမ်ဖြူတန်းကြီးက ကပိုကရို အမျှင်တန်းလျက်။ မကန်းကွက်ကလေးတွေလည်း ဝေါ်နေလိုက်သေးသည်။

ဆားငန်နံ့တွေ တထွေးတလုံးနှင့် ကမ်းခြေလေက ထန်ချင်ယောင် ရှိ၏။ အုန်းလက်တွေပင် တရှီးရှီးမြည်နေသည်။

"ကဲ … ဒီနေရာကပဲ ခွဲလိုက်ကြစို့။ မင်းတို့ကို သတ်မှတ်ပေးထားတဲ့ အခြေခံမျဉ်းအတိုင်းပဲ ရွှေ့လျား။ ဒီက လူထုတွေနဲ့ တို့ရဲ့ပုံပန်းသွင်ပြင်တွေက လုံးဝ သိသိသာသာ ကွဲပြားနေတယ်။ ဘယ်လိုပဲ ပုံဖျက်ပုံဖျက် ကြာကြာရုပ်ဖျောက်လို့ မရနိုင်ဘူး။ လူသူရှုပ်ထွေးစည်ကားတဲ့ Down Town Area မြို့လယ်ကို မြန်မြန်ရောက်မှ နိုင်ငံခြားသားတွေ၊ ဒေသခံ တရုတ်လူမျိုးတွေနဲ့ ရောနှောပြီး ကိုယ်ရောင်ဖျောက်လို့ရချင်ရလိမ့်မယ်။ ဒီအနီးတစ်ဝိုက်မှာ တို့တွေ အခြေပြုလှုပ်ရှားခဲ့တာပဲ နှစ်ရက်ရှိလာခဲ့ပြီ။ အထိုင်မရွေ့နိုင်ခဲ့ရင် အန္တရာယ်က အချိန်မရွေးရောက်လာနိုင်တယ်။ အထူးသဖြင့် ရဲတွေနဲ့ ဒေသအုပ်ချုပ်ရေးအဖွဲ့တွေက အနံ့ခံမိသွားခဲ့ရင်"

သူတို့ သည်ဝန်းကျင်ကို အခြေပြုထားခဲ့ကြသည်မှာ (၄၈) နာရီကျော်ခဲ့ပြီ။ သူတို့အစုကလေးကို စမှတ် Start Point မှာ ချပေးပြီးကတည်းက သူတို့ကို တင်ဆောင်လာခဲ့သည့် ရေငုပ်သင်္ဘောက ပြန်လည်ထွက်ခွာသွားခဲ့ပြီးဖြစ်၏။ သူတို့ရှေ့က ပင်လယ်ပြင်သည် ယခုအနေတွင် မြွန်လမ်းမဲ့ခရီးတစ်ခုအဖြစ်သာ ရှိနေတော့သည်။

"ဒီနိုင်ငံသုံးငွေ အတော်များများလည်း ရထားပြီးပြီ။ ရေနဲ့စားစရာလည်း အလုံအလောက်ပဲ။ ငါကတော့ လူလုံးပြပြီးသားဖြစ်နေလက်စနဲ့ လူတွေနဲ့ရောပြီး အမြန်ဆုံး လှုပ်ရှားလိုက်တော့မယ်။ ဒါမှ မြို့လယ်ကို အမြန်ဆုံး ရောက်သွားပြီး ဝပ်ကျင်းကို ရှာထားနိုင်မယ်။ ပစ်မှတ်နဲ့ သတ်ကွင်းကိုလည်း မျက်မြင်ကြည့်ထားနိုင်မယ်"

ရဲဘော်ကေပြောသည်က မှန်နေသည်။

သင်္ဘောပျက်တစ်စီးမှ ရေမျောခရီးသည်တစ်ဦးအဖြစ် ဟန်ဆောင်ကောင်းခဲ့သည့်သူကြောင့် ပင်လယ်ပြင်မှာ ယာယီနားဖို့ စက်တပ်ငါးဖမ်းလှေကလေးတစ်စင်းကို ဝယ်နိုင်ခဲ့သည်။ ရှေ့ခရီးအတွက် လိုအပ်သည့် သည်နိုင်ငံသုံးငွေအချို့ကို သူတို့တွင်ပါလာသည့် အမေရိကန်ဒေါ်လာတွေနှင့် ပေါပေါလောလော စည်းရုံးလဲလှယ်နိုင်ခဲ့သည်။ စိတ်သဘောဖြောင့်စင်းသည့် ဒေသခံတံငါလှေကလေးများ၊ ရေလုပ်သားများမှတစ်ဆင့် အန္တရာယ်ကင်းစွာ သူတို့ဆက်လက်ရွေ့လျားနိုင်မည့် လမ်းကြောင်းတွေကိုလည်း အတိအကျ ရွေးချယ်နိုင်ခဲ့ပြီ။ သည်နိုင်ငံသုံး ကျပ်ငွေသုံးသိန်းခန့်ကို ရေတံငါမိတ်ဆွေများထံက ငွေလဲလှယ်ထားနိုင်ခဲ့ပြီး ဖြစ်၏။

"အပြန်ခရီးအတွက် လှေကို သေချာဝှက်ထားခဲ့ရမယ်။ ဟောဟိုရေထွက်ချောင်းပေါက်ဝကွေ့ကလေးနားက သစ်ပင်အုပ်ကလေးနားမှာ ရှိမယ်။ ဘယ်သူပဲ အရင်ပြန်ရောက်ရောက် ဒီလှေနဲ့ ပင်လယ်ပြင်ကို ထွက်သွား။ တံငါလှေတွေနဲ့ ရောထွေးပြီးမောင်းရင်း စောင့်။ ညဘက်မှ ဒီ

www.burmeseclassic.com

www.burmeseclassic.com



အနားကို ပြန်လှည့်ဝင်လာ။ ဒီမှာပဲ တို့တွေ ပြန်ဆုံကြမယ်''

ခရီးစဉ်က အဟန့်အတား မရှိ။ ချောမွေ့နေသည်မို့ သူတို့စိတ်တွေ တက်ကြွလှုပ်ရှားနေကြသည်။ သူတို့ကံဟုပင် ပြောရမည်လား။ ဒေသခံရွာနေတွေကပဲ ရိုးသားလွန်းနေသည် ပြောရမည်လား။ 'သတ်ကွင်း'နှင့်အနီးဆုံး ဆုံမှတ်ဖြစ်သည့် ရွှေတောင်ကြီးလို 'ဘုရားကြီး ရွှေတိဂုံ' ၏မြောက်ဘက် စောင်းတန်းအနီးက စားသောက်ဆိုင်တန်းကလေးမှာ သူတို့သုံးယောက် ဘေးမသီရန်မခ ပြန်ဆုံနိုင်ခဲ့ကြသည်။

(ရ အနှုတ် ၁) ရက်။

ရဲဘော်ကေက ပစ်မှတ်နေရာတွေကို ကွက်တိ မှတ်သားပေးထားပြီး ဖြစ်သလို စီကလည်း သူ့ဖောက်ခွဲရေးပစ္စည်းတွေကို အမှားအယွင်းမရှိ ကျကျနန တပ်ဆင်ထားနိုင်ခဲ့ပြီ။

တစ်နေ့လုံး တစ်ညလုံးသည် ဘုရားကြီး ရွှေတိဂုံ၏ရင်ပြင်ပေါ်မှာချည်း ဘုရားဖူးပရိသတ်တွေ ကြိတ်ကြိတ်ခဲခဲကြားထဲမှာ တိုးဝှေ့လှုပ်ရှားစီးမျောနေကြရသည်။ နှလုံးတုန်ဖွယ်ကောင်း

ဒေသခံ
ရွာနေတွေကပဲ
ရိုးသားလွန်းနေသည်
ပြောရမည်လား။
'သတ်ကွင်း' နှင့်
အနီးဆုံး
ဆုံမှတ်ဖြစ်သည့်
ရွှေတောင်ကြီးလို
'ဘုရားကြီးရွှေတိဂုံ'
၏ မြောက်ဘက်
စောင်းတန်းအနီးက
စားသောက်ဆိုင်တန်း
ကလေးမှာ
သူတို့သုံးယောက်

BURMESE CLASSIC .com

လွန်းလှသည့်အချိန်များပင်။

သို့တစေ ... ခါတစ်ရံ ကြမ္မာဆိုးက ဟန်ဆောင်ကောင်းလွန်း တတ်သည်။ အဆင်ပြေမှုတွေသည်ပင်လျှင် မမျှော်လင့်သော ထောင်ချောက်ကျော့ကွင်းတွေ ဖြစ်ချင်ဖြစ်လာနိုင်သေးသည်။ သတိကြီးကြီးထားမှ။

နိုင်ငံပိုင်သတင်းစာတွေ မှာ သူတို့ ပစ်မှတ်ရန်သူ၏ ခရီးစဉ်အကြောင်း တခမ်းတနား ဝေဝေဆာဆာ ဖော်ပြထားသည်ကို ဖတ်ကြရ၏။ ခရီးစဉ်ကဖြင့် သေချာနေပြီ။

တစ်ကြိမ်တစ်ခါမျှ တကယ့်သတ်ကွင်း ခွင်ထဲ၌ ဖောက်ခွဲဖူး၊ သုံးစွဲဖူးခြင်းမရှိသေးသည့်အသေးစား စီတီအိက်(စ်)ဗုံးကလေးတွေက အလုပ်ဖြစ်ပါမည်လား။ နေ့အလင်းကို တုံ့ပြန်မှုရှိပြီး အလင်း (သို့မဟုတ်) အပူ တစ်ခုခုရရှိသည်နှင့် စီတီအက်(စ်)ဗုံးရည် (၂၀၀) စီစီသည် (၁)မိုင် ပတ်လည်ကို လုံးဝဥဿုံ ချေမွဖျက်ဆီးပြီး ဖြစ်မည်ဟု သီအိုရီက ဆိုထားသည်။

ဤသို့ဖြစ်လျှင် ...

ကြမ္မာဆိုးသည် [illegible]

www.burmeseclassic.com

www.burmeseclassic.com



တကြိုးနှင့် အချိန်ကောင်းကို စောင့်လျက်ရှိ၏။

နာရီသံတချက်ချက်သည် သူတို့၏အနာဂတ်ကို စိန်ခေါ် ပြက်ရယ်ပြုနေသယောင် တချက်ချက် တချောက်ချောက် အသံပေးလျက် သူတို့ကို နှလုံးခုန်မြန်အောင် ဖမ်းစားလျက်ရှိသည်။

"ဘုရား ... ဘုရား ... ဘုရား ... နောက်ပြန်မလှည့်နိုင်တော့တဲ့ ခရီးတစ်ခုကို အမြန်ဆုံးအောင်မြင်ထမြောက်အောင် ကူညီစောင်မတော်မူပါဘုရား"

မရည်ရွယ်ဘဲ မျက်ရည်တွေ ဘာသာ ငွေ့ရည်ဖွဲ့လာသည်။

ရင်ခုန်သံက တဒိုင်းဒိုင်း မြန်လွန်းနေ၏။

စက္ကန့် ... မိနစ်တွေ တဖြုတ်ဖြုတ်ကြွေ။

၇။

"မိတ်ဆွေကြီး ... သတိရလာပြီလား"

ဆွေးရိပ်သန်းနေသည့် အသံတစ်စက သူ့အနီးနားကလေးမှာကပ်လျက် ပေါ်လာသည်။ ဝေးတစ်မြေရပ်ခြား သည် အကျဉ်းထောင်ကြီးထဲ၌ လိုအပ်ရာရာ သူ့ကိစ္စအထွေထွေကို အမှမချေးခါးမကျန် စိတ်လိုလက်ရ ဆောင်ရွက်ပေးနေခဲ့သည့် ထောင်ပိုင်ကြီး။

ရုပ်ရည်သွင်ပြင် မည်သို့ရှိမည် သူ မသိ။ သူ မမြင်ရ။ သို့နှင့်တိုင် အေးဆေးညင်သာသည့် သူ့လေသံ၊ မှုမှုတတ ဖေးဖေးမမ ရှိတတ်သည့် သူ့သဘောထား၊ နွေးနွေးထွေးထွေး ရင်းရင်းနှီးနှီးရှိသည့် သူ့စကားပြောဟန်တွေအရ နှစ်လိုခင်မင်ဖွယ် စိတ်နှလုံးကောင်းရှိသူတစ်ဦးဆိုသည်မှာ သေချာသည်။

BURMESE CLASSIC .com

နှုတ်ဆက်ခဲ့ဦးမှ သင့်မည်။ သည်တစ်ဘဝစာမှာဖြင့် သူ ပေးဆပ်ရမည့် ကျေးဇူးကြွေးမြီတွေက များလွန်းလှပါပကော။

"ထောင်ပိုင်ကြီး"

"ဟုတ်ပါတယ် ... မစ္စတာဇက်။ နေသာရဲ့နော်"

"အင်း ... အဆင်ပြေသွားပါပြီ။ ခုနကဖြင့် ရုတ်တရက် သတိလစ်သလို ဖြစ်သွားခဲ့သေးတာပဲ ထင်ပါရဲ့။ ဒါနဲ့ အခု ဘယ်ရောက်နေတာလဲ။ ကြိုးတိုက်ခန်းထဲမှာတော့ဖြင့်မဟုတ်ဘူး"

"စိတ်မကောင်းပါဘူး မိတ်ဆွေကြီး။ မိတ်ဆွေကြီးရဲ့ သေစားသေစေ အပြစ်ဒဏ်ကို အတည်ပြု အမိန့်အရ ကြိုးပေးစီရင်ကြဖို့ပါပဲ။ မိတ်ဆွေကြီးဟာ အကျဉ်းထောင် ကြိုးစင်ပေါ်ကို ရောက်နေပါပြီ"

"သြော် ... ဒီလိုအချိန်တောင် ရောက်လာခဲ့ပြီကိုး"

"ဘာတွေများ မှာထားခဲ့ဖို့၊ ပြောထားခဲ့ဖို့ ရှိပါသေးသလဲ မိတ်ဆွေကြီး"

"မရှိတော့ပါဘူး"

"မိတ်ဆွေကြီးအတွက် တစ်ခုခု လုပ်ပေးစေချင်တာမျိုးများ ရှိသေးသလား"

"ဖြစ်နိုင်ရင် ကျုပ်ရဲ့ ဝန်ထမ်း ကောင်ကလေးကို တွေ့သွားချင်တယ်"

"အင်း ... သူ့ခမျာ ဒီလိုကိစ္စကြီးမျိုးကို မျက်စိရှေ့မှာ မြင်ဝံ့ မြင်ရဲတဲ့သတ္တိလည်း မရှိရှာတော့ဘူးနဲ့ တူပါရဲ့ မိတ်ဆွေကြီးရယ်။ အရက်တွေ တအားမူးပြီး အိပ်ပျော်နေရှာတယ်တဲ့။ ထောင်ဆေးရုံမှာ ခေါ်ထားလိုက်ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"သူ့ကို ဘာများမှာခဲ့ချင်သေးလို့လဲ"

"မှာစရာတော့ မရှိတော့ပါဘူး။ ဒါပေမဲ့ အဲဒီဝန်ထမ်းကလေးနဲ့ သူ့မိသားစုကိုတော့ စောင့်ရှောက်ပေးစေချင်ပါတယ် ထောင်ပိုင်ကြီး"

"စိတ်ချပါ … ဒီကလေးကို စောင့်ရှောက်လိုက်ပါ့မယ်"

"ကျေးဇူးပါပဲ ထောင်ပိုင်ကြီး။ ကဲ … ထောင်ပိုင်ကြီးတို့ လုပ်စရာရှိတာ ဆက်လုပ်ကြပါတော့။ နှုတ်ဆက်ခဲ့ပါတယ် ထောင်ပိုင်ကြီး။ နောက်နောင်ဘဝတွေကျမှပဲ …"

BURMESE CLASSIC .com

သူ့ဦးခေါင်းထက်သို့ အဝတ်အိတ်ကြီးက တဖြည်းဖြည်း အိကျလာလျက် လည်ပင်းအထိ စွပ်ချပေးလိုက်ကြသည်။ လက်မောင်းရင်းမှနေ၍ သူ့လက်နှစ်ဖက်ကိုလည်း ကြိုးတစ်စဖြင့် နှောင်တဲ။ ဟော … ဟော … ကြိုးကွင်းဆိုတာကြီးထင်ပါရဲ့။ သူ့လည်ပင်းကို တင်းတင်းကြပ်ကြပ်ကြီး လာ၍ ရစ်ပတ်နေပြီ။ သူ့ကို ဘဝသစ်တစ်ခုဆီ ခေါ်သွားပေးမည့် ကြိုးတစ်ချောင်းပေပဲ။ ကျေးဇူးတင်ပါသည် ကြိုးကလေးရေ။ တောင်ကုန်း (၇၃၂) မှာလို အမြောက်ဆန်၊ ဗုံးဆန်၊ ကျည်ဆန်တွေအကြား ကြမ်းကြမ်းတမ်းတမ်း၊ ရုပ်ဆင်းအပျက်ပျက်၊ အရိုးတွေ အသားစတွေ တစ်စစီ တစ်စစီ ပြန့်ပြန့်ကျဲကျဲ မသေရတော့ဘဲ သိက္ခာရှိရှိ၊ တည်တည်ငြိမ်ငြိမ်ဖြင့် သေခြင်းကို မျက်နှာချင်းဆိုင်ခွင့် ကြုံခဲ့ရခြင်းအတွက် ကျေးဇူးတင်ခရာကောင်းလှ၏။ သူ့လို လက်မရွံ့တစ်ဦးအတွက် နိဂုံးသည် ငြိမ်းချမ်းဖျော်ရွှင်မှုတွေဖြင့် ဘယ်လိုမှ မဖြစ်နိုင်။ သည်သို့သာလျှင်။

လောကလေးက အေးလိုက်တာ။

နံနက်ဦး၏ ရုန့်နှင့် ပန်းသင်းနံ့ကလေးတွေလည်း ပျံ့ပျံ့သင်း၍ မွှေးနေလိမ့်မည် ထင်သည်။ ပိတ်သည်းဆို့ကြပ်နေသည့် အမိုက်တိုက်ကြီးထဲမှာ ဘာနံ့မျှမရ။ အာရုံမှာ ဘာသာထင်လာနေကြခြင်းမျှသာ။

ကောင်ကလေးဖြူကို သတိရလိုက်တာ။

လီဂျင်စောက်၊ ဟီး၊ ဟွမ်၊ လင်းမိန့်ကင်။ သူတို့ကို လွမ်းသည်။ တိမ်လွှာတောင်ပေါ်က အောင်ပွဲ၊ ချူဒိုဆိပ်ကမ်း၊ ပြုယမ်း။ အတိတ်တွေက တရေးရေးထင်။

"ကင်စင်ဂူရာမီ ငါးတစ်ကောင်တော့ မင်းနောက်ကို လိုက်လာခဲ့ပြီ ကောင်ကလေးစီရေ"

ဖောက်ခွဲရေးကျွမ်းကျင်သော၊ ဖောက်ခွဲခြင်းဖြင့်သာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်ခဲ့သော ရဲဘော်စီ။ Black Trangle အစုကလေး၏ အနားတစ်ဖက်။ အစောကြီး ပဲ့ကြွေခဲ့ရသည့် တြိဂံတစ်ခု၏ အတွင်းထောင့်တစ်ထောင့်၊ သို့မဟုတ် သော်မှ အသိုက်အမြုံပျက်သွားသည့် ကင်စင်ဂူရာမီငါး တစ်ကောင်။

ဖျတ်ခနဲ တုန်သွားသည်။

တစ်စုံတစ်ခု ရွေ့လျားသံကို ကြားမိလိုက်သလိုလို။ တစ်ခုခုကိုဖြင့် တွန်းရွေ့လိုက်တာပဲ။ အလို … ဘုရားရေ။

၈။

ကားတန်းရှည်ကြီးကို လှမ်းမြင်နေရသည်။

ရှေ့မီးသီးကြီးတွေ ဖွင့်ထွက်

www.burmeseclassic.com

www.burmeseclassic.com



တသီတတန်းကြီး မောင်းလာနေသည့် ကားနက်ကြီးတွေက ပစ်မှတ်ဆီကို ဦးတည်လျက် တရွေ့ရွေ့ ဦးတည်ဝင်လာနေကြပြီ။

မကြာခင် မိနစ်ပိုင်းကလေး အတွင်းမှာပင် …

“ကေကြီးရေ … အခိက ပစ်မှတ်က ဘယ်နှစ်စီးမြောက် ကားမှာ ပါလာသလဲ။ ပွိုင့်ကား တွေတော့ သတ်ကွင်းထဲကို အားလုံးဝင်သွားနေကြပြီ။ အဓိက ပစ်မှတ်ပါတဲ့ ကားရပ်တဲ့အချိန်နဲ့ ချိန်ကိုက်ပြီး ပစ်မှတ်ကို ဖောက်ခွဲပစ်ရမှာဆိုတော့”

အေး … အဲဒီအစီအစဉ်ကတော့ ထိပ်တန်းလျှို့ဝှက်ပဲ စီရ။ ဒီနိုင်ငံအစိုးရရဲ့ အစီအစဉ်အတိုင်းလုပ်ကြမှာပဲ။ အဲဒါကိုတော့ ဘယ်လိုမှ တို့ တိတိကျကျ သိနိုင်မှာမဟုတ်တော့ဘူး ကောင်ရေ။ အခြေအနေအရ ကြည့်လုပ်ရမှာပဲ”

ကားတန်းကြီးက တရွေ့ရွေ့ ဝင်လာနေဆဲ။ မပြီးနိုင် မစီးနိုင်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ရှုပ်ထွေးပြန့်ကျဲလျက်ရှိသည်။ ဝတ်စုံနက်ဝတ် အထူးလုံခြုံရေးတပ်ဖွဲ့ဝင် လက်နက်ကိုင်တွေ၊ အရပ်ဝတ်ပုဂ္ဂိုလ်တွေ၊ စစ်ဖက်လုံခြုံရေးတွေ။ ပစ်မှတ်ကို အတိအကျ ခွဲခြားသိနိုင်ဖို့ ခက်ခဲလွန်းသည်။ ပစ်မှတ်တွေ၏ ရွေ့လျားမှုကလည်း ထင်ထားသည်ထက် ပို၍ မြန်နေသလိုပင်။

“ချလွင် … ချလွင် … ချလွင်”

သာသာယာယာ ရှိလှသည့် ဆွဲလည်းသံကလေးတွေကို ကြားရ၏။ စေတီတော်ကြီးဆီမှ မဟုတ်။ ပစ်မှတ်ကို ဖောက်ခွဲပစ်ဖို့ သတ်ကွင်းကို စီးမိုးမြင်နေရသည့် မြောက်ဘက်စောင်းတန်းလှေကားက ဆိုင်ကလေးတွေဆီမှ ဖြစ်သည်။

ဗလောင်ဆူနေသည့် စိတ်တွေက ဖြုတ်ချည်း ငြိမ်းသွား၊ ငြိမ်သက်သွားသလို ရှိသည်။

“ကိုင်း … ရဲဘော်ကေ။ မင်းက စပြီးဆုတ်ပေတော့။ ဒီမှာ မင်းအလုပ်ပြီးပြီ။ တို့ရွေးထားတဲ့ လမ်းကြောင်းအတိုင်းပဲ End Point ဆုံရပ်ကို ရွေ့ပေတော့။ အရောက်ဦးတဲ့သူက ဝှက်ထားတဲ့ လှေကိုယူပြီး ပင်လယ်ပြင်ထဲက စောင့်။ မီးနဲ့အချက်ပြတာ မမြင်မချင်း ကမ်းဆီကို မကပ်လာခဲ့နဲ့။ (၄၈) နာရီစောင့်လို့မှ အချက်ပြ ဆက်သွယ်တာ မတွေ့တော့ရင် ကိုယ့်အစီအစဉ်အတိုင်း ဆက်လုပ်ပေတော့။ အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်ထဲမှာ ရေငုပ်သင်္ဘောအဆင်သင့်စောင့်နေလိမ့်မယ်။ ကဲ … သွားတော့ပ။ Cood Luck! See You Coming Soon.”

မြန်မာအရပ်ဝတ်အရပ်စားပုဆိုးအင်္ကျီတွေကို ပြောင်း၍ဝတ်ဆင်ထားသည့် ရဲဘော်ကေက ဒေသခံ တရုတ်ဟစ်ယောက်နှင့်နင်လား ငါလား ခွဲခြားမရအောင် ပုံဖမ်းထားနိုင်သည်။

ကေသည် သူနှင့်ရဲဘော်စီကို လက်ခနဲအကြည့်တစ်ချက်ဝင့်ကြည့်လျက် ချက်ချင်းပင် ဘုရားပေါ်တက်လာသည့် လူအုပ်စီးကြောင်းကြီးအသဲသို့ ရောနှော ပျော်ဝင်သွားတော့၏။

သွားပေဦးတော့ ရဲဘော်။

မကြာခင် ပြန်ဆုံကြသေးတာပေါ့။

“ကဲဟေ့ … ကောင်လေး အဓိကပစ်မှတ်က ပျောက်နေပြီ။ အကုန်လုံးလည်း ရှုပ်ထွေးနေတာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ။ အဲဒီတော့ သေချာအောင် လူစုလူဝေးအများဆုံးရှိနိုင်တဲ့ အလေးပြုခံ စင်မြင့်တစ်ဝိုက်က အမှတ်တစ် Target ကိုပဲ ရွေးလိုက်ပေတော့။ လူစုတဲ့အထိစောင့်။ သေချာပြီဆိုမှ ခလုတ်ကို နှိပ်ခဲ့။ ပေါက်ကွဲသံကြားတာနဲ့ တစ်ပြိုင်နက် မူလအစီအစဉ်အတိုင်းပဲ လှုပ်ရှားပေတော့။ ငါလည်း လစ်ပြီ။ အစစ အဆင်ပြေရင် ကမ်းခြေကပဲ စောင့်မယ်။ ဟုတ်လား ကောင်ကလေး"

စီက သူ့ကို ပြုံးပြနှုတ်ဆက်နေသည်။

သူလုပ်နေသည့် အလုပ်ကြီးသည် မည်မျှကြီးလေးသည့် နိုင်ငံတကာ ရာဇဝတ်မှုကြီးမှန်း သူ မသိ။ သူ ဖောက်ခွဲပစ်လိုက်မည့်ဗုံးသည် ရန်သူနိုင်ငံ၏နံပါတ်တစ်ခေါင်းဆောင်နှင့် အကြီးအကဲများကိုသာမက ဤနိုင်ငံ၏ သမ္မတကြီးနှင့် အဆင့်မြင့်ဝန်ကြီးများကိုပါ ဇီဝိန်ခြွေပစ်လိမ့်မည်ကိုလည်း မသိ။ "ထာဝရ ငြိမ်းချမ်းရေး" အတွက်ဟု အကြောင်းပြခဲ့သော်ငြားလည်း သည်ဗုံးတစ်လုံးကြောင့် ထာဝရကမ္ဘာ့ရန်ငြိုးသူရန်ဘက်ကြီးတွေ ဖြစ်သွားနိုင်သည်ကိုလည်း သူ မသိ။

ကလေးတစ်ယောက်၏ အပြစ်ကင်းသန့်စင်သော အပြုံးများဖြင့် ဝှံ့ဝှံ့ရဲရဲ ပြုံးပြနေဆဲ။

သူသည် ကောင်ကလေးစီကို ကျောခိုင်း၍ လှည့်ထွက်လိုက်သည်။

လှေကားအတိုင်း ခပ်မှန်မှန် လျှောက်ဆင်းလာခဲ့၏။ ရင်တွေက ခုန်လှုပြီ။ တစ်ထစ်၊ နှစ်ထစ်၊ သုံးထစ်။ ရောမခြသေ့ကြီးနှစ်ကောင်ရှိသည့် လှေကားခြေရင်း အရောက်၌ …

"ဝုန်း"

ဆိုသည့် ပြင်းထန်သော ပေါက်ကွဲသံကြီးကို မြေ တုန်ဟည်းမျှ ကြားလိုက်ရတော့၏။

၉။

"ဝုန်း"

သံတံခါးကြီးက ရုတ်တရက် ပွင့်၍ ကျသွားသည်။

ကြိုးသမားဓါ၏ခန္ဓာကိုယ်ကြီးက စုပ်ခနဲ အောက်သို့ ပြုတ်ကျသွားလျက် မနီလာကြိုးကြီးကိုပါ တစ်ပါတည်း ဆွဲချသွား၏။ ခဏအတွင်းမှာပင် မနီလာကြိုးသည် တင်းခနဲ တောင့်လျက် တုံ့ရပ်ကာ ကြိုးသမား၏ခန္ဓာကိုယ်ကြီးသည် တွဲလောင်းကြီး တဆတ်ဆတ်တုန်ယင်နေတော့သည်။

ခဏလေးမျှသာ။

ကြိုးသည် ပကတိ ငြိမ်သက်သွားသည်။

ဝေါခနဲ ကျီးငှက်အုပ်ပြိုသံနှင့် ထောင်အပြင်က ခွေးအူသံတွေသည်သာ မစဲနိုင်၊ မရပ်နိုင်သေး။ ပျပျအမှောင်ရိပ်ထဲမှ နီကျင့်ကျင့် အရဏ်နှင့်အတူ ရုတ်ရုတ်သဲသဲ ရှိနေဆဲ။

မေတ္တာဖြင့်
ဇေယျမင်းသျှင်